
မောင်မြတ်မွန် |ဆူးလေ|

# တက္ကသီလာ မြကျွန်းသာရဲ့ နှစ်တစ်ရာ



GRAPHIC DESIGN NAY WINN AUNG 09 787878 154

စာအုပ်အမှတ်[၃၇၅]

**Quality Publishing House**

အမှတ် - ၅၀၈/၅၁၂ (၂-ခ)၊ ပထမထပ်၊
ကုန်သည်လမ်း(ဆိပ်ကမ်းသာလမ်းထောင့်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၃၈၃၆၆၄၊ ၃၈၆၈၃၃။
Email - qualityph@gmail.com

# ပုံနှိပ်မှတ်တမ်း


မျက်နှာဖုံး

ဉာဏ်လင်းထက်

ထုတ်ဝေသည့်ကာလ

၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ (ပထမအကြိမ်)

ဖလင်

Eagle

ပုံနှိပ်တိုက်

ဖြိုးဝေလျှံပုံနှိပ်တိုက်၊

ဒေါ်ယဉ်ယဉ်မွန်(၀၀၂၃၈)

ထုတ်ဝေသူ

Quality Publishing House

ဦးမြင့်ထွန်း(၀၀၂၆၇)၊

အမှတ် ၅၀၈/၅၁၂ (၂-ခ)၊ ပထမထပ်၊


ကုန်သည်လမ်း(ဆိပ်ကမ်းသာလမ်းထောင့်)၊

ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၃၈၃၆၆၄၊ ၃၈၆၈၃၃

အုပ်ရေ - ၅၀၀ အုပ်

တန်ဖိုး - ၃၀၀၀ ကျပ်



မောင်မြတ်မွန် | ဆူးလေ |
တက္ကသိုလ် မြကျွန်းသာရဲ့ နှစ်တစ်ရာ
GRAPHIC DESIGN NAY WINN AUNG

# မာတိကာ


ရေးသားပြုစုသူ၏ အမှာစာ ၆

ကျေးဇူးတင်လွှာ ၁၀

စာရေးသူ၏ကိုယ်ရေးသမိုင်း(အကျဉ်း) ၁၁

ကျောင်းဖွင့်ရကန် ၁၃

သပြေညို ၁၄

သိကြားမင်းထံ လျှောက်လွှာ ... မောင်ဝ ၁၅

ဝံသာနုသိပ္ပံ ... မကြေးမှုံ ၁၉

အောင်တော်မူကဗျာထူးများ ... တက္ကသိုလ်မောင်သန့်စင် ၂၃

၈၀ ပေါ် တေးထပ် / လေးချိုးကြီး ၂၄

ကောလိပ်ဘော်လုံးအောင်ပွဲ မင်္ဂလာဩဘာသီချင်း ၂၆

ကက်သလိန်ဂွက်ထော် ... အဆွေ ၂၈

ရန်ကုန်တက္ကသိုလ်ကိုအကြောင်းပြုတဲ့ တက္ကသိုလ်ရိပ်သာလမ်း ၃၄

ပြည်လမ်းမကြီးဘေးက တကောင်းဆောင် ၄၀

ပြည်လမ်းမကြီးဘေးက ပြည်ကျောင်းဆောင် ၄၆

သမိုင်းဝင်ကျောင်းဆောင် ရွှေအင်းဝ ၅၂

ပင်းယကျောင်းဆောင် ၅၉

ပဲခူးဆောင် ၆၄

စစ်ကိုင်းဆောင် ၆၉

သထုံဆောင် ၇၅

ဘွဲ့နှင်းသဘင်ခန်းမ ၈၂

ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်ကြီး ၉၀
ရွှေဘိုကျောင်းသားဆောင် ၉၅
***Judson Church*** ၁၀၂
ဝိဇ္ဇာခန်းမ ***(Faculty of Arts)*** ၁၀၈
သိပ္ပံခန်းမ ***(Faculty of Science)*** ၁၁၃
သထုံလမ်းက နဝဒေးဆောင် ၁၁၈
တက္ကသိုလ်များဆေးရုံ ၁၂၄
အင်းလျားကျောင်းသူဆောင် ၁၂၉
တက္ကသိုလ်များ ဓမ္မာရုံ ၁၃၆
သီရိကျောင်းသူဆောင် ၁၄၂
ဒဂုံကျောင်းသားဆောင် ၁၄၇
ပုဂံကျောင်းဆောင်(အသစ်) ၁၅၄
ရန်ကုန်တက္ကသိုလ်လှေလှော်အသင်း ၁၅၈
တက္ကသိုလ်အဝိုင်းလေး/အောင်ကျော်ရင်ပြင် ၁၅၉
တက္ကသိုလ်လေ့ကျင့်ရေး အရန်တပ်ရင်း ၁၆၂
ရန်ကုန်တက္ကသိုလ် ရေကူးကန် ၁၆၅
ဂျပန်ခေတ်က ရန်ကုန်တက္ကသိုလ် ၁၆၈
ရည်ညွှန်း-ကိုးကား စာအုပ်/ဂျာနယ်/မှတ်တမ်းများ ၁၇၁
***English Reference*** ၁၇၂

# ရေးသားပြုစုသူ၏ အမှာစာ

ရန်ကုန်တက္ကသိုလ်သည် ရန်ကုန်မြို့၏ မြောက်ဘက်အစွန်တွင် တည်ရှိခဲ့သည့် ကမာရွတ်ရွာအနီးရှိ မြေဧက အကျယ်အဝန်း (၄၃၆) ဧကပေါ်တွင် တည်ဆောက်ထားသည်။ ယခုအခါ ကမာရွတ်မြို့နယ်၊ အမှတ် (၉) ရပ်ကွက်အတွင်း တည်ရှိနေသည်။ ထို့ကြောင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေး နယ်နိမိတ်အတွင်း ပါဝင်သည့် ကမာရွတ်မြို့နယ်အတွင်းရှိ "ရှေးဟောင်းလက်ရာ အဆောက်အအုံများစာရင်းတွင် ပါဝင်နေသော အဆောက်အအုံ (၁၉) ခုလုံးသည် "ဝိသေသ" ထူးခြားစွာ" ရန်ကုန်တက္ကသိုလ်အဆောက်အအုံများသာ ဖြစ်နေပေသည်။

ရန်ကုန်တက္ကသိုလ်ကို ကိုလိုနီခေတ်တွင် ဘုရင်ခံနှင့် တက္ကသိုလ်အဓိပတိ ဖြစ်ခဲ့သူ "Sir Reginald Henry Graddock" က "Graddock Scheme" ဖြင့် ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို ပြဋ္ဌာန်းကာ ၁၉၂၀ ပြည့်နှစ်

ဒီဇင်ဘာလ (၁) ရက်နေ့တွင် ရန်ကုန်ကောလိပ်(ယူနီဗာစီတီကောလိပ်)နှင့် Judson College(ယုဒသန်ကောလိပ်)တို့ကို ပေါင်းစည်းကာ "ရန်ကုန်တက္ကသိုလ်" Rangoon University (R.U) အဖြစ် စတင်ဖွဲ့စည်းခဲ့သည်။ ရန်ကုန်တက္ကသိုလ်၏ ပထမဦးဆုံး အဓိပတိဖြစ်သူ "Graddock" က ရန်ကုန်တက္ကသိုလ်ကြီးအတွက် ဘွဲ့နှင်းသဘင်ခန်းမတည်ဆောက်ရန် ၁၉၂၂ ခုနှစ်၊ ဒီဇင်ဘာလ (၂) ရက်နေ့တွင် အုတ်မြစ်ချပေးခဲ့သည်။ ထို့ကြောင့် ၁၉၂၁ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်နေ့တွင် ကျင်းပခဲ့သော ရန်ကုန်တက္ကသိုလ်၏ ပထမဦးဆုံး ဘွဲ့နှင်းသဘင်အခမ်းအနားကို ရန်ကုန်မြို့ (ယခု ဒဂုံမြို့နယ်) ရွှေတိဂုံဘုရားလမ်းတွင် တည်ရှိခဲ့သော "Jubilee Hall" အဆောက်အအုံ၌ စတင်ကျင်းပခဲ့ရသည်။

ယခုအခါ ရှေးဟောင်းလက်ရာ အဆောက်အအုံများစာရင်းဝင် ဖြစ်နေသည့် ရန်ကုန်တက္ကသိုလ် ပရဝဏ်အတွင်းရှိ ကျောင်းဆောင်များကို (၁၉၂၄ – ၁၉၃၂) ခုနှစ်များအတွင်း ဖြည်းဖြည်းချင်းသာ ဆောက်လုပ်နိုင်ခဲ့ပုံနှင့် ထိုစဉ်က ရန်ကုန်တက္ကသိုလ်တည်ရာ အနေအထားတွေကိုပါ "A History of Rangoon" စာအုပ်ကြီးမှာ B.R.Peam မှတ်တမ်းပြုပေးထားသည်မှာ "New University of Rangoon : Estate near Kamayut between the year 1924 and 1932, these institutions were gradully removed to new buildings on the Northern Boundary of the city" ဟူ၍ ရန်ကုန်တက္ကသိုလ်ကြီးသည် ရန်ကုန်မြို့၏ မြောက်ဘက်(အစွန်) နယ်နိမိတ်တွင် တည်ရှိခဲ့ပေသည်။ ထိုစဉ်က ရန်ကုန်တက္ကသိုလ်သို့ "ပြည်လမ်း" နှင့် မီရထားဖြင့်လာပါက "ဟံသာဝတီဘူတာ" မှ ကြံတောသချိုင်းကို ဖြတ်သန်းပြီး လာကြရသည်။ ခရစ် ၁၉၂၈ ခုနှစ်တွင် ပြည်လမ်းနှင့် ကုက္ကိုင်းလမ်း (ယခု ကမ္ဘာအေးဘုရားလမ်း) တို့ကို ဆက်သွယ်ဖောက်လုပ်ထားသည့် "တက္ကသိုလ်ရိပ်သာလမ်း" ကို လမ်းအကျယ် (၂၅) ပေဖြင့် စတင်ဖောက်လုပ်ပေးခဲ့သည်။ ကုက္ကိုင်း(မွန်) အသံထွက် (ကံကိုး) "မရွှေပင်တောကြီး" ပိတ်ဆီးထား၍ ရန်ကုန်တက္ကသိုလ်သို့ အလွယ်တကူ သွားရောက်နိုင်ရန် လမ်းဖောက်လုပ်ပေးရခြင်း ဖြစ်သည်။

တက္ကသိုလ်ရိပ်သာလမ်းကို ဖောက်လုပ်ပေးလိုက်သောကြောင့် အဓိပတိလမ်းနှင့် တက္ကသိုလ်ရိပ်သာလမ်း ဆုံရပ်တွင် တက္ကသိုလ်အဝိုင်းလေးကို ထည့်သွင်းတည်ဆောက်ပေးခဲ့သည်။ ပြည်လမ်းနှင့် တက္ကသိုလ်ရိပ်သာလမ်း၊ လှည်းတန်းလမ်းတို့ ဆုံရပ်တွင်လည်း "လှည်းတန်းအဝိုင်းကြီး"ကို တည်ဆောက်ပေးခဲ့သည်။

၁၉၄၉ ခုနစ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် လွတ်လပ်ရေးကြီး ဆုံးရှုံးရန် လက်တစ်လုံးမျှသာ လိုတော့သည့် "သပိတ်စုံ သူပုန်ထ သရောကြီးကာလ" တွင် ရန်ကုန်တက္ကသိုလ်ကျောင်းသားများသည်တပ်မတော်နှင့်ပူးတွဲတိုက်ခိုက်ရင်းတိုင်းပြည်အတွက်အသက်ပေးလှူခဲ့ကြရသည်။ တက္ကသိုလ်အဝိုင်းလေးတွင်ထိုကျောင်းသားအာဇာနည်များကို ပါမောက္ခချုပ် ဒေါက်တာထင်အောင်နှင့် ဆရာ/ဆရာမများက ဂုဏ်ပြုခဲ့ကြသည်။ နယ်ချဲ့လက်ချက်ဖြင့် ကျဆုံးခဲ့ရရှာသော ကျောင်းသားခေါင်းဆောင် ဗိုလ်အောင်ကျော်ကို ဂုဏ်ပြုသောအားဖြင့်လည်း ၁၉၅၃-၆၂ အထိ ဤကွက်လပ်ကို"အောင်ကျော်ရင်ပြင်"ဟုသမုတ်ခဲ့ဖူးသည်။ ၁၉၆၆ ခုနစ်တွင် ၂၅ ပေကျယ် လမ်းဘေးနစ်ဖက်တွင် လူသွားစင်္ကြံခင်းလိုက်သည့်အတွက် "အောင်ကျော်ရင်ပြင်" ပျောက်ကွယ်သွားခဲ့ရသည်။

ရန်ကုန်တက္ကသိုလ်၏ အတိတ်သမိုင်းကို "သမင်လည်ပြန်" ကြည့်ပါလျှင် နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေး လှုပ်ရှားမှုတိုက်ပွဲကြီးများတွင် ခေါင်းဆောင်မှုပေးခဲ့သည့်အပြင် အချုပ်အခြာအာဏာနှင့် လွတ်လပ်ရေး အဓွန့်ရှည်တည်တံ့ရေးအတွက် "ရန်ကုန်အစိုးရ"ကာလတွင် "အင်းစိန်တိုက်ပွဲ"၌ တက္ကသိုလ်အရန်တပ်ရင်းက တက္ကသိုလ်ကျောင်းသားများသည် တပ်မတော်နှင့်လက်တွဲကာ ပြည်တွင်းသောင်းကျန်းမှုကြီးကို စွန့်လွှတ်စွန့်စား တိုက်ခိုက်ရင်း အသက်ပေးလှူခဲ့ကြဖူးသည်။ စစ်ကြိုခေတ်ကမူ ရန်ကုန်တက္ကသိုလ်သည် အရှေ့တောင်အာရှတွင် "စံပြ"တက္ကသိုလ်ဖြစ်ခဲ့ကာ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးစကာလတွင် "နိုင်ငံရပ်ခြားမှ စာသင်သားများ" ပင် လာရောက်ပညာဆည်းပူးခဲ့ကြပေသည်။ ဂျပန်ခေတ်နှင့် ဒုတိယကမ္ဘာစစ်

ကာလအတွင်း၌မူ ရန်ကုန်တက္ကသိုလ်သည် "စစ်ကိုလည်း ကြုံ၊ ပြာပုံလည်း ဖြစ်"ခဲ့ရဖူးပေသည်။ ထို့ကြောင့်ပင် ရန်ကုန်တက္ကသိုလ်ကို ရန်ကုန်မြို့တွင်းသို့ ပြောင်းရွှေ့ကာ အရေးပေါ်တက္ကသိုလ်နှင့် "ပလာတာကောလိပ်" များကိုပင် ဖွင့်လှစ်သင်ကြားပေးခဲ့ရဖူးလေသည်။

၁၉၆၄ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် R.U သည် စနစ်သစ်ပညာရေး စတင်သည့်အနေဖြင့် အောက်တိုဘာ (၁) ရက်နေ့၌ "ရန်ကုန် ဝိဇ္ဇာနှင့် သိပ္ပံ တက္ကသိုလ်"(RASU) ဖြစ်လာကာ "RASU က မမရေ" သီချင်းသံ ပျံ့လွင့်ခဲ့ သည်။ ထိုနည်းတူစွာ "တက္ကသီလာ မြကျွန်းသာ၊ ပန်းချီကဗျာထက်လှတဲ့ သီလာတက္က၊ မြကျွန်းညိုညို တက္ကသိုလ်၊ ချစ်ရက်ရှည်ရှည် အင်းလျားမြေ၊ တက္ကသိုလ်မှာ ဝေတဲ့နှင်း၊ ကံ့ကော်မြိုင်တန်းနှင့် ကံ့ကော်ရှာ" စသည့် အဖွဲ့ အနွဲ့များအပြင် "မာလာဆောင် ပြည်လမ်းရှေ့ဝယ်" လည်း ခေတ်စားခဲ့သည်။

၁၉၈၁ ခုနှစ်၊ နိုဝင်ဘာလ (၃၀) ရက်နေ့တွင် ရန်ကုန်တက္ကသိုလ် (Yangon University-YU) ဟု ပြန်လည်အမည်ပြောင်းခဲ့သည်။ ၁၉၈၈ ခုနှစ်မှ စတင်ကာ ရန်ကုန်တက္ကသိုလ်ကြီးကို ပိတ်ထားခဲ့ရသည်။ ၂၀၁၃ - ၁၄ ပညာ သင်နှစ်တွင် ရန်ကုန်တက္ကသိုလ်ကို ပြန်လည်ဖွင့်လှစ်ခဲ့သည်။ ဦးစွာ တိုင်း ဒေသကြီးနှင့် ပြည်နယ်တို့မှ ထူးချွန် ကျောင်းသား/သူများကို မွမ်းမံထားသည့် တက္ကသိုလ်အတွင်းရှိ အဆောင်များတွင် နေထိုင်ခွင့်ပြုထားသည်။ ရန်ကုန် တက္ကသိုလ် ကျောင်းသားသမဂ္ဂအဆောက်အအုံကိုလည်း ပြန်လည်တည် ဆောက်ရန် ကြိုးပမ်းနေကြပြီဖြစ်ရာ တက္ကသိုလ်နှစ် ရာပြည့်ပွဲအမီ တင့်တယ် ထည်ဝါသော သမဂ္ဂအဆောက်အအုံကြီးကို ခမ်းနားစည်ကားစွာ ဖွင့်လှစ်ပေး နိုင်လိမ့်မည်ဟု ယုံကြည်မျှော်လင့်လျက် ရှိပါသည်။

# ကျေးဇူးတင်လွှာ

ဤ "တက္ကသီလာ မြကျွန်းသာရဲ့ နှစ်တစ်ရာ" စာအုပ် ဖြစ်မြောက်ရေးအတွက် ဦးစွာ မျိုးစေ့ချပေးသူမှာ ကျောင်းနေဖက်သူငယ်ချင်း တက္ကသိုလ်စိုးသိမ်း(ဘွဲ့နှင်းသဘင်) (ကွယ်လွန်) ဖြစ်ပါသည်။ မကွယ်လွန်မီတွင် ရှားပါးပျောက်ကွယ်နေပြီဖြစ်သော မြန်မာ့အသံကျော်ဦး ပြုစုသည့် "နှစ်ငါးဆယ်တက္ကသိုလ်(ဓာတ်ပုံမှတ်တမ်း)" စာအုပ်နှင့် ရှားပါးဓာတ်ပုံများကို မေတ္တာဖြင့်ပေးအပ်သွားခဲ့ပါသည်။ ထိုမျိုးစေ့ကို အပင်ပေါက်လာအောင် အခန်းဆက်ဆောင်းပါးများအား ထည့်သွင်းဖော်ပြပေးသည့် "The Live News Journal" ကိုလည်း ကျေးဇူးဥပကာရတင်ရှိပါသည်။

အထူးအားဖြင့် ကျေးဇူးတင်ထိုက်သူကား ဆုပြည့်စုံထွန်းစာပေမှ ဦးမြင့်ထွန်း(Quality) ဖြစ်ပါသည်။ ဦးမြင့်ထွန်း၏ "စေ့ဆော်မှု" ကြောင့် "တက္ကသီလာ မြကျွန်းသာရဲ့နှစ်တစ်ရာ" စာအုပ်ကို လက်လှမ်းမီသရွေ့ အကိုးအထောက်များကို အားပြုကာ ပြုစုရေးသားခွင့်ရသောကြောင့် ရန်ကုန်တက္ကသိုလ် နှစ်တစ်ရာပြည့် အထိမ်းအမှတ်အတွက် "အုတ်တစ်ချပ်၊ သဲတစ်ပွင့်" ဖြစ်မည်ဆိုပါက "အဟောဝတ" ပါပေတည်း။

မေတ္တာမွန်ဖြင့်
မောင်မြတ်မွန်(ဆူးလေ)
(၃-၃-၂၀၁၇)

## ဦးမြင့်ဆွေ(B.A, RL) မောင်မြတ်မွန်(ဆူးလေ)၏ ကိုယ်ရေးသမိုင်း(အကျဉ်း)



အမည် - ဦးမြင့်ဆွေ

ကလောင်အမည် - မောင်မြတ်မွန်(ဆူးလေ)၊ မင်းမြင့်ဆွေ

အဘအမည် - ဦးသိန်းမောင်+ဒေါ်သန်းစိန်

ပညာအရည်အချင်း - B.A, RL

မွေးရာဇာတိ - သရက်တောကျေးရွာ၊ ဝါးခယ်မမြို့နယ်

မွေးသက္ကရာဇ် - ၁၃၀၁ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း (၇) ရက် (ကြာသပတေးနေ့)

လက်ရှိတာဝန် - အတိုင်ပင်ခံအကျိုးတော်ဆောင် တွဲဖက်အတွင်းရေးမှူး (မြန်မာနိုင်ငံစာရေးဆရာအသင်း) မြောက်ဥက္ကလာပမြို့နယ်

လက်ရှိနေရပ် - ဂ/၁၉၀၊ ဥက္ကာ (၇) လမ်း၊ မြောက်ဥက္ကလာပမြို့နယ်

တယ်လီဖုန်းအမှတ် - ၀၁၉၆၉၁၂၇၂၊ ၀၉၄၄၈၀၄၁၁၄၇

ကိုယ်ရေးဖြစ်စဉ် - ၁၉၆၈ ခုနှစ်တွင် ကျင်းပခဲ့သော ရန်ကုန်တက္ကသိုလ်၏ ဆဋ္ဌမအကြိမ် ဘွဲ့နှင်းသဘင်တွင် ဝိဇ္ဇာဘွဲ့ တက်ရောက်ယူခဲ့သည်။ ၁၉၈၃ ခုနှစ်တွင် မှတ်ပုံတင်ရှေ့နေသင်တန်း RL အောင်မြင်သည်။ ၁၉၈၉ ခုနှစ်တွင် ဆူးလေစေတီတော် ဘက်စုံမွမ်းမံတည်ဆောက်ရေးကို ဂုဏ်ပြုသည့် "မြတ်ဆူးလေ၏ ဝိသေသဆယ်ဖြာ(သုတေသန)ဆောင်းပါး" အား မောင်မြတ်မွန် (ဆူးလေ) ကလောင်အမည်ဖြင့် ရန်ကုန်မြို့တော်စည်ပင်

သာယာရေးကော်မတီမှ ထုတ်ဝေသော မြို့တော်ရန်ကုန်မဂ္ဂဇင်း၌ ရေးသားပြီး စာပေနယ်သို့ စတင်ဝင်ရောက်ခဲ့သည်။ မြို့တော်ရန်ကုန်မဂ္ဂဇင်းတွင်ပင် အလောင်းဘုရား တည်ဆောက်ခဲ့သော ရန်ကုန်မြို့တော်၏ သမိုင်းကြောင်းများကို စုစည်းရေးသားခဲ့သည်။ ထို့နောက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ ရှေးဟောင်းလက်ရာ အဆောက်အအုံများ၏ သမိုင်းကြောင်းနှင့် မြေရာဇဝင်မှတ်တမ်းများအား မြို့တော်မဂ္ဂဇင်း၊ The Live News Journal ၊ မြန်မာတိုင်း(မ်) ဂျာနယ် Property ကဏ္ဍနှင့် ရန်ကုန်တိုင်း(မ်) ဂျာနယ်များတွင် ရန်ကုန်မြို့ကြီး၏ ကနဦးကာလ ပထမများ ကဏ္ဍတို့ဖြင့် ရန်ကုန်မြို့တော်ကြီး၏ သမိုင်းကြောင်းကို ကဏ္ဍပေါင်းစုံမှ လေ့လာသုတေသနပြု ရေးသားခဲ့ပါသည်။

ယခုအခါ မြို့တော်သတင်းစာ၊ မြို့တော်မဂ္ဂဇင်း၊ Property မဂ္ဂဇင်း၊ Builders ဂျာနယ်၊ Federal မဂ္ဂဇင်း၊ ငွေပင်လယ်ဂျာနယ်နှင့် ရန်ကုန် ခရီးသွား ဂျာနယ်တို့တွင် လည်းကောင်း၊ ရန်ကုန်မြို့ကြီး၏ လမ်းအမည်ပြောင်း သမိုင်းကြောင်းကို Happy Time ကလေးရုပ်စုံစာစောင်တွင်လည်းကောင်း လစဉ် ရေးသားလျက် ရှိသည်။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ (အင်ဂျင်နီယာဌာန အဆောက်အအုံ)နှင့် ပူးပေါင်းလျက် ရန်ကုန်မြို့တော် စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ ရှေးဟောင်းလက်ရာ အဆောက်အအုံများ၏ ဖြစ်တည်မှုသမိုင်းကြောင်း မှတ်တမ်းကို မြန်မာ-အင်္ဂလိပ် နှစ်ဘာသာ၊ ရှေးဟောင်း ဓာတ်ပုံများဖြင့် ထုတ်ဝေနိုင်ရန် ရေးသားပြုစုနေပါသည်။ MNTV တွင် ရန်ကုန်မြို့ပြ အမွေအနှစ်ဖြစ်သည့် ရှေးဟောင်းလက်ရာ အဆောက်အအုံများ သမိုင်းကြောင်းကို ထုတ်လွှင့်ပေးလျက် ရှိပါသည်။ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လတွင် "အလောင်းမင်းတရားကြီး တည်ခဲ့တဲ့ မြို့ရန်ကုန်" စာအုပ် ထုတ်ဝေထားပြီး ဖြစ်သည်။ ယခု "တက္ကသိုလ် မြကျွန်းသာရဲ့ နှစ်တစ်ရာ" စာအုပ် ထုတ်ဝေရန် စီစဉ်နေပါသည်။ ရန်ကုန်မြို့ကြီးရဲ့ ရှေးဖြစ်ဟောင်း အောက်မေ့ဖွယ်ရာများ စာအုပ် ထုတ်ဝေရန်လည်း စီစဉ်နေပါသည်။

မောင်မြတ်မွန်(ဆူးလေ)

၃-၃-၂၀၁၇

## ၁၂၉၀ ပြည့်နှစ် ဝါဆိုလဆန်း ၇ ရက်နေ့ထုတ် ပုဂံလက်သီးသတင်းစာ တတိယတွဲ

## နံပါတ် ၁

## ကဗျာပိုင်းမှ ထုတ်နုတ်ချက်

# ကျောင်းဖွင့်ရကန်

လေဗွေလေရူး၊ ဆော်မြူးဝန်းဝှေ့၊ ခြောက်သွေ့ရာသီ၊ ဂိန်မှီကုန်ကျွန်း၊ ဝဿန်ယွန်း၍၊ မိုးသွန်းချအရွာ၊ ကျောင်းဖွင့်ချိန်တန်၊ အခါရောက်ပြန်၍၊ ဖန်ဖန်တနဲ၊ အမြဲလိုလို၊ ထိုထိုဤဤ၊ အတည်မကျ၊ ပျောင်းလှထွေထွေ၊ ကျောင်းဥပဒေကြောင့်၊မိုးလေမရှောင်၊ကျောင်းခန်းဆောင်သို့၊ရောက်အောင် စောစောလာရာတွင်။ ။ကျောင်းတို့မှာလည်းမပြီးတတ်၊ဝန်စည်စလယ်၊ အသွယ်သွယ်ကို၊ ထားဘွယ်နေရာ၊ မတွေ့ပါ၍၊ ဖွေရှာမေးမြန်း၊ ထောက်လှန်း သောအခါ၊ လူသစ်သာလျှင်၊ သတ္တာရက်ပိုတင်ကြိုနေခွင့်၊ ရပေမင့်လည်း၊ သို့နှင့်မသွေ၊ လူဟောင်းတွေအား၊ နေခွင့်မပေး၊ သည်အရေးကြောင့်၊ ရပ်ဝေ တဘာန်၊ပြန်ဘို့ဝန်မှာ၊အလွန်ခဲခက်လတ်၏။ ။ ကားကိုပတ်၍ လှည့်လိုက် ပါ၊ ရွံ့ညွှန်လမ်းတွင်၊ ဘီးမြုပ်ဝင်သော်၊ တွင်တွင်အားထုတ်၊ စက်ကုန်ခုတ် လည်း၊ မလှုပ်ကြံ့နိုင်၊ အားမနိုင်၍၊ ကားယိုင်ခဲ့ရာ၊ မသာနလုံး၊ ကြိမ်မီးအုံးသို့၊ ခွေနုံးမရှင်၊ ကိုယ်တိုင်ဝင်၍၊ အပင်အပန်း၊ ကားကိုတွန်းလည်း၊ ထွန်းထောက် မွှေ့လျော်၊ ဗွက်မှာပျော်သည်၊ ကိုယ်တော်မြတ်ကား၊ မလှုပ်ရှား၍၊ ကုလား နစ်ဆယ်၊ လာ၍ကယ်မှ၊ ကားဝယ်လွတ်ချမ်းသာ၏။ သို့စင်ချိန်ခါတွင်း၌၊ မိုးမင်းဣန္ဒာ၊ ရှိန်ဝါထန်ပြင်း၊ သဲခြင်းမမျှ၊ သဲလွန်းလှ၍၊ တွင်းပကိုယ်ထဲ၊ စိုကာ ရွဲသည်၊ လွန်ကဲဇပြေတုန်တုန်ခိုက်၏။ ။ အိမ်သို့ ဆိုက်ရောက်လေသဖြင့်၊ ဖျားနာဗျာဓိ၊ နှမ်းရိခွေမော၊ တယောဒိန၊ သုံးရက်ကျမှ၊ ပျောက်ပကင်းဝေး၊ ကြံ့ရရေးကို၊ တွေးတိုင်းစိတ်ရှုတ်သင့်သည်၊ ကျောင်းဖွင့်သည့် ဒုက္ခတည့် လေး။ ။

**ရှေခဲမောင်**

# သပြေညို

သူ့ခေါင်းမှာတဲ့ သပြေညို
ငါ့ခေါင်းမှာတဲ့ သပြေညို။
တို့ပြေမှာ တို့မေကမ်းပါတဲ့
သပြေညို ရွှေဘိုပန်းဟာက
လန်းလျက်ပါကို။
ဘာမလျှော့လေနဲ့
လာတော့မကွယ့် ရွှေပဟိုရ်
လေချိုက အသွေး။
လင်းကြက်အခေ်ာ
ကွင်းထက်မှာ တူပျော်ပျော်နဲ့
စည်တော်ကို ရည်မျှော်မှန်းကာပ
ရောင်နီမှာ အောင်စည်ရွှန်းရအောင်
သပြေညို ရွှေဘိုပန်းရယ်နဲ့
လှမ်းကြစို့လေး။ ။

**မင်းသုဝဏ်**

# သိကြားမင်းထံ လျှောက်လွှာ

**မောင်ဝ**

ကောဝိဋ္ဌာရ၊ ရုက္ခပင်မင်း၏အနီး၊ အုံ့ရိုးစဘွယ်၊ ဆန်းကြယ်ခမ်းနား၊ ကြီးမားအထု၊ ပဏ္ဍုကမ္ဗလာ၊ မြကျောက်ဖျာအထက်၌၊ ကြက်သရေအမျိုးမျိုးတို့ဖြင့်၊ ကွန့်မြူးတင့်တယ်စွာ၊ လစန္ဒာကို တာရာကြယ်နက္ခတ်အစုံ၊ ဝန်းအုံရံခသကဲ့သို့၊ မြတ်လှဒေဝီ၊ နတ်ရှေ့ညီတို့၏အလယ်တွင်၊ စမ္ပါယ်ကွန့်မြူးကာ၊ မဟာဒေဝရာဇ်၊ နတ်တကာတို့၏ သင်းကျစ်လည်းဖြစ်ထသော၊ ရှစ်သောင်းလေးထောင်၊ အမြင့်ဆောင်သော၊ တောင်များသနင်း၊ မြင်းမိုရ်တောင်မင်းကိုစည်လျက်၊ တချက်ထည်းနှင့် ပျက်စီးယိုယွင်းအောင် စွမ်းဆောင်နိုင်သည့်၊ ဝရဇိန်လက်နက်၏ သခင်လည်းဖြစ်ထသော၊ သဟဿနတ်၊ ဘွဲ့ခံရင်းဖြစ်သည့်အတိုင်း၊ စိစစ်နှိုင်းညှိ၊ တထောင်သောအမြင်မျက်စိဖြင့်၊ သတိရေးယူ၊ လူတို့၏နယ်ဘက်ကို၊ တချက်တချက်ရှုမျှော်၍၊ မသူတော်တရား၊ လိုက်စား

တိမ်းစောင်း၊ အပါယ်လောင်းဖြစ်ကြသည့်၊ မကောင်းသူတို့ကိုပယ်၊ ကောင်းသူတို့ကို ကယ်လေ့လည်းရှိထသော၊ သဏ္ဌာမာယိန်၊ ပုရိန္ဒဒ၊ နာမထင်ရှားသိကြားမင်းအရှင်သခင်မြတ်ဘုရား။

လူ့ပြည်လူ့ရွာလူ့ခန်းဝါတွင်၊ ရတနာရိပ်မြုံ၊ သာမျိုးစုံသည်၊ ရန်ကုန်ပြည်သာ၊ မြောက်မျက်နှာဝယ်၊ ကမာရွတ်ခေါ်၊ ထင်ပေါ်ဂါမာ၊ သညာမည်သီး၊ ရွာအနီး၌၊ အုံ့ချီးဘွယ်တည်ထား၊ ယူနီဘာစီတီကျောင်းသားများ၏၊ ပျော်ပါးမွေ့လျော်ရာဖြစ်သော၊ ကျောင်းတော်ကြီးအတွင်းမှာ၊ အဌာရသ၊ သိပ္ပအမျိုးမျိုးကို၊ အားကြိုးမာန်တက်၊ ကျက်မှတ်လေ့လာနေရပါသော ကျွန်တော်မျိုးမောင်ဝက၊ ဟတ္ထပဒုံ၊ လက်ကြာမုံဖြင့် ခြေတော်အစုံကို ဦးခိုက်လျက်၊ တိုက်ရိုက် လျှောက်ကြား၊ အသနားတော်မြတ် ခံလိုသည်မှာ။

ကျွန်တော်မျိုးတို့နေထိုင်ရာ၊ အိမ်ဂေဟာအနီး တောအုပ်ကြီးတွင်၊ နိမိုးပိုင်စိုး၊ လွှမ်းမိုးအထူး၊ ကွန့်မြူးစမွယ်ကာ၊ ခြင်ငယ်ဖြုတ်အပေါင်းတို့၏၊ ဦးစီး၊ ၎င်းတောအနီးရှိအသီးသီးအတန်တန်၊ တွင်းကန်အိုင်ချောင်း၊ မကောင်းယွင်းပျက်၊ ရွံ့ညွန်ဘွက်ဟူသမျှတို့၏အရှင်၊ ခြင်ဘုရင်အပေါင်းတို့သည်၊ ထုံးပေါင်းဥပမာ၊ အလားတူရှာလိုက်လျှင်၊ ဝေသာလီပြည့်ရှင်၊ ငါးရာသောလိစ္ဆဝီဘုရင်တို့ကဲ့သို့၊ အသွင်မယွင်း၊ မိမိတို့အချင်းချင်းလျှင်၊ အသင်းအပင်းဘွဲ့စည်းကာ၊ သူရိယာနေဝန်း၊ ဂေါယာကျွန်းသို့၊ ယွန်းသည်နှင့်တပြိုင်နက်၊ အနောက်ဘက်မျက်နှာ၊ နေရောင်ဝါအပျောက်၊ ဆည်းဆာရောက်လတ်သော်၊ ကြောက်လန့်ဘွယ်ကြီး၊ အင်မတီး အင်မတန်၊ စိတ်မာန်ထက်ပြင်း၊ တစက္ကန့်အတွင်းမှာ၊ များစွာမိုင်ပေါင်း ပေါက်ရောက်နိုင်သော၊ အံ့လောက်ဘွယ်အပြီး၊ လေယာဉ်ပျံတပ်ကြီးများ ချီတက်၍လာသလို၊ ညီညာပျံသန်း၊ ကျွန်တော်မျိုးနေရာအခန်းသို့၊ ကြွမြန်းဝိုင်းအုံတော်မူကြပြီးလျှင်၊ မကြင်မနာ၊ ညာတာထောက်ထားခြင်း၊ အလျှင်းလုံးလုံးမရှိ၊ ဘိစီးလွှမ်းမိုး၊ ကျွန်တော်မျိုးနှင့် ညှိုးသူရန်ဘက်၊ အဆက်ဆက်က မဟုတ်ရပါဘဲ၊ အဓမ္မအတင်း ချဉ်းနင်းဝင်ရောက်ခါက၊ ကျွန်တော်မျိုးခမြာကို၊ ညီလာခဲကိုက်၊ ခြင်သူပုန်တိုက်ခိုက်၍ နေကြပါကြောင်း။

ကျွန်တော်မျိုးလည်း၊ အားကြီးမာန်တက်၊ ရန်သူတို့ အနှိပ်စက်ကို၊ သက်သက်ခံ၍ မနေနိုင်၊ ထိုင်ကာထကာ၊ ဘယ်ညာနှစ်ဘက်၊ အစုံသော လက်ဝါးပြက်တို့ဖြင့်၊ တဖက်ဖက် တဖုတ်ဖုတ်၊ အတွင်းသားရိုက်ပုတ်၍၊ အဟုတ်လက်မလွှတ်၊ အတင်းဖွတ်လျှင်၊ အဝတ်နှင့်ရမ်းလိုရမ်း၊ စွမ်းနိုင်သမျှ ခုခံ၍မရသောအခါ၊ အာရှတိုက်အတွင်း၊ သတင်းကြီး၍၊ ဉာဏ်သိမ်မွေ့သည်၊ အရှေ့အာဂ်လန်၊ ဂျာပန်ပြည်ထွက်၊ လက်နက်အပေါင်းတို့တွင်၊ အကောင်းဆုံး ဖြစ်ပေသော ခြင်သေမှိုင်းဆေးတို့ဖြင့် မနေးမပြတ်၊ အထပ်ထပ်အခါခါ၊ ပစ်ဘောက်ရှိလွှတ်ပါသောကြောင့်၊ အရာအထောင်မက၊ များလှစွာသော၊ ခြင်အို ခြင်ပျို၊ ခြင်စစ်ဗိုလ်တို့သည်၊ ထိုထိုစစ်မြေတလင်း၌၊ ပျက်စီးခြင်းသို့ ဆိုက်ရောက်ကြပါသော်လည်း၊ ကျန်ရှာသူ ခြင်စစ်သားများက၊ မနားမရပ်၊ တစပ်တည်း ဆက်လက်၍၊ မိမိတို့၏အသက်ကိုပင် မညှာတာ၊ ကြိုးစားကာ ရှပ်ရှပ်ချွန်ချွန်တိုက်ခိုက်ပြန်သောကြောင့် ဂျာပန်လက်နက်များပင် မဖျက်ဆီးနိုင်၊ ယိမ်းယိုင်ခွေညှိုးကာ၊ ကျွန်တော်မျိုး၏ ရှေ့တပ်မကို ရုပ်သိမ်းလိုက်ရပါကြောင်း။

ကျွန်တော်မျိုးတပ်မ၊ အခြေအနေမလှသည်ကို၊ မြင်ကြသောအခါ ခြင်စစ်သည်အပေါင်းတို့သည် သောင်းသောင်းဆူပွက်၊ တက်သည့်လေယာဉ်ပျံ၊ မိုတိုစက်အသံကဲ့သို့၊ ဆူညံစုဝေး၊ အောင်သံကိုပေးကြလျက်၊ ဘေးဆီးရန်ကာ၊ စိတ်မှာအားကိုး၊ ကျွန်တော်မျိုး၏ မြို့ရိုးတည်းဟူသော အိပ်ခန်းကို ဝိုင်းဝန်းလျက်၊ ဗလက္ကာရ၊ အဓမ္မအတင်း၊ ချင်းနင်းဝင်ရောက်ကြပြီးလျှင်၊ နှုတ်သီးမွေးအမြှင်တည်းဟူသော၊ အင်မတန်ကြောက်ဘွယ်ရာ၊ အရိန္ဒမလှံစကြာကြီးတို့ဖြင့်၊ ညှာတာမတွေး၊ ကျွန်တော်မျိုးကိုယ်သွေးကို၊ ဘေးကဖောက် နံကဖောက်။ အိမ်ထောင်စုံ သားမယားတို့ပါ၊ အများအပြား သောက်ကြသဖြင့်၊ ရွံ့ကြောက်ငေးမှိုင် မခံမရပ်နိုင်သည့်အတွက်၊ အထက်ခံတပ်တည်းဟူသော ကြာခြည်ယံသို့ ပြောင်းပြီးလျှင်၊ ပုန်းအောင်လျက်နေရာ၊ ခြင်သူပုန်များစွာတို့သည် မဟာစစ်အောင်ပွဲသဘင်၊ ဆင်ယင်ကျင်းပကာ၊ ဝမ်းသာရွှင်ကြည်၊ အောင်စည်အောင်မောင်းတို့ကို၊ ရိုက်ပြောင်းတီးဆော်ကြပြီးသော်၊

အဘော်အပေါင်းတို့ စုဝေးလျက်၊ တပ်မကို မဖျက်ဘဲ၊ ဆက်လက်စောင့်စား နေကြသဖြင့် စိတ်ကကြောက်ရွံ့ မထွက်ဝံ့မထွက်သာ၊ ကြာမြင့်ယံအတွင်း မှာပင်၊ အစာရေပြတ် ထမင်းငတ်လျက်၊ မရပ်မတည်နိုင်၊ ယိမ်းယိုင်မချို၊ ပျက်စီးလုနီးပါးရှိလေရကား၊ အရှင်သိကြားမင်းမှ မကယ်လျှင်၊ သေဘွယ်ရာ ရှိတော့သဖြင့်၊ အထိကရ ရန်ဘေး၊ ခြင်သူ့ပုန်တို့နှင့် ဝေးရအောင်၊ ဖေးမ စောင့်ရှောက်တော်မူပါမည့် အကြောင်းကို၊ စုပေါင်းလေးမူ၊ ယူနီဘာစီတီ၊ သညီထင်လင်း၊ ကောလိပ်ကျောင်းမဂ္ဂဇင်းတွင်၊ ထည့်သွင်းလျှောက်ထား၊ ဝတိန်နယ်ကကြားဘို့ရန်၊ အသနားတော်မြတ်ခံပါသည်၊ သုဇိတာအစ၊ လေးဝသောမိဖုရားကြီး၊ အသီးသီးခြွေရွေ နှစ်ကဋေပါးသန်းသော မိဖုရားငယ် တို့၏သခင်၊ ဤအရှင်သိကြားမင်းကြီးဘုရား။ ။

**အမည် မောင်ဝ**
**နေရပ် ချောင်က**

# ဝံသာနုသိပ္ပံ

စာစစ်ပွဲကြီးရက်ကလည်း တဖြည်းဖြည်းနီးလာသည့်အတွက်၊ အပတ်တကုတ်စိတ်အားထုတ်၍ ကြိုးစား၍၊ စာအစောင်စောင်ကို အာဂုံဆောင်မည့် စိတ်ဇောနှင့်၊ ရာဇဝံသကာ၊ မဟာသမတမင်းမှစ၍ အဆက်ဆက်သော မြန်မာမင်းတို့၏ အနွယ်ကို ပြကြောင်းဖြစ်သော ရာဇဝင်ကျမ်းကိုဘတ်ရှုနေစဉ်၊ အမိမြန်မာဒေါင်းမာတာမှာ၊ ရှေးအထက်က ပြိုးပြိုးပြက်မျှ တန်ခိုးထွက်ခဲ့ဘူးသည့်အကြောင်းအရာနှင့်၊ ယခုအခါ အပေါင်းမြန်မာတို့မှာ ကျောင်းဆရာကျောင်းသားကအစ၊ ဝံသာနုရက္ခိတရား လိုလားစောင့်ရှောက်ကြသည့်အရေးကို တွေးတောစဉ်းစားမိပြန်ပါသဖြင့်၊ ကျမတို့ ပညာဆည်းပူးရာဌာန၊ တက္ကသိုလ်ပြည်ပမာ၊ ဤမဟာသိပ္ပံကျောင်းတော်ကြီးသာ၊ ထိုခေတ်အခါက ရှိခဲ့ပါမူ၊ ရေမြေသခင် အရှင်နှစ်ပါးတို့သည်၊ အဘယ်မျှလောက် ချီးပင့်မြှောက်စား စောင့်ရှောက်တော်မူကြမည်ကို တွေးတောမိစဉ်၊ လရောင်ကဖွေး၊ လေပြေသွေးပြန်တော့၊ ခပ်မှေးမှေးရှိရာ။

သွားရမည့်ကျောင်းဌာန၊ ကုတ်ကိုင်းရပ်ဒေသကလည်း၊ အတော် အတန် ခရီးထောက်သဖြင့်၊ နံနက်နေအရုဏ်ကျင်း၍ အလင်းသို့ရောက်သည့် အချိန်၊ ပေါင်းအဖော် ကျောင်းတော်သူတစုနှင့်၊ မကွဲအစဉ် သွားရသော ကျမ တို့ လှည်းယဉ်ကလေးများမှာ၊ ပြည်လမ်းတလျှောက်၊ ကျောင်းသို့အရောက်၊ အမြန်မောင်းခဲ့ရာ၊ ကျောင်းတော်ဝိဟာရသို့၊ နေထန်းတဖျားလောက်အချိန် တွင် ရောက်ရှိကြပါကြောင်း။

ကျောင်းတက်မောင်းတော် ရိုက်ညောင်းဆော်၍ပြီးသည်နှင့်၊ ကဗျာ ကသီ ကျောင်းအခန်းဆီသို့ ရောက်ခဲ့ကြ၍၊ အာစရိယ ဆရာ ရောက်ရှိလာက၊ သခ်မ်းစာများကို ရှင်လန်းစွာစ၍ သင်အံ့ကြသော်လည်း၊ အချို့ကျောင်းတော် သားတစုမှာ၊ ဘယ်အမှုကြောင့်မသိ၊ ကမောက်ကမနှင့် နောက်ကျမှ ဝင်လာ ကြသည်ကို အသာမော်၍ ကြည့်မိရာ၊ ဖျင်အကျီရင်ကွဲနှင့် လွန်းပုဆိုးအမဲ မီးသွေးရောင်ကိုဆီးပြီး၊ လေးတောင်ကျော်သည့် ဆံကေသာ ရောင်တစောင်း နှင့် မောင်ကျောင်းသားတို့ကို တွေ့ရမှ၊ ညြော် သူတို့တထွေပိုကေထားကြလျှင်၊ ဒီလောက်ဒုက္ခမများကြပေဘူးဟု တွေးတောမိပါကြောင်း။

ငါးပါးမချွတ်၊ ဆရာ့ဝတ်နှင့်၊ တတ်စိမ့်လွယ်မှု မေတ္တာရှုလျှက်၊ တခု မကျန်၊ သင်အံ့စေသည့် ကျေးဇူးအရှင်၊ အာစရိယအရှင်လည်း၊ တနေကုန် သင်ပို့ချ၍အပြီး၊ ကျောင်းဆင်းချိန် မောင်းတော်တီး၍ အသီးသီးအချိန်တန် သဖြင့် အိမ်ပြန်ရန်စီစဉ်ကြပြီးနောက်၊ နေစက်ရှင် ဒေါင်းယဉ်ပျံသည်၊ ကောင်း ကင်းယံတိမ်ထက်စွန်းမှအနောက်ဂေါယာကျွန်းသို့ယွန်းတော့မည့်ချိန်ခါဝယ်၊ သရေခေတ္တရာနှင့် တကောင်းကျောင်းဆောင်တို့အကြား၌၊ အများအပြား စုရုံး၍ တပြုံးပြုံး တဟားဟားနှင့် အလကား ရောက်တတ်ကရာ အသောတွေ နှောပြီး၊ဘာလရွှတ်ပြောနေကြရင်း၊အကဲမလုပ်လိုကြသဖြင့်ပဲပြုတ်ဆီဆန်းနှင့် လက်ဘက်ရေကြမ်းဝိုင်းတွေက တမျိုး။

တကောင်းတောင်ဘက်တပိုင်း၌ ခါးတောင်းကိုမြှောက်အောင်ကျိုက် ပြီး၊ တမျိုးအင်းဆောင်သည့်၊ ထိုးကွင်းနှင့် မောင်တို့မှာလည်း၊ အသင်းအရုံး ပြု၍ ချင်းလုံးခတ်ကြသည်ကတဖုံ။

ညနေဆီးနေရီရီအချိန်၊ တိမ်နီတိမ်ဝါတွေသန်းခိုက်၊ မြောက်လေပြေကလေးက ဖျန်းရိုက်ပြန်တော့၊ တနေလုံးစာသင်၍ မောဟိုက်လှသည့် ပုံသဏ္ဌာန်၊ အင်းလျားကန်အတွင်းဝယ်၊ အကွင်းသားမြင်ရပြန်သည်မှာ။ ရေအဏ္ဏဝါတကြောမှာ လှေကလေးများနှင့် မျှောကာနေကြသော အချို့ကျောင်းတော်သားတို့သည်၊ စိတ်ပျော်လက်ပျော် အပျင်းဖျော်သလို "စိန်တုန်းလှေတော် ရေပေါ်ပျံကာဝဲပါလို့ ..." ဟူသော လှေတော်သံကိုလည်းကောင်း။ "သည်ကိုဘေတကယ် စိမ်းပါလို့၊ ခင်လေးမေက တိမ်းဖယ်ဖယ်။ ။ ပျို-တို့ မောင် ရွှေရင်ကျိုးအောင်၊ လှေထိုးရယ် လိုက်တော့မယ် ..." ဟူ၍လည်းကောင်း။ "မယိမ်းနွဲ့ပါတဲ့ ... မယ့်မေတ္တာ၊ မသိရာတဲ့ ကိုလူရိုး။ ။ ပျို့တို့မောင် ရွှေရောင်ရစ်ကယ်။ ရေနစ်မှာ ပါတဲ့စိုး" စသော ရေးကဗျာများကို ထိုးဝါးကိုယ်စီနှင့် ကြိုးစား၍ဆိုသီကာ၊ ဖိုသံမသံပေးရင်း အချင်းချင်း အပျင်းဖြေကြသည်ကတဝ ... ။ ဘိုးညီမ်းနှင့် ဘိုးရိမ်းအပြင်၊ ဘိုးသိန်းတို့သာ ပုဆိုးစိမ်းနှင့်မြင်ရသဖြင့်၊ ပုဆိုးအပြာဆီးသည့် ဘိုးနီတာနှင့် ပုဆိုးနီနဲ့ ကိုဘိုးမှီတို့ကို မေးကြည့်တော့မှ၊ တနစ်တခါ အသရေတင်သည့်၊ ရေသဘင်ပွဲတွင်၊ ဝင်နွှဲပြီးသူမှ၊ အစိမ်းပုဆိုးနဲ့ ကိန်းတမျိုးထုတ်ရကြောင်း သိရပါသည်။

ထို့နောက် အိမ်ဂေဟာစခမ်းသို့ တဖြည်းဖြည်းမြန်းခဲ့ကြပြီးသော်၊ လမ်းမတော်ခေါ်သည့် ဂေါ်ဒဝင်တွင်၊ အပေါင်းအဖော်အများနှင့် ဘွဲ့စီးထားသော၊ ကျောင်းတော်သားစစ်တပ်ကြီးနဲ့ တွေ့သော်လည်း၊ ရုတ်တရက်မို့ မမှတ်မိပါသဖြင့်၊ အသာပြန်၍ တခါကြည့်ရှုမှ၊ မဟာဗန္ဓုလ၏ ညီတော်များနှင့် အထင်မှားမိပေသည်ကတရပ်။

ညချမ်းအခါ၊ ရွှေလကလည်း သာသည်မို့၊ ဆရာမကြီးနှင့် မိတ်အချို့တို့က၊ စိတ်ပျော်ဘို့ တဖုံနွှဲသည့်၊ သထုံမြို့ချင်းလုံးနိုင်အငြိမ့်ပွဲသို့ သွားရအောင်လို့၊ အတင်းအဆွဲ ကောင်းပါသဖြင့်၊ မငြင်းသာဘဲလိုက်ပါသွားရာ၊ ဗျာပါဆံတခါခါနှင့် ယမင်းရုပ်ကြီးသဘွယ် မှတ်ထင်ရသော၊ မှတ်ပုတီးအသွယ်သွယ် ဆွဲဆင်သည့် မင်းသမီးမှာ၊ သတင်းကြီးသလောက် အခုန်အပျံတွေ မပါစေဘဲ၊ ဗုံရွေသံနှင့် လိုက်ရောပြီး၊ မီးတိုင်အောက်တွင်အပြီးတိုင်ရောက်အောင်၊ ဆိုင်း အနည်း

နည်းနှင့် ဝိုင်းပြီးကချအဆုံးတွင်၊ ဖြုန်းကနဲအပြီးသတ် ပတ်မကြီးတီးလိုက်ရာ၊ ရုတ်တရက်ထပြီး ဇဝေဇဝါနှင့်မို့၊ သေအချာပြန်ကြည့်တော့မှ၊ ပတ်မကြီးသံမဟုတ်၊ စာကျက်ချိန်ဖြုတ်သည့် ခေါင်းလောင်းလှုပ်သံဖြစ်နေသဖြင့် ဝံသာနုအိပ်မက်၏ ခင်းအသွားကို စဉ်းစားရင်း ပေါင်းမိတ်အများနှင့် ကျောင်းအိပ်ခန်းသို့ဝင်ရပါကြောင်း။

**မကြေးမှျင်**

# အောင်တော်မူ ကဗျာထူးများ

## တက္ကသိုလ်ဘောလုံးညွှန့်တေးထပ်

ဘောလုံးတွင်ယှဉ်မတုလာနဲ့။
ဘုရင်ဟု မှတ်ရန်။
မောင်ဝင်းက ဂိုးသွင်းသန်သည်။
လေယာဉ်ပျံ မောင်မောင်လေး။
သံမဏိခေါင်း မောင်ယုတ်ကွင်ကို။
အဟုတ်ပင် ကွင်းရှောင်ကြလေး။
"ဆီ – ဘာ – ရတ်ချ်" ဖွတ်အကြမ်းဝင်။
မလွတ်ဘမ်းအင် ကိုကိုလေး။
ဂိုးစောင့်တွင် "အိုပဂေးဟု"။
မြို့နီးဝေ ကြေငြာ။
"ကံညွှန့်" "စတီဘင်" ယူကာပြေးလျှင်ဖြင့်။
သူတကာ ငေးကြည့်ရပေတော့တာ။
အေးငွေက ဖွဲကောင်းစွာငယ်။
ပွဲပေါင်းမှာ တံခွန်ဆောက်ခဲ့ပေါ့။
"ဖွန်ဘောက်" နှင့် "မန်းရိုး" နှစ်လီ။
ရဲဝံ့ကြသည်။
"လက်စတြိန်း" ခြေတချီလျှင်။
မြေမဟီတုန်လှုပ်ပါရဲ့လေး။
"သိန်းအောင်" နှင့် "အပဟိန်" ရှိတယ်။
"ရယ်ဖရီ" မှုတ်လွှန်းလို့ထင့်လေး။

**တက္ကသိုလ် – မောင်သန့်စင်**

## တက္ကသိုလ်ကျောင်းတော်တွင် သုံးချိန်–သုံးနှစ်–အောင်ပွဲသဘင်ဆင်ယင်ကြောင်း ၈၀ ပေါ်တေးထပ်

ဖြစ်ခေါင်ဖြစ်အင် တသွင်လုစ်။ ယခင်တခေတ်ကြုံခဲ့ပြီ။ အယဉ် အသစ် စုံဖွဲ့စီသည်။ လုံ့နွဲ့မဒီ ရှုလှဲ့အုံး။ ။ သုံးကြိမ်သုံးနှစ် အောင်ပွဲယင်သည်။ အောင်ပွဲသဘင် မြိမ့်မြိမ့်ညံ့လို့ခြုံး။ ပျော်ကြ ရွှင်ကြ သင်္ဂဟတထွေမှာ။ မင်္ဂလာ ကြက်သရေ တက်နေတနွန်း။ ယှဉ်စရာ့ ဘက်မကွေ ကနက်မြေ ဆုံးတော့။ ဘဝင်မြေအလုံး သိမ့်သိမ့်တုန်။ ။ သုံးထောင်သချာ ပေါမဝါစီး။ တေဇာ တန်ခိုးမန်သွင်းသည်သို့ပုံ။ ။ တက္ကသိုလ်တိုက် စံရာဘုံမှာ။ ထံတျာစုံ တေး ကဗျာနွဲ့နှင့် ရေးကာတလှဲ့ ဆိုကြ သီကြပြန်။ ဖို မ ကြည်မြဟန်။ ။ ရာဇဝင် မှတ်တမ်း ဇာတ်လမ်းမှန်ကို။ ထပ်ခန်း တဖန်တွေးဦးမည်ပလေး။ ။ ကပ္ပဌီ တိ ဉဒါန်းတွင်သည်။ ဇမ္ဗူနန်းခွင်ရိုက်ဟီးကြော်လို့လေး။ ။

**ရွှေအင်းယူ**

## 'ဘာစီတီ အောင်ညွန့်ခူး'ဘွဲ့ လေးချိုးကြီး

မနိပ်မလျှော်တာ လော်မာတဲ့အခင်းတွေကြောင့်။ "ပုလိပ်"နှင့် "ဂေါ်ရာ" တော်ရကကွင်းကြပေတော့။ ဘော်သဟာခပင်းတွေရဲ့ရှုစမ်းပါ။ ။ ဇမ္ဗူမဟီ ဝယ် ပြုံးရွှိရွှိနဲ့ မောက်နေကြ။ "မြူနီစီပါယ်"ရုံးဆိုတဲ့ အကောက်ရယ်က။ ထက်အောက်နယ် ဘုရင်မှူးပါတဲ့။ "ဘာစီတီ အောင်ညွန့်" ခူးကိုကွယ်။ ဦးချ ပန်ထွာ။ ။ မတူ မညီ မတန် ခလေးပမာ အလားသာပ။ "ယူနီယန်" ဝေးရာက ရှားပေတော့။ တေးဝစနာစကားရယ်နဲ့ ကြားလိုက်ပါ။ အမှားစရိုက်ဟာတွေ ဖြင့် မြူမသုံး။ (ကွယ်တို့ရယ်) ဘုရားမကြိုက်တာကိုတော့ တလူမှန်း။ တုနိုင်း ငယ်လွန် လူ့တိုင်းတွင် အမွန်အချွန်ပ။ ရွှေတံခွန် အောင်လံလွှားပါလို့။ ဓေယာ

မွန် အရောင်အလျှံကြွားလိုက်တာက။ တဘောင်သံ စကားအလာ အသာတကြည် အများသူတို့ပြောရှာကြ။ အခေါင်စံထားစရာ "ဘာစီတီ ဖလားယူမည်လို့" နောရယ်လို့။ တလောကာ ဩဘာညွှန့်လောက်ပေရဲ့။ ကျိုင်း ကားတဖုံ။ ဒဂုံကွန်းမှာလ။ "ဒိုင်း" "ဖလား" အကုန်အစုံ ယွန်းချေပေ့ါ။ (အမယ်မင်း) လွမ်းရစ်ကြရောရယ်လို့ "ဘာစီတီ"က ပြုံးပြန်တော့။ (ကွယ်တို့ရယ်) ကျွမ်းချစ်စရာ "ပဋ္ဌမအာဇာနီ" တဘုန်း။

**ခင်ဘုတ်ဆုံ**

## တက္ကသိုလ်ဘောအသင်းကြီးတွင်

### ဝင်ရောက်ကစားသူတို့၏အမည်ကို အလွယ်တကူ မှတ်သားစေရန် တေးထပ်

ကက်ပတိန်မောင်ဝင်းနှင့်။ ကိုရုတ်ကွင်းခများ။ ဗိုလ်လုပ်ဘို့ဆင်းလာပြီ။ ခင်းသပဟာဆွေတို့။ ။ ညက်ကွန့်တဲ့ ကံညွှန့်ပါသည်။ ခံဝံ့စရာ ဝေးကခွာဖို့။ ။ မောင်မောင်လေး စတီဘင်။ ဇမ္ဗူခွင်ကြော်လို့။ တဆု ဘုရင်ခေါ်စို့ရဲ့ပျော်သမို့ပြမ်းဆင်။ ။ မဒီခင် အပျိုငေးလောက်ပေ့။ ကိုကို လေးထူးတဲ့ ရုပ်သွင်။ ။ လက်စတြိန်းမန်းရိုးယုဉ်တယ်။ ဖငွေပင် အဟိန်ညှပ်ပါလို့။ ထိန်တလျှပ်လျှပ် ရပ်ချိလှမော်။ ဝေးကရှောင်နော်။ ။ ဘွန်ဘောက်တဲ့ ရောက်သမျှဆော်မည်။ အသင်းမြတ်မပော် ဂုဏ်ထူးချီဘို့ လေး။

**အင်းဝ-မောင်ပိန်**

# ကောလိပ် ဘော်လုံးအောင်ပွဲ
# မင်္ဂလာသြဘာသီချင်း

မှတ်စရာတခါအပြီး ထွင်ခါပြခဲ့မည်ပ။ မြန်မာပြည်၏ရာဇဝင်မှာ။ ကဗျည်းတင်ခါ။ သလောက်ပါရဲ့။ အသင်းဗာစီတီ သုံးနှစ်တိုင်နိုင်ခဲ့ပြီ။ ဒိုင်းဆုကို ပိုင်ခဲ့သည်။

(တက္ကသိုလ် ကြက်သရေရှိအောင်) ၂။ အသင်းများထိပ်ခေါင်။ မယှဉ်းသပ။ အတိတ်တပေါင်။ (မြို့ကြီး။ ပြည်ကြီး။ နယ်ကြီးကြက်သရေ) ၂။ ရွှေဒိုင်း။ ဂုဏ်ထူးဆောင်ပါသည်။ အဲတာကြောင့်အတည် မြန်မာပြည်ရာဇဝင်။ ဥဒါန်းတည်။

(တက္ကသိုလ်။ ကြက်သရေ။ မင်္ဂလာ။ ထက်နေသွင်ပမာ။ တောက်ထွန်း လာခဲ့တာ) ၂။ ၁၉၃၄ ခုမှာ။ မယှဉ်းသပ။ အသင်းတကာ။ နိုင်ခဲ့တာ ၁၂၉၅ ခုမှာ ဆက်လည်းနိုင်ခဲ့ပေတာ) ၂။ (၉၆ ခုမှာ) ၂။ (ဆက်လည်းနိုင်ခဲ့ပေတာ ၂။ (၉၆ ခုနှစ်မှာ) ၂။ အတည်ဖော်တကာ့ပေါ်တွင်။ ကျော်တဲ့ဘာစီတီ။

သံပြိုင် (အာဇာနည်။ ဘာစီတီ။ တသင်းလုံးညီညွတ်သည်။ အကုံလုံး ညီညွတ်သည်။ မြို့သူအပေါင်း။ မြို့သားအပေါင်း။ မြန်မာပြည်အပေါင်းက သောင်းသောင်းညီ) ၂။ ဩော် ... ထောပနာပြုကသည် ထူးသည် ... လူ့ပြည်။

ချူးဆရာ။ ပေဒင်ကိမ်းနှင့်အညီ။ ဘာစီတီအောင်ပန်းဆွတ်ခဲ့ပြီ။ ဦးဘသန်း နည်းပေးလမ်းပြအညီ။ အသင်းတကာ အားလုံးနိုင်ခဲ့ပြီ။ ထူးသည်။ ဆန်းသည်။ လူကြီးကိုဝင်းခေါ် မြန်မာပြည်ပေါ်တွင်။ ဖော်ဝပ်ဖော်။ Corner Kick ။ မြန်ပြည်ပေါ်။ မောင်မောင်ကလေးနာမည်ကျော်။ ရုတ်ကွင်းဆိုတာ။ သံမဏိခေါင်းဖော်။ အပဟုတ်ပ။ အလိမ်အကောက်မှာတော့ နာမည်ကျော်။ စတီဘင် ကံညွန့်နော်။ Munro ။ ဘွန်ဘောက်။ ဖငွေ ရှာမှရှားသနော်။ ကိုကိုလေး။ L'Estrange, Raj က။ နံရံအညီ။ အတည်ဖော်တကာ ပေါ်တွင်။ ကျော်တဲ့ ဘာစီတီ။

(သံပြိုင်။ အာဇာနီ... လူ့ပြည်။)

ယူနီဘာစီတီ။ မြန်မာပြည်တွင်။ နာမည်ဆန်း။ ဇာနီဝမ်းမို့။ တော်ပေသည်။ ကျော်ပေသည်။ မျိုးမြန်မာ့ကြက်သရေ။ အမျိုးမျိုးဆောင်ရွက်သည်။ မယွင်းစာနှင့်အညီ။ လာပြီ။ အသင်းဘာစီတီ။ တာရှည်မယွင်းစာနှင့်အညီ။ တမိုယ်းအောက်တွင် တယောက်ရှိခဲ့သည်။ ကမ္ဘာအရှည် (ကျော်ကြားပေမည်) ၂။ မြန်မာပြည်(ဘာစီတီ) ၃။ ဥဒါန်းတည်။

(သံပြိုင်။ အာဇာနီ... လူ့ပြည်။)

အချ။ ဩဘာအောင်သံ။ ကျူးပါလို့။ ရွှင်မြူးပျော်စေရာ။ ကြွလာသူမိတ်သဟာတွေမှာ။ ရကြပါစေ။ စိတ်၏လိုရာ။ တင်ဆရာကပို့သည့်မေတ္တာ။ ဘာစီတီအပေါင်းက။ ဆုမွန်တောင်းရတာ။ ရေးစီး။ တေးဂီ။ သီချင်းအရ။ မယွင်းသပ။ သတင်းကကျော်မည်။ ကမ္ဘာတွေကြေဂုသော်လည်း။ ဘာစီတီ။ ဥဒါန်းမကြေ။

**စာစီသူ။ ဘာစီတီ ဆရာတင်**

## ဘော့လုံးနိုင်ရကန်

ငါးဝအယုတ်။ မာရ်အနပ်ကို။ လှန်ထုတ်ကာဆီး။ ။ စောထီးမြတ်စွာ။ အောင်တကာတွင်။ အောင်ရာထူးကဲ။ အောင်သည့်ပွဲမျှ။ တကတဲမကျသော်လည်း။ တုလို့ရတုလိုက်ချင်။ ။ ဇေယမင်္ဂလာ။ အောင်ချိန်ခါတွင်။ အောင်ရာမှန်လျှ။ အောင်နေကျမို့။ တတိယအကြိမ်။

# ကက်သလိန် ဂွက်ထော်

အဖေလည်း ဗမာစစ်သည်မှာ မှန်ပါ၏။ အမေဘက်ကလည်း ရေမရော ချေ။ သို့သော်လည်း သူ၏မိခင် နွေလည်နွေခင်း အိပ်ပျော်နေစဉ် သိုးဆောင်း အင်္ဂလိပ်တဦး အပေါ်တည့်တည့်မှ လေယာဉ်ပျံနှင့် ဖြတ်သန်းသွားမိသော အကြောင်းကြောင့်လားမသိ။ အမည်မှာ "ကက်သလိန် ဂွက်ထော်" ဖြစ်နေ၏။ အဝတ်အစားမှာလည်း မျောက်ဆန်နေတော့၏။ ဆံထုံးမှာ ဘီးဆံပတ်လည်း မဟုတ်။ လေယာဉ်ပျံဆံထုံးမှာလည်း ရိုး၍ နောက်စည်းထားခြင်းကိုလည်း ကြိုက်ဟန်မတူချေ။ အလေးမဆံထုံးဟူ၍၎င်း၊ ဇီးကွက်ဆံထုံးဟူ၍၎င်း နာမ ပညတ် သမုတ်ခေါ်အပ်သော လပြွတ္တာဆံထုံးကိုမှ လှသည်ဟုထင်၊ ယဉ်သည် ဟု မှတ်သဖြင့် ကတ်သီးကတ်သတ် အဆန်းထွင်၍ ထုံးထားပေ၏။ အင်္ကျီမှာ ပါးပေ့ဆိုသော အဝတ်ကို အတိုဆုံးနည်းအားဖြင့် ချုပ်ထား၏။ အတွင်းခံကား ဇာပတ်လည်တပ်ဆင်၍ စနေနစ်ခိုင် ထိုနေရာကလေးနားတွင်သည် လက် လေးသစ်ပမာနရှိ ပိတ်စကလေးဖြင့် ဖုံးထားသဖြင့် ကားကားစွင့်စွင့် မားမား

ကလေး မြင့်နေသော ထိုဟာကလေးများကလည်း မလုံ့တလုံ ပိတ်စကလေး များအတွင်းမှ ပြူးထွက်ကာ ကာလသားလူပျိုချောတို့ကို "ဒီမှာ လာပါ ကိုယ် ဟဝါရဲ့" ဟု မြူခေါ်နေဟန် ရှိ၏။ မြင်ရသော ဘိုးဘော၊ တွေ့ရသော လူပျိုချော တို့မှာ မျက်လုံးအရသာ အခံကြီးခံရာမှ သောင်းကြမ်းလာသော ထိုစိတ်၊ ယို ဖိတ်လာသော ထိုမာန်ကို အတော်တွန်းလှန် ဖြိုဖျက်ရမည်မှာ မလွဲ။ ထမီကို ကြည့်ပါဦး။ ပါးတကာ့ထိပ်တင် ပါးဘုရင်ဖြစ်သော ဂျာပန်ပိုးပုဝါကို လုံးကွင်း လုပ်ထား၏။ သို့သော်လည်း အတွင်းက ပိတ်ဖြူဆီးထားသဖြင့် တော်ပေသေး ၏။ ဘီနပ်မှာကား လေယာဉ်ပျံကို ရှိုးသည်ထင်၊ ပုံတော်ကိုလည်း ကြိုက်ဟန် မတူ၊ အနောက်နိုင်ငံသူတွေစီးသော ခုံမြင့်ရှူးဘီနပ်ကိုမှ ခြေတော်တင်ရာ၏။

ဤသည်ကား မြင်သမျှ ကက်သလိန်ဝွက်ထော်၏ မျောက်ဆန်ပုံ ဖြစ်၏။ အတွင်းစိတ်သဘောမှာကား "အဝတ်အစား အနေအထိုင်ကို ကြည့်၍ အတွင်းသဘောကို သိနိုင်သည်" ဆိုသဖြင့် စာတတ်သူတို့ ဉာဏ်မြင်သရွေ့ အကဲခတ်နိုင်လေပြီ။ မျောက်ဆန်သော အဝတ်အစား၊ နီမဆန်သော အပြု အမူကြောင့် တမျိုးဖြစ်နေသော်လည်း နဂိုရုပ်ရည်ကား ချောပုံလှပုံ ရှိ၏။ ယခုလည်းတဏှာစိတ်တဏှာမျက်လုံးနှင့်ကြည့်ကကြည့်ပျော်သောအဆင်း၊ ဆွဲငင်သည့်ရုပ်ကို ဆောင်လျက်ရှိပေ၏။ မိုးမလင်းမည့်အရပ်ကို ခေါ်သွားပြီး ဖြစ်၍ ညစ်၍ကောင်းမည့် ကိုယ်လုံးကိုယ်ပေါက်လည်း ရှိ၏။ တဏှာကြီးစိုး သော တဏှာလောကကြီးတွင် တဏှာစိတ်ကို ဆွပေးနိုင်သော အရည်အချင်း သည် သူ့၌ပြည့်နေ၏။

"ကက်သလိန် ဝွက်ထော်" သည် အဌာရသသတဆဲ့ရှစ်ရပ်ကို တဘက် ကမ်းခတ်အောင် မသင်ပေးနိုင်သော်လည်း ကြွားစိတ် ဝါစိတ် မာနစိတ်နှင့် ကျွန်စိတ် ကျွန်သွေးကိုကား လိုလေသေးမရှိ ရအောင် သွတ်သွင်းပေးနိုင် သော ကျွန်လုပ်စက်ရုံ တက္ကသိုလ်ကျောင်းကြီးသို့ ရောက်ခဲ့သည်မှာ နှစ်နှစ် ခန့် ရှိလေပြီ။ ဝွက်ထော်ကား ပဌမနှစ်တွင် ယခုလောက်မကဲဘဲ ရိုးရိုးနှင့် ယဉ်ခဲ့ သော်လည်း ယခုအခါ တက္ကသိုလ်အဆီရစ်ကာ တက္ကသိုလ်ပါး ဝလာပြီဖြစ်၍ ဆန်းဆန်းနှင့် ချဉ်စရာဖြစ်လာလေပြီ။ ဗမာ့ယဉ်ကျေးခြင်းကို အပြစ်လုပ် ဗမာ့

အပြုအမူကို အကောင်းမထင်၊ တက္ကသိုလ်ပညာ၏ သွန်သင်ချက်အရ စုတ်ပဲ့သော တိုင်းခြားအပြုအမူကို အတုယူကာ နီမဟာန်နှင့် ဖျောက်ဆန်ခဲ့တော့သည်။ သူ၏နောက်လိုက်မှာလည်း နည်းသည် မဟုတ်ချေ။ မက်ကရက်ဘုတ်ဆုံ၊ လူစီပက်ကီ၊ ချလောက်ပူစီ၊ အလစ်ပါပီ စသည်ဖြင့် အတော်ပင်များလေသည်။

ကျောင်းတက်လျှင်လည်း အတော်ကြည့်ကောင်းသေးသည်။ ကျောင်းမတက်မီကပင် ကက်သလိန်ဝွက်ထော်၏ မပေါ့တပေါ် စနေနစ်ဖြာကို မမိုတ်သောမျက်လုံးဖြင့် စားပွဲထိုင်လိုသော တက္ကသိုလ်ဘိုးဝတ်တစုမှာ ကက်သလိန်ဝွက်ထော်တို့ လာမည့်လမ်းက မြှော်မှန်း၍ စောင့်နေကြသည်မှာ ဝံသာနခေတ်ထစဉ် သမတကြီးဦးချစ်လှိုင်အလာကို စောင့်နေကြသော ပရိသတ်ကဲ့သို့ ကော်ရစ်ဒါတခုလုံးတွင် တင်းကြမ်းပြည့် ရှိတော့၏။ ထိုအခြင်းအရာကို မြင်ရလေ ကက်သလိန်ဝွက်ထော်မှာ မိမိ၏ ပျံလွှားမလုပ်ငန်း၌ ကြေနပ်လေဖြစ်ကာ တနေ့ထက်တနေ့ ကဲလျက်ရှိလေတော့သည်။ ကျောင်းတက်၍ ကက်သလိန်ဝွက်ထော်တို့လူအုပ် အတန်းထဲဝင်သောအခါလည်း "ဟီးရား ဟီးရား" ဟူသောအသံတပြုံးပြုံးနှင့်ခုံရိုက်ကြမ်းဆောင့်သောအသံများမှာ "အူရှီးတန်း" ဟု ခေါ်အပ်သော ကျောင်းသူတို့ ခုံနောက်နားတွင် ကပ်နေသော တက္ကသိုလ်ကိုနီးပေါက်တို့၏ ခုံတန်းမှအစပြု၍ တတန်းလုံး ကူးစက်သွားသည်မှာ ကုလားတိုက် ဝက်ဝင်သကဲ့သို့ ရှိတော့၏။ ထိုအသံများအရပ်တွင် "ရှက်ဘွယ် ရှက်ဘွယ်" ဟု ဒေါင့်တဒေါင့်မှ ထ၍ ပွက်လိုက်သော သခင်မျိုးညွန့်၏ အသံကိုလည်း အမြဲလိုလို ကြားလိုက်ရ၏။ ထိုအသံကို ကြားတိုင်း ကက်သလိန်ဝွက်ထော်သည် အမဲရိုးလာလုသော ဂုတ်ကျားကြီးကို ရန်လိုမုန်းထားစွာ ပြန်၍ကြည့်တတ်သော "ဝမ်းဖြူမ" ကလေး၏ မျက်နှာထားမျိုးဖြင့် အသံရှင်ဘက်သို့ ဆတ်ကနဲ လှည့်ကြည့်တတ်၏။ သို့သော်လည်း တန်ခိုးထက်သန်လှသော မောင်မျိုးညွန့်၏ မျက်လုံးဓာတ်ကို မခံနိုင်သဖြင့် ငုံ့၍သာသွားတတ်သည်ကို သတိထားမိသူတိုင်း ဂရုပြုမိပေလိမ့်မည်။ ထိုအခြင်းအရာကို မြင်ရသော အဲဖရက်ကြန်စုံ၊ ချာလီအောင်နက်တို့မှာ ရင်အောင့်သွားပေမည်။ မောင်

မျိုးညွန့်အား ထ၍ သတ်ပစ်ချင်သောစိတ်များ ပေါ်ကောင်းပေါ်ပေမည်။ အကြောင်းကား အဲဖရက်ကြန်စုံမှာ ကက်သလိန်ဂွက်ထော်နှင့် အဆက်ဖြစ်နေ၍ ချာလီအောင်နက်မှာ ရီးစားလိုလို ကြားရလေသည်။

ရီးစားက တသောင်းခြောက်ထောင် ချစ်သူက တကုဋေနစ်သန်းဆိုသော စကားသည် ကက်သလိန်ဂွက်ထော်အတွက် ရည်စူးထားဟန် ရှိလေသည်။ ဥပစာအောက်တန်းက လှကိုကို မောင်သန်းသန်းတို့သည် ကက်သလိန် ဂွက်ထော်၏ ချစ်သူများဖြစ်၍ ဥပစာအထက်တန်းမှ အဲဖရက်ကြန်စုံ - ချာလီအောင်နက် - မဟာမက်မူကာဂျီ ချစ်ကိုလှသန်းတို့နှင့်လည်း အဆက်ဖြစ်နေသည်ဟု ကြားရ၏။ ဝိဇ္ဇာတန်းမှ စောဖေသား - စောခွန်ကြည် - ရော်ဘာစင် - ချစ်မောင်မောင်တို့လည်း ကက်သလိန်ဂွက်ထော်၏ ရီးစားများဟု ပြောကြသည်။ နည်းပြဆရာ ကိုခန်းတ - လက်ချာရာကိုကြူဖေတို့နှင့်လည်း မရိုးကြဟု သိရသည်။

ထိုအဖြစ်အပျက်များကို ကြားလည်းကြား မြင်လည်းမြင်နေရသော မောင်မျိုးညွန့်အတွက်မှာ အောင့်သက်သက်ရှိလှ၏။ မျိုးညွန့်မှာ ပုထုဇဉ်ဖြစ်၏။ ပုထုဇဉ်သားဖြစ်သည့်အတိုင်းလည်း မပေါ့တပေါ်နှင့် ရိုးတိုးရွတ ဖြစ်အောင် ဆွပေးနေသော ထိုအရာ ဤအရာကို ကြည့်ချင်၏။ မြင်ချင်၏။ အမှန်ဆိုလျှင် ထိုအပြုအမူကို ကြိုက်၏။ ကြိုက်လွန်းသဖြင့်လည်း လောကကြီး ခက်ကုန်မည်ကို တွေးမိ၍ မျိုးညွန့် မနစ်သက်နိုင်ချေ။ ကမ္ဘာပေါ်တွင် ယခုအခါ တနေ့တခြား မုဒိမ်းမှု၊ အဓမ္မမှုများ ပေါများနေရသည်မှာလည်း ကက်သလိန်ဂွက်ထော်ကဲ့သို့သော မျောက်ဆန်သူတို့၏ ပယောဂဟု မျိုးညွန့် စွပ်စွဲလို၏။ ကက်သလိန်ဂွက်ထော်တို့ တန်ခိုးကြီးသောနှစ်တွင် တက္ကသိုလ်ကျောင်းသားများ အတော်ပျက်စီးကြသည်ကိုလည်း သတိထားမိ၏။ ထိုနှစ်တွင် မကောင်းသော ကာလသားရောဂါဖြစ်ကြသော ကျောင်းသားဦးရေ နှစ်တိုင်းထက် ငါးဆခန့် ပိုလာသည်ဟုလည်း ကျောင်းဆရာဝန်ဆီမှတဆင့် သိလိုက်၏။ ဤအတိုင်း လွှတ်ထားလျှင် လောကကြီး ပျက်စီးတော့မည်ကို တွေးမိ၍ မျိုးညွန့် မခံမရပ်နိုင်ချေ။ ကက်သလိန်ဂွက်ထော်၏ အပြုအမူသည် သူတယောက်နှင့်

ပြီးလျှင် မထောင်းတာ။ ယခုကား နောက်လိုက်တော်မများ၊ တနေ့တခြား တိုးပွားလာ၏။ သို့သော်လည်း ဆရာမကို နိမ်လိုက်က နောက်လိုက်များ အလို လို ဝပ်သွားမည်ကို မျိုးညွန့် နားလည်၏။ ဆရာမကို မည်ကဲ့သို့ နိမ်ရမည်ကို သာ အစဉ်တွေးလျက်ရှိတော့သည်။ ထိုနောက် များမကြာမီ မောင်မျိုးညွန့် သည် လူသွားလူလာပြတ်သော တိရိစ္ဆာနဗေဒ ကျောင်းဆောင်ဘက်တွင် "ကက်သလိန်ဂွက်ထော်ကို အတင်းဆွဲ၍ ဖက်နမ်းသည်" ဟူသော သတင်းကို ကြားလိုက်ရ၏။ ထိုသတင်းကို ကြားလိုက်ရသော မိတ်ဆွေတို့လည်း မျိုးညွန့် ဆီလာ၍ "ဟာ ဒီကောင်မဟာ ဘယ်နေ့က" ကျောင်းသူတွေကို တူမတူမနဲ့ ချော့ပေါင်းပီး လိပ်လို ရင်အောက်ယက်တတ်တဲ့ ဆရာကြူဖေနဲ့ နစ်ယောက် ထည်း ရှစ်မိုင်ဘက်ကားနဲ့ ဆက်သွားတာ တွေ့ရတယ်။ ဘယ်နေ့ကလဲ ဘယ်ရုံမှာ အဲဇရက်ကြန်စုံနဲ့တွဲပီး ဘောက်(စ်)ဆီက ကြည့်နေတာ မြင်ခဲ့ တယ်။ ဘယ်တုံးက အခန်းနံပါတ် ... မှာ ချစ်ကိုလှသန်းနဲ့ ဘယ်လိုလုပ်နေကြ တာပါဘဲ" စသဖြင့် မျိုးညွန့်အား ချစ်ခင်ကြသည့်အတိုင်း အပေါက်ဆိုး တိုးမိ မည်ကို စိုးရိမ်သဖြင့် သတိပေးကြ၏။ သို့သော်လည်း မျိုးညွန့်က ဘာမှပြန် မပြော ပြုံး၍နားထောင်နေတတ်သည်ကိုသာ တွေ့ရ၏။

ထိုနေ့မှစ၍ မျိုးညွန့်အား မျက်နှာငယ်ကလေးနှင့် ကက်သလိန်ဂွက် ထော်တို့၏ ခံနောက်တွင် ထိုင်နေသည်ကို လည်းကောင်း သနားခံမျက်နှာနှင့် ကက်သလိန်ဂွက်ထော်တို့လာမည့်လမ်းက စောင့်မြှော်နေသည့်ကိုလည်း ကောင်း မကြာခဏ တွေ့မြင်ရတော့၏။ တခါတခါလည်း တယောက်ထည်း သွားနေသော ကက်သလိန်ဂွက်ထော်နောက်သို့ လိုက်ကာ ညှိုးငယ်သော မျက်နှာ အားမရှိသော အမူအရာ မချိလှသောအသံဖြင့် အသနားခံနေတတ် ၏။ ထိုအခြင်းအရာကို မြင်ရသောအခါ မျိုးညွန့်အား ချစ်ခင်ကြည်ညိုကြသော မိတ်ဆွေတို့မှာ မိမိတို့ ဘာမှမတတ်နိုင်တော့သဖြင့် "အော် အမိဗမာပြည်ကြီးရဲ့ သားကောင်းမျိုးချစ်ကလေးတယောက်တော့ ဆုံးရတော့မည်ပါကလား" ဟူ၍ သနားသော စေတသိက် နမြောသောစိတ်ဖြင့် စုတ်သတ်မိကြတော့၏။

နောက် ၁၀ ရက်၊ ၁၅ ရက်ခန့် ကြာသောအခါ မောင်မျိုးညွန့်နှင့် ကက်

သလိန်ဝွက်ထော်တို့ အဆက်ဖြစ်နေကြပြီဟု ကြားရ၏။ အားလပ်၍ လူပြတ်သော ထိုအခန်း၊ ဤအခန်းများတွင်လည်း သူတို့နှစ်ဦး ပျော်မြူးနေကြသည်ကိုလည်း မကြာခဏ တွေ့လိုက်ရ၏။ ထိုအဖြစ်ကို မြင်ရလေ လုပ်ဘော်လုပ်ဘက် ဆူဘော်ဆူဘက်များ ဖြစ်ကြသော ရဲဘက်တော်တို့မှာ စိတ်မကောင်း ပို၍ဖြစ်ရလေဖြစ်သဖြင့် "ဟေ့ မျိုးညွန့် မင်းရဲ့မွန်မြတ်တဲ့ဘဝကို ဘာမဟုတ်တဲ့ ပချုပ်သည်မလိုကောင်မအတွက် အဆုံးခံတော့မလားကွဲ၊ အညွှန့်တုံးခံတော့မလား" ဟု ဂရုဏာဒေါသောနှင့် ကြိမ်းမောင်းမိကြသော်လည်း မျိုးညွန့်မှာ "နောက်တော့ သိကြမပေါ့ကွာ" ဟု ပြောဆိုကာ ရယ်မောလျက်သာ နေတတ်သဖြင့် ရဲဘက်တော်တစုမှာ စိတ်ပျက်ကြတော့၏။

တရွေ့ရွေ့နှင့် နေ့ကုန်ခဲ့ရာ ယခုအခါ ကျောင်းကြီးလည်း ပိတ်လေပြီ။ ကျောင်းသူကျောင်းသားများလည်း မိဘတို့ရပ်ထံပြန်ကြကုန်လေပြီ။ ကျောင်းပိတ်ရက်အတွင်း ဘာမျှအကြောင်းမထူးသော်လည်း ကျောင်းကြီး ပြန်ဖွင့်သောအခါ မျိုးညွန့် မည်ကဲ့သို့ စီမံလိုက်သည်မသိ ကက်သလိန်ဝွက်ထော် မပေါ်လာတော့ချေ။ မျိုးညွန့်ကား ပြန်လာ၏။ ကျောင်းသူကျောင်းသားတို့ ကောင်းရာကောင်းကြောင်းကို ရဲဘက်တော်ကျောင်းသားတွေနှင့် တွဲဘက်၍ လုပ်မြဲလုပ်နေ၏။ ကက်သလိန်ဝွက်ထော်၏အကြောင်းကိုကား ဘာမျှပြောသံ မကြားရတော့ချေ။

အို ကက်သလိန်တည်းဟူသော ဝွက်တော် သင်ကား ထခဲ့ကြွခဲ့ပေသည် မှန်၏။ တက္ကသိုလ်၌ သင်ရှိစဉ်ကမူ သင်၏အပေါ်စား ဖြူပြာမှုရာတို့ကို ငါ ရှုမိ စက်ဆုပ်မိခဲ့၏။ သို့သော် သင်္ဂဟာပြဟ္မစိုရ်တည်းဟူသော ကျောင်းနေဘက်တို့၏ မေတ္တာတရားကို မလွန်ဆန်နိုင်သော ငါသည် သင်၏ မကောင်းသတင်းကို မကြားလိုပေ။ ထို့ကြောင့် ငါနှင့်တကွသော ကျောင်းတော်သူကျောင်းတော်သားတို့သည် သင့်အား သာလာယံဇရပ်တွင် ဘုံဝါဒကို အရမ်းကျင့်လျက် နတ်သွီးဆုပန်မနေစေရန် လေးနက်စွာ ဆုတောင်းမေတ္တာ ပို့သကြပါကုန်၏။ ဖွလွဲပါစေ ဖယ်ပါစေ နောင်တရပါစေ။ မင်္ဂလာ ရှိပါစေ။

**အဆွေ**




# ရန်ကုန်တက္ကသိုလ်ကိုအကြောင်းပြုတဲ့တက္ကသိုလ်ရိပ်သာလမ်း

ရန်ကုန်တက္ကသိုလ် အဆောက်အအုံတွေ ဆောက်လုပ်ရန်အတွက် ရွှေတိဂုံဘုရားလူကြီး ဦးဘကျော်ပိုင် (၄၃၆) ဧကကျယ်ဝန်းတဲ့ မရမ်းခြံကြီးကို ဝယ်ယူခဲ့ရတယ်။ သမိုင်းကြောင်းအရ အဲဒီမရမ်းခြံကြီးတည်ရာဟာ မြတ်ဘုရားရွှေတိဂုံကိုဝန်းရံနေတဲ့မြို့(၄)မြို့ထဲက "မရမ်းမြို့" တည်ရှိခဲ့ရာဖြစ်တယ်။ ကမာရွတ်ဆိုတာက (မွန်)ဘာသာ ကမာရတ်-ကမာ=ရေကန်+ရတ်-ရတနာ= ရတနာကန်ကြီးဖြစ်တဲ့ အင်းလျားကန်ကြီးကို အကြောင်းပြု မှည့်ခေါ်ထားတာ ဖြစ်တယ်။ နယ်ချဲ့စိုးမိုးစဉ်က "ဝိတိုရိယရေကန်" (Victoria Lake) လို့ အမည်ပြောင်းခဲ့သေးပေမဲ့ ဒေသခံတွေက "အင်းလျား" လို့ပဲ ခေါ်ဝေါ်ခဲ့ကြတယ်။ မျက်မှောက်ကာလကျတော့မှသာ Inya လို့ အင်္ဂလိပ်လို ရေးထားတာကို "အင်းယား" လို့ တိုက်ရိုက်ဘာသာပြန်နေကြသလို Victoria ကိုလည်း "ဗွိတိုးရီးယား" လို့ အရမ်းဘာသာပြန်နေကြတယ်။ မြန်မာနဲ့ အင်္ဂလိပ်မှာ ဝေါဟာရ(အချို့)ကို ဘယ်လိုအသံဖလှယ်ရတယ်ဆိုတာ မသိကြတော့ဘူး။

ဥပမာ "ဇာတ်တော်" ဆိုတဲ့မြန်မာဝေါဟာရကိုအင်္ဂလိပ်လိုကျတော့ Jataka လို့ ရေးရတယ်။] ကမာရွတ်ရွာ၊ ကမာရွတ်ချောင်းဆိုတာ "ဒဂုံမြို့ငယ်" ကာလက ပင် ရှိခဲ့တယ်။ အင်းလျားရွာသစ် [ယခု-ကမာရွတ် အမှတ် (၂) ရပ်ကွက်] ဖြစ်ပေါ်လာရတာက ရန်ကုန်တက္ကသိုလ် တည်ဆောက်မယ့်နေရာမှာ တည်ရှိ နေတဲ့ "ရွာငယ်" ကို ပြောင်းရွှေ့အသစ်တည်ဆောက်ပေးခဲ့ရတာကြောင့်ပါ။

ရန်ကုန်တက္ကသိုလ်ကြီး ဆောက်လုပ်ထားတဲ့နေရာဟာ တောတောင် လျှိုမြောင် ထူထပ်တဲ့အရပ်ဖြစ်လို့ သစ်ကြီးဝါးကြီးတွေ ထူထပ်စွာ ပေါက် ရောက်ခဲ့တယ်။ ဒါကြောင့် ရန်ကုန်တက္ကသိုလ်ဖွင့်ခါစက တက်ရောက်ပညာ သင်ကြားခဲ့တဲ့ မောင်စိန်တင်(သိပ္ပံမောင်ဝ)က တက္ကသိုလ်အဆောင်တွေမှာ "ခြင်" တွေ မင်းမူခဲ့ပုံနဲ့ "ဟံသာဝတီ" ဘူတာကနေ တက္ကသိုလ်အထိ ခြေလျင် လျှောက်ခဲ့ရပုံတွေကို စာပန်းချီချယ်မှတ်တမ်းတင်ခဲ့ဖူးတယ်။ ရန်ကုန် တက္ကသိုလ်ရဲ့ ထင်ရှားတဲ့အမှတ် အသားတွေကတော့ မြကျွန်းညိုညို (အင်းလျားကန်)၊ ဂျပ်ဆင်(ယုဒသန်)ရယ်၊ ကံ့ကော်၊ စိန်ပန်း၊ ရေတမာတန်း၊ သစ်ဆိမ့်ပင်နဲ့ သစ်ပုတ်ပင်ကြီးတွေပဲ ဖြစ်ကြပါတယ်။ ဒါအပြင် ရန်ကုန် တက္ကသိုလ်ရဲ့ပညာသင်နှစ်ဟာ သစ်ပုတ်ပင်ကြီး ဖူးပွင့်ဝေစည်ချိန်နဲ့ တစ်ထပ် တည်း ကျရောက်ခဲ့ဖူးတယ်။ အဲဒီတုန်းက ရန်ကုန်တက္ကသိုလ်ရဲ့ပညာသင်နှစ် (အစ)ဟာ ဇွန်လ(မိုးဦးကျ)မှာ ဖြစ်ခဲ့တဲ့အတွက် မိုးနတ်မင်းရဲ့ ထောက်ကူမှု ကြောင့် အထင်ကရဖြစ်တဲ့ သစ်ပုတ်ပင်ကြီး ရွက်သစ်တွေ "ဝေ" နေချိန်မှာ အနာဂတ်ရဲ့ လူ့စွမ်းအားအရင်းအမြစ်တွေဖြစ်တဲ့ "မောင်မယ်သစ်လွင် (Fresher) လေးတွေဟာ မြင့်မားတဲ့ ရည်မှန်းချက်တွေ ရင်မှာပိုက်ပြီး ကြည်လင်လန်းဆန်းတဲ့ အပြုံးကိုယ်စီနဲ့ "အဓိပတိလမ်းမကြီး" ကနေ စတင် ဝင်ရောက်လာကြပြီ ဖြစ်တယ်။ ဒါကြောင့် အဆိုကျော် တွံတေးသိန်းတန်က "ကျောင်းဖွင့်ချိန်၊ စိန်ပန်းတွေလည်း မြေမှာကြဲပြန့်နေ၊ ကံ့ကော်ပန်းတွေနဲ့ အတူ သူနဲ့တွေ့ရာမြေ၊ တက္ကသိုလ် (သို့မဟုတ်) မြကျွန်းသာ အင်းလျားမြေမှာ လေ" လို့ "ချစ်ရက်ရှည်ရှည် အင်းလျားမြေ" သီချင်းနဲ့ ခံစားသီဆိုခဲ့တာပဲ ဖြစ်ပါ တယ်။

တက္ကသိုလ်ဖွင့်ပြီး (၈) နှစ်အကြာမှာတက္ကသိုလ်ရိပ်သာလမ်းဖြစ်တည်လာ - ၁၉၂၀ ပြည့်နှစ်မှာ ရန်ကုန်တက္ကသိုလ်ကို စတင်ဖွင့်လှစ်စက ကျောင်းသို့ ရောက်ရှိတဲ့လမ်းဟာ "ပြည်လမ်း"နဲ့ ဟံသာဝတီဘူတာက ရထားနဲ့လာရတဲ့လမ်းတွေသာ ဖြစ်ခဲ့တယ်။ အင်းလျားကန်အပါးက ကုက္ကိုင်း(မွန်)မရွေးပင်တောကြီး ဖုံးလွှမ်းနေတဲ့ အရှေ့ဘက်ခြမ်းကနေလာချင်ရင် တောလမ်းခရီးကနေ လာကြရတယ်။ အဲဒီကာလက ကုက္ကိုင်းမှာ ပထဦးဆုံးလာရောက်နေထိုင်သူက Alexander Watson ဆိုသူဖြစ်ကာ ဘန်ဂလိုပုံစံအိမ်ကလေး ဆောက်ပြီး ရက်သတ္တပတ် အားလပ်ရက် Week-end ကျမှသာလာရောက်အပန်းဖြေ နေထိုင်ခဲ့တယ်။

ခရစ် ၁၉၂၈ ခုနှစ်မှာ University Avenue Road ခေါ်တဲ့ တက္ကသိုလ်ရိပ်သာလမ်းကို ရန်ကုန်မြို့ကွက် မြောက်ဘက်သို့ တိုးချဲ့ရင်း စတင်ဖောက်လုပ်ခဲ့တာ ဖြစ်တယ်။ စတင်ဖောက်လုပ်စဉ်က လမ်းအကျယ် (၂၅) ပေမျှသာရှိခဲ့တယ်။ ရန်ကုန်တက္ကသိုလ်ကို အရှေ့ဘက်ခြမ်းကနေ အလွယ်တကူ ဝင်ရောက်နိုင်ဖို့ ဖောက်လုပ်တဲ့ လမ်းဖြစ်တာကြောင့် "တက္ကသိုလ်ရိပ်သာလမ်း" လို့ အမည်ပေးခဲ့တယ်။ အရှေ့ဘက်မှာ ကုက္ကိုင်းလမ်း (ယခု - ကမ္ဘာအေးဘုရားလမ်း)နဲ့ အနောက်ဘက်က ပထမဦးဆုံး အဝေးပြေးလမ်းမကြီးဖြစ်တဲ့ "ပြည်လမ်းမကြီး" [လှည်းတန်း အဝိုင်းကြီးအထိ]တို့ကို ဆက်သွယ်ဖောက်လုပ်ထားတယ်။ တက္ကသိုလ်ရိပ်သာ လမ်းဖောက်လုပ်ရန် အင်းလျားကန်အပါးက "ကျွန်းဆွယ်"တွေကို ဖြိုချ၊ မြေဖို့ပြီး ဖြတ်သန်းဖောက်လုပ်ခဲ့ရတဲ့အတွက် "အင်းလျားမြိုင်" ဝင်ဒါမီယာ...စတဲ့ အင်းလျားကန်ဘေးက ရပ်ကွက်တွေမှာ မျက်မှောက်ကာလအထိ ကျွန်းဆွယ်ရဲ့ အမှတ်အသားတွေဖြစ်ကြတဲ့ တောင်ကုန်း၊ ချိုင့်ဝှမ်း၊ လျှိုမြောင်၊ ချောက်ကမ်းပါးတွေလည်း ရှိနေကြပါသေးတယ်။ အလားတူ အဲဒီရပ်ကွက်တွေအတွင်းမှာ ဖောက်လုပ်ပေးထားတဲ့လမ်းတွေဟာလည်း "ကျွန်းဆွယ်"တွေနေရာမှာ ကွေ့ပတ်ဖောက်လုပ်ခဲ့ရတာတွေကြောင့် "ဝက်ပါ"လိုလမ်းတွေ ကွေ့ကောက်နေရတာ ဖြစ်ပါတယ်။ တက္ကသိုလ်ရိပ်သာလမ်း စတင်ဖောက်လုပ်ခဲ့စဉ်က ရန်ကုန်မြို့ရှိ မြေယာရှုခင်း

အလှ (Land Scaping) ကို ဆူးလေစေတီတော်အဝိုင်း (Round-about) အပါ အဝင် အဝိုင်းပေါင်း (၁၂) ခု [လှည်းတန်းအဝိုင်းအထိ] နဲ့ တန်ဆာဆင်ပေးထား တယ်။ ဒါကြောင့် (၂၅) ပေမျှသာကျယ်ဝန်းတဲ့တက္ကသိုလ်ရိပ်သာလမ်းဖောက် လုပ်တဲ့အခါမှာလည်း အဓိပတိလမ်းထိပ်၊ တက္ကသိုလ်ဥပစာအဝင်ဝ [တက္က သိုလ်ဆေးရုံ ရှေ့တည့်တည့်] မှာ တက္ကသိုလ်အဝိုင်းလေးကိုပါ ထည့်သွင်း တည်ဆောက်ပေးခဲ့တာ ဖြစ်တယ်။ ရန်ကုန်တက္ကသိုလ် အရန်တပ်ရင်းက တက္ကသိုလ်ကျောင်းသားတွေဖြစ်ကြတဲ့ "ကိုမွန်ထော်သက်ညွန့်နဲ့ ကိုမောင် မောင်မှင်" တို့ဟာ တပ်မတော်နဲ့ လက်တွဲပြီး ရှေ့တန်းစစ်မြေပြင်မှာ လွတ်လပ် ရေး အခွန့်ရှည် တည်တံ့ရေးအတွက် တိုက်ပွဲဝင်ရင်း စွန့်လွှတ်စွန့်စားကာ အသက်ပေးလှူခဲ့ကြတယ်။ အဲဒီနိုင်ငံသားကောင်း၊ ကျောင်းသားအာဇာနည် တွေကို ပါမောက္ခချုပ် ဒေါက်တာထင်အောင် ကြီးမှူးတဲ့ တက္ကသိုလ်ဆရာ၊ ဆရာမတွေနဲ့ ကျောင်းသား/သူတွေက "တက္ကသိုလ်အဝိုင်းလေး" မှာ "အနိုင်း မဲ့ ဂုဏ်ဒြပ်ကို အလေးအမြတ်ပြုပြီး ချီးကျူးဂုဏ်ပြုပွဲ ကျင်းပပေးခဲ့ဖူးတယ်။ (၁၉၅၃-၆၂) ရောက်တဲ့အခါ "အောင်ကျော်ရင်ပြင်" အမည်ပြောင်းကာ အမျိုးသားနေ့အထိမ်းအမှတ် အခမ်းအနားတွေအပြင် ကျောင်းသားပွဲတော် တွေကိုပါ ဆင်ယင်ကျင်းပခဲ့ကြတယ်။

၁၉၆၆ ခုနှစ်မှာ တက္ကသိုလ်ရိပ်သာလမ်းကို တိုးချဲ့ပြုပြင်ကာ ဘေး နှစ်ဖက်မှာ လူသွားစင်္ကြံပါ ခင်းလိုက်တဲ့အတွက် အဝိုင်းလေးအမည်ရ အောင် ကျော်ရင်ပြင်ဟာ လမ်းနယ်ထဲ ရောက်ရှိသွားရတယ်။ ၁၉၇၀ ပြည့်နှစ်ကျတော့ "ရန်ကုန် တက္ကသိုလ် ရွှေရတုအထိမ်းအမှတ်ပွဲကြီး" ကျင်းပရန်နှင့် လမ်းပန်း ဆက်သွယ်ရေးချောမွေ့စေဖို့ လမ်းအကျယ်အဝန်း (၄၅) ပေအထိ တိုးချဲ့ ဖောက်လုပ်ရင်း အင်းလျားလမ်းဆုံရပ်နဲ့ ပြည်လမ်း (လှည်းတန်းအဝိုင်း) ဘက် တို့မှာ ရွှေရတု အထိမ်းအမှတ်မုခ်ဦး တစ်ခုစီကို မြန်မာမှုအမွမ်းအပြောက် တွေနဲ့ တည်ဆောက်ပေးခဲ့တယ်။ ကမ္ဘာအေးဘုရားလမ်းရဲ့ အရှေ့ဘက်က "တက္ကသိုလ်ရိပ်သာလမ်းသစ်" ကတော့ တစ်ရံရောကာလက "အဇဝ်ခြံ" အမည်ရခဲ့တဲ့ "ကုလားသူဌေး" ပိုင် ခြံကျယ်ကြီးကို ဖြတ်သန်းပြီး စက်မှု (၁)

လမ်းဆုံအထိ တိုးချဲ့ဖောက်လုပ်ထားတဲ့ ပေ (၅၀) လမ်းလတ်ပဲ ဖြစ်တယ်။ ၂၀၀၄-၀၅ ခုနှစ်ကျမှသာ အသစ်ဖောက်လုပ်တဲ့ ကတ္တရာလမ်းမကြီးပါ။ ဟိုတုန်းကတော့ "ခြေလိမ်ရပ်ကွက်" ဖြစ်ခဲ့တဲ့ "အဇစ်ခြံ"သို့ ဝင်ထွက်ရာ မြေသားလမ်းကလေးသာ ဖြစ်ခဲ့ပါတယ်။

**တက္ကသိုလ်ရိပ်သာလမ်းက ရှေးဟောင်းလက်ရာ အဆောက်အအုံများ** -တက္ကသိုလ်ရိပ်သာလမ်းတည်ရာမှာ ကုက္ကိုင်း(မွန်) မရွေးပင်တောကြီး ဖုံးလွှမ်းနေတဲ့အတွက် ခရစ် ၁၈၇၄ ခုနှစ်အထိ လူနေအိမ်ခြေရယ်လို့ မရှိသေးပါဘူး။ ရန်ကုန်တက္ကသိုလ်ကြီးတည်ရာ မြေပထဗျာ (ထူးမြတ်တဲ့မြေ)ကတော့ မြတ်ဘုရား ရွှေတိဂုံကို ဝန်းရံခဲ့တဲ့ မြို့(၄) မြို့ထဲက "မရမ်းမြို့" ဖြစ်ခဲ့ဖူးတယ်။ အလားတူ ငါးမည်ရမြို့ ရန်ကုန်ရဲ့ ဥက္ကလာပက ကာလကပင် စတင်တည်ရှိခဲ့တဲ့ ကမာရတ် (မွန်) "ရတနာကန်ကြီး"(အင်းလျားကန်)ဟာလည်း ရှေးနှစ်ပေါင်းများစွာကတည်းက တည်ရှိနေခဲ့တာပါ။ ခရစ် ၁၉၂၀ ပြည့်နှစ်မှာ စတင်တည်ဆောက်ခဲ့တဲ့ ရန်ကုန်တက္ကသိုလ်ကြီးရဲ့ ပရိဝုဏ်အတွင်းက ရန်ကုန်မြို့တော် စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ ရှေးဟောင်းလက်ရာ အဆောက်အအုံများစာရင်းမှာ ပါဝင်နေတဲ့ အဆောက်အအုံတွေကတော့ ဘွဲ့နှင်းသဘင်ခန်းမ၊ ၁၉၂၂ ခုနှစ်၊ ဒီဇင်ဘာလ (၂) ရက်နဲ့ ၁၉၂၄ ခုနှစ်မှာ တစ်ပြိုင်တည်းတည်ဆောက်ခဲ့ကြတဲ့မြန်မာအစ တကောင်းကကိုအကြောင်းပြုခေါ်ဆိုခဲ့ကြတဲ့ တကောင်းဆောင်၊ ပြည်ကျောင်းဆောင် (ပထမဦးစွာ အင်ဂျင်နီယာကျောင်းသားများထား)၊ အင်းဝဆောင် နိုင်ငံခေါင်းဆောင်(လောင်း) အများစု နေထိုင်ခဲ့ဖူးတယ်ရယ်၊ ရန်ကုန်တက္ကသိုလ်စာကြည့်တိုက် (၁၉၂၇ ခုနှစ်တွင် အုတ်မြစ်စီ၊ ၁၉၃၁ ခုနှစ်တွင် ဆောက်လုပ်ပြီးစီး၊ ဒုတိယကမ္ဘာစစ်အတွင်း မီးလောင်ပျက်စီးခဲ့ရ) တို့အပြင် ဝိဇ္ဇာ (ဂျပ်ဆင်)ခန်းမကို ၁၉၂၈ ခုနှစ်၊ နိုဝင်ဘာလ (၃)ရက်နေ့တွင် စတင်အုတ်မြစ်စီခဲ့တယ်။ ၁၉၂၈ ခုနှစ်တွင် ဆောက်လုပ်ပြီးစီးခဲ့တဲ့ အဆောင်နဲ့ ခန်းမတွေကတော့ စစ်ကိုင်းဆောင် [ဒုတိယကမ္ဘာစစ်အတွင်းက အပျက်အစီး များခဲ့တယ်] ပင်းယခေတ်ကို ရည်ညွှန်းတဲ့ ပင်းယဆောင်၊ မြန်မာ့သမိုင်းမှာ ထင်ရှားခဲ့တဲ့ ဥဿာပဲခူးကို ရည်

ညွှန်းတဲ့ ဆရာဇော်ဂျီ၊ ဗိုလ်ချုပ်အောင်ဆန်းနဲ့ တက္ကသိုလ်ထင်ကြီးတို့ နေခဲ့တဲ့ ပဲခူးဆောင်၊ သုဝဏ္ဏဘူမိ(သထုံ)ကို ရည်ညွှန်းတဲ့ မြကေတု၊ ကုသ၊ အေဝမ်း ဦးတင်မောင်တို့နေခဲ့တဲ့ သထုံဆောင်၊ ဂျပ်ဆင်ကောလိပ်ရဲ့ North Hall ဖြစ်ခဲ့ပြီး ကုန်းဘောင်ခေတ်ကို ရည်ညွှန်းတဲ့ ရွှေဘိုဆောင်၊ ဒဂုံဆောင် (မူလအမည် Willington Hall ဗိုလ်အောင်ကျော်နေထိုင်ခဲ့တယ်) တို့ ဖြစ်တယ်။ သီရိဆောင်ကိုတော့ ၁၉၂၈ ခုနှစ်၊ နိုဝင်ဘာလ (၃) ရက်မှာ အုတ်မြစ်စီပြီး Benton Hall လို့ ခေါ်ခဲ့ရာက ၁၉၄၈ - ၄၉ ကျမှ သီရိဆောင် ဖြစ်လာတယ်။ သိပ္ပံခန်းမ (ယူနီဗာစီတီကောလိပ်)ကို ၁၉၃၁ ခုနှစ်တွင် ဆောက်လုပ်ပြီး သစ်ပုတ်ပင်၊ သစ်တိုပင်ကြီးများ ရှိတယ်။ ဂျပ်ဆင် Church မျှော်စင်ကို ၁၉၃၁ ခုနှစ်တွင် အုတ်မြစ်စီတယ်။ လှေကားထစ် (၁၈၀) ရှိကာ ထိုစဉ်က အမြင့်ဆုံးမျှော်စင်ဖြစ်ခဲ့တယ်။ တက္ကသိုလ်မွေရုံကို ကောဇာ ၁၂၉၅/ ခရစ် ၁၉၃၃ မှာ အလယ်တောရဆရာတော်က အုတ်မြစ်စီပေးတော်မူခဲ့တယ်။ တက္ကသိုလ်များဆေးရုံဟာ စတင်ဆောက်လုပ်စဉ်က ခုတင် (၁၂) လုံးဆံ့မျှသာဖြစ်ပြီး ၁၉၆၄ တွင် ရန်ကုန်တက္ကသိုလ်ဆေးရုံမှ လက်ရှိအမည်သို့ ပြောင်းခဲ့တယ်။

သမိုင်းကောက်ကြောင်း များပြားလှတဲ့ တက္ကသိုလ်ရိပ်သာလမ်းမှာ သမိုင်းကြောင်းကို ဖော်ညွှန်းမယ့် အဆောက်အအုံပေါင်းများစွာ တည်ရှိနေဆဲ ဖြစ်ကြောင်း သမိုင်းမှတ်တမ်းတင်လိုက်ရပါတယ်။

၀



**Tagaung Hall**

## မြကျွန်းညီညို ရန်ကုန်တက္ကသိုလ်အဝန်းအဝိုင်း ပြည်လမ်းမကြီးဘေးက တကောင်းဆောင်

"မြန်မာအစ၊ တကောင်းက" ဆိုရိုးနဲ့အညီ "မျိုးသာကီ" မြန်မာတွေဟာ "အဘိရာဇာမင်း" လက်ထက်ကပင် "ကိုယ့်ထီးကိုယ်နန်း၊ ကိုယ့်ကြငှန်း"နဲ့ စံမြန်းခဲ့ကြတဲ့ "အချုပ်အခြာအာဏာ" ပိုင်ဆိုင်ပြီး လွတ်လပ်တဲ့လူမျိုးတွေ ဖြစ်ခဲ့ကြတယ်။ မြန်မာအစဖြစ်တဲ့ "တကောင်းမြို့ရိုး"ကို ယဉ်ကျေးမှုဝန်ကြီး ဌာနက "သုတေသနပြုကာ" တူးဖော်လေ့လာတဲ့အခါ မြင့်မားတဲ့ လူနေမှုစနစ် ပုံစံကို ရှာဖွေတွေ့ရှိခဲ့ရတယ်။

သမိုင်းဖြစ်စဉ်တွေအရ "ပစ္စုပ္ပန်"ဆိုတာ "အတိတ်"ရဲ့ ရလဒ်ဖြစ်ကာ အနာဂတ်ရဲ့ အခြေခံလည်းဖြစ်တယ်လေ။ အဲဒီအမြင်သဘောထားနဲ့ ခရစ် (၁၉၂၄)ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်ကြီးရဲ့ ပထမဦးဆုံးဆောက်လုပ်ခဲ့တဲ့ သစ်သားကျောင်းဆောင်ကြီးကလည်း မြန်မာဘုရင်တွေ လက်ထက်က

"တိုင်ပင်ပွဲ(မင်းတဲ)"ပုံစံနဲ့ဖြစ်တယ်။အဲဒီကျောင်းဆောင်ကြီးကိုဆောက်လုပ်ပြီးစီးတဲ့ အခါ မြန်မာ့သမိုင်းရဲ့ သမိုင်းတင်ခေတ်ဦးဖြစ်တဲ့ "တကောင်းခေတ်"ကို ဂုဏ်တင်ကာ "တကောင်းဆောင်"လို့ အမည်ပေးခဲ့တယ်။ တကောင်းဆောင်နဲ့အတူ ပထမအသုတ်တွင် တည်ဆောက်ခဲ့တဲ့ "ပြည်ကျောင်းဆောင်"ဟာ တကောင်းဆောင်နဲ့ တစ်ချိန်တည်းမှာပင် တည်ဆောက်ခဲ့တာဖြစ်တယ်။ ရန်ကုန်တက္ကသိုလ်တွင် တည်ဆောက်ခဲ့တဲ့ ကျောင်းဆောင်တွေကို "အမည်နာမပေးရန် စီစဉ်တဲ့အခါ" မြန်မာ့သမိုင်းတွင် အစဉ်လိုက်ပေါ်ပေါက်ခဲ့ကြတဲ့ "တကောင်း၊ ပြည်၊ ပုဂံ၊ အင်းဝ"....စတဲ့ မြန်မာတို့ဘုန်း၊ မိုးသို့ချွန်းခဲ့တဲ့ သမိုင်းဖြစ်စဉ်တွေကို "ဝံသာနု ရက္ခိတစိတ်ဓာတ်"နဲ့ ပြန်လည်အောက်မေ့တသ၊ ဂုဏ်ယူတတ်ကြစေရန် ရည်သန်ပြီး ခေါ်ဝေါ်သမုတ်ခဲ့တာပဲ ဖြစ်ပါပေတယ်။

## သိပ္ပံမောင်ဝ (မောင်လူအေး)တို့ နေထိုင်ပညာသင်ကြားခဲ့တဲ့ တကောင်းဆောင်

ဘွဲ့နှင်းသဘင်ကျင်းပရာ အဆောက်အအုံကြီးကား ခမ်းနားလှပေ၏။ တက္ကသိုလ်ကျောင်းသားများ စာသင်ကြားရာ အဆောင်ဆောင် အခန်းခန်းတို့ကား ဆန်းကြယ်လှပေသည်။ သထုံ၊ ပဲခူး၊ ပင်းယ၊ စစ်ကိုင်း၊ အင်းဝ အစရှိသော "အုတ်ကျောင်းဆောင်ကြီး"များကား ကြီးကျယ်လှပေ၏။ ဆရာဖြစ်သင် ကောလိပ်ကျောင်းကြီးကား မြက်ခင်း၊ ပန်းခင်းများနှင့် သာယာလှပေ၏။ အင်းလျားကျောင်းဆောင်ကား တစ်နိုင်ငံလုံး ကျော်ကြားလှပေ၏။ သို့သော် မည်သို့ပင် ခမ်းနားကြစေကာ မည်သို့ပင် ကြီးကျယ်ကြစေကာ မည်သို့ပင် သာယာဆန်းကြယ်ကြစေကာမူ "တကောင်းနှင့် ပြည်ကျောင်းဆောင်"များနှင့် နှိုင်းပါက "နောက်ပေါက်သော ရွှေကြာပင်များ"သာ ဖြစ်ကြလေသည်။ ဤကျောင်းဆောင် (၂) ဆောင်ကား "ရန်ကုန်တက္ကသိုလ်ရာဇဝင်တွင် စာတင်တော့မည်" - အမိတက္ကသိုလ်သည်တကောင်းနှင့်ပြည်ကျောင်းဆောင်တည်းဟူသောသားဦးအမြွှာကလေး(၂)ယောက်ကိုအရှုပ်(တရုတ်ဗိသုကာ)တည်းဟူသော ဆရာဝန်အကူအညီအားဖြင့် ခရစ် ၁၉၂၄ ခု၊ ဇွန်လအတွင်း မီးရှူး

သန့်စင် ဖွားမြင်လေသည်။ မွေးဖွားပြီးလျှင် ပြီးချင်းပင် တာဝန်ကို စတင် ထမ်းဆောင်ကြရရှာကုန်၏။ ဂုဏ်ထူးယူသူ ကျောင်းသားများတို့သည်လည်း ကောင်း၊ နာမည်ပျက်ကျောင်းသားတို့သည်လည်းကောင်း၊ ဖွန်လအလယ် လောက်တွင် "ပြည်နှင့် တကောင်းဆောင်များသို့ ရောက်လာကြကုန်၏။ တစ်ကျွန်း (နယ်ချဲ့ခေတ်က "ပို့ဘလဲယား အကျဉ်းထောင်"သို့ ပြစ်ဒဏ်နဲ့ ပို့တာခံရသူတွေကို "တစ်ကျွန်းပို့ဒဏ်လို့ သတ်မှတ်ခဲ့တယ်")သို့ ပို့ခြင်းခံနေ ကြရသော ကျောင်းသားတို့ပေတည်း။

ခရစ် ၁၉၂၅ ခုနှစ်တွင် တစ်ကျွန်းလို့ အမည်ပြောင်နဲ့ ခေါ်ဝေါ်ခဲ့တဲ့ "တကောင်း ကျောင်းဆောင်" အခန်းအမှတ် (၁၃၇) တွင် မောင်လူအေး (သိပ္ပံမောင်ဝ)အား နေရာချထားပေးခြင်း ခံခဲ့ရသည်။ အဲဒီအခန်းဟာ "ချောင် ကျတဲ့အခန်း"ဖြစ်လို့ "ခြင်"တွေ ပုန်းအောင်းကျက်စားရာ ဖြစ်ခဲ့တယ်။

ဒါကြောင့် သိပ္ပံမောင်ဝက သူနေထိုင်ခဲ့ရတဲ့ "တကောင်းကျောင်း ဆောင် ဝန်းကျင်"အား ခေတ်စမ်းစာပေ အရေးအသားနဲ့ စာပန်းချီခြယ်မှုန်းခဲ့ တာက ကျောင်းဆောင်များ ပတ်ဝန်းကျင်တွင် "သရက်၊ ပိန္နဲ၊ မရမ်း၊ ကနစိုးပင် တို့နှင့် အုပ်လျက်နေ၏။ ၎င်းသစ်ပင်များ ကွယ်နေသောကြောင့် ကျောင်း ဆောင် တစ်ဆောင်မှ တစ်ဆောင်သို့မမြင်ရချေ။ ထိုတောအုပ်ကြီးအတွင်း ဝယ် ကိန်းအောင်း စံပျော်နေကြသော "ခြင်"အပေါင်းတို့ကား တစ်ကျွန်းသို့ ရောက်လာကြကုန်သော ကျောင်းသားကြီး/ငယ်တို့ကို မြင်ရလျှင် နစ်ထောင်း အားရ ဝမ်းအမြောက်ကြီးမြောက်နေကြကုန်၏။ ထိုခြင်အပေါင်းတို့၏ဘေးရန် ကြောင့် "တစ်ကျွန်းခံ"နေကြရသော ကျောင်းသားတို့မှာ အတော်ပင် ဒုက္ခ ရောက်ကြရရှာလေသည်" ရယ်လို့ ရွှေရောင်လျှမ်းခဲ့တဲ့ ရန်ကုန်တက္ကသိုလ် ကြီးရဲ့ "ကနဦးနေ့ရက်များ"ရဲ့ အခက်အခဲနဲ့ တွေ့ကြုံခဲ့ကြတဲ့ ဒုက္ခအဖုံဖုံကို "တကောင်းပြည်"ဆောင်းပါးနဲ့ မှတ်တမ်းပြုထားပေးခဲ့ပါတယ်။

## တကောင်းကျောင်းဆောင်က ထူးချွန်ထင်ရှားကျောင်းသားများ

ယခုအခါ ရန်ကုန်မြို့တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ ရှေးဟောင်းလက်ရာ အဆောက်အအုံများ စာရင်းအမှတ်စဉ် (၁၄၁) မှာ

"တကောင်းဆောင်၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်"လို့ သတ်မှတ်ဖော်ပြထားတယ်။ တကောင်းကျောင်းဆောင်ကြီးဟာ ရန်ကုန်တက္ကသိုလ်ရဲ့ ပထမဦးဆုံး သစ်သားကျောင်းဆောင်ကြီးအဖြစ် ခရစ် ၁၉၂၄ ခုနှစ်ကပင် တည်ဆောက်ပြီးစီးကာ အသုံးပြုခဲ့တဲ့အတွက် မျက်မှောက်ပြုနေတဲ့ ၂၀၁၇ ပြည့်နှစ်တွင် သက်တမ်းအားဖြင့် (၉၃) နှစ်တိတိ ရှိနေပြီပေါ့။

သမိုင်းတန်ဖိုး ကြီးမားလှပြီး ယဉ်ကျေးမှုအမွေအနှစ် လက်ရာအဖြစ် ထိန်းသိမ်းထားအပ်တဲ့ မြန်မာ့သစ်ရတနာတွေနဲ့သာ ထူးခြားစွာဆောက်လုပ်ထားခဲ့တဲ့သစ်သားကျောင်းဆောင်ကြီးမှာသိပ္ပံမောင်ဝ(မောင်လူအေး/အိုင်စီအက်(စ်)ဦးစိန်တင်) အပါအဝင် မြန်မာ့နိုင်ငံရေးသမိုင်းနဲ့ မြန်မာစာပေနယ်တွင်ထူးချွန်ထင်ရှားခဲ့ကြသူတွေဟာအဆောင်နေကျောင်းသားတွေဖြစ်ခဲ့ကြတယ်။ ဒါပေမဲ့ "မြန်မာအစ၊တကောင်းက" ဂုဏ်ဟိတ်ကို အကြောင်းပြုကာ "တကောင်း ဆောင်" အမည်ပေးထားတဲ့ ကျောင်းဆောင်ကြီးမှာ ဦးစွာအဆောင်နေကျောင်းသားဖြစ်ခဲ့ကြသူတွေကတော့ ထူးချွန်ထင်ရှား ကျောင်းတော်သားများစာရင်းတွင် ပါဝင်ခဲ့ကြတဲ့ မြန်မာတိုင်းရင်းသား ကျောင်းသားတွေ မဟုတ်ပါဘူး။ ရန်ကုန်တက္ကသိုလ်ကြီး ဖွင့်စကာလက "အသက်မွေးဝမ်းကျောင်း" ပညာရပ်တွေကို မြန်မာတိုင်းရင်းသားတွေ တက်ရောက်သင်ကြားခွင့် မရခဲ့ကြပါဘူး။ ကျွန်ပညာရေးနဲ့ နယ်ချဲ့လက်အောက်ခံ ဝန်ထမ်းတွေ ဖြစ်လာစေဖို့ရာ "ဝိဇ္ဇာပညာရပ်"ကိုသာ ဦးစားပေး သင်ယူစေခဲ့တယ်။ သိပ္ပံပညာရပ်မှာ အကျုံးဝင်ခဲ့တဲ့ "ဆေးအတတ်ပညာ"နဲ့ "အင်ဂျင်နီယာ အတတ်ပညာ" တွေကို နယ်ချဲ့ရဲ့လက်ပါးစေဖြစ်ခဲ့ကြတဲ့ 'Anglo-In-dian'တွေကိုသာ ဦးစားပေး သင်ယူခွင့်ပြုခဲ့ပါတယ်။ ဒါကြောင့် "တကောင်းဆောင်"မှာ ဦးစွာကျောင်းဆောင်နေခွင့်ရခဲ့သူတွေဟာ ဆေးအတတ်ပညာနဲ့ အင်ဂျင်နီယာအတတ်ပညာကို သင်ယူခွင့်ရခဲ့ကြတဲ့ 'Anglo-Indian' တွေပဲ ဖြစ်ခဲ့ကြပါတယ်။

ဒါပေမဲ့ ခရစ် ၁၉၂၅-၂၆ တက္ကသိုလ်ပညာသင်နှစ်မှာ သိပ္ပံမောင်ဝ (မောင်လူအေး) အပါအဝင် မြန်မာတိုင်းရင်းသား ကျောင်းသားတွေဟာ

"တကောင်းဆောင်နေ ကျောင်းသားတွေ" ဖြစ်လာချိန်က စတင်ပြီး "မြန်မာအစ၊ တကောင်းက" ဆိုရိုးနဲ့အညီ မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းနဲ့ ခေတ်စမ်းစာပေ ထွန်းကားရေးအတွက် "ရှိန်းလက်ကြယ်"တွေ ဖြစ်ခဲ့ကြတဲ့ ထူးချွန်ထင်ရှားကျောင်းတော်သားတွေတကောင်းပြည်မှာပေါ်ထွန်းလာတော့ တယ်။ ကမ္ဘာ့ကုလသမဂ္ဂရဲ့အဖွဲ့အစည်းတစ်ခုဖြစ်တဲ့ 'E-Cafe' "အီးကဖေး" တွင် မြန်မာနိုင်ငံ ဂုဏ်ဆောင် တာဝန်ထမ်းဆောင်ခဲ့သူ ဦးညွန့်ဟာ (၁၉၂၅-၂၇)ခုနှစ် ရန်ကုန်တက္ကသိုလ်ပညာသင်နှစ်တွင် "တကောင်းကျောင်းဆောင်သား" ဖြစ်ခဲ့သူ ဖြစ်တယ်။ ဦးညွန့်ဟာ သူ တာဝန်ထမ်းဆောင်ခဲ့တဲ့ 'E-Cafe' နဲ့ ယှဉ်တွဲကာ သံတမန်လောကမှာ အီးကဖေးဦးညွန့်လို့ အမည်ထင်ရှားခဲ့ တယ်။ ၁၉၂၅-၂၆ ရန်ကုန်တက္ကသိုလ် ပညာသင်နှစ်မှာပဲ တကောင်းဆောင် ကျောင်းသားဖြစ်လာပြီး မြန်မာ့နိုင်ငံရေးသမိုင်းတွင် ထင်ရှားခဲ့သူကတော့ ပုဂံဦးဘဂျမ်း ဖြစ်ပါတယ်။ ဦးဘဂျမ်းဟာ နောင်အခါမှာ အိန္ဒိယပဋိညာဉ်ခံ 'India Civil Service...I.C.S' ဝန်ထမ်း ဖြစ်လာပေမဲ့ "ဝံသာနုရက္ခိတ စိတ်ဓာတ်"အရ "ကိုလိုနီခေတ်ရဲ့ အတွင်းသရုပ်"ကို ခေတ်စမ်းစာပေနဲ့ ဖော်ထုတ်ရေးသားခဲ့သူ "သိပ္ပံမောင်ဝ" (မောင်လူအေး)နဲ့ (၁၉၂၅-၂၆) ရန်ကုန် တက္ကသိုလ်ပညာသင်နှစ်မှာ "တကောင်းကျောင်းဆောင်"တွင်အတူနေပညာ သင်ဖက် ဖြစ်ခဲ့ကြတယ်။ ရန်ကုန်တက္ကသိုလ် ပညာသင်နှစ် (၁၉၂၅-၂၇)မှာ "ခေတ်စမ်းစာပေလောက"ကို တည်ထောင်သူတစ်ဦးဖြစ်ခဲ့တဲ့ "ဇော်ဂျီ" (ဦးသိန်းဟန်)ဟာ သိပ္ပံမောင်ဝတို့နဲ့အတူ "တကောင်း ကျောင်းဆောင်"သား ဖြစ်ခဲ့တယ်။ ဆရာဇော်ဂျီဟာ ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုတိုနဲ့ ပြဇာတ်စာပေ အရေးအသားမှာ ထူးချွန်ထင်ရှားသူဖြစ်တယ်။ "သင်သေသွားသော်" ကဗျာနဲ့ နောင်းခေတ်လူသားတွေကိုပညာပေးသွားတာက "သင်၏မျိုးသား၊ စာစကား လည်း၊ ကြီးပွားတက်မြင့်၊ ကျန်ကောင်းသင့်၏၊ သင်ဦးချ၍၊ အမှုဝေရော၊ စေတီသာနှင့်၊ သစ္စာအရောင်၊ ဉာဏ်တန်ဆောင်လည်း၊ ပြောင်လျက် ဝင်း လျက်၊ကျန်စေသတည်း"ရယ်လို့"အနောက်မျှော်တွေ"အတွက်မှတ်ဖွယ်မှတ် ရာ ထိုကဗျာပဲ ဖြစ်ပါပေတယ်။ ဒါ့အပြင် ဆရာဇော်ဂျီဟာ ရန်ကုန်တက္ကသိုလ်

ပိဋကတ်မှူးတာဝန်ထမ်းဆောင်ရင်းသမိုင်းမော်ကွန်းတွေရေရှည်တည်တံ့စွာ တည်ရှိကျန်ရစ်ရလေအောင် စွမ်းဆောင်ပေးခဲ့သူလည်း ဖြစ်တယ်။

ဒုတိယကမ္ဘာစစ်ပြီးစ (C.A.S.B) ကာလမှာ "တကောင်းကျောင်းဆောင်"နဲ့ "ပြည်ကျောင်းဆောင်"တွေကို ဗြိတိသျှနယ်ချဲ့တို့ရဲ့ မဟာမိတ်တပ်တွေက တပ်စခန်းပြုလုပ်ခဲ့ကြတယ်။ အဆောင်နေ ကျောင်းသားတွေအတွက် ယာယီအဆောင်ငယ် (၈) ဆောင်ကိုပြည်တွင်းထွက် ဆောက်လုပ်ရေးပစ္စည်းတွေဖြစ်တဲ့ "မျောတိုင်၊ ဓနိမိုး၊ ဝါးဇလီ"တွေနဲ့ တည်ဆောက်ပေးခဲ့ရဖူးပါတယ်။

တကောင်းကျောင်းဆောင်ကြီးကို ရန်ကုန်တက္ကသိုလ်ရဲ့ ပညာသင်နှစ် ဖြစ်တဲ့ (၁၉၂၄ - ၂၅)ကနေ (၁၉၆၂ - ၆၃) ပညာသင်နှစ်အထိ "အမျိုးသားကျောင်းဆောင်"အဖြစ်သာ အသုံးပြုခဲ့တယ်။ (၁၉၆၃ - ၆၄) မှစတင်ကာ စနစ်သစ် တက္ကသိုလ် ပညာသင်ကြားရေး "မူ"အရ "အမျိုးသမီးကျောင်းဆောင်" အဖြစ် ပြောင်းလဲအသုံးပြုခဲ့တာ ရန်ကုန်တက္ကသိုလ်ကြီးရဲ့ ရွှေရတုကာလ (၁၉၇၀) ပြည့်နှစ်တိုင်ဖြစ်ပါကြောင်း သမိုင်းမှတ်တမ်းပြုကာ တင်ပြလိုက်ရပါတယ်။

၀



**Pyi Hall**

## မြကျွန်းညိုညို ရန်ကုန်တက္ကသိုလ်အဝန်းအဝိုင်း ပြည်လမ်းမကြီးဘေးက ပြည်ကျောင်းဆောင်

"သမိုင်းဆိုတာ လူတွေကို ဉာဏ်အမြော်အမြင် ကြီးမားစေပြီး ချင့်ချိန်နှိုင်းဆတတ်တဲ့ အလေ့အကျင့်ကို ရစေတယ်" လို့ (Francis Bacon) က ဆိုတယ်။ မြန်မာ့သမိုင်းမှာလည်း "မြန်မာအစ တကောင်းက" လို့ ဆိုရိုးရှိတယ်။ တကောင်းခေတ်နောက်ပိုင်းမှာ သရေခေတ္တရာ(ပြည်)ဟာ "မြန်မာဟူသည် ပျူသား၊ ပျူမြေး" အဆိုအမိန့်ကြောင့် ထင်ရှားခဲ့တယ်။ ပုဂံရာဇဝင်ကြီး (ပေမူ) တစ်စောင်မှာ "သရေခေတ္တရာ ဟူသော "ပြည်"အရပ်၌ ကြွင်းသော မြန်မာဟူသော "ပျူ"တို့ကလို့လည်းကောင်း၊ မြန်မာဟူသည် ပျူသား၊ ပျူမြေးလို့လည်းကောင်း" သမိုင်းမှတ်တမ်းပြုကာ ရေးသားထားခဲ့တယ်။ အာရှတိုက်အလယ်ကနေ မြန်မာပြည်အတွင်းသို့ ခရီးလမ်းကြောင်းတစ်ကြောင်းတည်းနဲ့ ရှေးဦးစွာဝင်ရောက်လာကြတဲ့ "မြန်မာ" တွေဟာ သရေခေတ္တရာခေတ်ဦးပိုင်း"

မှာပင် သရေခေတ္တရာအရပ်တွင် "ပျူလည်းမြန်မာ၊မြန်မာလည်းပျူ" အနေဖြင့် ရောယှက်နေထိုင်ခဲ့ကြတာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံသို့ ရေလမ်းခရီးကနေ ဝင်ရောက်ကုန်သွယ်လာကြတဲ့ "တရုတ်" တို့ရဲ့မှတ်တမ်းအရ သူတို့ဝင်ရောက်လာကြတဲ့ လမ်းတွင် ပျူလူမျိုးတွေ စုစည်း နေထိုင်ရာအရပ်ကို "မောတီလ" လို့ ခေါ်ဝေါ်ခဲ့ကြတယ်။ ဒေသခံတွေက တရုတ်လို့ခေါ်တဲ့ "မောတီလ" ကို "မုတ္တမ" လို့ ရွတ်ဆိုခေါ်ဝေါ်ကြပြီး နယ်ချဲ့တို့က Martaban လို့ ရေးသားသုံးနှုန်းခါဝေါ်ခဲ့ကြတာ အခုအထိပါပဲ။

## "သရေခေတ္တရာနဲ့ ပြေ / ပြည်

"ပျူ" တို့ဌာနေအဖြစ် သတ်မှတ်ထားတဲ့ "သရေခေတ္တရာ" နဲ့ "ပြည်" ကို တွဲခေါ်နေကြပေမဲ့ သမိုင်းဇစ်မြစ်ကိုတော့ သိကြလို့မဟုတ်ပါဘူး။ ဒါကြောင့် "ပြည်ရာဇဝင်သမိုင်းချုပ်" ပါ အချက်အလက်တွေနဲ့ အဓိပ္ပာယ်ရင်းမြစ်ကို လက်ဆင့်ကမ်းတင်ပြရရင်တော့ "မဟာသက္ကရာဇ် (၁၁၅၃) တပေါင်းလဆန်း (၁)ရက်နေ့၊ ခရစ်တော်မပေါ်မီ (ဘီစီ - ၅၇၇)ခန့်မှာ "သီရိခေတ္တမင်းသား" ကို ပညာရှိတွေက "ဤအရပ်၌ မြို့တည်သည်ရှိသော် ကြည့်ရှုမဝသူများ၍ အခွန်ရှည်စွာတည်လတ္တံ့" ဆိုတဲ့မင်္ဂလာနိမိတ်နဲ့ "မြို့အင်္ဂါစုံလင်စွာဖြင့်တည်ဆောက်ပြီးတဲ့အခါ အသစ်တည်ဆောက်တဲ့ မြို့ဖြစ်တဲ့အတွက် "နဝဝါသီမြို့" လို့ ကင်ပွန်းတပ်ခေါ်ဝေါ်စေခဲ့တယ်။ နဝဝါသီမြို့သစ်တွင် နေထိုင်ကြတဲ့ တိုင်းသားပြည်သူတို့ဟာ အချင်းချင်း ရန်မဖြစ်ကြဘဲ ပြေပြစ်မှုရှိခြင်း၊ ထိုမြေပေါ်တွင် "ဂဠုန် နဲ့ နဂါး" တို့ပင် ရန်ပြေကြခြင်း စတဲ့နိမိတ်တွေကို အကြောင်းပြုကာ "နဝဝါသီတိုင်း၊ ရွှေပြေမြေလို့" လည်းကောင်း၊ "ရန်ပြေမြို့ (ပြေမြို့/ပြည်မြို့)" လို့လည်းကောင်း သမုတ်ခဲ့ခြင်းဖြစ်တယ်" လို့ မှတ်တမ်းပြုထားပါတယ်။

အဲဒီမြို့တည်နေရာမှာ နောင်နှစ်ပေါင်း (၁၃၄) နှစ်အကြာ သာသနာတော်နှစ် (၁၀၁) ခုနှစ်တွင် "မျက်စိသုံးခု၊ အတုမဲ့ခေါင်၊ ဒွတ္တပေါင်" (ဣသိနာဂရ)မြို့ကို တည်ထောင်တော်မူခဲ့လို့ "သရေခေတ္တရာ၊ ပြည်မြို့" လို့ ထင်ရှားလာခဲ့ကြခြင်းပါ။ သရေခေတ္တရာနဲ့ ခေတ်ပြိုင်ဖြစ်တဲ့ တရုတ်မှတ်တမ်းအရ

"သရေခေတ္တရာနိုင်ငံတော်ကြီး"ဟာ ကမ္ဘာသိထင်ရှားခဲ့တဲ့ "နိုင်ငံတကာရုပ်ပုံလွှာ" International Figure ပင်ဖြစ်ခဲ့ဖူးပါတယ်။ နိုင်ငံရဲ့အကျယ်အဝန်းကတော့ အရှေ့ဘက်တွင် ကမ္ဘောဒီးယားနိုင်ငံ၊ အနောက်ဘက်မှာ အိန္ဒိယပြည်အရှေ့ပိုင်း၊ တောင်ဘက်တွင် "ပင်လယ်"နဲ့ အရှေ့မြောက်ဘက်မှာ တရုတ်ပြည်ကြီးရဲ့ အစိတ်အပိုင်းဖြစ်ခဲ့တဲ့ နန်းစော၊ နန်းကျောက်နယ်စပ်အထိ နယ်နိမိတ်ကျယ်ဝန်းကာ လက်အောက်ခံ နိုင်ငံ (၁၈) နိုင်ငံနဲ့ "ခံမြို့" (ခံတပ်မြို့) (၉) မြို့အထိပင် ရှိခဲ့ပါတယ်လို့ မှတ်တမ်းပြုထားတယ်လေ။

## ရန်ကုန်–ပြည် လမ်းမကြီးဘေးက ပြည်ကျောင်းဆောင်

ကျက်သရေမင်္ဂလာနဲ့ ပြည့်စုံလှတဲ့ သရေခေတ္တရာ (ပြည်မြို့)ကိုဧရာဝတီမြစ်ကမ်းပါးဘေးမှာ မြစ်ကြောင်းအတိုင်း လှပစွာ ကွေ့ဝိုက်တည်ဆောက်ထားသလို ရန်ကုန်တက္ကသိုလ်ကြီးရဲ့ အခြံအရံဖြစ်တဲ့ ပြည်ကျောင်းဆောင်ကိုလည်း မြန်မာမှု၊ မြန်မာဟန်၊ မြန်မာ့သစ်ရတနာတွေနဲ့သာ ရန်ကုန် -ပြည် ကားလမ်းမကြီးဘေးက တောစိုးရုက္ခမှုပင်မြင့်၊ ပင်စောက်ကြီးတွေ ထူထပ်လှတဲ့ အေးချမ်းဆိတ်ငြိမ်လှတဲ့ဒေသမှာ တည်ဆောက်ပေးထားတာ ဖြစ်တယ်။ ဒါ့အပြင် "ဝေဇယန္တာရထားပျံ"လို့ တင်စားခဲ့တဲ့ မီးရထားစတင်ပြေးဆွဲနိုင်ဖို့ရာ ခရစ် (၁၈၇၇) ခုနှစ်တွင် ရန်ကုန်ကနေ (၁၆၁)မိုင်ကွာတဲ့ ပြည်မြို့သို့ မီးရထား လမ်းသွယ်တန်းပြီး စတင်ပြေးဆွဲပေးနိုင်ခဲ့သလို ရန်ကုန် - ပြည် အဝေးပြေးကားလမ်း (High-Way) ဟာလည်း မြန်မာနိုင်ငံရဲ့ ပထမဦးဆုံးအဝေးပြေးလမ်းမကြီးဖြစ်ပါတယ်။ ခရစ် ၁၉၂၄ ခုနှစ်မှာ ရန်ကုန်တက္ကသိုလ်ကြီးရဲ့ ပထမဦးဆုံး ကျောင်းဆောင်တွေဖြစ်ကြတဲ့ "တကောင်းကျောင်းဆောင်" နဲ့ "ပြည်ကျောင်း ဆောင်" တို့ကို တစ်နှစ်တည်း တစ်ကြိမ်တည်းမှာ စတင်တည်ဆောက်ပေးခဲ့ရာမှာ မြန်မာ့သမိုင်းတွင် ကနဦးပေါ်ပေါက်ခဲ့တဲ့ မင်းနေပြည်တော်တွေအမည်နဲ့ စတင်ခေါ်ဝေါ်စေခဲ့တယ်။ အဲဒီကျောင်းဆောင်ကြီးတွေကို ရှေးမြန်မာမင်းတွေရဲ့ "တိုင်ပင်ပွဲ" (လွှတ်တော်ပုံစံ)နဲ့ "မင်းတဲ" ပုံသဏ္ဍာန်မြန်မာ့ဗိသုကာလက်ရာဟန် "လည်ပေါ်"ပါဝင်ပြီး ကျယ်ဝန်းလှပစွာ

တည်ဆောက်ပေးခဲ့တာဖြစ်တယ်။အဲဒီလိုကျောင်းဆောင်တွေကိုပထမဦးစွာ မြန်မာ့ဟန်ပန်နဲ့ တည်ဆောက်ပေးခဲ့တာနဲ့ပတ်သက်ပြီး သုတေသီတို့ ယူဆကြတာက "မြန်မာ့သမိုင်းရဲ့ အဦးအစဖြစ်တဲ့ "တကောင်းပြည်" နဲ့ "သရေခေတ္တရာပြည်" တို့ကို ရည်ညွှန်းကာ အမည်နာမ ပေးနိုင်စေရန် အဆောက်အအုံတွေကို စတင်ဆောက်လုပ်ပေးခဲ့ပုံရတယ်" လို့ဖြစ်ပါတယ်။

ယခုအခါ ရန်ကုန်မြို့တော် စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ ရှေးဟောင်းလက်ရာ အဆောက်အအုံများစာရင်း အမှတ်စဉ် (၁၄၀)မှာ ပါဝင်နေတဲ့"ပြည်ကျောင်းဆောင်၊ပြည်လမ်း၊ကမာရွတ်မြို့နယ်"ဟာထူးခြားလှပစွာ မြန်မာမင်းတွေရဲ့ တိုင်ပင်ပွဲ/မင်းတဲပုံစံနဲ့ မြန်မာ့သစ်ရတနာတွေကိုသာ အခြေခံထား အသုံးပြုကာ တည်ဆောက်ထားခဲ့တာဖြစ်တယ်။ စတင်တည်ဆောက်ခဲ့တဲ့ ခရစ် (၁၉၂၄) ခုနှစ်မှသည် မျက်မှောက်ပြုနေတဲ့ ခရစ်(၂၀၁၇) ပြည့်နှစ်အထိ သက်တမ်းအားဖြင့် (၉၃) နှစ်ရှိနေပြီဖြစ်ပေမဲ့ ရာဟု၊ သူရိန်၊ မြူ၊ တိမ်၊ မီးခိုး စတဲ့ "ဖျက်ငါးမျိုး"အပြင် နာဂစ်မုန်တိုင်းအပါအဝင် သဘာဝဘေးအန္တရာယ်တွေကို ကြံ့ကြံ့ခံကာ "ပန်းပန်နေဆဲ"ပဲ ဖြစ်ပါပေတယ်။ ရန်ကုန် - ပြည်ကားလမ်းမကြီးနဲ့မလှမ်းမကမ်းတွင် စိမ်းစိုညို့မှိုင်းတဲ့ သစ်တောအုပ်လို ဖြစ်တည်နေတဲ့ ပင်မြင့်ပင်စောက်ကြီးများအကြားတွင် ခံ့ထည်တည်ငြိမ်စွာ မြန်မာမှုပုံသဏ္ဍာန်နဲ့ တည်ရှိနေဆဲဖြစ်ပါပေတယ်။

## သမိုင်းကျက်သရေဆောင်၊ ပြည်ကျောင်းဆောင်ရဲ့ဝိသေသများ

Dy-archy ကာလ (၁၉၂၄) ခုနှစ်ကပင် မြန်မာ့မှုဟန်၊ မြန်မာ့အဆောက်အအုံပုံစံနဲ့ ဆောက်လုပ်ထားခဲ့သလို မြန်မာ့သမိုင်းရဲ့ "ပကတူးကာလ"ကပင် ထင်ရှားခဲ့တဲ့ "သရေခေတ္တရာပြည်" ကို "ဂုဏ်တင်"မှည့်ခေါ်ထားတဲ့"ပြည်ကျောင်းဆောင်"ကြီးဟာ"စစ်ကြိုခေတ်"(Pre-War)ကရန်ကုန်တက္ကသိုလ်ကြီးနဲ့အတန်ပင်လှမ်းတဲ့အတွက်"အမျိုးသားဆောင်"အဖြစ်နဲ့သာ စတင်အသုံးပြုခဲ့တယ်။ စစ်ပြီးခေတ် (Post-War) နောက်ပိုင်းဖြစ်တဲ့ (၁၉၆၁) ခုနှစ်အထိမှာ B.O.C College of Mining Engineering မှာ အင်ဂျင်နီယာ

ပညာတွေကို သင်ယူနေကြတဲ့ အင်ဂျင်နီယာကျောင်းသားတွေရဲ့ ကျောင်းဆောင်ကြီး ဖြစ်လာပြန်တယ်။ ၁၉၆၁-၆၂ ခုနှစ်၊ ပညာသင်နှစ်မှာ ဆိုဗီယက်(ရုရှား)က ဆောက်လုပ်လှူဒါန်းခဲ့တဲ့ ရန်ကုန်စက်မှုတက္ကသိုလ် အဆောက်အအုံသစ်ကြီး (Rangoon Institute of Technology) တည်ရာ ကြို့ကုန်းသို့ ဘီအိုစီကောလိပ်မှာ သင်ယူနေတဲ့ ကျောင်းသားများ ပြောင်းရွှေ့သွားခဲ့တဲ့အတွက် (၁၉၆၃-၆၄)ခုနှစ်ပညာသင်နှစ်မှစတင်ကာ "ပြည်ကျောင်းဆောင်" ကို "အမျိုးသမီးကျောင်းဆောင်"အဖြစ် ပြောင်းလဲအသုံးပြုစေခဲ့တာဟာ သမိုင်းထဲက "ဒွတ္တဘောင်နဲ့ ပန်ထွာမင်းသမီး" ဇာတ်လမ်းပမာအကြောင်း တိုက်ဆိုင်စွာပင်"ပြည်ကျောင်းဆောင်"အားအမျိုးသား/အမျိုးသမီးကျောင်းဆောင်အဖြစ် ဒွန်တွဲအသုံးပြုခဲ့ရတာ ဖြစ်ပေလိမ့်မယ်လို့ ယူဆဖွယ်ရာ ဖြစ်နေပါတော့တယ်။

## ထူးချွန်ထင်ရှား၊ ပြည်ကျောင်းဆောင်သားများ

ပြည်ကျောင်းဆောင်ကြီးဟာ အမျိုးသား/ အမျိုးသမီးဆောင်အဖြစ်အသုံးပြုခဲ့ရပေမဲ့ အမျိုးသားဆောင်သက်တမ်းက ကြာမြင့်ပြီး၊ အမျိုးသမီးဆောင်သက်တမ်းက "နုနယ်"ခဲ့တဲ့အပြင်မှတ်တမ်းတင်ကာလအတွင်းမပါဝင်ခဲ့တာကြောင့် ထူးချွန်ထင်ရှားခဲ့တဲ့ ပြည်ကျောင်းဆောင်သားများကိုသာ မှတ်တမ်းပြုလိုက်ရခြင်း ဖြစ်ပါတယ်။ ၁၉၂၈-၂၉ ရန်ကုန်တက္ကသိုလ်ရဲ့ပညာသင်နှစ်မှာ ပြည်ကျောင်းဆောင်တွင် နေထိုင်ပညာသင်ယူခဲ့ပြီး ပါမောက္ခချုပ်ဖြစ်လာသူကတော့ပါမောက္ခချုပ်ဒေါက်တာဦးအေးပဲဖြစ်ပါတယ်။၁၉၃၂-၃၃ ပညာသင်နှစ်တွင် ပြည်ကျောင်းဆောင်သားအဖြစ် ရန်ကုန်တက္ကသိုလ်တွင် ပညာရင်နို့သောက်စို့ခဲ့ပြီးသံအမတ်ကြီးဖြစ်လာသူ "သံအမတ်ကြီးဦးဝင်းဖေ" နဲ့ မြန်မာလူမျိုးထဲကနေ ထောင်မင်းကြီးဖြစ်လာခဲ့သူ ထောင်မင်းကြီးဦးသန်းနွဲ့တို့အပြင် ဒုတိယကမ္ဘာစစ်မီးကြီး ရန်ကုန်မြို့သို့ ကူးစက်ခါနီးနေပြီဖြစ်တဲ့ (၁၉၄၀-၄၁)ပညာသင်နှစ်မှာ "ပြည်ကျောင်းဆောင်သား"ဖြစ်ခဲ့သူ ရသဝတ္ထုနဲ့ နိုင်ငံခြားသွား ဆောင်းပါးများနဲ့ ထင်ရှားခဲ့သူ စာရေးဆရာကြီး

"တင့်တယ်" (ဦးဝင်းစိန်) တို့ပဲ ဖြစ်ကြပါတယ်။ တင့်တယ်ရဲ့ "ကမ္ဘာဖလဝတ္ထု ရှည်"ကြီးကတော့ လက်ရွေးစင် Classic ဖြစ်ခဲ့ပါပေတယ်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးစ လတ်ဆတ်သစ်လွင်တဲ့ ကာလ (၁၉၄၇-၄၈) ရန်ကုန်တက္ကသိုလ် ပညာသင်နှစ်မှာ မြန်မာ့ယဉ်ကျေးမှုကို "ကောက်ကြောင်းပန်းချီ"နဲ့ သရုပ်ဖော်ရေးဆွဲရာတွင် ထင်ရှားလှတဲ့ ပန်းချီ ဆရာကြီး (ဦး)နန်းဝေနဲ့ ၁၉၅၆-၅၉ ပညာသင်နှစ်မှာ ပညာဆည်းပူးခဲ့ပြီး ထင်ရှားလာခဲ့သူ "ကေတုဝင်းတင့်" တို့ကတော့ သမိုင်းကျက်သရေဆောင် "ပြည်ကျောင်းဆောင်"ရဲ့ဂုဏ်ထူးဆောင်ခဲ့သူတွေပဲ ဖြစ်ကြပါကြောင်း သမိုင်း မှတ်တမ်းပြုကာ တင်ပြလိုက်ရပါတယ်။

○



**Ava Hall**

# မြကျွန်းညီညို ရန်ကုန်တက္ကသိုလ်ပင်မဝင်းအတွင်းက သမိုင်းတင်ကျောင်းဆောင် ရွှေအင်းဝ

သမိုင်းထဲက ရန်ကုန်မြို့ကြီးမှာ သမိုင်းတင် ဖြစ်ရပ်ပေါင်းများစွာ ရှိခဲ့ဖူးပါတယ်။ ရန်ကုန်တက္ကသိုလ်ကြီးတည်ရာ "မြေပထဗျာ" ဖြစ်တဲ့ ရန်ကုန်မြို့ကြီးဟာ "အရှေ့အာရှရဲ့မြို့များဧကရီ" (Queen of Cities) ဖြစ်ခဲ့ဖူးသလို ရန်ကုန်တိရစ္ဆာန်ဥယျာဉ် (Yangon Zoological Garden) ကြီးဟာလည်း သဘာဝအနေအထား၊ သစ်ပင်ပန်းမန်နဲ့တကွ "ငန်းတို့ပျော်ရာရေကန်သာ" ပါရှိနေတာကြောင့်လည်း မျက်မှောက်ကာလအထိ အရှေ့တောင်အာရှမှာရှိတဲ့ တိရစ္ဆာန်ဥယျာဉ်တွေထဲတွင် ထိပ်တန်းအဆင့်၌ တည်ရှိနေဆဲ ဖြစ်ပါတယ်။ ဒို့အပြင် (World Almanac) မှာပင် Fine Department Store, Rangoon လို့မှတ်တမ်းတင်ဖော်ပြခြင်းခံရတဲ့ Messrs Rowe & Co. ရှေးဟောင်းလက်ရာအဆောက်အအုံကြီးဟာလည်း ရန်ကုန်မြို့လယ်မြို့နယ် Downtown ရဲ့နှလုံးသည်းပွက်

ပမာဖြစ်တဲ့ "ဆူးလေရစ်ပြင်" Sule Square ရဲ့ အရှေ့မြောက်ထောင့်တွင် "ရွှေရောင်အနားကွပ်" "Golden Linning" အနေနဲ့ တည်ရှိနေဆဲ ဖြစ်တာတွေဟာ သမိုင်းတင် ဖြစ်ရပ်တွေပဲ ဖြစ်ပါတယ်။

ဧက (၄၀၀) ကျော် ကျယ်ဝန်းတဲ့ "မရမ်းခြံကြီး" အတွင်းမှာ လှပခံ့ထည်စွာ ဆောက်လုပ်ခဲ့တဲ့ ရန်ကုန်တက္ကသိုလ် ပင်မဝင်းကြီးအတွင်းရှိ အဓိပတိလမ်းမကြီးထိပ်တွင် ဘွဲ့နှင်းသဘင်ခန်းမကြီးကို ခံ့ညားထည်ဝါစွာနဲ့ အနားကွပ်ဆောက်လုပ်ပေးထားပြီး ပင်မကျောင်းဆောင်ကြီးတွေကိုတော့ အဓိပတိလမ်းမကြီးရဲ့ဝင်ပေါက်ဖြစ်တဲ့ "မဟာတံခါးကြီး" ကနေ သွယ်တန်းဖောက်လုပ်ထားတဲ့ လမ်းမကြီးရဲ့ တစ်ဖက်တစ်ချက်မှာ လှပကျယ်ဝန်းစွာ ဝင်းခြံနှင့်တကွဆောက်လုပ်ပေးထားတယ်။ ကျောင်းဆောင်တွေရဲ့အမည်တွေကိုမြန်မာ့ဂုဏ်ရည်သမိုင်းကြောင်းတွင်ထင်ရှားခဲ့ကြတဲ့ "ခေတ်/နိုင်ငံ" တွေအမည်နဲ့မှည့်ခေါ်နိုင်ခဲ့တာဟာ "ဘိုး/ဘ" တို့ရဲ့ "ရင့်သန်လှတဲ့ ဝံသာနုရက္ခိတစိတ်ဓာတ်" ကြောင့်ပဲ ဖြစ်ပါပေတယ်။ အဲဒီကျောင်းဆောင်အမည်တွေထဲမှာ "အင်းဝခေတ်" ကို ရည်ညွှန်းတဲ့ ကျောင်းဆောင်အမည်ပါ ပါဝင်နေတယ်လေ။

## ရွှေအင်းဝရဲ့ မူလဘူတ

ဧရာဝတီမြစ်မကြီးကို အခြေတည်ကာ ခွဲဖြာစီးဆင်းထွက်လာတဲ့ မြစ်ချောင်း အင်း အိုင်တို့ ဆုံရပ်မှာ တည်ထားခဲ့တဲ့ "ရွှေအင်းဝမြို့တည်" နဲ့ ပတ်သက်တဲ့ သမိုင်းအချက်အလက်တွေကို "ဂန္ထဝင်တေးစာသား" အရသာ သိရှိခဲ့ရတယ်။ ၂၀၀၉ ခုနှစ်သို့ ရောက်တော့မှသာ "အင်းဝမြင်ကွင်း" ကို ဘုရားဖူးခရီးစဉ်နဲ့ရောက်ရှိရင်းတွေ့မြင်လေ့လာခွင့်ရခဲ့တယ်။ ဧရာဝတီတံတား(ရတနာပုံ)ကြီး တည်ဆောက်ပေးထားတဲ့အတွက် "တံတားဦးမြို့နယ်" အတွင်းမှာတည်ရှိနေကာ မီးသွေးကျင်းကျေးရွာ အုပ်စုအတွင်း ပါဝင်နေရရှာပြီဖြစ်တဲ့ "ရွှေအင်းဝ" သို့ ချောမွေ့စွာ ရောက်ရှိခဲ့ရတာပါ။ သမိုင်းမှတ်တိုင် (Mile Stone) တွေဖြစ်ကြတဲ့ "အင်းဝနန်းတော်ရာနဲ့မုခ်ဦး" တို့တွင် မုခ်ဦးသာ တည်ရှိနေသေးပြီး နန်းတော်ရာကတော့ ယာတောအထိ ဖြစ်နေရရှာပါပြီ၊ ဟံသာဝတီပါမင်တရားတည်ထားခဲ့တဲ့ "လောကသရဖူစေတီတော်" နဲ့ "ကျန်စစ်သား

ခများ" အင်းဝသို့ ရောင်တိမ်းလာရခိုက်မှာ အထိမ်းအမှတ်အဖြစ် တည်ထား ခဲ့တဲ့ "ထီးလှိုင်ရှင်စေတီတော်" တွေကို ကြည်လင်သဒ္ဒါနဲ့ ဖူးမြော်ခဲ့ရပါတယ်။ မြန်မာ့ကျွန်းသစ်ရတနာရဲ့တန်ဖိုးကိုဖော်ကျူးပေးနေဆဲဖြစ်တဲ့လုံးပတ်ကိုးပေ ရှိတဲ့ ကျွန်းသစ်လုံးကြီး အပါအဝင် ကျွန်းသစ်လုံးတွေနဲ့သာ တည်ဆောက် ထားတဲ့ "သမိုင်းဝင် ဗားကရာကျောင်းတိုက်ကြီး"ရဲ့ ဗိသုကာလက်ရာကဖြင့် ကမ္ဘာလှည့်ခရီးသည်တွေကို စွဲဆောင်အားကောင်းလှတာကို မျက်မြင်တွေ့ရှိ ခဲ့ရတယ်။ အင်းဝခေတ်ရဲ့ "ဧကရီ"ဖြစ်တဲ့ နန်းမတော်မယ်နု ဆောက်လုပ်လှူ ဒါန်းခဲ့တဲ့ "မယ်နုအုတ်ကျောင်းတော်ကြီး"ရဲ့ အမွှမ်းအပြောက်တွေကလည်း မြန်မာ့ယဉ်ကျေးမှု လက်ရာတွေကို လာလှည့်၊ ရှုလှည့်လို့ ဖိတ်ခေါ်နေသလို ပါပဲ။ ကျေးရွာငယ်အဆင့်မျှသာ ရှိတော့တဲ့အတွက် "အင်းဝရွာတွင်းလမ်း" တွေကတော့ ဘုရားဖူးယာဉ်ကြီးတွေအတွက် ကျဉ်းမြောင်းနေပါသေးတယ်။ အင်းဝမှာ ထူးထူးခြားခြား လေ့လာခွင့်ရခဲ့တာက "ဆင်ကျုံးခံတပ်"ကြီးပဲ ဖြစ်တယ်။ဧရာဝတီမြစ်ကမ်းနဖူးကိုမေးတင်ဆောက်လုပ်ထားတဲ့မြေအောက် လိုဏ်ခေါင်းပါ ခံတပ်ကြီးဟာ မြန်မာ့တပ်မတော် အင်အားရှိရေးနဲ့ ခေတ်မီ လက်နက်တပ်ဆင်ရေးကို ပဒေသရာဇ်ခေတ်အတွင်းမှာပင် ဦးစီးဆောင်ရွက် ခဲ့သူ ခေတ်ပြုပြင်ရေးသမားကြီး "ကနောင်မင်းသား"ရဲ့ အစီအမံနဲ့ အီတာလျံ အင်ဂျင်နီယာ "ကိုမိုရှိ"နဲ့ နိုင်ငံခြားပြန် စစ်အင်ဂျင်နီယာပညာ သင်ကြားလာ ခဲ့သူ မြန်မာပညာတော်သင်တွေ တည်ဆောက်ခဲ့တဲ့ ရေလမ်းကြောင်းက ခံတပ်ကြီးပဲဖြစ်တယ်။ ဧရာဝတီမြစ်ကြောင်းတစ်လျှောက်မှာ "ခံတပ်" အဆင့် ဆင့်နဲ့ နယ်ချဲ့တို့ရဲ့အမြောက်တင်သင်္ဘော (Gun Boats) တွေကို ဖြိုခွင်းပစ် မယ့် အစီအမံပဲ ဖြစ်တယ်။ ဒါပေမဲ့ ရဲမက်တွေခများ မချိတင်ကဲနဲ့ တောက် ခေါက်ခဲ့ရသလို ကုန်းဘောင်မင်းဆက်ကြီးလည်း ကွယ်ပျောက်ခဲ့ရတာဟာ သမိုင်းသင်ခန်းစာပေပဲပေါ့။ မြန်မာရာဇဝင် (သမိုင်း)မှာ "အင်းဝခေတ်"တွင် မြန်မာစာပေ/ကဗျာ၊လင်္ကာနဲ့တကွ "လူ့းတား"တွေပါထွန်းကားပြန့်ပွားလာခဲ့ တယ်။ အလားတူ "သမိုင်း(ရာဇဝင်)တွင် သတ္တရာဇ်သည် မျက်စိဖြစ်သည်" ဆိုရိုးနှင့်အညီ ရွှေအင်းဝရဲ့ သမိုင်းဖြစ်စဉ်တွေကို ကောက်ချက်ဆွဲကြည့်တဲ့ အခါ အင်းဝမင်းလက်တွင်းကန ဓမ္မစေတီ၊ ဓမ္မပါလတို့ရဲ့ အကူအညီနဲ့

"ဟံသာဝတီ"သို့ စုန်ဆင်းထွက်ပြေးလာတဲ့ "ရှင်စောပု"ဟာ "ဓမ္မစေတီဘုရင်မကြီး"ပင် ဖြစ်ခဲ့တယ်။ နန်းမတော်မယ်နကတော့ "သူ့ကြွေးရှိရင် ဆပ်ရလိမ့်မယ်" ဆိုတဲ့ ကြေကွဲဖွယ်ရာနဲ့ ဇာတ်သိမ်းခဲ့ရရှာတယ်။ အင်းဝခေတ်မှာ ထူးချွန်ထင်ရှားခဲ့သူက "မင်းကြီးရန်နောင်"ပဲ ဖြစ်ပါတယ်။ "ဂ"သုံးခု ဥသျှစ်ထုတဘောင်အရ ကောဇာ (၈၈၈) ခုနှစ်တွင် အင်းဝဘုရင် "သိုဟန်ဘွား"အား မင်းကြီးရန်နောင်က "ဥပါယ်တံမျဉ်"နဲ့ ဖယ်ရှားနိုင်ခဲ့ပေမဲ့ အင်းဝထီးနန်းကို မသိမ်းပိုက်ဘဲ ဆက်ခံထိုက်သူ "အုန်းဘောင်စံမွှိုင်း"ကိုသာ ဆက်ခံစေခဲ့တဲ့အတွက် မြန်မာရာဇဝင်တွင် "ထီးနန်းကို အလိုမရှိသူများစာရင်း" ဝင်သူ ဖြစ်သွားခဲ့ရပါတယ်။

## ရန်ကုန်တက္ကသိုလ်ပင်မဝင်းအတွင်းက အင်းဝကျောင်းဆောင်

မြန်မာရာဇဝင် (သမိုင်း)မှာ ရွှန်းလက်ခဲ့တဲ့ "ရွှေအင်းဝ"ကို ရည်ညွှန်းအမည်ပေးထားခဲ့တဲ့အင်းဝကျောင်းဆောင်ကြီးဟာယခုအခါရန်ကုန်မြို့တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ ရှေးဟောင်းလက်ရာ အဆောက်အအုံများ စာရင်းအမှတ်စဉ် (၁၃၉) မှာ ပါဝင်နေတဲ့ "ဝိတိုရိယခေတ်ပုံစံအုတ်ထမ်း (၃) ထပ်ကျောင်းဆောင်ကြီးပဲ" ဖြစ်ပါတယ်။ ခရစ် (၁၉၂၈)ခုနှစ်တွင် ဆောက်လုပ် ပြီးစီးခဲ့တဲ့ "အင်းဝဆောင်"မှာ နယ်ချဲ့အုပ်ချုပ်သူတွေက တိုင်းရင်းသားချင်း သွေးခွဲအုပ်ချုပ်ရေး ပေါ်လစီ (Divide and Rule) အရ အင်းဝခေတ်မှာ "ရှမ်း" တွေ ကြီးစိုးခဲ့သလို "အင်းဝဆောင်တွင်လည်း "ရှမ်းပြည်နယ်"မှ လာရောက်ပညာသင်ကြားကြတဲ့ ကျောင်းသားတွေကိုသာ သီးခြားခွဲထုတ်လက်ခံခဲ့တယ်။ အခြားကျောင်းဆောင်တွေက ကျောင်းသားတွေနဲ့လည်း ရောနှောဆက်ဆံမှု မပြုရလေအောင် "ကန့်သတ်ချုပ်ချယ်"ခဲ့တယ်။နယ်ချဲ့ခေတ်တွင်ရန်ကုန် တက္ကသိုလ်အဆောင်မှူးတွေထဲမှာနာမည်ဆိုးနဲ့ ကျော်ကြားခဲ့သူကတော့ "မစ္စတာပီးကောက် (Piggot) ဆိုသူပဲ ဖြစ်တယ်။ အဆောင်မှူး "ပီးကောက်"က ရှမ်းပြည်နယ်ရဲ့ ပညာမင်းကြီးဖြစ်သူ "မစ္စတာကင့်(ချ်)"ထံသို့ ရှမ်းပြည်နယ်ကနေ ရန်ကုန်တက္ကသိုလ်သို့ လာရောက်ပညာသင်ကြားနေကြတဲ့ "ရှမ်းကျောင်းသားတွေရဲ့လှုပ်ရှားမှု"ကို အမြဲ

မပြတ်စောင့်ကြည့်ပြီး "လျှို့ဝှက်အစီရင်ခံစာ" ပေးပို့ကာ 'federal' ပုံစံဖြစ်အောင် စတင်ပျိုးထောင်ခဲ့တယ်။ ဒါပေမဲ့ "ဝံသာနုရက္ခိတစိတ်ဓာတ် ပြင်းပြလှတဲ့ တိုင်းရင်းသားတို့အား နယ်ချဲ့တို့က (ထိုစဉ်ကာလ) သွေးခွဲမှုဟာ ထင်သလောက် အကျိုးမသက်ရောက်ခဲ့ဘူး။ "တိုးတက်တဲ့ ကျောင်းသားတွေဟာ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပိုင်းဝန်းတည်ဆောက်နိုင်ခဲ့ပါတယ်"လို့ နှစ်ငါးဆယ်တက္ကသိုလ်(ဓာတ်ပုံမှတ်တမ်း)အား ပြုစုရေးသားခဲ့သူ "မြန်မာ့အသံကျော်ဦး"က မှတ်တမ်းပြုပေးထားခဲ့ပါတယ်။

## သမိုင်းဂုဏ်ဆောင် အင်းဝကျောင်းဆောင်

သမိုင်းဂုဏ်ဆောင်အင်းဝကျောင်းဆောင်ကြီးကနေမြန်မာ့လွတ်လပ်ရေး မီးရှူးတန်ဆောင်ကို ထွန်းညှိဝင်းလက်ပေးကြမယ့် ထူးချွန်ထင်ရှားအဆောင်မှူးများနဲ့ ကျောင်းတော်သားပေါင်း များစွာထဲကနေ လက်ရွေးစင်တော်ကောက် စာရင်းဝင်တွေကို မီးရှူးသန့်စင်ပေးနိုင်ခဲ့ပါတယ်။ အင်းဝကျောင်းဆောင်ကြီး စတင်ဖွင့်လှစ်စက ရှမ်းပြည်နယ်မှ လာရောက်ပညာသင်ကြားကြတဲ့ "ရှမ်းတိုင်းရင်းသား" ကျောင်းသားတွေကိုသာ သွေးခွဲစနစ်နဲ့ သီးခြားနေရာချထားပေးခဲ့ပေမဲ့ (၁၉၂၉-၃၀) တက္ကသိုလ်ပညာသင်နှစ်သို့ ရောက်တဲ့အခါမှာ "ပြည်/ပေါက် ခေါင်းသား မောင်ရှုမောင်"ဟာ အင်းဝကျောင်းဆောင်သားဖြစ်လာခဲ့ပြီး "သခင်ဘွဲ့" ခံယူကာ ရဲဘော်သုံးကျိပ်ဝင် (ဗိုလ်နေဝင်း) ဖြစ်လာခဲ့တယ်။ ဗိုလ်ချုပ်ကြီးနေဝင်းဟာ ဖဆပလ အစိုးရလက်ထက်တွင် "သပိတ်စုံ၊ သူပုန်ထကြတဲ့ ရောင်စုံသောင်းကျန်းသူတွေရဲ့ လက်အောက်သို့ မြန်မာနိုင်ငံကြီး ကျရောက်အံ့မူးမူး၊ ချောက်ထဲကျရန် လက်တစ်လုံးမျှအလို၊ ရန်ကုန်အစိုးရ ဘဝကနေ လွတ်မြောက်အောင် ဦးဆောင်တိုက်ပွဲဝင်ပေးခဲ့သူ၊ ဖက်ဒရယ်မှုကြောင့် ပေါက်ဖွားလာခဲ့ရတဲ့ တော်လှန်ရေးကောင်စီဥက္ကဋ္ဌနဲ့ "၁၉၇၄ ခုနှစ် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေအရ" နိုင်ငံတော် သမ္မတအဆင့်အထိ တာဝန်ထမ်းဆောင်ခဲ့ရသူဖြစ်တယ်။ သခင်ရှုမောင်(ဗိုလ်နေဝင်း)နဲ့အင်းဝကျောင်းဆောင်မှာ အတူနေခဲ့ကြတဲ့ အဆောင်နေဖက်တွေကတော့ မြန်မာ့လွတ်လပ်ရေး

ကြိုးပမ်းမှုလှုပ်ရှားမှုတွင် ပါဝင်ခဲ့ပြီး မြန်မာ့ရုပ်ရှင်လောကမှာ ထင်ရှားခဲ့သူ ဦးချင်းစိန် (ရွှေညာမောင်)၊ ဗိုလ်ချုပ်အောင်ဆန်းရဲ့အစ်ကို (အရင်း)ဖြစ်သူ "ဦးအောင်သန်း"နဲ့ မြန်မာနိုင်ငံ မိုးလေဝသဌာနကို စတင်ပေးခဲ့သူ "ဒေါက်တာ ဖိုးအေး"တို့ပဲ ဖြစ်ကြပါတယ်။ ၁၉၃၀-၃၁ တက္ကသိုလ်ပညာသင်နှစ်မှာ "ဂန္ဓဝင်တေးသီချင်း"တွေနဲ့ ကျော်ကြားခဲ့သူ ခေတ်ပေါင်းအဆိုတော်ကြီး "တက္ကသိုလ်ဖေညွန့်"နဲ့ ၁၉၃၄-၃၅ ပညာသင်နှစ်ရောက်တဲ့အခါ ဗိုလ်ချုပ် အောင်ဆန်းရဲ့ဝန်ကြီးအဖွဲ့ (ကက်ဘိနက်)မှာ ပါဝင်ခဲ့ပြီး နယ်ချဲ့လက်ပါး စေတွေရဲ့လုပ်ကြံသတ်ဖြတ်မှုတွင် ဗိုလ်ချုပ်အောင်ဆန်းနဲ့အတူ ကျဆုံးခဲ့ရသူ အာဇာနည် ဦးရာဇတ်(ဖဆပလ)ဟာလည်း အင်းဝကျောင်းဆောင်သားကြီး တစ်ယောက် ဖြစ်ခဲ့သူပါပဲ။

အင်းဝကျောင်းဆောင်ကြီး စတင်ဖွင့်လှစ်စဉ်ကပင် ရှမ်းတိုင်းရင်းသား တွေကို ' Federal' စိတ်ဓာတ် ပျိုးထောင်ပေးနိုင်ဖို့အတွက် နယ်ချဲ့လက်ပါးစေ အဆောင်မှူး/လက်ထောက် အဆောင်မှူးနဲ့ အဆောင်နည်းပြတွေကိုသာ တာဝန်ပေးခန့်ထားခဲ့တယ်။ လျှို့ဝှက်အစီရင်ခံစာပါ တင်စေခဲ့တယ်လေ။ ၁၉၃၆ ခုနှစ်ကနေ ၁၉၄၈ ခုနှစ် (လွတ်လပ်ရေးအောင်ပန်း ပွင့်လန်းလာချိန် အထိ) ကာလအတွင်းတွင် စာရေးဆရာကြီး "ကုသ" အမည်ရခဲ့တဲ့ "ဦးတိုး အောင်" ဟာ မြန်မာအမျိုးသားထဲကနေ လက်ထောက်အဆောင်မှူး ဖြစ်လာ ခဲ့တယ်။

ဒါကြောင့် (၁၉၄၆-၄၇)ခုနှစ် တက္ကသိုလ်ပညာသင်နှစ်မှာ အဆောင် နည်းပြတာဝန်ကို မြန်မာအမျိုးသားထဲကနေ "ဒေါက်တာမောင်မောင်"က ထမ်းဆောင်နိုင်ခဲ့တာ ဖြစ်ပါတယ်။ ဒေါက်တာမောင်မောင်က တရားသူကြီး ချုပ်တာဝန်ထမ်းဆောင်ရစဉ်မှာတရားစီရင်ရေးနဲ့ပတ်သက်တဲ့မှတ်သားဖွယ် အဆိုအမိန့်ထားရစ်ခဲ့သလို Burma and Gen: Ne Win စာအုပ်ကြီးနဲ့လည်း "အမျိုးသားစာပေဆု" ရခဲ့တဲ့ စာရေးဆရာကြီး ဖြစ်ခဲ့တယ်။ ရှစ်လေးလုံး ကာလကြီးမှာပင် နိုင်ငံတော်သမ္မတတာဝန်ကို တည်ငြိမ်စွာနဲ့ ဖြောင့်မတ် မှန်ကန်စွာ ထမ်းဆောင်နိုင်ခဲ့သူ ဖြစ်ပါတယ်။

အလားတူ အင်းဝကျောင်းဆောင်ကြီးကနေ နိုင်ငံတော်နဲ့ အမိမြေအတွက် တာဝန်အရပ်ရပ်ကို ထူးချွန်ထက်မြက်စွာ ထမ်းဆောင်နိုင်ကြမယ့် သားကောင်းရတနာပေါင်းများစွာကို မွေးထုတ်ပေးခဲ့ရာမှာ ပါမောက္ခချုပ်တွေ ဖြစ်ကြတဲ့ ဒေါက်တာမောင်မောင်ခ နဲ့ ဒေါက်တာသာလှ၊ သင်္ချာပါမောက္ခ ဦးဘတုတ်၊ ဒေါက်တာကျော်သက်၊ ဒေါက်တာဘိုသောင်း၊ သမိုင်းပါမောက္ခ ဦးတင်အုံး၊ ပါမောက္ခဦးသာထို နဲ့ ပါမောက္ခ ဒေါက်တာရှိန် ....စတဲ့ မြန်မာနိုင်ငံ ပညာရေးကို မြှင့်တင်ပေးခဲ့ကြတဲ့ အသိပညာရှင်တွေရယ်၊ စာပေပညာရှင်ကြီး (တိုင်းမင်းကြီးဦးထွန်းတင်) မန်းတင်၊ စာရေးဆရာကြီးတင့်တယ် (ဦးဝင်းစိန်)၊ စာရေးဆရာ ရုပ်ရှင်ဒါရိုက်တာနဲ့ သရုပ်ဆောင်ဗိုလ်ဗကို (မဟာဝိဇ္ဇာ)၊ စာရေးဆရာကြီး တက္ကသိုလ်နေဝင်း (ဗိုလ်ချုပ်အောင်ဆန်းရဲ့ အပါးတော်မြဲ ဗိုလ်ထွန်းလှ)၊ တက္ကသိုလ် အင်္ဂလိပ်စာကထိက၊ သတင်းစာဆရာကြီး အထောက်တော်အုန်းမြင့်နဲ့ ကဗျာစာဆိုကြီး "ဒဂုန်တာရာ" (ဦးဌေးမြိုင်) စတဲ့ စာပေပညာရှင်ကြီးတွေနဲ့ စစ်ဘက် နယ်ဘက်တွေတွင် ထင်ရှားခဲ့ကြတဲ့ အတွင်းဝန် (ဒုတိယဝန်ကြီးအဆင့်) တွေဖြစ်ကြတဲ့ဦးပါအောင်၊ဦးသိန်းညွန့်၊ဦးဘကျော်နဲ့ ဦးထွန်းရှိန်၊ သံအမတ်ကြီး ဦးညိုထွန်း၊ ဗိုလ်မှူးချုပ်မောင်မောင်၊ ဗိုလ်မှူးကြီး တင်မောင်၊ ရဲချုပ်ဒုဗိုလ်မှူးကြီး အုံးဖေ၊ ရဲချုပ် ဦးဘအေး၊ ရဲမင်းကြီးဦးခင်မောင်မောင်၊ ဦးတင်မောင်မောင်၊ အောင်ဆန်းသူရိယ သူရအေးချိုနဲ့ ရှမ်းပြည် ဦးတင်ဇတို့ဟာ ထူးချွန်ထင်ရှား ကျောင်းတော်သားကြီးများပဲ ဖြစ်ကြပါပေတယ်။ ဒ့ါအပြင် မြန်မာ့နိုင်ငံရေးခရီးစဉ်မှာ "အယူအဆလွဲ" ကြောင့် ထင်ရှားခဲ့ကြသူတွေဖြစ်ကြတဲ့ ဗကပ ဂိုရှယ်ဘတင်၊ ရဲဘော်အောင်ကြီးနဲ့ ရဲဘော်ဌေး တို့ဟာလည်း အင်းဝကျောင်းသား တက္ကသိုလ်ပညာတတ်များပဲ ဖြစ်ကြပါကြောင်း သမိုင်းမှတ်တမ်းပြုကာ တင်ပြလိုက်ရပါတယ်။

၀



**Pinya Hall**

## မြကျွန်းညိုညို ရန်ကုန်တက္ကသိုလ်ဝင်းအတွင်းက ပင်းယကျောင်းဆောင်

"Remove not the ancient Land marks, which thus fathers have set. (Proverb) ......" "ဘိုးဘေးတွေစိုက်ထူခဲ့ကြတဲ့အထင်ကရမြေပြင် အမှတ်အသားတွေကို ဖယ်ရှားမပစ်ကြပါနဲ့" လို့ ဆိုရိုးရှိတယ်။ ရှေးဟောင်းလက်ရာစာရင်းဝင် "ရန်ကုန်တက္ကသိုလ် တက္ကသိုလ်အဆောက်အအုံကြီး" ရဲ့ ပရဝဏ်ကြီးဟာ မြတ်ဘုရားရွှေတိဂုံကို ဝန်းရံခဲ့ကြတဲ့ မြို့လေးမြို့ထဲမှာ ပါဝင်ခဲ့တဲ့ "မရမ်းမြို့" အဝန်းအဝိုင်းအတွင်းမှာ ပါဝင်နေတဲ့အပြင် ကြည့်မြင်တိုင်ဘက်ကနေ မြတ်ဘုရားရွှေတိဂုံသို့ "လှည်းတန်းကြီးတွေ" နဲ့ ဘုရားဖူးလာကြသူတွေရဲ့ လှည်းတန်းကြီးတွေ ရပ်နားတည်းခိုရာ "စခန်းထောက်ကြီ" လည်း ဖြစ်ခဲ့ဖူးတယ်။ဒါကြောင့်ကမာရွတ်မြို့နယ်မှာလှည်းတန်းရပ်၊လှည်းတန်းလမ်း ရယ်လို့ အခု ထက်တိုင် တည်ရှိနေတာ ဖြစ်ပါတယ်။

တိုင်းပြည်တိုးတက်ဖွံ့ဖြိုးလာဖို့ရာ "ပညာတတ် လူစွမ်းအားအရင်းအမြစ်" ဟာ အခြေခံလိုအပ်ချက်ဖြစ်တယ်ဆိုတာ ရန်ကုန်တက္ကသိုလ်ကြီးရဲ့ အတိတ်သမိုင်းကြောင်းက ညွှန်ပြနေတယ်။ ဘာကြောင့်လဲဆိုတော့ ရန်ကုန်တက္ကသိုလ်ကြီးရဲ့ "ကနဦးကာလ"တွေမှာ "ဗျူရိုကရေစီယန္တရား" လည်ပတ်နိုင်ဖို့အတွက် မြန်မာတိုင်းရင်းသား လူငယ်တွေကို "ကျွန်ပညာရေး"သာ သင်ကြားပေးခဲ့တယ်။ ဝံသာနုရက္ခိတစိတ်ဓာတ် ပြင်းပြလှတဲ့ မျိုးချစ်သခင်လူငယ်တွေက"တက္ကသိုလ်ကျွန်ပညာရေးစနစ်"အားBoy-Coutterနဲ့ချေမှုန်းပြီး "ဝံသာနု သီပွဲ/ဝံသာနုတက္ကသိုလ်တွေ တည်ထောင်ကာ နိုင်ငံတိုးတက်ဖွံ့ဖြိုးရေးကို "ကိုယ့်အားကိုယ်ကိုး"နဲ့ ဆောင်ရွက်ပေးနိုင်မယ့် အချုပ်အခြာအာဏာပိုင်ဆိုင်တဲ့ လွတ်လပ်ရေးလမ်းစအား ရှေးဦးတီထွင် ဖောက်လုပ်ပေးနိုင်ခဲ့ကြလို့ပဲ ဖြစ်ပါပေတယ်။

ဒါကြောင့် နိုင်ငံ့လွတ်လပ်ရေးအတွက် တပ်မတော်ဖွဲ့ဖို့ ဂျပန်ပြည်မှာကွယ်၊တကယ်ပဲအသက်နဲ့လဲလို့တိုက်ယူကြမယ်ဆိုတဲ့သန္နိဋ္ဌာန်စိတ်ဓာတ်နဲ့ "လွတ်လပ်မှ အမျှဝေပါ"လို့ ကိုယ်ကျိုးမဖက်၊ တိုင်းပြည်အတွက် အသက်ပေးလှူကြမယ့် ရဲဘော်သုံးကျိပ်(၃၀)ထဲမှာ ရန်ကုန်တက္ကသိုလ် ကျောင်းသား(၆)ဦး (ငါးပုံတစ်ပုံအထိ) ပါဝင်ခဲ့တာဖြစ်တယ်။ ရဲဘော်သုံးကျိပ်မှာ ပါဝင်ခဲ့ကြတဲ့ ရန်ကုန်တက္ကသိုလ် ကျောင်းသားတွေကတော့ သခင်အောင်ဆန်း(ဗိုလ်တေဇ)၊ သခင်ရှုမောင် (ဗိုလ်နေဝင်း)၊ သခင်လှဖေ(ဗိုလ်လက်ျာ)၊ သခင်အောင်သန်း (ဗိုလ်စကြာ)နဲ့ သခင်ဘွဲ့မယူခဲ့ကြတဲ့ ကိုလှမောင်(ဗိုလ်ဇေယျ)နဲ့ ကိုထွန်းရှိန်(ဗိုလ်ရန်နိုင်) တို့ပဲ ဖြစ်ကြပါပေတယ်။ (ခရစ်နှစ် ၁၉၂၆ ခုနှစ်တွင် ရန်ကုန်မြူနီ စီပယ်အဖွဲ့က ဓာတ်ရထားရုံဟောင်းကြီး တည်ဆောက်ခဲ့တယ်။ အများသူငါက "ဈေးသစ်ကြီး"လို့ ခေါ်ခဲ့ကြပေမဲ့ ထိုစဉ်က ရန်ကုန်မြူနီစီပယ်အဖွဲ့ လူကြီးဖြစ်နေတဲ့ Gavin Scott ကို အကြောင်းပြုကာ "Scott Market" လို့ အမည်ပေးခဲ့တယ်။ ရန်ကုန်မြို့ကြီးကို ဂျပန်တို့အုပ်စိုးစဉ်ကာလမှာရဲဘော်သုံးကျိပ်ဝင်"ဗိုလ်ရန်နိုင်"အားအကြောင်းပြုပြီး"ရန်နိုင်ဈေး"အမည်ထွင်ခဲ့သေးတယ်။ လွတ်လပ်ရေးရပြီးစကာလမှ မျက်မှောက်ကာလအထိ

"ဗိုလ်ချုပ်အောင်ဆန်းဈေးကြီး"လို့ ပြောင်းလဲခေါ်ဝေါ်စေခဲ့ပေမဲ့ သမိုင်းကြောင်းကိုမသိရှာကြသူတွေနဲ့ ဆယ်ကျော်သက် Teenager လေးတွေကပင် စကော့မတ်ကက်ရယ်လို့ မြိန်ရေရှက်ရေ ခေါ်ဝေါ်နေကြတာကို ကြားရတာ "နားဝင်ခါး" လှပါဘိ။)

## ပြန်လည်တမ်းတ၊ ရွှေပင်းယ

ပထမမြန်မာနိုင်ငံတော် "ပုဂံ"ပျက်သုဉ်းပြီးနောက် ပေါ်ပေါက်လာတဲ့ "ပင်းယခေတ်"ဟာ နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုအနေနဲ့ သမိုင်းတင်လောက်အောင် မရှိခဲ့ပေမဲ့"ပုဂံခေတ်"မှာပေါ်ပေါက်ခဲ့ခြင်းမရှိသေးတဲ့"ရာသီဘွဲ့ကဗျာ/စာပေ" တော့ ထူးခြားစွာ ပေါ်ထွန်းလာတယ်။ ကဗျာမြိုင်တွင် ပေါ်လာဆန်းတယ်လို့၊ ညွှာအခိုင် ယဉ်လျော်ရာပန်းဖြစ်တဲ့ "လူးတား" ဟာ ပင်းယ(မြင်စိုင်း)ခေတ်ကျမှသာ "ရာသီဘွဲ့အရေးအသားနဲ့" ပေါ်ထွန်းလာတာ ဖြစ်တယ်။ အဲဒီလို သမိုင်းကြောင်းအရ "စာပေ"ဘက်တွင် ထူးခြားမှုရှိခဲ့တဲ့ "ပင်းယခေတ်"ကို ဂုဏ်တင်ကာ ရန်ကုန်တက္ကသိုလ် ပရဝဏ်အတွင်းက ခံ့ညားထည်ဝါလှတဲ့ အုတ်ထမ်း (၃) ထပ် အဆောက်အအုံကြီးကို "ပင်းယကျောင်းဆောင်"လို့ ကမ္ပည်းတင်ခဲ့တာ ဖြစ်တယ်။

ပင်းယကျောင်းဆောင်ကြီးကို ဝိတိုရိယခေတ်ပုံစံနဲ့ ဆောက်လုပ်ထားတဲ့ (၂၀) ရာစု ခေတ်ဦးအဆောက်အအုံတွေရဲ့ပုံစံအတိုင်း ဥပစာမှာဆင်ဝင် Porch ပါ ထည့်သွင်းတည်ဆောက်ပေးထားတယ်။ လေဝင်လေထွက်နဲ့ သဘာဝအလင်းရောင်ရရှိအောင် ပြတင်းပေါက်တွေကို (Arch)ပုံစံနဲ့ ကျယ်ဝန်းစွာဖောက်လုပ်ပေးထားတယ်။ပင်းယကျောင်းဆောင်ဟာအင်းဝကျောင်းဆောင်၊စစ်ကိုင်းကျောင်းဆောင်၊ပဲခူးကျောင်းဆောင်နဲ့သထုံကျောင်းဆောင်တို့နဲ့ ပေါင်းစည်းထားတဲ့ "ဗဟိုကျောင်းဆောင် (၅) ဆောင်"မှာ တစ်ဆောင် အပါအဝင် ဖြစ်တယ်။

ပင်းယကျောင်းဆောင်ကြီးကိုခရစ်၁၉၂၈ခုနှစ်တွင်ဆောက်လုပ်ပြီးစီးခဲ့တဲ့အတွက် မျက်မှောက်ပြုနေတဲ့ ၂၀၁၇ ခုနှစ် (၂၁) ရာစုမှာတော့ သက်

တမ်းအားဖြင့် နှစ်ပေါင်း (၈၉) နှစ် ရှိနေပြီဖြစ်တာကြောင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ ရှေးဟောင်းလက်ရာ အဆောက် အအုံများ စာရင်းအမှတ်စဉ် (၁၃၂) မှာ "ပင်းယကျောင်းဆောင်၊ ရန်ကုန် တက္ကသိုလ် ပင်မဝင်း၊ ကမာရွတ်မြို့နယ်"လို့ ထည့်သွင်းသတ်မှတ်ထားတာ ဖြစ်တယ်။

ပင်းယကျောင်းဆောင်ကြီးဟာ ရာစုတစ်စုမျှ သက်တမ်းကြာမြင့်ခဲ့ပြီ ဖြစ်ပေမဲ့ တောင့်တင်းခိုင်မာနေဆဲပဲ ဖြစ်ပါပေတယ်။

## ထူးချွန်ထင်ရှား ပင်းယကျောင်းဆောင်သားများ

ပုဂံခေတ်မှာ မပေါ်ထွန်းသေးတဲ့ "ရာသီဘွဲ့စာ/ ကဗျာ"တွေ ထူးခြားစွာ ပွင့်လန်းလာတဲ့ "ပန်းရ"အမည်ကနေ "ပင်းယ"အမည်တွင်လာတဲ့ "ပင်းယ ခေတ်"ကိုအောက်မေ့သတိရဖွယ်ရာအနုပ္ပညာသညာပြုထားတဲ့ပင်းယကျောင်း ဆောင်ကြီးမှာ Yesterday is History ဆိုရိုးနဲ့အညီ မျက်မှောက်သမိုင်းတင် ကာလအထိ ထင်ရှားမှတ်တမ်းဝင်ခဲ့ကြတဲ့ အဆောင်မှူး (ဆရာတွေ)နဲ့ အဆောင်နေ ကျောင်းသားတွေကို "နှစ်ငါးဆယ်တက္ကသိုလ်" (ဓာတ်ပုံမှတ် တမ်း) စာအုပ်ကြီးအား ပြုစုရေးသားခဲ့သူ "မြန်မာ့အသံကျော်ဦး"က အချက် အလက်တွေ ရရှိဖို့ရာ "ပိုက်ပိုက်ထုပ်ထုပ်" စုစည်းခဲ့ရပုံတွေကို မှတ်တမ်းပြု ထားတာက "ကျွန်တော်တက္ကသိုလ်သို့ရောက်စကမည်သည့်ကျောင်းဆောင် သည် မည်သည့်ပုဂ္ဂိုလ်များ၊ ကျောင်းသားဘဝကနေ အဆောင်/အခန်း ... စသည်ဖြင့် သိရှိရလေသော် မိမိကြည်ညိုသူများ၏ နေရာလေးများအဖြစ် ယင်းနေရာလေးကို တန်ဖိုးထား၏။ ချစ်၏။ မိမိတန်ဖိုးထားသလို ချစ်သလိုပင် သူတစ်ပါးကလည်း တန်ဖိုးထားစေချင်၊ ချစ်စေချင်လာ၏။ ထိုနေရာလေးများ နှင့် ပတ်သက်၍ အမှတ်အသား ပြုထားမိ၏။ ထိုအချက်ကလေးများသည် ဤ စာအုပ်အတွက် အုတ်တစ်ချပ်ဖြစ်လာ၏" လို့ သမိုင်းဝင်ရေးသားထားတယ်။

ပင်းယကျောင်းဆောင်ကနေ ထွန်းပေါက်လာတဲ့ ထူးချွန်ထင်ရှား အဆောင်မှူးများကတော့ ၁၉၃၅-၃၆ ပညာသင်နှစ်က ခေတ်စမ်းစာပေနဲ့

ထင်ရှားခဲ့တဲ့ စာရေးဆရာကြီး/စာဆို ဦးဝန်(မင်းသုဝဏ်)နဲ့ ၁၉၃၇ - ၃၈ ပညာသင်နှစ်က "အဆောင်မှူး"ဖြစ်ခဲ့သူ ဦးဘညိမ်းဟာ "၁၉၇၀ ပြည့်နှစ် သမဝါယမစီမံကိန်းနဲ့ သမဝါယမစီမံကိန်း" အောင်မြင်ရေးသည် အဓိကဖြစ်အောင် ဦးစီးစွမ်းဆောင်ပေးခဲ့သူ သမဝါယမဝန်ကြီး ဖြစ်လာတယ်။

အလားတူ ပင်းယကျောင်းဆောင်ကြီးမှာ အဆောင်နေကျောင်းသားအဖြစ်ကနေ ထူးချွန်ထင်ရှားလာခဲ့ကြတဲ့ ကျောင်းသားတွေကတော့ ၁၉၃၄ - ၃၅ တက္ကသိုလ်ပညာသင်နှစ်က နေခဲ့တဲ့ (ဦး)သိန်းဖေ(မြင့်)ဟာ "တက်ဘုန်းကြီး သိန်းဖေ" ဝတ္ထုနဲ့ ထင်ရှားလာခဲ့ကာ အရှေ့က နေဝန်းထွက်သည့်ပမာ ဂန္ထဝင်မှတ်တမ်းကြီးနဲ့ ထင်ရှားခဲ့သလို မြန်မာ့နိုင်ငံရေးသမိုင်းမှာလည်း ထင်ရှားခဲ့တယ်။ ၁၉၃၉ ခုနှစ်အထိ ပင်းယဆောင်သား ဖြစ်ခဲ့တဲ့ "ဦးတင်ဖေ" ကတော့ ပင်လုံစာချုပ်ကြောင့် ထင်ရှားခဲ့တာဖြစ်တယ်။ ၁၉၃၇ - ၃၈ ပညာသင်နှစ်မှာ ပင်းယကျောင်းဆောင်သားဖြစ်ခဲ့သူ မောင်သာလှဟာ နောင်အခါမှာ ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသာလှ ဖြစ်တယ်။ မြန်မာနိုင်ငံရဲ့တပ်ဖွဲ့မှာ ရဲမင်းကြီးတွေဖြစ်ခဲ့ကြတဲ့ ခင်မောင်မောင်နဲ့ တင်မောင်မောင်တို့ဟာလည်း ပင်းယကျောင်းဆောင်သားတွေပါပဲ။ ၁၉၅၂ - ၅၄ တုန်းက ပင်းယကျောင်းဆောင်သားဖြစ်ခဲ့သူ ကိုသန်းလှိုင်ဟာဖြင့် မြန်မာသံစဉ် ဂန္ထဝင်တေးတွေနဲ့ ထင်ရှားကျော်ကြားခဲ့သူများပဲဖြစ်ကြပါကြောင်း သမိုင်းမှတ်တမ်းပြုကာ တင်ပြလိုက်ရပါတယ်။

၀



**Bago Hall**

## မြကျွန်းညိုညို ရန်ကုန်တက္ကသိုလ်ဝင်းအတွင်းက ပဲခူးဆောင်

'Yesterday is History' "ယမန်နေ့သည် သမိုင်းဖြစ်သည်" ဆိုရိုးနဲ့ အညီ ရှေးဟောင်းလက်ရာသမိုင်းဝင် ရန်ကုန်တက္ကသိုလ် ပရဝုဏ်အတွင်းမှာ မြန်မာရာဇဝင်သမိုင်းတွင် ထင်ရှားခဲ့တဲ့ ခေတ်ကာလ အပိုင်းအခြားတွေကို ထင်ဟပ်စေတဲ့ "ကျောင်းဆောင်အမည်"တွေနဲ့ "သူ့ကျွန်သားပေါက်" (သ-ဘောက်)ဖြစ်နေခဲ့ရရှာတဲ့ရန်ကုန်တက္ကသိုလ်ကျောင်းသား/သူတွေကို သာမက မြန်မာပြည်သူတွေကိုပါ အမျိုးသားရေး မျိုးချစ်စိတ်ဓာတ်တွေ ပြန်လည်နိုးကြားလာစေခဲ့တယ်။ ကျွန်ပညာရေးကို ဦးတည်ဖွင့်လှစ်ခဲ့တဲ့ ရန်ကုန်တက္ကသိုလ်ကြီးမှာ ဝံသာနုရက္ခိတစိတ်ဓာတ်တွေ ပြန်လည်ရှင်သန်လာစေအောင် စွမ်းဆောင်ပေးနိုင်ခဲ့သူတွေကတော့ ဝံသာနုသိပ္ပံ/ဝံသာနုတက္ကသိုလ် အဆင့်အထိ၊ ရန်ကုန်တက္ကသိုလ်ကြီးနဲ့ အပြိုင် ဖွင့်လာနိုင်စေခဲ့တဲ့ "အမျိုးသားကျောင်း" (National School) တွေကြောင့်ပဲ ဖြစ်ပါပေတယ်။

## မြန်မာ့သမိုင်းမှာ ဥသာပဲခူး နဲ့ ဟံသာဝတီ(ပဲခူး)တို့ရဲ့ဖြစ်တည်မှု

ဘုရင့်နောင်ကျော်ထင်နော်ရထာဟာ ဘုန်းမီးနေလတောက်ပခဲ့တဲ့ ဒုတိယ မြန်မာနိုင်ငံတော်ကြီးကို နလုံးရည်၊ လက်ရုံးရည် စွမ်းရည်တွေနဲ့ ဘုန်းလက်ရုံး ဆန့်တန်းပြီး "အင်ပါယာကျယ်ဝန်းစွာ" နဲ့ တည်ထောင်ပေးတော်မူခဲ့တယ်။ ဟံသာဝတီ(ပဲခူး) အမည်မရမီက ပုဂံခေတ်နဲ့အပြိုင် "ဥသာ(ပဲခူး)" ရယ်လို့ အမည်ရခဲ့တယ်။ ဥသာ(ပဲခူး)ရဲ့ ပုဂံနဲ့ ခေတ်ပြိုင်ကာလမှာ "အနော်ရထာ၊ မဏိစန္ဒာနဲ့ ကျန်စစ်သား"တို့ရဲ့ "သုံးပွင့်ဆိုင်ချစ်ဇာတ်လမ်း"ဟာ လွမ်းမောဖွယ်ကောင်းလှတဲ့အတွက် ယနေ့ထိတိုင် စွဲလမ်းတသ ဖြစ်နေကြရတာ ဖြစ်ပါတယ်။ ဥသာ(ပဲခူး)ကို "ယိုးဒယား"(ဂျွမ်း)လူမျိုး (ရှမ်း)၊ သော့သွမ်းကိုလည်း "မ"သတ်မည်လို့ ကဝိလက္ခဏာမှာ လာတဲ့အတိုင်း "ဂျွမ်းစစ်သည်" တွေက ကျူးကျော်ဝင်ရောက် တိုက်ခိုက်ကြတယ်။ ဥသာ(ပဲခူး)မင်းက အင်အားမမျှတဲ့အတွက် "ပုဂံနေပြည်တော်"ထံမှ စစ်ကူတောင်းခဲ့ရသည်။ အဲဒီအခါမှာ အနုရုဒ္ဓ အမည်ရတဲ့ အနော်ရထာမင်းမြတ်က "စစ်သည်လေးသိန်း" စစ်ကူပေးမယ်ဆိုကာ "ကျန်စစ်သား၊ ညောင်ဦးဖီး၊ ငလုံးလက်ဖယ်၊ ငထွေရုး" စတဲ့ သူရဲကောင်းလေးယောက်ကိုသာ ဥသာ(ပဲခူး)သို့ စေလွှတ်ပေးခဲ့တယ်။ စစ်သည်လေးသိန်းစွမ်းအားနဲ့ ညီမျှတဲ့ သူရဲကောင်းလေးယောက်ရဲ့ တိုက်စွမ်းရည်ကြောင့် ယိုးဒယားရှမ်းတွေ ဂျွမ်းသဒ္ဒါလန်ပြီး ပြေးခဲ့ကြရတယ်။ အဲဒီမှာတင် "သုံးပွင့်ဆိုင် ချစ်ဇာတ်လမ်း" စတင်ခဲ့တာ မြန်မာတိုင်း သိရှိကြပြီးဖြစ်ပါတယ်။ ပုဂံနဲ့ ပဲခူးတို့ရဲ့ ခေတ်ပြိုင်တည်ရှိခဲ့မှုကို ထင်ရှားစေခဲ့တဲ့ "သံခိပ်လက်ာ"တွင် "ပဲခူး" မှာ "ကန်"၊ "ပုဂံ" မှာ "ဘုရား"လို့ပဲ ဖြစ်တယ်။ ပဲခူးဟာ ပင်လယ်နဲ့နီးတဲ့ ဒီရေရောက်အရပ်ဖြစ်တဲ့အတွက် ပင်လယ်ရေငန်တွေ စီးဝင်လာလေ့ ရှိတယ်။ ဒါကြောင့် သောက်ရေချိုအတွက် ပဲခူးမြို့တစ်ဝန်းမှာ ရေကန်တွေ တူးဖော်ခဲ့ရတာ ဖြစ်ပါတယ်။ သမိုင်းဝင် ထင်ရှားတဲ့ ရေကန်သာအမည်ကတော့ "ပဲခူးလိပ်ပြာကန်"ပေါ့။ လိပ်ပြာကန်နဲ့ ပတ်သက်တဲ့ ဂန္ထဝင်တေး တစ်ပုဒ်ပင် ရှိခဲ့ဖူးတယ်လေ။ ဒါအပြင် ပဲခူးမြို့ရဲ့တံခွန် ဖြစ်တဲ့ ဉာဏ်တော်အမြင့် (၃၂၇) ပေအထိရှိတဲ့ "ရွှေမော်ဓောစေတီတော်ကြီး"ရဲ့ ရွှေသင်္ကန်းရောင် ပြိုး

ပြိုးပြက်ပြက်မဖြစ်ရတာဟာပင်လယ်ကနေတိုက်ခတ်လာတဲ့ဆားငန်ရေတွေ ကြောင့် ဖြစ်တယ်လို့ သက်ကြီးစကား မှတ်သားထားမိပါတယ်။ ဘုရင့်နောင် ကျော်ထင်နော်ရထာရဲ့ "ကမ္ဘောဇသာဒီ" နန်းတော်ကြီးကို မြန်မာ့ကျွန်းသစ် ရတနာတွေနဲ့ ထုထည်တောင့်တင်းခိုင်ခံ့စွာ တည်ဆောက်ထားပြီး နန်းတော် အမိုးတွေကို "ရွှေပြား"တွေနဲ့မိုးထားတာကိုမျက်မြင်တွေ့ရှိခဲ့ရသူအီတလီနိုင်ငံ သား ပြောခဲ့တာက "ကျွန်ုပ်တွေ့ဖူးသမျှ အလှပအခံ့ညားဆုံး အဆောက်အအုံ ပင် ဖြစ်သည်"လို့ ဖြစ်ပါတယ်။ အဲဒီတုန်းက ပဲခူးဟာ ဆိပ်ကမ်းမြို့ဖြစ်ပြီး ရန်ကုန်ကတော့ "ဒဂုံမြို့ငယ်"ဘဝမှာ သိမ်ငယ်စွာတည်ရှိရသေးတဲ့ကာလဖြစ် ကာ စင်ကာပူရ အမည်ရခဲ့တဲ့ "စင်ကာပူ" လိုပဲ တံငါရွာ 'Fisherman Village' အဆင့်မျှသာရှိနေချိန်ပဲဖြစ်တယ်။ ဟံသာဝတီ(ပဲခူး)ကာလမှာ လက်အောက် ခံ နိုင်ငံတွေရဲ့ အမည်နဲ့ မြို့ဝင်/ထွက် တံခါးတွေကို အမည်ပေးခဲ့ရာမှာ "ယိုးဒယားတံခါး"နဲ့ "ထားဝယ်တံခါး"တွေလည်း ပါဝင်ခဲ့တယ်။

## ကုံကော်မြိုင်တန်းအလယ်က ပဲခူးကျောင်းဆောင်

ရန်ကုန်မြို့တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ ရှေးဟောင်း လက်ရာ အဆောက်အအုံများစာရင်း အမှတ်စဉ် (၁၃၃) မှာ ဒုတိယမြန်မာ နိုင်ငံတော်ကြီးရဲ့မြို့တော်ဖြစ်ခဲ့တဲ့ ဟံသာဝတီ(ပဲခူး)ကို ဂုဏ်တင်ကာ မှည့်ခေါ် ထားတဲ့ "ပဲခူးဆောင်၊ ရန်ကုန်တက္ကသိုလ်ပင်မဝင်း၊ ကမာရွတ်မြို့နယ်"လို့ သတ်မှတ်ထည့်သွင်းဖော်ပြထားတယ်။

ရန်ကုန်တက္ကသိုလ်ကြီးရဲ့ ဗဟိုကျောင်းဆောင်ကြီး (၅) ဆောင်မှာ ပါဝင်တဲ့ "ပဲခူးကျောင်းဆောင်ကြီး"ကိုလည်း စစ်ကိုင်းဆောင်၊ ပင်းယကျောင်း ဆောင်၊ အင်းဝကျောင်းဆောင်နဲ့ သထုံကျောင်းဆောင်တွေလိုပဲ ဝိတိုရိယ ခေတ်ပုံစံအုတ်ထမ်း(၃)ထပ်ကျောင်းဆောင်ကြီးအဖြစ်ထုထည်တောင့်တင်း ခိုင်မာစွာနဲ့ ခံ့ညားလှပထည်ဝါစွာ တည်ဆောက်ပေးထားတဲ့ "ဆင်ဝင်" (Porch) ပါအဆောက်အအုံကြီးပဲဖြစ်တယ်။ ကျောင်းဆောင်ကြီးရဲ့ရှေ့မှာ ပန်း ဥယျာဉ် မြက်ခင်းပြင်နဲ့ စိမ်းလန်းစိုပြည်အောင် အလှဆင်ပေးထားတယ်။

ဒါကြောင့် အဆောင်နေ ကျောင်းသားတွေရဲ့ မိတ်ဆုံပွဲတွေနဲ့ ဥယျာဉ်ပွဲ (Garden Party) တွေကို (၂၀) ရာစုအလယ်ကာလအထိ ပျော်ရွှင်စွာ ဆင်ယင်ကျင်းပခဲ့ကြတယ်။ ထုထည်တောင့်တင်းစွာနဲ့ တည်ဆောက်ထားတဲ့ ပဲခူးဆောင် အုတ်ထမ်းအဆောက်အအုံကြီးကို ခရစ် (၁၉၂၈) ခုနှစ်မှာ ဆောက်လုပ်ပြီးစီးခဲ့တယ်။ မျက်မှောက်ပြုနေတဲ့ (၂၀၁၇) ခုနှစ်မှာ သက်တမ်း (၈၉) နှစ် ရှိနေပြီဖြစ်တဲ့ ရှေးဟောင်းလက်ရာ စာရင်းဝင်သမိုင်းတင် အဆောက်အအုံကြီး ဖြစ်နေပါပြီ။

## သမိုင်းဝင်ကျောင်းဆောင်ကြီးက သမိုင်းတင်ပုဂ္ဂိုလ်များ

ရှေးဟောင်းလက်ရာ စာရင်းဝင် ကျောင်းဆောင်ကြီးမှာ "သမိုင်းတင်ရမယ့်အဆောင်မှူး (ဆရာ) တာဝန်ထမ်းဆောင်ခဲ့သူတွေ"ထဲမှာ ၁၉၂၈-၂၉ ရန်ကုန်တက္ကသိုလ်ရဲ့ ပညာသင်နှစ်မှာ နောင်အခါတွင် တပ်မတော်၌ "စစ်ရေးချုပ်" တာဝန်ထမ်းဆောင်ခဲ့ရသူ ဗိုလ်မှူးချုပ်မောင်မောင်ကျော်ဝင်းဟာ အဆောင်မှူးတာဝန်ထမ်းဆောင်ခဲ့သလို ၁၉၂၉-၃၀ ပညာသင်နှစ်ရောက်တဲ့အခါ ဆရာဇော်ဂျီ (ဦးသိန်းဟန်) အဆောင်မှူး ဖြစ်လာတယ်။ ခေတ်စမ်းစာပေကလောင်ရှင်တွေထဲမှာပါဝင်ခဲ့သူ ဆရာဇော်ဂျီဟာ "ဇော်ဂျီရဲ့စာ"တွေနဲ့ လူ့သဘာဝအဖွဲ့အနွဲ့တွေကို ခြယ်မှုန်းတင်ပြခဲ့တယ်။ လွတ်လပ်ရေးနေ့ အတွေး၊ ပြည်ထောင်စုနေ့ အတွေးတွေနဲ့လည်း မျိုးချစ်စိတ်ဓာတ်နဲ့ ပြည်ထောင်စုစိတ်ဓာတ်တွေ ဖွံ့ဖြိုးလာအောင် စွမ်းဆောင်ပေးနိုင်ခဲ့တယ်။ အခက်အခဲနဲ့ ကြုံတွေ့ရတဲ့အခါ "ဗေဒါပျံ အံ့ကိုခဲပြီး၊ ပင်ပန်းလျက်ပဲ" ဖြစ်စေနိုင်တဲ့ စိတ်ဓာတ်တွေ ရှင်သန်စေခဲ့တယ်။ "သင်သေသောအခါ ကဗျာ"နဲ့ မွေးရာဇာတိမြေကို အခြေတိုးမြင့်အောင် စွမ်းဆောင်ပေးကြဖို့ရာ တိုက်တွန်းရင်း "ဝံသာနုရက္ခိတစိတ်ဓာတ်" အမွေပေးအပ်ခဲ့သူ ဖြစ်တယ်။

၁၉၃၄-၃၅ ပညာသင်နှစ်မှာ အဆောင်မှူးဖြစ်ခဲ့သူ "ဦးအုံး"ဟာ ဝန်ကြီးချုပ်ရဲ့ အကြံပေးအရာရှိ ဖြစ်ခဲ့ပြီးနောက်မှာ မြန်မာနိုင်ငံရဲ့ ကုလသမဂ္ဂ ကိုယ်စားလှယ်တာဝန်ကိုပါ ထမ်းဆောင်ခဲ့ရတယ်။ ရန်ကုန်တက္ကသိုလ် ပါဠိ

ပါမောက္ခ ဦးလှအောင်နဲ့ မန္တလေးတက္ကသိုလ်ပါမောက္ခချုပ် တာဝန်ထမ်းဆောင်ခဲ့သူ ဆရာကြီးဦးကျော်ရင်တို့ဟာလည်း သမိုင်းတင် ပဲခူးကျောင်းဆောင်ကြီးရဲ့အဆောင်မှူး (ဆရာ)တွေပဲ ဖြစ်ကြပါပေတယ်။

ပဲခူးကျောင်းဆောင်သားတွေထဲမှာ ထူးခြားစွာ မှတ်တမ်းပြုရမည့်သူတွေကတော့ ဦးသိန်းဟန်(ဆရာဇော်ဂျီ) ဟာ ၁၉၂၈-၂၉ ပညာသင်နှစ်မှာပဲ ကျောင်းဆောင်သားဘဝကနေ အဆောင်မှူးတာဝန်ကိုပါ ထမ်းဆောင်ခဲ့ရသူဖြစ်တယ်။ ၁၉၂၈-၃၁ ပညာသင်နှစ်မှာ အင်္ဂလိပ်စာပါမောက္ခ ဦးမျိုးမင်း၊ ၁၉၃၃ ခုနှစ်အထိ အဆောင်နေကျောင်းသားဖြစ်ခဲ့သူ ဦးဝန် (မင်းသုဝဏ်)၊ ၁၉၃၄-၃၅အဆောင်နေကျောင်းသားဗိုလ်မှူးကြီးဘာသာ(တပ်မတော်ရေ)၊ ဗိုလ်မှူးကြီး မောင်မောင်ရှင်(တပ်မတော်လေ)တို့အပြင် မန္တလေးတက္ကသိုလ်ပါမောက္ခချုပ် ဦးလှရွှေ၊ ဝန်ကြီးချုပ်(ဟောင်း)ဦးနု တို့သာမက ၁၉၃၆-၃၇ ပညာသင်နှစ်မှာ လွတ်လပ်ရေးရဲ့ လမ်းပြတပ်မတော်ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းဟာ (သဟာယနှင့် စာဖတ်အသင်းဥက္ကဋ္ဌ) တာဝန်ကိုပါ ထမ်းဆောင်ခဲ့ပါတယ်။

ဗိုလ်ချုပ်အောင်ဆန်းဟာ ပဲခူးဆောင် အခန်းအမှတ် (၁၁၃) မှာ နေထိုင်ခဲ့တယ်။ ၁၉၅၇-၅၈ ခုနှစ်မှာ ပဲခူးကျောင်းဆောင်သဟာယနှင့် စာဖတ်အသင်းက အဆောင်မှူး ဦးကျော်ရင်(မန္တလေးတက္ကသိုလ်ပါမောက္ခချုပ်) နဲ့ ညှိနှိုင်းပြီး အောင်ဆန်းအခန်း တည်ထားရေးအဖွဲ့ကို ဖွဲ့စည်းပြီး ဗိုလ်ချုပ်အောင်ဆန်း ကျောင်းသားဘဝက နေထိုင်စဉ်ကလို ဆောင်ရွက်ခဲ့ရာမှာ ကျောင်းနေဘက်ဖြစ်ခဲ့သူ ဦးလှရွှေ(မန္တလေးတက္ကသိုလ် ပါမောက္ခချုပ်) က အစွမ်းကုန် အကူအညီပေးခဲ့တယ်။ ဒါကြောင့် "အောင်ဆန်းခန်းမ"ဖွင့်ပွဲကို ၁၉၅၇ ခုနှစ်၊ နိုဝင်ဘာလ (၁၅) ရက်နေ့မှာ ကျင်းပနိုင်ခဲ့တယ်။ အောင်ဆန်းခန်းမဆောင်ကို အများပြည်သူကြည့်ရှုနိုင်ရန် "အာဇာနည်နေ့"တိုင်းတွင် ဖွင့်လှစ်ပြသပေးနေပါတယ်။

၀



**Sagaing Hall**

## မြဲကျွန်းညီညို ရန်ကုန်တက္ကသိုလ်ဝင်းအတွင်းက စစ်ကိုင်းဆောင်

ရန်ကုန်တက္ကသိုလ်ရဲ့"အတိတ်သမိုင်းကြောင်း"အားဆန်းစစ်လေ့လာကြည့်တဲ့အခါ နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေး၊ နိုင်ငံတော်ကာကွယ်ရေး (တက္ကသိုလ်အရန် တပ်ရင်းကနေ တပ်မတော်သားပေါင်းများစွာ မွေးထုတ်ပေးခဲ့ဖူးတယ်) စတဲ့ အခန်းကဏ္ဍများတွင် အရေးပါအရာရောက်တဲ့နေရာမှာ တည်ရှိခဲ့ဖူးတယ်။ ကံ့ကော်မြိုင်တန်းအလယ်မှာ တည်ရှိခဲ့တဲ့ ရန်ကုန်တက္ကသိုလ်ကြီးကနေ နိုင်ငံအတွက် ခေါင်းဆောင်တွေ၊ ပညာရှင်တွေ၊ အနုပညာရှင်တွေနဲ့ မျိုးချစ်တပ်မတော်သားပေါင်းများစွာ (တိုင်းပြည်ကနန်၊ မုန်တိုင်းက ထန်ထန် ကာလတွင် အင်းစိန်တိုက်ပွဲ၌ ပါဝင်တိုက်ခိုက်ရင်းအသက်ပေးသွားခဲ့ကြရတဲ့ တက္ကသိုလ်ကျောင်းသား တပ်မတော်သားတွေပင် ရှိခဲ့ဖူးတယ်)ကိုပါ မွေးထုတ်ပေးနိုင်ခဲ့ပါတယ်။ အဲဒီလို အမျိုးသားရေးသမိုင်းမှာ ကဏ္ဍပေါင်းများစွာကို နေရာယူထားနိုင်ခဲ့တဲ့အတွက် "ရန်ကုန်

တက္ကသိုလ်ကြီးရဲ့ အတိတ်ပုံရိပ်" တွေဟာ ရွှန်းလက်တောက်ပခဲ့ခြင်းပဲ ဖြစ်ပါပေတယ်။

အင်းလျားကန်လို့ အန္တတ္တသညာ ခေါ်ဝေါ်နေကြတဲ့ ရတနာကန်ကြီးကို နောက်ခံထား တည်ဆောက်ထားတဲ့ ရန်ကုန်တက္ကသိုလ်နယ်မြေ (University Campus) အတွင်းမှာ "ဘွဲ့နှင်းသဘင်ခန်းမဆောင်ကြီး"ကို ဗဟိုထားပြီး လက်ဝဲဘက်မှာ "ဝိဇ္ဇာစာသင်ဆောင်များ"၊ လက်ယာဘက်မှာ "သိပ္ပံစာသင်ဆောင်များ"နဲ့ ဝန်းရံတည်ဆောက်ထားကာ အဓိပတိလမ်းမကြီးနဲ့ ဆက်စပ်သွယ်တန်းပေးထားတယ်။ အဲဒီလို စာသင်ဆောင်ကြီးတွေနဲ့ တက္ကသိုလ်စာကြည့်တိုက် အဆောက်အအုံကြီးတွေကို တည်ဆောက်ပေးပြီးတဲ့အခါ တက္ကသိုလ်ပရဝဏ်အတွင်းမှာပဲ ဗဟိုကျောင်းဆောင် (Hostel) တွေဖြစ်ကြတဲ့ "စစ်ကိုင်း၊ ပင်းယ၊ အင်းဝနဲ့ ပဲခူးကျောင်းဆောင်"တွေကို ဆက်လက်တည်ဆောက်ပေးရင်း အဆောင်နေသူတွေအတွက် "ဗဟိုထမင်းဆောင်"ကိုပါ ဆောက်လုပ်ပေးပြီးတဲ့အခါ အဆောင်တွေနဲ့ ဆက်စပ်သွားလာနိုင်ဖို့စင်္ကြံတွေကိုပါဆက်လက်တည်ဆောက်ပေးခဲ့တယ်။ဒါပေမဲ့ရန်ကုန်တက္ကသိုလ်ဖွင့်ကာစမှာ ကျောင်းဆောင်တွေ အပြီးသတ် မတည်ဆောက်ရသေးတဲ့အတွက် အဆောင်မှာနေမယ့် ကျောင်းသားအသစ်တွေကိုသာ "ရက်သတ္တပတ်ကြိုတင်" လက်ခံနေခွင့်ပေးနိုင်ခဲ့တယ်။ အဆောင်နေ ကျောင်းသားဟောင်းတွေကို ကြိုတင်လက်မခံနိုင်ခဲ့တာကြောင့် "စစ်ကိုင်းဆောင်အပါအဝင်" ကျောင်းဆောင်သစ် (Hostel) တွေကို တည်ဆောက်ပေးခဲ့ရတာဖြစ်တယ်။ ကျောင်းသူတွေအတွက် ကျောင်းဆောင်တွေ မရှိသေးတာကြောင့် "နေ့ကျောင်းသူ" (Day Student) အဖြစ် ရန်ကုန်မြို့ထဲကနေ ကျောင်းတက်ခဲ့ရတဲ့ အခြေအနေကို နေ့ကျောင်းသူ မကြေးမှုံက "ဝံသာနုသိပ္ပံ" ဆောင်းပါးတွင်ပီပြင်စွာမှတ်တမ်းတင်ထားတာက "သွားရမည့်ကျောင်းဌာန၊ကုက္ကိုင်းရပ်ဒေသကလည်း အတော်အတန် ခရီးထောက်သဖြင့် နံနက်အရုဏ်ကျင်း၍ အလင်းသို့ရောက်သည့်အချိန် ပေါင်းအဖော် ကျောင်းတော်သူတစ်စုနှင့် မလွဲအစဉ်သွားရသော ကျွန်မတို့ လှည်းယာဉ်ကလေးများမှာ ပြည်လမ်းတစ်

လျှောက် ကျောင်းသို့အရောက် အမြန်မောင်းခဲ့ရာ ကျောင်းတော်ဝိဟာသို့ နေထန်းတစ်ဖျားလောက်အချိန်တွင် ရောက်ရှိပါကြောင်း" လို့ ကျောင်းသူတွေ အတွက် ကျောင်းဆောင်မရှိသေးလို့ ရန်ကုန်မြို့ထဲကနေ ကျောင်းလာတက် ကြပုံမှာ Means of Transport ဖြစ်တဲ့ ခရီးသွားလှည်းယာဉ်ကိုသာ အသုံးပြု ခဲ့ကြရပုံနှင့် အရှက်တက်စကပင် လှည်းယာဉ်ကို စတင်မောင်းနှင်လာခဲ့ကြ တာနေထန်းတစ်ဖျား[နံနက် (၉) နာရီခန့်]ကျမှသာကျောင်းတော်ဝိဟာဖြစ်တဲ့ (Rangoon University) သို့ ရောက်ရှိခဲ့တယ်။ ကျောင်းသူလေးတွေ ဖြစ်ကြ တဲ့ "မကြေးမျှင်" နဲ့ အပေါင်းပါတွေ နေထိုင်ခဲ့ကြတဲ့ အိမ်ဂေဟာတည်ရာ ကတော့ လမ်းမတော်ခေါ်သည့် ဂေါ်ဒဝင် (Godwin) လို့ သမိုင်းဝင် မှတ်တမ်း တင်ထားတဲ့အတိုင်း လမ်းမတော်ဆိုတာ ကုန်းဘောင်မင်း (သာယာဝတီ) ဝင်/ထွက်သွားလာရာဖြစ်လို့ "လမ်းမတော်"ခေါ်တွင်ခဲ့ရာကနေ နယ်ချဲ့လက် အောက်သို့ ရန်ကုန်မြို့ ရောက်ရှိသွားချိန်မှာ နယ်ချဲ့တပ်က Lt: General, Sir Henry Godwin အမည်သို့ ပြောင်းလဲခဲ့တာဖြစ်တယ်။ အဲဒီလမ်းဟာ ရန်ကုန် မြို့ရဲ့ပထမဦးဆုံး ကတ္တရာလမ်းအဖြစ် ခင်းကျင်းပေးခဲ့တဲ့လမ်းလည်း ဖြစ်တယ် လေ။

## ဇေယျာပူရအမည်ရတဲ့ "စစ်ကိုင်းဆောင်"

ပထမမြန်မာနိုင်ငံတော် "ပုဂံ" ပျက်သုဉ်းသွားခဲ့ရပြီးနောက်ပိုင်းမှာ "စစ်ကိုင်း၊ ပင်းယ၊ အင်းဝ"စတဲ့ ပဒေသရာဇ်နိုင်ငံငယ်လေးတွေ မြန်မာ့သမိုင်း မှာ ပေါ်ပေါက်ခဲ့ဖူးတယ်။ အောင်မြင်မှုအပေါင်း ခညောင်းတဲ့မြို့လို့ အဓိပ္ပာယ် ရတဲ့ "ဇေယျာပူရ" စစ်ကိုင်းဟာ "မြစ်မင်းဧရာ၊ ခွေကာဝိုင်းတဲ့ စစ်ကိုင်းတောင် တော်မဟာ" တည်ရှိရာ အရပ်ဒေသဖြစ်တယ်။ မြန်မာ့သမိုင်းတွင် ထင်ရှားခဲ့တဲ့ မြန်မာမင်းတွေ ထီးနန်းစိုက်ခဲ့ရာ မြို့တော်တွေရဲ့အမည်နဲ့ ရန်ကုန်တက္ကသိုလ် ကျောင်းဆောင်တွေကို "အနုတ္တသညာ"ပြုကာ ခေါ်ဝေါ်ခွင့်ရအောင် စွမ်း ဆောင်နိုင်ခဲ့တဲ့အတွက် ကိုလိုနီခေတ်ဦး တက္ကသိုလ်ကျောင်းသား/သူတွေမှာ "ဝံသာနုရက္ခိတ စိတ်ဓာတ်"တွေ ရှင်သန်တိုးပွားလာစေခဲ့တယ်။

စစ်ကိုင်းကျောင်းဆောင်ကြီးကိုတော့ ရန်ကုန်တက္ကသိုလ်ကြီး ဖွင့်လှစ်ပြီး (၈) နှစ်အကြာ ခရစ် (၁၉၂၈) ခုနှစ်မှာ စတင်ဆောင်လုပ်ပေးခဲ့တယ်။ စစ်ကိုင်းကျောင်းဆောင်ကြီးဟာ ဝိတိုရိယခေတ်ပုံစံ အုတ်ထမ်း (၃) ထပ် အဆောက်အအုံကြီးဖြစ်ပေမဲ့ မြန်မာ့သမိုင်းမှာ တစ်ခန်းတစ်ကဏ္ဍကနေ ပါဝင်ခဲ့တဲ့ မင်းနေပြည်တော် ဖေယျာပူရအား အကြောင်းပြုကာ "စစ်ကိုင်းဆောင်"လို့ နယ်ချဲ့ခေတ်မှာပင် အမည်ပေးခေါ်ဝေါ်ခဲ့ကြတာဖြစ်တယ်။ ရန်ကုန်တက္ကသိုလ် ပင်မဝင်းအတွင်းမှာ တည်ရှိခဲ့တဲ့ "စစ်ကိုင်းကျောင်းဆောင်ကြီး" ဟာ ယခုအခါ သက်တမ်း နှစ် (၉၀) ကျော်နေပြီဖြစ်လို့ ရန်ကုန်မြို့တော် စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ ရှေးဟောင်းလက်ရာ အဆောက်အအုံများ စာရင်းအမှတ် (၁၃၁) မှာ သမိုင်းဝင် အဆောက်အအုံအဖြစ် ပါဝင်နေတာလည်း ဖြစ်ပါပေတယ်။

စစ်ကိုင်းကျောင်းဆောင်ကြီးကို စတင်ဆောက်လုပ် ပြီးစီးခဲ့စဉ်က ကျောင်းသားအိပ်ဆောင်အဖြစ်နဲ့သာမက ရန်ကုန်တက္ကသိုလ် အုပ်ချုပ်ရေးရုံးခန်းအဖြစ်နဲ့ပါ အသုံးပြုခဲ့ဖူးတယ်။ ၁၉၂၈ ခုနှစ်မှာ စတင်ဆောက်လုပ်ခဲ့တဲ့ စစ်ကိုင်းဆောင်ကြီးဟာ သစ်လွင်လုပဆဲကာလမှာပဲ ဒုတိယကမ္ဘာစစ်ဘေးဒဏ်နဲ့ ကြုံတွေ့ခဲ့ရရှာတယ်။ ဘာကြောင့်လဲဆိုတော့ ဒုတိယကမ္ဘာစစ်ကြီးအတွင်းမှာ ရန်ကုန်မြို့ကြီးဟာ စစ်လေယာဉ်ပျံတွေက ကြဲချတဲ့ "ပုံးဒဏ်"နဲ့ စက်သေနတ်နဲ့ ပစ်ခတ်မှုတွေကို "နှစ်ကြိမ်နှစ်ပြန်" ခံစားခဲ့ရတယ်။ ပထမအကြိမ်မှာ နယ်ချဲ့တွေ အုပ်စိုးထားတဲ့ ရန်ကုန်မြို့ကြီးကို "ဝင်ရိုးတန်းအဖွဲ့ဝင်" Nippon တွေက "ကျွဲညီနောင် လေယာဉ်ပျံ"တွေနဲ့ စတင်ပုံးကြဲကာ စက်သေနတ်နဲ့ ပစ်ခတ်ဖျက်ဆီးခဲ့ကြတယ်။ ဒုတိယအကြိမ်မှာတော့ "နီပွန်-ဘီရမာ-ဘန်ဇိုင်း" ကြွေးကြော်သံနဲ့ ဗမာ့လွတ်လပ်ရေးတပ်မတော် BIA ရဲ့ ကျောထောက်နောက်ခံနဲ့ ဂျပန်တပ်တွေ ရန်ကုန်မြို့အား ဝင်ရောက်သိမ်းပိုက်နိုင်တဲ့အခါ စစ်ပြေးနယ်ချဲ့တွေက "မြေလှန်စနစ်"နဲ့ ရန်ကုန်မြို့ကြီးကို ပုံးကြဲဖျက်ဆီးခဲ့ပြန်တာပဲဖြစ်တယ်။ အဲဒီမြေလှန်ပုံးဒဏ်ကြောင့် "ရန်ကုန်ဆိပ်ကမ်းနဖူးက ဗိုလ်တထောင်စေတီတော်" ပြိုကျမြေခခဲ့ရသလို ရန်ကုန်မြို့လယ်က

"ဆူးလေစေတီတော် အနောက်ဘက်မုခ်"နဲ့ ဆူးလေစေတီတော်ရဲ့ မျက်နှာချင်းဆိုင်မှာ တည်ရှိနေတဲ့ "ဖမာနွေလခရစ်ယာန် Church "အဆောက်အအုံလည်း ပုံးဒဏ်ခ ပျက်စီးခဲ့ရရှာတယ်။ နယ်ချဲ့လေယာဉ်ပျံတွေက ရန်ကုန်တက္ကသိုလ်နယ်မြေ University Campus ကိုပါ ပုံးကြဲပြီး မြေလှန် ဖျက်ဆီးတဲ့အခါ ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်ကြီး အပါအဝင် "စစ်ကိုင်းကျောင်းဆောင်ကြီး"ပါ ပုံးဒဏ်ကြောင့် အကြီးအကျယ် ပျက်စီးခဲ့ရရှာတယ်။

## ဧယျာပူရ စစ်ကိုင်းကျောင်းဆောင်ကြီးက သမိုင်းတွင်သူများ

ခရစ် (၁၉၂၈) ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် ပရဝဏ်အတွင်းမှာ တည်ဆောက်ခဲ့တဲ့ သမိုင်းဝင် စစ်ကိုင်းကျောင်းဆောင်ကြီးမှာ "အဆောင်မှူး" စဉ်ဆက်တာဝန် ထမ်းဆောင်ခဲ့ကြသူတွေထဲမှာ မျက်မှောက်သမိုင်းတင် ကာလအထိ ထင်ရှားခဲ့သူတွေကတော့ ၁၉၃၅-၃၆ ခုနှစ်များအတွင်း အဆောင်မှူးတာဝန် ထမ်းဆောင်ခဲ့သူ "ဦးယုခင်"ဟာ နောင်ကာလတွင် "နိုင်ငံခြားဘာသာသင်ကျောင်း"ရဲ့"ကျောင်းအုပ်ကြီး"အဖြစ် ထင်ရှားခဲ့သူဖြစ်တယ်။ အလားတူ စာပေဆုရှင် စာရေးဆရာကြီး "ကျော်အောင်" (ဦးကျော်အောင်)ဟာ "မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်း အဖွဲ့(ဗဟို)" ဥက္ကဋ္ဌတာဝန် ထမ်းဆောင်ခဲ့သူဖြစ်ပြီး မြန်မာစာပေနယ်တွင် ထင်ရှားခဲ့သူဖြစ်ပြီး "တောရိုင်းမြေ" စာအုပ်နဲ့ စာပေဆုရခဲ့တယ်။

ရန်ကုန်တက္ကသိုလ်ကြီးရဲ့အတိတ်သမိုင်းကြောင်းမှာ "ရှွန်းလက်ခဲ့တဲ့" ကာလတွေတုန်းက စစ်ကိုင်းကျောင်းဆောင်ကြီးတွင် ကျောင်းအိပ်ကျောင်းစား "အဆောင်နေသူများ"ထဲကနေ နိုင်ငံအတွက် မွေးထုတ်ပေးခဲ့တဲ့ "ထူးချွန်ထင်ရှား တို့ကျောင်းတော်သားများ" ကတော့ ခရစ် (၁၉၃၅-၁၉၃၆) ကာလများတွင် အဆောင်နေကျောင်းသားတွေထဲကနေ နောင်အခါမှာ ရန်ကုန်တက္ကသိုလ်ကြီးရဲ့ ဓာတုဗေဒပါမောက္ခ ဖြစ်လာသူက "ဦးအောင်ခင်"ပဲ ဖြစ်တယ်။ အလားတူ စစ်ကြိုခေတ်နဲ့ စစ်ပြီးခေတ် (လွတ်လပ်ရေးရပြီးချိန်အထိ) ထင်ရှားခဲ့တဲ့ စာရေးဆရာကြီး "တက္ကသိုလ်ဆုမြိုင်"နဲ့ "သံအမတ်ကြီးဦးတင်

မောင်ကြီး" တို့ဟာလည်း စစ်ကြိုခေတ်က ကျောင်းသားတွေ ဖြစ်ခဲ့ကြတယ်။ ၁၉၃၇-၃၈ ကာလတွင် စစ်ကိုင်းကျောင်းဆောင်နေ ကျောင်းသားတစ်ဦး ဖြစ်တဲ့ ထားဝယ်သား (ကျားကြီးဗဆွေ) အမည်ရခဲ့သူ (တည်မြဲ) ဖဆပလ ခေါင်းဆောင် "ဦးဗဆွေ" ဟာ မြန်မာ့နိုင်ငံရေးသမိုင်းတွင် ထင်ရှားသူဖြစ်ပြီး ကာကွယ်ရေးဝန်ကြီး၊ ဝန်ကြီးချုပ်(ခေတ္တ)အထိ တာဝန်ထမ်းဆောင်ခဲ့သူ ဖြစ်တယ်။ ၁၉၃၈-၃၉ ခုနှစ်မှာ စစ်ကိုင်းဆောင်နေ ကျောင်းသားတစ်ဦးဖြစ်ခဲ့သူ ဗိုလ်မှူးကြီးသန်းစိန်ကတော့ နောင်အခါမှာ "တော်လှန်ရေးကောင်စီဝင်" အဖြစ်ထင်ရှားခဲ့သူဖြစ်ကာမြန်မာ့နိုင်ငံရေးသမိုင်းတွင်ထင်ရှားခဲ့သူဖြစ်တယ်။ အလားတူ စစ်ကိုင်းကျောင်းဆောင်သား မောင်ဌေးမြိုင်ဟာ နောင်အခါမှာ စာရေးဆရာကြီး "ဒဂုန်တာရာ"အနေနဲ့ ထင်ရှားနေသူဖြစ်တယ်။ စာရေးဆရာ "မောင်အာယု"လည်း စစ်ကိုင်းကျောင်းဆောင်သားပဲ ဖြစ်ပါတယ်။

ရန်ကုန်မြို့ကြီးအား ဦးစွာပထမ "ချွေးဖြင့်ဆေးပေးကာ" မြို့သစ်တွေ တည်ဆောက်ပေးပြီး "အိုးပိုင်အိမ်ပိုင်"နဲ့ အခြေခိုင်စေခဲ့သူ ရန်ကုန်မြို့တော် အုပ်ချုပ်ရေးမှူး (မြို့တော်ဝန်) ဗိုလ်မှူးကြီးထွန်းစိန်ဟာလည်း စစ်ကြိုခေတ်က စစ်ကိုင်းကျောင်းဆောင်သား ဖြစ်ခဲ့သူပါပဲ။ လွတ်လပ်ရေးရပြီးစက ရွှန်းလက်တဲ့ ရန်ကုန်တက္ကသိုလ်ရဲ့ နေ့ရက်များတွင် စစ်ကိုင်းကျောင်းဆောင်သား ဖြစ်လာသူတစ်ဦးက နောင်အခါမှာ "ပညာရေးဝန်ကြီး"ဖြစ်လာသူ "ဒေါက်တာ ညီညီ"ပဲ ဖြစ်ပါတယ်။ အဲဒီကာလတွေမှာ စာရေးဆရာကြီး "မင်းယုဝေ"ဟာ လည်း စစ်ကိုင်းဆောင်သား ဖြစ်ခဲ့ပါတယ်။ ၁၉၅၂-၅၇ ခုနှစ်က မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ (ပဟို)တွင် အလုပ်အမှုဆောင် ဖြစ်နေသူ ဦးမြင့်ကြွယ် (မောင်မြင့်ကြွယ်)တို့ကတော့ ရန်ကုန်တက္ကသိုလ်ရဲ့ နှစ်ငါးဆယ်ပြည့် ရွှေရတုကာလအတွင်းတွင် စစ်ကိုင်းကျောင်းဆောင်ကြီးကနေ ပေါ်ထွန်းလာခဲ့ကြတဲ့ထင်ရှားသူတွေပဲဖြစ်ပါကြောင်း သမိုင်းမှတ်တမ်းပြုကာတင်ပြလိုက်ရပါတယ်။

၀



**Thaton Hall**

# မြကျွန်းညိုညို ရန်ကုန်တက္ကသိုလ်ပင်မဝင်းအတွင်းက သထုံဆောင်

"Leaders are made, not born" "ခေါင်းဆောင်ဆိုတာ ပျိုးထောင်ရတာ၊ မိုးကျရွှေကိုယ် ပေါက်ဖွားလာတာ မဟုတ်ဘူး" ဆိုရိုးနဲ့အညီ အမျိုးသားနိုင်ငံရေးသမိုင်းကို ရွှန်းလက်အောင် စွမ်းဆောင်ပေးကြမယ့် ပညာပြည့်ဝ၊ နလုံးလှပြီး လောကကို အလှဆင်ပေးကြမယ့် "လူ့စွမ်းအား အရင်းအမြစ်" (Human Resources) တွေအတွက် အဆင့်မြင့်ပညာ (Higher Education) တွေကို သင်ကြားပေးတဲ့ "တက္ကသိုလ်"တွေကသာ ပျိုးထောင်ပေးခဲ့ကြရတာ ဖြစ်တယ်။ တက္ကသိုလ်(တက္ကသီလာ)ဟာ ပါဠိဘာသာက ဆင်းသက်လာတာ ဖြစ်ပြီး "အဆင့်မြင့်ပညာရပ်"တွေကို ဆည်းပူးလေ့လာနိုင်တဲ့ ကျောင်းတော်မဟာကြီးဖြစ်တယ်။ ရှေးအတိတ်ကပင် မင်းညီမင်းသားနဲ့ သူဌေးသားတွေဟာ "အဋ္ဌာရသ (တစ်ဆယ့်ရှစ်ရပ်သောပညာ)"တွေ ဆည်းပူးနိုင်ကြဖို့ရာ ဝေးလံခေါင်သီလှတဲ့ "တက္ကသီလာ"သို့ သွားရောက်ကာ ပညာဆည်းပူး

သင်ယူခဲ့ကြရတယ်။ မင်းညီမင်းသားတွေဟာ အဌာရသ ပညာရပ်တွေကို ထူးချွန်ထက်မြက်စွာ တတ်မြောက်ကြပါမှ "ထီးမွေနန်းလျာ"ကို ဆက်ခံခွင့်ရခဲ့ကြတာ ဖြစ်တယ်။ တိုင်းပြည်ကို ခေါင်းဆောင်မယ့်သူတွေဟာ လက်ရုံးရည်တွင်သာမက နှလုံးရည်ပါပြည့်စုံကာ "သတ္တိ၊ ဗျတ္တိ" ရှိကြရမယ့်သူတွေ မဟုတ်ပါလား။ "ကမ္ဘာဇမ္ဗူ မြန်မာလူ" ဖြစ်ခဲ့ကြတဲ့ "ဘိုးဘ"တို့အနေဖြင့် သမိုင်းစဉ်ဆက်မှာ ဝင့်ထည်ခံ့ညားစွာ ရပ်တည်နိုင်ခဲ့တာဟာ "ပျိုးထောင်ပေါ်ထွန်း"လာတဲ့ ခေါင်းဆောင်ကောင်းတွေကြောင့် ဖြစ်တယ်ဆိုတာကို ပထမမြန်မာနိုင်ငံ၊ ဒုတိယမြန်မာနိုင်ငံကာလနဲ့ တတိယမြန်မာနိုင်ငံ ကာလတွေမှာ သမိုင်းသက်သေအနေနဲ့ ထင်ထင်ရှားရှား တွေ့မြင်နိုင်ကြပါပေတယ်။

## သာသနာအစ၊ သုဝဏ္ဏဘူမိ(သထုံ)က

"လူမျိုးတစ်မျိုး၏ တိုးတက်ကြီးပွားမှုတွင် ရာဇဝင်(သမိုင်း)သည် အသက်သွေးကြောပင် ဖြစ်သည်" မြန်မာနိုင်ငံကို ခေါမ/ရောမခေတ်ကပင် "သုဝဏ္ဏဘူမိ (ရွှေမြေ)"လို့ တင်စားခေါ်ဝေါ်ခဲ့ကြတာ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ သယံဇာတကြွယ်ဝမှုတွင် မြေပေါ်၊ မြေအောက်၊ ရေပေါ်၊ ရေအောက်တွေမှာ အလျှံပယ်တည်ရှိနေတာကြောင့်ပဲ ဖြစ်တယ်။ မြန်မာဘုရင်အဆက်ဆက်ကို "ရွှေတွင်း၊ ငွေတွင်း၊ ပယင်း၊ ဒုတ္တာရတနာ ခုနစ်ပါးတို့ရဲ့အရှင်"လို့ ရွှေနားတော် သွင်းလျှောက်ထားခဲ့ကြတာဟာ မြှောက်ပင့်နေတာ မဟုတ်ဘဲ တိုင်းပြည်ရဲ့သယံဇာတကြွယ်ဝမှုကို ဖော်ညွှန်းတဲ့ သမိုင်းမှတ်တိုင်တစ်ခုပဲ ဖြစ်ပါပေတယ်။ ရွှေမြေလို့ အဓိပ္ပာယ်ရတဲ့ "သုဝဏ္ဏဘူမိ" အမည်နာမကလည်း မြန်မာ့သမိုင်းစဉ်ဆက်မှာ အဓိကကျတဲ့နေရာကနေ ပါဝင်နေခဲ့တာ အခုထိတိုင်ပါပဲ။

## သုဝဏ္ဏဘူမိအမည်အရ "သထုံ"ရဲ့ပကတူး (အစ)

"မဟာသက္ကရာဇ် (၉၄) ခုနှစ်ခန့်တွင် ပဲခူးရိုးမရဲ့ အဆုံးဖြစ်တဲ့ စစ်တောင်းမြစ်ဝမှာ 'သုဝဏ္ဏဘူမိ' လို့ခေါ်တဲ့ 'သထုံပြည်' ကိုစတင်တည်ထောင်

ခဲ့သူတွေဟာ 'တိဘက်ကုန်းမြေ' ကနေ ဆင်းသက်လာကြတဲ့ 'မွန်ဂိုလ် (လွိုက်)အနွယ်တွေ'ပဲ ဖြစ်တယ်။ အဲဒီမွန်ဂိုလ်အမည်ကနေ 'ဂိုလ်' ပျောက်ကွယ်သွားတာ 'မွန်' လူမျိုးရယ်လို့ ဖြစ်တည်ပေါက်ဖွားလာတာ ဖြစ်ပါတယ်" လို့ ပျောက်ကွယ်နေတဲ့ ပါဒနိုင်ငံတော်သမိုင်း (ရာဇဝင်)အား ဖော်ထုတ်ရေးသားပြုစုခဲ့သူ "ပြည်တော်သာဦးထွန်းရီ"က သူ့ရဲ့ "အယူအဂကောက်"ကို တင်ပြထားတာက "မွန်ဟူသော အမည်ဖြင့်သာ ခေါ်ဝေါ်ကြလျက် မြန်မာပြည်တွင် ပထမဦးဆုံး အခြေစိုက်လာသော "လူမျိုး"ပင် ဖြစ်ပေသည်" လို့ ဖြစ်ပါတယ်။ အလားတူ "သုဝဏ္ဏဘူမိ" အမည်ရတဲ့ "သထုံပြည်"ဟာ သာသနာဝင်သမိုင်းမှာလည်း "သာသနာအစ သထုံက"လို့ပင် ကမ္ပည်းတင်ခဲ့ရတယ်။ သက်တော်ထင်ရှား မြတ်ဘုရားဟာ သုဝဏ္ဏဘူမိ (သထုံပြည်)သို့ ဦးစွာဒေသစာရီ ကြွချီတော်မူခဲ့သလို ကိုးတိုင်းကိုးဌာနသို့ သာသနာပြုရန် ကြွရောက်တော်မူလာကြတဲ့ ရဟန္တာ အရှင်မြတ်တွေဟာလည်း သထုံပြည်သို့သာ ဦးစွာပထမ ကြွချီတော်မူခဲ့ကြတာ ဖြစ်ပါတယ်။ ဒ့ါအပြင် ပထမမြန်မာနိုင်ငံတော်ဖြစ်တဲ့ "ပုဂံနေပြည်တော်"သို့ ဗုဒ္ဓသာသနာ ရောက်ရှိလာခဲ့တာဟာလည်း သထုံပြည်ကနေ "ပိဋကတ်တော်"တွေကို ပင့်ဆောင်ရယူနိုင်ခဲ့လို့ပဲ မဟုတ်ပါလား။ ဒါကြောင့် ပုံဂံမှာ မျက်မှောက် ကာလအထိ တည်ရှိနေကြတဲ့ "မနုဟာဘုရား" အပါအဝင် စေတီ/ဂူပုထိုးတွေရဲ့ အနုပညာလက်ရာတွေနဲ့ နံရံဆေးရေးပန်းချီတွေဟာ သထုံပြည်ကနေ အနော်ရထာမင်းစော ခေါ်ယူလာခဲ့တဲ့ သထုံပြည်သား အသိပညာရှင်/ အတတ်ပညာရှင်တွေရဲ့ "လက်ရာမွန်" တွေပဲ ဖြစ်ကြပါတယ်။

## သုဝဏ္ဏဘူမိ (သထုံပြည်)ကို ရည်ညွှန်းတဲ့ သထုံကျောင်းဆောင်

မျက်မှောက်ကာလမှာရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိရှေးဟောင်းလက်ရာ အဆောက်အအုံများစာရင်းအမှတ်စဉ် (၁၃၈) မှာ ပါဝင်နေတာက "သထုံဆောင်" ရန်ကုန်တက္ကသိုလ်ပင်မဝင်း၊ ကမာရွတ်မြို့နယ်ပဲ ဖြစ်တယ်။ ရှေးဟောင်းလက်ရာမွန်အဖြစ် ဝိုင်းဝန်းထိန်းသိမ်း စောင့်

ရှောက်နိုင်ကြစေရန်သတ်မှတ်ထားတဲ့ဝိတိုရိယခေတ်ပုံစံအုတ်ထမ်း(၃)ထပ် ကျောင်းဆောင်ကြီးဟာသပ်ရပ်ခံ့ညားကျယ်ဝန်းစွာနဲ့အလင်းရောင်နဲ့လေဝင် လေထွက် လုံလောက်စွာ ရရှိနိုင်စေမယ့် (၂၀) ရာစုလက်ရာမှာ ပါဝင်မြဲဖြစ်တဲ့ ဆင်ဝင် (Porch) သာမက နိုင်ခံ့တဲ့ ဝင်းထရံပါ ပါဝင်ကာ ကျောင်းဆောင် ရှေ့ဆင်ဝင်အောက်မှာ 'ယာဉ်' တွေ ဝင်/ထွက်သွားလာနိုင်ဖို့ရာ 'လမ်း' သွယ်လေးပါပါမြဲဖြစ်တယ်။ခံ့ညားထည်ဝါတဲ့ဆင်ဝင်ဥပစာထက်မှာ "ကျောင်း ဆောင်အမည် ကမ္ပည်း"ကိုလည်း အုတ်ထွင်းစာလုံးကြီးတွေနဲ့ နိုင်ခံ့လှပ သပ်ရပ်စွာ ထုဆစ်ပေးထားပါသေးတယ်။ ရန်ကုန်တက္ကသိုလ်ကြီးမှာ သုဝဏ္ဏ ဘူမိ (သထုံပြည်)ကို ရည်ညွှန်းတဲ့ "သထုံဆောင်" သာမက ရည်လျှားလှတဲ့ "သထုံလမ်း"ပါရှိနေတာက "ဝိသေသ" ပါပဲ။

ခရစ် ၁၉၂၈ ခုနှစ်ဟာ ရန်ကုန်တက္ကသိုလ်ကြီးအတွက် "ထူးခြားတဲ့နှစ် တစ်နှစ်"ပဲ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ရန်ကုန်တက္ကသိုလ်ပင်မဝင်း အတွင်းက ကျောင်းဆောင် (Hostel) တွေဟာ ၁၉၂၈ ခုနှစ်အတွင်းမှာ ဆောက်လုပ်ပြီးစီးခဲ့တယ်ဆိုတဲ့ ကမ္ပည်းစာသားတွေ ရှိနေတယ်လေ။ အဲဒီလို ခရစ်၁၉၂၀ပြည့်လွန်နှစ်တွေမှာရန်ကုန်တက္ကသိုလ်ရဲ့အဆောက်အအုံတွေကို ဆောက်လုပ်နိုင်ခဲ့တာက စီးပွားရေး 'အတက်' ဘက်မှာရှိခဲ့တာကြောင့်ရယ်၊ မြန်မာနိုင်ငံထွက် ဆန်စပါးတွေကို 'စူးအက်တူးမြောင်း'မှတစ်ဆင့် ကမ္ဘာ အရပ်ရပ်သို့တင်ပို့ရောင်းချနိုင်ခဲ့ကြတာတွေရယ်ကြောင့်ပဲဖြစ်တယ်။ဒါ့အပြင် "စပါးပေါ်ချိန်၊ ငွေပေါ်ချိန်တွေမှာ Our Days "လို့ခေါ်တဲ့ လောင်းကစားပွဲတွေ ကျင်းပပေးကာ အကောက်ခွန်ငွေတွေ အဆမတန် ရရှိခဲ့ခြင်းကလည်း အကြောင်းတရားတစ်ခုပေပဲပေါ့။

သုဝဏ္ဏဘူမိ(သထုံပြည်)ကို ရည်ညွှန်းတဲ့ "သထုံဆောင်"ကိုလည်း ခရစ် ၁၉၂၈ ခုနှစ်မှာ တည်ဆောက်ပြီးစီးခဲ့တဲ့အတွက် မျက်မှောက်ကာလမှာ ကျောင်းဆောင်ကြီးရဲ့သက်တမ်းဟာ (၉၂)နှစ်တိုင်တိုင် ထုထည်တောင့်တင်း နိုင်မာစွာနဲ့ တက္ကသိုလ်ပရိဝုဏ်ကို အလှဆင်ပေးနေဆဲပဲ ဖြစ်ပါပေတယ်။

## သထုံဆောင်က ထူးချွန်ထင်ရှားအဆောင်မှူးများနဲ့ ကျောင်းတော်သားများ

Parents give life but teachers give future "မိဘတွေက ဘဝကို ပေးပြီး၊ ဆရာတွေက အနာဂတ်ကိုပေးတယ်" လို့ ဂရိဒဿနပညာရှင်ကြီး "ဆော့ခရေးတီး" (Socrate) က ဆိုမိန့်ထားတဲ့အတိုင်း "တက္ကသိုလ်"မှာ အဆင့်မြင့်ပညာတွေကို သထုံဆောင်ကနေ ဆည်းပူးသင်ယူခဲ့ကြပြီးနောက် အဆောင်မှူးဘဝ၊ ကျောင်းတော်သားဘဝတွေနဲ့ "အနာဂတ်"မှာ ရှိန်းလက် လာကြတဲ့ ထူးချွန်ထင်ရှားခဲ့ကြသူများကတော့ စစ်ကြိုခေတ်ကနေ လွတ်လပ် ရေးရပြီးစအထိ ပညာရှင်လောကမှာ ကျော်ကြားခဲ့ရုံမျှမက ရည်ညွှန်းကိုးကား ခဲ့ရတဲ့ စာပေပညာရှင် "ဦးလူဖေဝင်း"ဟာ (၁၉၃၀-၃၁) ပညာသင်နှစ်မှာ "သထုံဆောင်" ရဲ့လက်ထောက်အဆောင်မှူး ဖြစ်ခဲ့သလို ရန်ကုန်တက္ကသိုလ် ကြီးမှာ စစ်ကြို ခေတ်တွင် မြန်မာလူမျိုးထဲကနေ "သချ်ာပါမောက္ခ" ဖြစ်လာသူ ပါမောက္ခ ဦးအောင်လှဟာ (၁၉၃၆-၃၇) ပညာသင်နှစ်မှာ သထုံဆောင်ရဲ့ လက်ထောက် အဆောင်မှူးတာဝန် ထမ်းဆောင်ခဲ့ရသူ ဖြစ်တယ်။ ဒါ့အပြင် အဆောင်နည်းပြဆရာတွေထဲကနေ အနာဂတ်မြန်မာနိုင်ငံတွင် ရှိန်းလက် တောက်ပခဲ့ကြသူတွေထဲမှာ ၁၉၂၈-၂၉ ပညာသင်နှစ်တွင် "သထုံဆောင် နည်းပြ"တာဝန်ထမ်းဆောင်ရင်း "ပန်းသာမစာဥ"စာအုပ်ကြီးကို ရေးသားပြုစု ခဲ့သူ "သခင်ဗသောင်း" ပါဝင်ပါတယ်။ အလားတူ ကဗျာမြိုင်တွင်၊ ပေါ်လာဆန်း တယ်လို့၊ ညာအခိုင်ယည် လျော်ရာပန်းဖြစ်တဲ့ "ကေသီပန်"နဲ့ ထင်ရှားခဲ့တဲ့ မြန်မာစာပါမောက္ခ ဦးအေးမောင် (တက္ကသိုလ်မောင်သန့်စင်) နဲ့ ပါဠိပါမောက္ခ ဦးအောင်သန်းတို့ဟာ (၁၉၃၀-၃၁) ပညာသင်နှစ်မှာနဲ့ (၁၉၃၄-၃၅) ပညာ သင်နှစ်ရောက်တဲ့အခါမှာတော့ ခေတ်စမ်းစာပေနဲ့ ကဗျာစာဆိုကြီး ဆရာ ဇော်ဂျီ (ဦးသိန်းဟန်)၊ မြန်မာ့ယဉ်ကျေးမှုစာပေပညာရှင် "မြကေတု" (ဦးချမ်းမြ)နဲ့ (၁၉၃၅-၃၇)ပညာသင်နှစ် ရောက်တဲ့အခါ အတွင်းဝန်ဖြစ်လာ သူ ဦးဘစန်းတို့တွေဟာလည်း သထုံကျောင်းဆောင် အဆောင်နည်းပြ ဆရာတွေပဲ ဖြစ်ကြပါပေတယ်။

သုဝဏ္ဏဘူမိ အမည်ရတဲ့ (သထုံဆောင်)ကနေ အနာဂတ်မြန်မာနိုင်ငံတွင် ဘက်စုံထောင့်စုံကနေ ထင်ရှားရှိန်းလက်လာခဲ့ကြတဲ့ ကျောင်းတော်သား "ငွေကြယ်ပွင့်"တွေထဲမှာ ဦးစိန်ဝင်း(စာပေဗိမာန်)နဲ့ သမိုင်းရေးနောက်ခံဝတ္ထုတွေနဲ့ ထင်ရှားခဲ့သူ စာရေးဆရာကြီး (ရွှေပြည်စိုး) ဦးသန်းတင်တို့ဟာ ၁၉၃၀-၃၁ ခုနှစ် တက္ကသိုလ်ပညာသင်နှစ်တွင် "သထုံကျောင်းဆောင်သား" တွေ ဖြစ်ခဲ့ကြပါတယ်။ ၁၉၃၁-၃၂ ပညာသင်နှစ် ရောက်တဲ့အခါမှာ စာရေးဆရာကြီး "ကုသ" ဖြစ်လာတဲ့(ဦးတိုးအောင်)၊ "ငဘ"ဝတ္ထုကြီးနဲ့ ကိုလိုနီခေတ်မိလက္ခ။ "ငဘ"တို့ရဲ့ ဘဝသရုပ်ကို စာပန်းချီခြယ်မှုန်းပေးခဲ့သူ စာရေးဆရာကြီး မောင်ထင် (ဦးထင်ဖတ်)၊ မြန်မာ့ရုပ်ရှင်လမ်းပြကြယ်ဖြစ်ခဲ့သူ (အေဝမ်း ဦးတင်မောင်)နဲ့ ၁၉၃၄ ပညာသင်နှစ်တွင် Hell Hound at Large ဆောင်းပါးကြောင့် ထင်ရှားလာခဲ့ကြတဲ့ ယှဉ်တွဲထင်ရှားခဲ့သူ "အိုးဝေဦးညိုမြ"၊ "နယူးယော့(ခ်)တိုင်း သတင်းစာကပြောတဲ့ နယ်ချဲ့လုပ်ရပ်" သမိုင်းဖြစ်ရပ်မှန်များအား လုပ်သားပြည်သူတွေ သိရှိရလေအောင် စွမ်းဆောင်ပေးနိုင်ခဲ့သူ ဆရာကြီးဇေယျာမောင် (ဦးကိုကိုလေး) နဲ့ "ဖဆပလအဖွဲ့ကြီး" နှစ်ခြမ်းကွဲသွားတဲ့အခါမှာ တည်မြဲဖဆပလ (ဆွေ+ငြိမ်း) အဖြစ် ထင်ရှားခဲ့သူ "ဦးကျော်ငြိမ်း" တို့အပြင် (၁၉၃၆-၃၇) ပညာသင်နှစ်ရောက်တဲ့အခါ "ဖဆပလခေတ်"တွင် "ဗိုလ်ခင်မောင်ကလေး လစာ(စကေး)" Bo Khin Mg Gale Pay Scale နဲ့ ထင်ရှားလာခဲ့သူနဲ့ (၁၉၃၈-၃၉)တွင် ရဲဘော်သုံးကျိပ်ဝင် (သခင်ဘွဲ့မယူခဲ့သူကိုထွန်းရှိန်) ဗိုလ်ရန်နိုင် [ဂျပန်ခေတ်က (စကော့ဈေး) ဗိုလ်ချုပ်အောင်ဆန်းဈေးကြီးကို "ရန်နိုင်ဈေး"လို့ အမည်ပေးခဲ့သေးတယ်။] တို့အပြင် ၁၃၀၀ ပြည့် အရေးတော်ပုံကာလ၊ လွတ်လပ်ရေး ကြိုးပမ်းမှုတွင် နယ်ချဲ့တို့အား "မြင်းခွာတစ်ချက်ပေါက်လျှင် မီးဟုန်းဟုန်းတောက်မည်"လို့ ကြုံးဝါးခဲ့သူ "သခင်ဗဟိန်း"တို့ဟာလည်း သထုံဆောင်သားတွေပဲဖြစ်ခဲ့ကြပါတယ်။

၁၉၄၆-၄၇ ခုနှစ် ပညာသင်နှစ်ရောက်တဲ့အခါ သထုံကျောင်းဆောင်သားဖြစ်ခဲ့ပြီး "ရာဇဝင်နောက်ခံဝတ္ထု အရေးအသား"တွေနဲ့ ထင်ရှားခဲ့သူ "တက္ကသိုလ်နန္ဒမိတ်"ဟာ သူ့ရဲ့ရင်တွင်းဖြစ်စကားကို (၃၈) လမ်းက Punja

Mosque မှာ မှတ်တမ်းပြုထားတာက "မြန်မာပြည်တွင်မွေး၊ မြန်မာနိုင်ငံ၏ ဆန်ရေစပါးများကိုသာ စားသုံးနေကြသူတွေဟာ ကိုးကွယ်ရာဘာသာကြောင့် အမိကျေးဇူးကို မမေ့သင့်ကြပါဘူး" တဲ့လေ။

လွတ်လပ်ရေးရပြီးစ (၁၉၄၈ - ၄၉) ခုနှစ်ပညာသင်နှစ်မှာ "ရသစာပေ" တွေ ခေတ်စားလာတာကြောင့် အသည်းကွဲ အလွမ်း အဆွေး အဖွဲ့အနွဲ့တွေကို အပြိုင်အဆိုင် ရေးသားလာကြတယ်။ အချစ်၊ အလွမ်း၊ တမ်းတဖွယ်ရာတွေ ဖွဲ့ဖွဲ့နွဲ့နွဲ့ ရေးသားထားတဲ့ "အရိုင်းစံပယ်" ဝတ္ထုကြီးကြောင့် ထင်ရှားလာခဲ့သူ အောင်လင်း (ဦးအောင်စိုး)တို့အပြင် ပီသ၊ ချိုမြလှတဲ့ ဂန္ထဝင်တေးသံရှင် "ကိုတင်အောင်သန်း" တို့ဟာဖြင့် "သထုံဆောင်" ကနေရှန်းလက်လာခဲ့ကြတဲ့ ထင်ရှားကျော်ကြား အဆောင်မှူး၊ အဆောင်နည်းပြများနဲ့ ကျောင်းတော်သားကြီးတွေပဲ ဖြစ်ကြပါတယ်။

သထုံဆောင်ရဲ့ ထူးခြားစဉ်တစ်ခုကတော့ ကျောင်းသားခေါင်းဆောင် ကိုအောင်ဆန်း သခင်ဘဝ ရောက်သွားပြီးနောက် ဗြိတိသျှအစိုးရက ဝရမ်းထုတ် ဖမ်းဆီးသောအခါ သခင်အောင်ဆန်းဟာ သထုံကျောင်းဆောင် အခန်းအမှတ် (၁၁၀) ရှိ Store ခန်း (အမှောင်ခန်း) တွင် ပုန်းအောင်းခဲ့ရဖူးတာပဲ ဖြစ်ပါတယ်။ (စစ်ကြိုခေတ်က တက္ကသိုလ်ကျောင်းဆောင်နေသူတွေအတွက် အိပ်ရာအောက်ခံ သက္ကလတ်အထူစများနဲ့ ပတ္တူစတွေကို ကျောင်းဆောင်တာဝန်ခံတွေက ထုတ်ပေးကြတယ်။ ဒါကြောင့် ကျောင်းဆောင်တိုင်းတွင် ယင်းပစ္စည်းများကို သိမ်းဆည်းထားရန် ကျောင်းသားမထားတဲ့ အခန်းကို Store ခန်း (အမှောင်ခန်း) အဖြစ် အသုံးပြုခဲ့ဖူးတယ်။)

ရည်ညွှန်း - နှစ်ငါးဆယ် တက္ကသိုလ်ဓာတ်ပုံမှတ်တမ်း (၁၉၇)
စာ - ၉၄/၉၅၊ မြန်မာ့အသံကျော်ဦး
မြမွန်ရတနာစာပေ၊ အမှတ် (၁၆) ပညာ့ရိပ်သာ တက္ကသိုလ်စာတိုက်

၀



**Convocation Hall**

## မြကျွန်းညိုညို့ရန်ကုန်တက္ကသိုလ်က ဘွဲ့နှင်းသဘင်ခန်းမ

အတိတ်သမိုင်းကြောင်းတို့သည် "ပစ္စုပ္ပန်"အတွက် အကျိုးတရားကို ဖြစ်ထွန်းစေပြီး "အနာဂတ်"အတွက် ခိုင်မာသောအထောက်အထား ဖြစ်စေနိုင်သည်။ အတိတ်သမိုင်းကို ပြန်ကြည့်လျှင် "သင်ခန်းစာယူဖွယ်ရာ"များ "သံဝေဂ" ရစရာများ တစ်ပုံတစ်ပင်ကို တွေ့မြင်နိုင်သည်။ အနာဂတ်လမ်းကြောင်းမှန်ကို ရွေးချယ်ပေးနိုင်သည်မှာ "အတိတ်သမိုင်းကြောင်း"ပင် ဖြစ်သည်။ ဆိုတဲ့ ဆိုရိုးစကားတွေကို အခြေပြုပြီး စာရေးဆရာကြီးတစ်ယောက်က "ယဉ်ကျေးချင်ရင် သမိုင်းကို သင်ကြပါ"လို့ တိုက်တွန်းရေးသားထားတာ ဖြစ်ပါတယ်။

မြကျွန်းညိုညို့ အင်းလျားကန်ကြီးကို နောက်ခံထား တည်ဆောက်ထားတဲ့ "ရန်ကုန်တက္ကသိုလ်ကြီး"ပေါက်ဖွားလာပုံကထူးခြားတဲ့ သမိုင်းဖြစ်ရပ်တွေနဲ့ ပြည့်လျှမ်းနေတဲ့အပြင် ရန်ကုန်တက္ကသိုလ် (R.U)ကနေ ရန်ကုန် ဝိဇ္ဇာ

နှင့် သိပ္ပံတက္ကသိုလ် (Rangoon Arts & Science University) (RASU) သို့ ပြောင်းလဲခဲ့ပုံတွေဟာလည်းသမိုင်းကြောင်းအရထူးခြားလှပေတယ်။ ရန်ကုန်တက္ကသိုလ် (R.U) ဖြစ်တည်လာရန် နယ်ချဲ့တို့က ရန်ကုန်မြို့ကြီးကို ၎င်းတို့သိမ်းပိုက်အုပ်ချုပ်ပြီး နှစ်ပေါင်း (၇၀) ခန့်ကြာပြီးမှ စတင်ဆောင်ရွက်ပေးနိုင်ခဲ့တာဖြစ်ပါတယ်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီး (၆၂) နှစ်အကြာ (၂၀၀၉) ခုနှစ်မှာတော့ "မြန်မာနိုင်ငံပညာရေးကဏ္ဍ"တွင် တက္ကသိုလ်ပေါင်း (၁၅၉) ကျောင်း၊ တက္ကသိုလ်/ကောလိပ်ဆရာ/ဆရာမပေါင်း တစ်သောင်းကျော်နဲ့ တက္ကသိုလ်/ကောလိပ် (အဆင့်မြင့်ပညာ)ကို သင်ယူနေတဲ့ ကျောင်းသားကျောင်းသူပေါင်း (၄ ဒသမ ၆ သန်းကျော်)အထိ မြန်မာနိုင်ငံတစ်ဝန်းတွင် ရှိနေပါပြီ။ ဘွဲ့နှင်းသဘင်ခန်းမတွေကလည်း တက္ကသိုလ်တိုင်းမှာ ခံ့ညားထည်ဝါ နှစ်ဆယ့်တစ်ရာစု လက်ရာနဲ့ တည်ဆောက်ပေးထားပါတယ်။ အဲဒီဘွဲ့နှင်းသဘင်ခန်းမတွေရဲ့မိခင် (Mother of Convocation Hall) ဖြစ်တဲ့ ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမကြီးကို ခရစ် ၁၉၂၂ ခုနှစ်၊ ဒီဇင်ဘာလ (၂) ရက်နေ့ကပင် စတင်တည်ဆောက်ခဲ့တဲ့အတွက် သက်တမ်းနှစ်ပေါင်း (၉၅) နှစ် ရှိနေပြီဖြစ်ကာ သမိုင်းဝင် ရှေးဟောင်းလက်ရာ အဆောက်အအုံအဖြစ် ရန်ကုန်မြို့တော် စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ ရှေးဟောင်းလက်ရာ အဆောက်အအုံများ စာရင်းအမှတ်စဉ် (၁၂၆) မှာ ထည့်သွင်းသတ်မှတ်ထားပြီး ဖြစ်ပါတယ်။

## အင်းလျားကန်နောက်ခံထားပြီး တည်ဆောက်ထားတဲ့ ရန်ကုန်တက္ကသိုလ်

ရန်ကုန်တက္ကသိုလ်ပရဝဏ်ကြီးဟာ အင်းလျားကန်ကြီးကို (Back drop) နောက်ခံထားပြီးတည်ထားခဲ့တာကြောင့် စာဆိုတွေက "မြကျွန်းညိုညို့တက္ကသိုလ်" လို့ တင်စားဖွဲ့ဆိုခဲ့ကြတာဖြစ်တယ်။ ရန်ကုန်တက္ကသိုလ်ကြီးဟာ အမျိုးသားလွတ်မြောက်ရေးသမိုင်းတွင် အရေးပါတဲ့ကဏ္ဍကနေ ပါဝင်ခဲ့တာကြောင့် ရှန်းစိုတောက်ပ ထွန်းပြောင်ခဲ့တယ်။ ဒါကြောင့်လည်း ကမာရွတ်မြို့နယ်အတွင်းကရှေးဟောင်းလက်ရာအဆောက်အအုံပေါင်း (၁၉) ခုလုံးဟာ

ရန်ကုန် တက္ကသိုလ်နဲ့ စပ်လျဉ်းတဲ့ အဆောက်အအုံတွေချည်း ဖြစ်နေတာက လည်း ဝိသေသတစ်ပါးပဲ ဖြစ်ပါပေတယ်။ တက္ကသိုလ်ပညာရေးကို အကြောင်း ပြုပြီး ပေါက်ဖွားလာတဲ့ "ဘွဲ့နှင်းသဘင်ခန်းမ" (Convocation Hall) ကြီးဟာ ရန်ကုန်တက္ကသိုလ်ရဲ့ "ဖွားဖက်တော်"အနေနဲ့ ပေါ်ထွန်းလာပုံကို "ပညာလို လား၊ သုတေသီများ"အတွက် လက်လှမ်းမီသရွေ့ ရှာဖွေစုဆောင်းကာ မမေ့ ကောင်းတဲ့အတိတ်သမိုင်းကြောင်းက "မြကျွန်းညီညီတက္ကသိုလ်"ရဲ့ပုံရိပ်လွှာ "Images" တွေအား စာပန်းချီခြယ်မှုန်းပြီး မြင်ကွင်းကျယ် (Panorama) နဲ့ မြင်လာရလေအောင် ရေးသားတင်ပြလိုက်ရပါတယ်။

## ရန်ကုန်တက္ကသိုလ်ရဲ့ ပကတူးအစ

ရန်ကုန်တက္ကသိုလ် ဥပဒေမူကြမ်းကို ဥပဒေပြုကောင်စီက အတည်ပြု ပေးလိုက်တဲ့အတွက် ၁၉၂၀ ပြည့်နှစ်၊ အောက်တိုဘာလ (၂၄)ရက်နေ့တွင် အိန္ဒိယဘုရင်ခံချုပ်ကလည်း အတည်ပြုပေးလိုက်တဲ့အခါ ၁၉၂၀ ပြည့်နှစ်၊ ဒီဇင်ဘာ (၁) ရက်နေ့၌ "ရန်ကုန်ကောလိပ်"နဲ့ "ဂျပ်ဆင်ကောလိပ်"တို့အား ပူးပေါင်းကာ ရန်ကုန်တက္ကသိုလ် Rangoon University စတင်ပေါ်ပေါက်လာ ခဲ့တာ ဖြစ်တယ်။ ရန်ကုန်တက္ကသိုလ် အဆောက်အအုံများ ဆောက်လုပ်ရန် အတွက် ရွှေတိဂုံဘုရားလူကြီး ဦးဘကျော် ပိုင်ဆိုင်တဲ့ ရန်ကုန်မြို့မြောက်ဘက် အစွန်ဆုံးတွင်တည်ရှိကာ ကမာရွတ်ရွာအနီးရှိ (မြတ်ဘုရားရွှေတိဂုံအား ဝန်းရံထားတဲ့ "မရမ်းမြို့" အဝန်းအဝိုင်းအတွင်းတွင်) ၄၃၆ ဧက ကျယ်ဝန်းတဲ့ မရမ်းခြံကြီးကို ဝယ်ယူတည်ဆောက်ခဲ့တာဖြစ်တယ်။ အဲဒီလို ကမာရွတ်ရွာနဲ့ အင်းလျားရွာတွေ ဝန်းရံထားတဲ့ အင်းလျားကန်အပါးက တောကြီးမျက်မည်း ကြားထဲမှာ စတင်တည်ဆောက်ခဲ့ရတဲ့ ပန်းချီကဗျာထက်လှတဲ့ "သီလာ တက္ကကြီး" ပဲ ဖြစ်ပါပေတယ်။ ရန်ကုန်တက္ကသိုလ် (R.U) စတင်ဖွင့်လှစ်ခါစက "ရန်ကုန်ကောလိပ်"နှင့် "ဂျပ်ဆင်ကောလိပ်"နှစ်ကျောင်းပေါင်းမှာ တက္ကသိုလ် ပညာ တက်ရောက်သင်ယူနိုင်ခဲ့တဲ့ ကျောင်းသား/သူပေါင်းဟာ (၈၂၉) ယောက်မျှသာ ရှိခဲ့ပါတယ်။ ရန်ကုန်တက္ကသိုလ် (R.U) ရဲ့ ပထမဦးဆုံး "အဓိ

ပတိ" (Chancellor) ကတော့ ထိုစဉ်က British Burma ရဲ့ဘုရင်ခံ Sir Reginald Craddock [ဆရာတော်ဦးဥတ္တမက (Crad dock get out) လို့ မောင်းထုတ်တာခံရသူ] ပဲဖြစ်တယ်။ ရန်ကုန်တက္ကသိုလ် (R.U) ရဲ့ပထမဦးဆုံး ကျောင်းအုပ်ကြီးက ဓာတုဗေဒပါမောက္ခ "မစ္စတာ မက်သယူးဟန်းဟား" ပဲ ဖြစ်တယ်။ ရန်ကုန်တက္ကသိုလ်ရဲ့ (Head Master) အခေါ်အဝေါ်အစား "ရန်ကုန် တက္ကသိုလ်အုပ်ချုပ်ရေးမှူး" (Administrator) လို့လည်း ခေါ်ဝေါ်သုံးစွဲခဲ့ဖူးပါ သေးတယ်။ လွတ်လပ်ရေးရပြီးစကာလ ၁၉၅၁ ခုနှစ်ကျတော့မှသာ "ဒေါက်တာထင်အောင်" ကို ပါမောက္ခချုပ် (Rector) ရာထူးနဲ့ စတင်ခန့်အပ် တာဝန်ပေးခဲ့ချိန်မှစတင်ကာ ပါမောက္ခချုပ် (Rector) ရာထူး ဌာနန္တရ (Designation) နဲ့ စတင် တွင်ကျယ်လာခဲ့တာဖြစ်ပါတယ်။

## ထုထည်တောင့်တင်း လှပကြွရွဘွဲ့နှင်းသဘင်ခန်းမ

ရန်ကုန်တက္ကသိုလ် (Rangoon University) အား စတင်ဖွင့်လှစ် ပညာသင်ကြားပေးပြီးတဲ့အခါ ဘွဲ့ရမောင်မယ်တွေအား ပညာရပ်ဆိုင်ရာ ဘွဲ့ အသီးသီး အပ်နှင်းနိုင်ဖို့အတွက် "ဘွဲ့နှင်းသဘင်" ဆင်ယင်ကျင်းပနိုင်မယ့် ခန်းမကြီး တည်ဆောက်ပေးရန် လိုအပ်လာတော့တယ်။ ဘာကြောင့်လဲ ဆိုတော့ ရန်ကုန်တက္ကသိုလ်ကြီးကို ဖွင့်လှစ်ပညာ သင်ကြားပေးခဲ့ရာတွင် ၁၉၂၃ ခုနှစ်၊ နိုဝင်ဘာလ (၂၈) ရက်နေ့၌ ပထမအကြိမ်ဘွဲ့နှင်းသဘင်ကို ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်း (ဆံတော်ကြိုလမ်း) မှာ တည်ရှိနေတဲ့ "စိန်ရတု ခန်းမ" (Jubilee Hall) မှာ စတင်ကျင်းပပေးခဲ့ရလို့ပါပဲ။ အဲဒီပထမအကြိမ် ဘွဲ့နှင်းသဘင်တွင် "အဂ္ဂမဟာပဏ္ဍိတ မဟာထေရ် လယ်တီဆရာတော် ဘုရားကြီး" အား "ဂုဏ်ထူးဆောင် ဥပဒေပါရဂူ" (L.L.D) ဘွဲ့ကို အပ်နှင်း ဆက်ကပ်ခဲ့ပြီး အစိုးရရှေးဟောင်းပစ္စည်း ဌာနမှူး (ယခုရှေးဟောင်းသုတေ သနဌာန) "မစ္စတာဒူရွိုင်ဇ်" အား ဂုဏ်ထူး ဆောင် မဟာဝိဇ္ဇာဘွဲ့ အပ်နှင်းခဲ့ကာ ဝိဇ္ဇာ (ရိုးရိုး) ဘွဲ့ (၂၃) ယောက်၊ ဝိဇ္ဇာ (ဂုဏ်ထူး) ဘွဲ့ (၁၀) ယောက်နဲ့ ဥပဒေ

ဝိဇ္ဇာဘွဲ့(၁၄) ယောက်တို့ကိုသာ ပညာရပ် ဆိုင်ရာဘွဲ့တွေ အပ်နှင်းခဲ့ကြောင်း မှတ်တမ်းပြုထားတယ်။

ဒါကြောင့် ဘွဲ့နှင်းသဘင်ခန်းမကြီးကို ရန်ကုန်တက္ကသိုလ်ပရဝဏ် အတွင်း ဆောက်လုပ်ရန်အတွက် ရန်ကုန်တက္ကသိုလ်ရဲ့ပထမဦးဆုံး အဓိပတိ ဖြစ်ခဲ့သူ ဗြိတိသျှဘားမားရဲ့ဘုရင်ခံ Sir Reginald Henry Craddock က ခရစ် ၁၉၂၂ ခုနှစ်၊ ဒီဇင်ဘာလ (၂)ရက်နေ့တင် စတင်ကာ အုတ်မြစ်စီပေးခဲ့ တယ်လေ။

## ဘွဲ့နှင်းသဘင်ခန်းမ ဥပစာအထွတ်ရှိ *LOGO* ဘေးက တရုတ်နဂါး

ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမကြီးရဲ့ ဥပစာအထွတ်တွင် အထိမ်းအမှတ်ပြု တပ်ဆင်ထားတဲ့ LOGO ဘေးတစ်ဖက်တစ်ချက်တွင် တရုတ်နဂါးနှစ်ကောင်ပုံဖြင့် ထူးခြားစွာ ဝန်းရံပေးထားတာကို တွေ့မြင်ရမှာ ဖြစ်ပါတယ်။ သမိုင်းအထောက်အထားရ ရန်ကုန်တက္ကသိုလ် အဆောက် အအုံတွေဖြစ်တဲ့ "တကောင်းကျောင်းဆောင်" ကို ၁၉၂၄ ခုနှစ်တွင် တရုတ် ဗိသုကာ "အရှုပ်" က ဦးစီးတည်ဆောက်ပေးခဲ့ကြောင်း အဆောင်နေ ကျောင်း သား မောင်စိန်တင် (သိပ္ပံမောင်ဝ)က "တကောင်းပြည်"ဆောင်းပါးတွင် မှတ်တမ်းပြုထားတယ်။ ဒါကြောင့် ၁၉၂၂ ခုနှစ်တွင် စတင်သော ရန်ကုန် တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမကြီးကိုလည်း "တရုတ်ဗိသုကာ"များကပင် ဦးစီးတည်ဆောက်ခဲ့တယ်လို့ ယူဆနိုင်တယ်။ ဒါအပြင် ထိုကာလက ထင်ရှား ခဲ့တဲ့ တရုတ်သူဌေးများရဲ့ အလှူငွေ ပါဝင်တည်ဆောက်ခဲ့ရတဲ့အတွက် LOGO ဘေးတစ်ဖက်တစ်ချက်တွင် တရုတ်နဂါးပုံများ ထည့်သွင်းထုဆစ် ထားရခြင်းဖြစ်တယ်လို့ လေ့လာသိရှိရပါတယ်။

အဲဒီတရုတ်နဂါးပုံတွေနဲ့ ပတ်သက်ပြီး ခရစ် ၁၉၃၂ ခုနှစ်က ထုတ်ဝေခဲ့ တဲ့ The University Students' Union Magazine မှာ "ကာတွန်း"နဲ့ သရော်ထားတာကို ရန်ကုန်တက္ကသိုလ် နှစ်ငါးဆယ် ရွှေရတုစာစောင်မှာ တင်ပြထားတာက တရုတ်ဘုရားဖူးမှ ဘွဲ့နှင်းသဘင်ခန်းမ ဥပစာထက်က

တရုတ်နဂါးနှစ်ကောင်ကို လက်ညှိုးညွှန်ပြပြီး -

"အလွန်ခမ်းနားတဲ့ တရုတ်ဘုံကျောင်းကြီးပါလား"

Chinese Pilgrim : What a grand Chinese Temple?

လို့ မေးတဲ့အခါ ပုဆိုးနဲ့ တိုက်ပုံဝတ်ထားတဲ့ တက္ကသိုလ်ကျောင်းသားက -

University Student : Indeed! Our Convocation Hall?

ကျွန်တော်တို့ရဲ့ ဘွဲ့နှင်းသဘင်ခန်းမကြီးပါဗျာ လို့ ပြောကြားနေပုံနဲ့ ရေးဆွဲထားတာကို သမိုင်းမှတ်တမ်းတင် "Page of Memory" အဖြစ် ပူးတွဲ တင်ပြလိုက်ရပါတယ်။



The University Students' Union Magazine, Vol. 1, No. 1, 1932.

*Chinese Pilgrim* : What a grand Chinese Temple !

*University Student* : Indeed ! Our Convocation Hall !

## ဘွဲ့နှင်းသဘင်ခန်းမတည်ရာ မြေပထဗျာ (ထူးမြတ်တဲ့မြေ)


ရန်ကုန်တက္ကသိုလ်မုခ်ဦးအဝင်ကနေ ဘွဲ့နှင်းသဘင် ခန်းမကြီးအထိ ဦးတည်ဖောက်လုပ်ထားတဲ့ လမ်းမကြီးကို ဂုဏ်ကျက်သရေရှိစွာ အနွတ္တသညာပြု မှည့်ခေါ်ထားတာက "အဓိပတိလမ်း" လို့ ဖြစ်ပါတယ်။ အဲဒီလမ်းဟာ မုခ်ဦးအဝင်(တောင်ဘက်)ကနေမြောက်ဘက်သို့ဦးတည်ဖောက်ခဲ့ရာဘွဲ့နှင်းသဘင်ခန်းမရဲ့ ဥပစာရှေ့မှာ မြေယာအလှနဲ့ စိုက်ပျိုးထားတဲ့ စိမ်းစိုလှပတဲ့ မြက်ခင်းစိမ်းစိမ်း အဝိုင်းလေးမှာ အဆုံးသတ်သွားတယ်။ ခရစ် (၁၉၃၁) ခုနှစ် ဓာတ်ပုံမှတ်တမ်းအရ "ဘွဲ့နှင်းသဘင်ခန်းမကြီး" ဆောက်လုပ်ပြီးကာစဖြစ်တဲ့ အတွက် နပျိုသစ်လွင်နေပေမဲ့ ခန်းမကြီးဝန်းကျင်မှာ အလှစိုက်နဲ့ အရိပ်ရပင်တွေမရှိသေးဘဲ ဟာလာဟင်းလင်းဖြစ်နေတယ်။ အဲဒီကွက်လပ်ကို (၂၀)ရာစုခေတ်ဦးလက်ရာဖြစ်တဲ့ "ဓာတ်တိုင်ပုလေး" တွေ စိုက်ထူပေးထားပြီး ကွက်လပ်ဖြည့် အလှဆင်ပေးထားတယ်။ ဘွဲ့နှင်းသဘင် ခန်းမကြီးကို (၂) ထပ်ဆောက်လုပ်ထားရာတွင် ဘွဲ့နှင်းသဘင်ခန်းမ (Hall Type) ပေါ်မှာ အထူးတန်း Stall ပုံစံနဲ့ ထပ်ခိုးပြုလုပ်ပြီး (၂)ထပ်ပြုလုပ်ထားတာဖြစ်တယ်။ ဒေါ့အပြင် ကောင်စီဝင် စည်းဝေးခန်း၊ ကော်မတီဝင်စည်းဝေးခန်းနဲ့ တက္ကသိုလ်အုပ်ချုပ်ရေးမှူးရုံးခန်းတွေနဲ့ပါ ဖွဲ့စည်းတည်ဆောက်ထားတယ်။

ရန်ကုန်တက္ကသိုလ်ရဲ့ သက်တမ်းနှစ် (၃၀) ပြည့်ကာလ ရောက်တဲ့ အခါ "လုံးချင်း"ဖြစ်ခဲ့တဲ့ ဘွဲ့နှင်းသဘင် ခန်းမဘေးနှစ်ဖက်တွင် တိုးချဲ့ဆောင်တွေနဲ့ ဝန်းရံတည်ဆောက်ပေးခဲ့တယ်။ ဘွဲ့နှင်းသဘင် ခန်းမကြီးပတ်လည်တွင်လည်း သစ်ပုပ်ပင်၊ ကံ့ကော်ပင်စတဲ့ သစ်ပင်ကြီးတွေ အုပ်အုပ်ဆိုင်းဆိုင်းနဲ့ ဖြစ်လာတယ်။ ခန်းမဆောင်ကြီး ဥပစာက မြက်ခင်းဝိုင်းကလေးဟာလည်း ရှည်ရှည် မျောမျောပုံစံနဲ့ မြေယာအလှကို ပိုမိုပြည့်ဝလာစေသလို ခန်းမကြီးရဲ့ မျက်နှာစာကို စိမ်းလန်းစိုပြည်လာစေခဲ့တယ်။ ဒါပေမဲ့ ၁၉၆၀ ပြည့်နှစ်ကာလ ဝန်းကျင်မှာ ဘွဲ့နှင်းသဘင် ခန်းမရှေ့က ဓာတ်တိုင်ပုကလေးတွေနေရာမှာ ဓာတ်တိုင်ရှည် (မီးလုံးတပ်ရန် အကောက်ပါ)ကို ပြောင်းလဲကာ ဓာတ်တိုင်ပုကလေးက မီးလုံးများကို မီးလုံးတပ်တဲ့အကောက်မှာ ဖောက်ထိုးတပ်ဆင်

ခဲ့တယ်။ အလားတူ ဘွဲ့နှင်းသဘင်ခန်းမရဲ့ သက်တမ်းရင့်ရော်မှုပြယုဂ်လို့ဆို ကာ ခန်းမကြီးအား ဆေးသုတ်မွမ်းမံခြင်းမပြုဘဲ ကာလအတန်ကြာအထိ ထားခဲ့ဖူးတယ်။

ရန်ကုန်တက္ကသိုလ်ရဲ့ ရွှေရတုကာလ ၁၉၇၀ ပြည့်နှစ်သို့ရောက်မှသာ ဘွဲ့နှင်းသဘင်ခန်းမကြီးကိုပြန်လည်ဆေးသုတ်မွမ်းမံခဲ့တယ်။အဓိပတိလမ်းမ ကြီးတစ်လျှောက်မှာလည်း "ကျောင်းဖွင့်ချိန်၊ စိန်ပန်းတွေလည်း မြေမှာကြဲပြန့် နေ" လို့ စာဖွဲ့တေးသီရလောက်အောင်ပင် စိန်ပန်းပင်တွေ စီရရီနဲ့ အဓိပတိ လမ်းမကြီးတစ်လျှောက်မှသည် ဘွဲ့နှင်းသဘင်ခန်းမကြီးရဲ့ဉပစာအထိ ဖူးပွင့် ဝေဆာနေကာ ဘွဲ့နှင်းသဘင်ခန်းမကြီးနဲ့ ရန်ကုန်တက္ကသိုလ်ပရဝဏ်ကို ဂုဏ် တင့်ထည်ဝါစေခဲ့ပါကြောင်း သမိုင်းမှတ်တမ်းပြုကာ တင်ပြရပါတယ်။

၀



**Yangon University Library**

# မြကျွန်းညီညီ့ရန်ကုန်တက္ကသိုလ်က ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်ကြီး

"As is the School, So is the Society ကျောင်းက မွေးထုတ်ပေးလိုက်တဲ့အတိုင်း လူ့အဖွဲ့အစည်းဖြစ်လာတယ်" ဆိုရိုးစကားနဲ့အညီ ကိုလိုနီခေတ်မှာ ကျွန်ပညာရေးစနစ်အရ ဗျူရိုကရက်တွေကိုသာ မွေးထုတ်ပေးနိုင်ခဲ့တဲ့ ရန်ကုန်တက္ကသိုလ်ကြီးဟာ လွတ်လပ်ရေးရရှိပြီးနောက်မှာတော့ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်တဲ့ နိုင်ငံ့သားကောင်းများစွာကို မွေးထုတ်ပေးနိုင်ခဲ့တယ်။ အဲဒီလို ပညာတတ် "ပညာပြည့်ဝ၊ နလုံးလှ"တဲ့ တက္ကသိုလ်ကျောင်းတော်သား/သူတွေအား အထောက်အကူ ပြုပေးခဲ့တာက "ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်ကြီး"ပဲ ဖြစ်ပါပေတယ်။ ဘာကြောင့်လဲဆိုတော့ စာကြည့်တိုက်ဆိုတော့ စာကြည့်တိုက်ဆိုတာ လောကရဲ့ပြတင်းပေါက်၊ လူထုတက္ကသိုလ်၊ အသံတိတ်တက္ကသိုလ်လို့ ရည်ညွှန်းတင်စားနိုင်သလို၊

စာကြည့်တိုက်ဆိုတာတကယ်စင်စစ်မှာတော့"ရတနာသိုက်ကြီး"ပဲမဟုတ်ပါလား။ ဒါကြောင့် ရန်ကုန်တက္ကသိုလ်ရဲ့ ဂုဏ်ဒြပ်နဲ့ လိုက်ဖက်အောင် တည်ဆောက်ပေးခဲ့ရတဲ့ ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်ကြီးကို ရှေးဟောင်းအမွေအနှစ် "ရတနာ"အဖြစ် လေးစားတန်ဖိုးထားနိုင်ကြစေရန် ရည်သန်ကာ သမိုင်းမှတ်တမ်းပြုလိုက်ရပါတယ်။

## ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်ကြီးရဲ့ "ပကတူ" အစ

၁၉၂၀ ပြည့်နှစ်မှာ ရန်ကုန်တက္ကသိုလ်ကြီးကို ဖွင့်လှစ်ပေးနိုင်ခဲ့ပေမဲ့ "စာကြည့်တိုက်" အဆောက်အအုံကြီးကိုတော့ ၁၉၂၇ ခုနှစ်ကျမှသာ စတင်တည်ဆောက်ပေးနိုင်ခဲ့တာဖြစ်တယ်။ ဘာကြောင့်လဲဆိုတော့ တက္ကသိုလ်တည်ဆောက်ရန် လုံလောက်တဲ့ "ရန်ပုံငွေ"ကို နယ်ချဲ့အစိုးရက ခွင့်ပြုသတ်မှတ်မပေးခဲ့လို့ပဲဖြစ်ပါတယ်။ဒါကြောင့် (၂၀) ရာစုခေတ်ဦးရဲ့နည်းလမ်းဖြစ်တဲ့ "ဓနရှင်"တွေဆီကနေ အလှူငွေ ကောက်ခံခဲ့ရတော့တယ်။ "ဓနရှင်"တွေအနေနဲ့ မြို့ပြဖွံ့ဖြိုးရေးအတွက် လိုအပ်မည့်ငွေတွေကို လှူဒါန်းပြီး လုပ်ငန်းအောင်မြင်ရေးကို ဆောင်ရွက်ခဲ့ကြရတယ်။ ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်အဆောက်အအုံတည်ဆောက်ရန် "ရှုပီးငွေ" (၂) သိန်းအား "မ.တည်"ပြီးလှူဒါန်းပေးသူက "ရေးဗဟာဒူးဘွဲ့ရရာဂျာဒေါက်တာအက်(စ်)ရာမနာသာ ရေဒီးယား"နဲ့ ဇနီး နှစ်ယောက်ပဲ ဖြစ်တယ်။ အဲဒီလှူဒါန်းမှုအတွက် Rao Bahadur, S Ramanatha Raddier ကို နယ်ချဲ့အစိုးရက "ဂုဏ်ထူးဆောင်ပါရဂူ"(ဒေါက်တာ)ဘွဲ့ ချီးမြှင့်ခဲ့ပါတယ်။ ရာမနာသာရေဒီးယားဟာ ရန်ကုန်အရှေ့ပိုင်း (ပုဇွန်တောင်မြို့နယ်)၊ ပုဇွန်တောင်တိုက်နယ်က ပထမတန်းစားမြေကွက်အမှတ် (၅+၆)မှာလည်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ ရှေးဟောင်းလက်ရာ အဆောက်အအုံစာရင်းဝင်ဖြစ်တဲ့ "ဘျရီဝရဒါရာပဲရှမာ"(မဟာဗိသနိုး) ဟိန္ဒူကျောင်းတော်ကြီးကို မ.တည်ဆောက်လုပ်လှူဒါန်းခဲ့သလို ရန်ကုန်မြို့ရဲ့"တံခွန်"ဖြစ်တဲ့ မြတ်ဘုရားရွှေတိဂုံသို့လည်း ကျောက်မျက်ရတနာတွေကို လှူဒါန်းခဲ့သူ ဖြစ်တယ်။ ဆန်စပါးနဲ့

ပဲမျိုးစုံကုန်သည်ကြီးဖြစ်တဲ့ 'S Ramanatha Raddier အမည် နာမကမွည်း တပ်ထားတဲ့ Raddier's House, Raddier's Mansion ပေါင်းများစွာကိုလည်း ရန်ကုန်မြို့လယ် မြို့နယ်က "အထင်ကရ"နေရာတွေမှာ ယနေ့တိုင် တွေ့မြင်နိုင်ကြပါသေးတယ်။

အဲဒီလို "ဟိန္ဒူသူဌေးကြီး" SRamanatha Raddier က ရူပီး (၂) သိန်း မတည်လှူဒါန်းပေးလိုက်တဲ့အတွက် ၁၉၂၇ ခုနှစ်၊ ဒီဇင်ဘာလ (၁၈) ရက်နေ့တွင် ထိုစဉ်က British Burma ရဲ့ဘုရင်ခံဖြစ်သူ 'Sir Harcourt Butler" က စတင်အုတ်မြစ်ချပေးကာ ရန်ကုန်တက္ကသိုလ်စာကြည့်တိုက် အဆောက်အအုံကြီးကို စတင်ဆောက်လုပ်ခဲ့တယ်။ စာကြည့်တိုက်ကြီးအတွက် "ပေ၊ ပုရပိုက်နဲ့ စာအုပ်တွေ" ရရှိရေးအတွက်လည်း "ကော်မတီ"တစ်ရပ် ဖွဲ့စည်းပေးကာ အလှူရှင်တွေအား လှူဒါန်းရန် ဖိတ်ခေါ်ခဲ့တယ်။ ရန်ကုန်တက္ကသိုလ်ကြီးအား ယူနီဗာစီတီ/တက္ကသိုလ်ကောလိပ်နဲ့ ဂျပ်ဆင်ကောလိပ်တို့ကို ပူးပေါင်းဖွင့်လှစ်ခဲ့စဉ်ကပင် "ကောလိပ်"တွေမှာ "သီးခြားစာကြည့်တိုက်"တွေ ပါဝင်ခဲ့တယ်။ ဒါပေမဲ့ တက္ကသိုလ်အဆင့်နဲ့ လိုက်ဖက်တဲ့ "စာကြည့်တိုက်" အဆင့်အတန်းတော့ မရှိခဲ့ပါဘူး။ ဒါကြောင့် ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်ကြီးကို တက္ကသိုလ်အဆင့်နဲ့ လိုက်လျောညီထွေဖြစ်စေသည်သာမက ကျောင်းသား/သူတွေအား တက္ကသိုလ်ပညာအဆင့်ကို သင်ကြားပေးကြရမယ့် "ဆရာ/ဆရာမ" တွေအတွက်ပါ "ကိုးကားစာကြည့်တိုက်ကြီး" အဖြစ် လည်းကောင်း၊ ကျောင်းသား/သူတွေအနေနဲ့လည်း သင်ရိုးညွှန်းတမ်းအရ သင်ကြားပေးတဲ့ စာတွေကို ကြေညက်စွာလေ့လာနိုင်စေဖို့ရာ "ရည်ညွှန်းစာကြည့်တိုက်ကြီး" အဖြစ် တည်ဆောက်ပေးခဲ့တာလို့ သိရှိရတယ်။ ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်ကြီးရဲ့ ထူးခြားချက်က "သုတေသန"ကို ဦးစားပေးတဲ့အနေနဲ့ ကျောင်းသုံး ပြဋ္ဌာန်းစာအုပ်တွေ များများစားစားမထားဘဲ မြန်မာနိုင်ငံရဲ့ ကမ္ဗည်းကျောက်စာ၊ သမိုင်း၊ ယဉ်ကျေးမှု၊ ရှေးဟောင်းစာပေ၊ အနုပညာဆိုင်ရာ စာအုပ်စာပေများအပြင် နိုင်ငံရပ်ခြားစာပေတွေဖြစ်တဲ့ အိန္ဒိယ၊ တရုတ်နဲ့ အရှေ့တောင်အာရှနိုင်ငံတွေက စာအုပ်များနဲ့ ထူးခြားရှားပါးတဲ့ "ပေ" နဲ့

"ပုရပိုက်" တွေကိုသာ များများစားစား ထားရှိပေးခြင်းပဲ ဖြစ်တယ်။ ဒါကြောင့် စစ်ကြိုခေတ်မှာ "အိမ်နီးချင်းနိုင်ငံ"တွေရဲ့ ယဉ်ကျေးမှုနဲ့ လူနေမှုဘဝတွေကို လေ့လာစရာ စာကြည့်တိုက်ဟာ "ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်ကြီး" သာ ထီးထီးမားမား ရှိခဲ့ပါတယ်။ ၁၉၄၀ ပြည့်နှစ်မှတ်တမ်းအရ ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်မှာ စာအုပ်ပေါင်း (၂၃၄၃၃) အုပ်ရေမျှသာ ရှိခဲ့ပါတယ်။ အဲဒီစာအုပ်တွေထဲမှာသမိုင်းတန်ဖိုးကြီးမားပြီးအလွန်ရှားပါးတဲ့စာအုပ်တွေနဲ့ မြန်မာနိုင်ငံရဲ့ "သမိုင်းဖြစ်ပေါ် တိုးတက်မှု"ကို ထင်ဟပ်ဖော်ပြထားတဲ့ ရှေးဟောင်းစာအုပ်တွေ ပါဝင်တယ်။

## ခံ့ထည်လှပတဲ့ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်အဆောက်အအုံကြီး

ရန်ကုန်တက္ကသိုလ် စာကြည့်တိုက် အဆောက်အအုံကြီးကို အမိုးလေးဘက်ချ၊ ဥရောပပုံစံနဲ့ လှပခံ့ထည်တောင့်တင်းစွာ "ဘုံဝတီက သုမ္မောလော" လို့ ထင်မှတ်မှားရလေအောင် ဆောက်လုပ်ပေးထားတယ်။ စာကြည့်တိုက် အဆောက်အအုံဖြစ်တဲ့အတွက် "အလင်းရောင်နဲ့လေဝင်လေထွက်"ကောင်းအောင် အဆောက်အအုံရဲ့ မျက်နှာစာမှာ "အီတာလျံစတိုင်"နဲ့ မြင့်မားတဲ့ ကွန်ကရစ်တရုတ်ကတ်ပုံစံ (Ventilator) ကြီးတွေနဲ့ ဥပစာအလှကို ခြယ်သပေးထားတယ်။ စာကြည့်တိုက် အတွင်းခန်းကို "Hall Type" ပုံစံနဲ့ စာကြည့်ခန်းမကြီးအဖြစ် ကျယ်ပြန့်သန့်ရှင်းစွာ ဖွဲ့စည်းတည်ဆောက်ပေးထားတယ်။ အဲဒီလိုလှပခံ့ထည်တဲ့အဆောက်အအုံနဲ့တကွ၊စာကြည့်တိုက်ကြီးအတွင်းက "သမိုင်းတန်ဖိုးကြီးမားပြီး အစားထိုး မရနိုင်တော့တဲ့" ရှားပါးလှတဲ့ "ပေ၊ ပုရပိုက်"တွေ အပါအဝင် ၁၈၉၇ ခုနှစ်ခန့်မှ စတင်ကာ မြန်မာနိုင်ငံတွင် ပုံနှိပ်ထုတ်ဝေခဲ့တဲ့ စာအုပ်စာတမ်းအမျိုးမျိုးရယ်၊ မင်းတုန်းမင်းနဲ့ သီပေါမင်းတို့ လက်ထက်တော်ကြီးက "လွှတ်တော်မှတ်တမ်းများ"နဲ့ပုရပိုက်ဆူရေ(၅၀၀၀) ခန့်ဟာ ဒုတိယကမ္ဘာစစ်ကာလအတွင်းက နယ်ချဲ့တို့ရဲ့မြေလှန်စနစ်နဲ့ ကြုံချခဲ့တဲ့ "ဗုံးဒဏ်"ကြောင့် "ပြာပုံအတိ" ဖြစ်သွားခဲ့ရရှာပါတယ်။ လေလွင့်ပျောက်ပျက်သွားရတာတွေကတော့ ပုဂံခေတ် ထိုးကျောက်စာတွေနဲ့ သရေခေတ္တရာ

နဲ့ သထုံတို့ကနေရရှိခဲ့တဲ့ ရှားပါးရှေးဟောင်းကျောက်စာနဲ့ ရုပ်တုရုပ်ကြွပစ္စည်းတွေပဲ ဖြစ်ကြပါပေတယ်။

## တက္ကသိုလ်များဗဟိုစာကြည့်တိုက်သို့

ဗုံးဒဏ်ခလို့ ပုန်းပုန်းလဲကျသွားရရာတဲ့ ရန်ကုန်တက္ကသိုလ် စာကြည့်တိုက် အဆောက်အအုံနဲ့တကွ ဆုံးရှုံးခဲ့ရတဲ့ ရှားပါးစာအုပ်စာပေတွေကို ပြာပုံဘဝကနေ ပြန်လည်ထူထောင်မှုကို စစ်ကြီးပြီးစကပင် စတင်ဆောင်ရွက်ခဲ့တယ်။ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးတဲ့အခါမှာတော့ အဆောက်အအုံကြီးကို ပြန်လည်ပြင်ဆင်ပြီး "ကောက်သင်းကောက်" ရရှိထားတဲ့ စာအုပ်စာပေတွေနဲ့ ရှားပါးမြန်မာစာပေစာအုပ်တွေရယ်၊ မဂ္ဂဇင်း(အဟောင်း)တွေကိုပါ ထပ်မံဝယ်ယူစုဆောင်းခဲ့တယ်။ ၁၉၆၄ ခုနှစ် "တက္ကသိုလ်ပညာရေး စနစ်သစ်ကာလ"တွင် မြန်မာနိုင်ငံတစ်ဝန်းရှိ တက္ကသိုလ်တွေရဲ့ "မိခင်စာကြည့်တိုက်ကြီး"ဖြစ်တဲ့ "ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်ကြီး"ကိုအသွင်သဏ္ဌာန်ရော၊ အနှစ်သာရပါ ပြုပြင်ပြောင်းလဲကာ အမည်နာမကိုလည်း "တက္ကသိုလ်များ (ဗဟို)စာကြည့်တိုက်"လို့ ပြောင်းလဲပေးခဲ့တယ်။ ၁၉၇၀ ပြည့်နှစ် ရန်ကုန်တက္ကသိုလ် နှစ် (၅၀) ရွှေရတုကာလသို့ ရောက်ရှိချိန်မှာ "စာအုပ်ပေါင်းတစ်သိန်းကျော်" ရှိနေပြီဖြစ်တဲ့ "ရတနာသိုက်ကြီးပမာ"ဖြစ်တဲ့ ရှေးဟောင်းလက်ရာ စာရင်းအမှတ်စဉ် (၁၂၉) က ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်အား သမိုင်းမှတ်တမ်းပြုကာ တင်ပြလိုက်ရပါတယ်။

၀



**Shwebo Hall**

## မြကျွန်းညီညို ရန်ကုန်တက္ကသိုလ်ပင်မဝင်းအတွင်းက ရွှေဘိုကျောင်းသားဆောင်

"ဘာမလျှော့လေနဲ့၊ လာတော့မကွယ့် ရွှေပဟိုရ်၊ သပြေညိုပြည်ရွှေဘို ဆိုတဲ့ပန်းတွေနဲ့…"

တတိယမြန်မာနိုင်ငံတော်ကြီးကို ဘုန်းလက်ရုံးနဲ့ တည်ထောင်တော်မူခဲ့တဲ့ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျဟာ ငါးမည်ရပြည်ရွှေဘိုတွင် အောင်မြေနင်းပြီး အာဏာစက်ကို ဖြန့်ကြက်နိုင်ခဲ့တယ်။ ဒါကြောင့် (၂၀) ရာစုခေတ်ဦးမှာ သူ့ကျွန်ဘဝရောက်နေခဲ့ရရှာတဲ့ မြန်မာတို့အား မြန်မာ့သမိုင်းမှာ ဇာတိပုည၊ ဂုဏ်မာနတွေ ရှန်းလက်ခဲ့ကြတဲ့ သမိုင်းကြောင်းကို ပြန်ပြောင်းအမှတ်ရစေကာ ဝံသာနုစိတ်ဓာတ်တွေ ပြန်လည်ထွန်းကားလာစေဖို့အတွက် အောင်မြင်မှု အထိမ်းအမှတ်ပန်းဖြစ်တဲ့ "သပြေညိုပန်း"နဲ့ အလောင်းမင်းတရားကြီး အောင်မြေနင်းပြီး မင်းဖြစ်ခဲ့တဲ့ ငါးမည်ရပြည်ရွှေဘိုတို့ကို "ရှုပက"

ပြုကာ ဝီရရသမြောက်တဲ့ အဖွဲ့အစည်းတွေနဲ့ စစ်ကြိုခေတ်က သီကုံးမွန်းခြယ်ခဲ့တဲ့ ကဗျာ စာသားလေးပဲ ဖြစ်ပါတယ်။ ခေတ်စမ်းစာပေ၊ ခေတ်စမ်းကဗျာတွေ ကြောင့်ပဲ စစ်ကြိုခေတ်မှာ "ဝံသာနုစိတ်ဓာတ်"တွေ ပြန်လည်ရှင်သန် နိုးကြား လာကြတာ ဖြစ်ပါတယ်။

နယ်ချဲ့ခေတ်မှာ တည်ဆောက်ခဲ့ရတဲ့ ရန်ကုန်တက္ကသိုလ်ကြီးရဲ့ ပရဝုဏ်အတွင်းမှာ ကျောင်းဆောင် Hostel တွေကို တည်ဆောက်တဲ့အခါမှာ ပထမမြန်မာနိုင်ငံတော်၊ ဒုတိယမြန်မာနိုင်ငံတော်နဲ့ တတိယမြန်မာနိုင်ငံတော် ကာလအပိုင်းအခြားများတွင်ထင်ရှားခဲ့ကြတဲ့ "မင်းနေပြည်တော်"တွေအမည် နဲ့ "အနွတ္တသညာ"ပြုကာ မှည့်ခေါ်နိုင်ခဲ့ခြင်းဟာ "ဘိုးဘတို့ရဲ့ မြင့်မြတ်လှတဲ့ ဝံသာနုရက္ခိတစိတ်ဓာတ်" အမွေအနှစ်တွေကြောင့်ပဲ ဖြစ်ပါပေတယ်။ ဘာ ကြောင့်လဲဆိုတော့ ကိုလိုနီပညာရေးကိုသာ သင်ကြားပေးဖို့ ရည်စူးတည် ဆောက်ထားခဲ့တဲ့ ရန်ကုန်တက္ကသိုလ်ကြီးရဲ့ ရန်ကုန်တက္ကသိုလ် အက်ဥပဒေ ကို ဝံသာနုစိတ်ဓာတ် ပြင်းပြလှတဲ့ ရန်ကုန်တက္ကသိုလ်ကျောင်းသား Boy-Coutters တွေက တော်လှန်ဖယ်ရှားနိုင်ခဲ့ရုံမျှမက အမျိုးသားပညာရေးနဲ့ ဝံသာနုစိတ်ဓာတ် မြင့်မားလာစေရေးအတွက်ပါ "အမျိုးသားကျောင်း" National School နဲ့ "ဝံသာနုသိပ္ပံ" အထိပင် တည်ထောင်ပေးနိုင်ခဲ့ကြလို့ပဲ ဖြစ်တယ်။ အဲဒီကျောင်းတွေကနေ "မြန်မာတို့ဘုန်း၊မိုးသို့ခြုန်း"နိုင်ခဲ့တဲ့ သမိုင်း ကြောင်းတွေကို သင်ကြားပေးကြရင်း သူ့ကျွန်ဘဝမှာ နင်းပြားဖြစ်ခဲ့ရရှာတဲ့ မြန်မာတို့ရဲ့ ဇာတိ၊ ပုညတွေအား ပြန်လည်သိမြင် တိုးပွားစေနိုင်ခဲ့တယ်။ "သခင်မျိုးဟေ့၊ တို့မြန်မာ" ကြွေးကြော်သံနဲ့လည်း သူ့ကျွန်ဘဝမှာပင် "သခင် စိတ်"တွေ သွင်းပေးနိုင်ခဲ့ပါတယ်။

ဝံသာနုစိတ်ဓာတ်ရဲ့အထွတ်အထိပ် ကာလကတော့ "သုပဏ္ဏက ဂဠုန် ရာဇာဘွဲ့ခံ ဆရာစံ တောင်သူလယ်သမားအရေးတော်ပုံ"မှာပဲ ဖြစ်ပါတယ်။ ဒါကြောင့် "ဝံသာနုစိတ်ဓာတ်"ကို အရင်းတည်ကာ အမျိုးသားလွတ်မြောက် ရေး ကြိုးပမ်းမှုတွင် ဘုရင့်နောင်ပါ၊ အလောင်းဘုရားတို့ဟာ မြန်မာ့ရဲသွေးကို မွေးပေးရာမှာ စံထားဖွယ်ရာပုဂ္ဂိုလ်တွေ ဖြစ်လာသလို အလောင်းမင်းတရား

ကြီး အောင်မြေနင်းကာ "မင်း"ဖြစ်လာခဲ့တဲ့ "ငါးမည်ရပြည်ရွှေဘို" ဟာလည်း မြန်မာတို့ရဲ့ဘာမထီစိတ်ဓာတ်"ကိုထင်ဟပ်တဲ့သမိုင်းမှတ်တိုင်ဖြစ်လာတယ်။ (ရွှေဘိုသား စာရေးဆရာ ဘာမထီခင်အောင် ဆိုတာပင် ရှိနေတယ်လေ။)

အလောင်းမင်းတရားကြီး ဦးအောင်ဇေယျက တတိယမြန်မာနိုင်ငံတော် (ကုန်းဘောင်မင်းဆက်)ကို ဘုန်းလက်ရုံးဆန့်တန်းပြီး မြန်မာနိုင်ငံတစ်ဝန်းက "ရန်သူတော်တွေ"ကို နှိမ်နင်းနေဆဲမှာပဲ ခရစ်(၁၇၅၅)ခုနှစ်တွင် မွန်ပဒေသရာဇ်တို့ရဲ့"ဒဂုံမြို့ဟောင်းနေရာ"က တောအတိဖုံးလွှမ်းနေတဲ့ကုန်း၊ ကျင်း၊ ချိုင့်ဝှမ်းတွေအား ဖယ်ရှားရှင်းလင်းကာ ရန်သူတော်တို့ကို သည်နေရာတွင် အပြီးတိုင် ရှင်းလင်းသုတ်သင်နိုင်ခဲ့တာကို အကြောင်းပြုပြီး "ရန်ကုန်" လို့ သမုတ်တော်မူခဲ့တာ ဖြစ်တယ်။ ရန်ကုန်သစ်တပ်မြို့ဟာ မုခ်ဦး၊ ပစွင်၊ ရင်တား၊ ကျုံးမြောင်းတွေနဲ့ မြို့ပြအင်္ဂါရပ်ပြည့်စုံကာ "ရန်ကုန်ရွှေပြည် သိကြားတည်သား၊ ယဉ်ကြည်ဝန်းပတ် မြို့တော်မြတ်"ပဲ ဖြစ်ပါပေတယ်။ ဒါကြောင့် "ရန်ကုန်ပူရံမနောရမ္မဟောတိ – ရန်ကုန်မြို့ကြီးသည်စိတ်နှလုံးမွေ့လျော်ဖွယ်ဖြစ်ပါစေသတည်း"လို့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ဆောင်ပုဒ်ပြုထားတာဖြစ်ပါတယ်။ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျတည်ဆောက်ပေးခဲ့တဲ့ ရန်ကုန်မြို့ကတော့ အရှေ့တောရကြီး(ရွှေဂုံတိုင်)၊ အလယ်တောရ (ဗဟန်း)၊ ကြားတောရ (ဗဟန်း)၊ အနောက်တောရ (ဗားကရာ)တို့နဲ့ ဝန်းရံပေးထားတဲ့အပြင် ဘုရား၊ ကျောင်း၊ ကန်၊ ရေတွင်းတွေ ခြံရံမှုကြောင့် အေးချမ်းဆိတ်ငြိမ် သာယာလှပသော ရန်ကုန်မြို့ကွက်အတွင်းရှိ ရပ်ကွက် (၈) ရပ်ကွက်မှာ နေထိုင်ကြသူတွေဟာ ဘိန်း၊ ဘင်း၊ ကဖော်၊ လော်စာ၊ အရက် ရောင်းဝယ်ခြင်းမပြုရသလို မီးဘေးနဲ့ ပတ်သက်တဲ့ တင်းကျပ်တဲ့ စည်းကမ်းတွေကို "မဖြစ်မနေ လိုက်နာရခြင်း"တွေအပြင် တန္တ မှုဒိမ်းငြိမ်းကြီး ငြိမ်းရလေအောင် ရပ်ကွက်အုပ်ချုပ်သူတွေမှာပါ တာဝန်ရှိစေတဲ့ အလောင်းမင်းတရားကြီးရဲ့စည်းကမ်းချက်တွေကြောင့် အေးချမ်းလုံခြုံစွာ နေထိုင် အသက်မွေးဝမ်းကျောင်းပြုနိုင်ခဲ့ကြတာ ဖြစ်ပါတယ်။ ဒါ့အပြင် ကုန်းဘောင်မင်းဆက်က ကုန်းဘောင်မင်း(၁) ရွှေဘိုမင်း(၁) သာယာဝတီ

မင်းကလည်း ရန်ကုန်သစ်တပ်မြို့ရဲ့မြောက်ဘက် ရွှေတိဂုံဘုရားကြီးရဲ့ ခြေတော်ရင်းမှာ "အောင်မြေရန်နှင် ဥက္ကလာပမြို့"တည်ကာ မြတ်နန်းအောင်ချာနန်းတော်မှာ ယာယီစံမြန်းတော်မူခဲ့သေးတယ်။

အဲဒီလို ကုန်းဘောင်မင်းဆက်ကို စတင်တည်ထောင်ပေးတော်မူခဲ့သူ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျက "ရွှေဘိုမြေ" မှာ အောင်မြေနင်းကာ ရန်အပေါင်း ကုန်စင်ခြင်းအထိမ်းအမှတ်နဲ့ "ရန်ကုန်မြို့"ကို တည်ထောင်ပေးတော်မူခဲ့သလို ကုန်းဘောင်မင်း(ခ) ရွှေဘိုမင်း (ခ) သာယာဝတီမင်းကလည်းရန်ကုန်နယ်မြေမှာပဲ"ဥက္ကလာပအောင်မြေရန်နှင်မြို့"ကိုတည်ဆောက်ကာ ယာယီနန်းစံခဲ့တဲ့အတွက် "ရန်ကုန်တက္ကသိုလ်ကျောင်းတော်ကြီး" ဝင်းအတွင်းမှာ"ရွှေဘိုဆောင်"တည်ရှိနေခြင်းဟာဖြင့်သမိုင်းကြောင်းအရထူးခြားမွန်မြတ်လှပါပေတယ်။

## ရွှေဘိုကျောင်းဆောင်ရဲ့သမိုင်းနောက်ခံ

ရန်ကုန်တိုင်း၊အနောက်ပိုင်းခရိုင်၊ကမာရွတ်မြို့နယ်အတွင်းတည်ရှိနေတဲ့ ရန်ကုန်မြို့တော် စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ ရှေးဟောင်းလက်ရာ အဆောက်အအုံများ စာရင်းအမှတ် (၁၃၅) ပါ၊ ရန်ကုန်တက္ကသိုလ်ပင်မဝင်းအတွင်းရှိ"ရွှေဘိုကျောင်းဆောင်"ရဲ့မူလဘူတက ဂျပ်ဆင်ကောလိပ် (Judson College) ရဲ့ ကျောင်းဆောင်ဖြစ်ခဲ့ပါတယ်။ ရန်ကုန်ကောလိပ်နဲ့ ဂျပ်ဆင်(ယုဒသန်)ကောလိပ်တို့ကိုပေါင်းစည်းကာ"ရန်ကုန်တက္ကသိုလ်ကြီး" ဖြစ်တည်မလာသေးမီက ဂျပ်ဆင်ကျောင်းဆောင်၏အမည်ကို (North Hall) လို့ ခေါ်တွင်ခဲ့တယ်။ အဲဒီလို ခေါ်တွင်ခဲ့တာက ကျောင်းဆောင်ဟာ ဂျပ်ဆင်ကောလိပ်ရဲ့မြောက်ဘက်မှာရှိတဲ့ (Hall)ခန်းဖြစ်နေလို့ပါပဲ။

ရွှေဘိုကျောင်းဆောင် အမည်ဖြစ်တည်ပုံဟာ စစ်ကိုင်း၊ ပင်းယ၊ အင်းဝ၊ သထုံ၊ ပဲခူးစတဲ့ ရန်ကုန်တက္ကသိုလ်ကြီးရဲ့ ပင်မကျောင်းဆောင်တွေ အမည်ရရှိလာပုံနဲ့မတူဘဲ တစ်မူထူးခြားနေတယ်။ ရန်ကုန်တက္ကသိုလ်ကြီးရဲ့ ပင်မကျောင်းဆောင်ကြီးတွေဖြစ်ကြတဲ့ အထက်ပါကျောင်းဆောင်တွေကို ခရစ်

၁၉၂၈ ခုနှစ်မှာ ဆောက်လုပ်ပြီးစီးခဲ့သလို မြန်မာ့သမိုင်းတွင် ထင်ရှားခဲ့တဲ့ မင်းနေပြည်တော် အမည်တွေနဲ့ မှည့်ခေါ်နိုင်ခဲ့တာကလည်း ကိုလိုနီခေတ်ရဲ့ အထွတ်အထိပ်ကာလဖြစ်ခဲ့တဲ့ (၁၉၂၈) ခုနှစ်ကတည်းကပင် ဖြစ်ခဲ့ပါတယ်။ ဒါပေမဲ့ ကုန်းဘောင်မင်းဆက်ကို အကြောင်းပြုတဲ့ အလောင်းမင်းတရားကြီးရဲ့ "ငါးမည်ရပြည်ရွှေဘို"ကို ဖော်ညွှန်းတဲ့ "ရွှေဘိုဆောင်" အမည်နာမကိုတော့ မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှု အထွတ်အထိပ်ကာလ (လွတ်လပ်ရေး ရအံ့မှုမှူးအချိန်)ဖြစ်ခဲ့တဲ့(၁၉၄၇-၄၈)ခုနှစ်ရောက်တော့မှသာပြောင်းလဲမှည့် ခေါ်နိုင်ခဲ့တာ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဂျပ်ဆင်ကျောင်းဆောင်ကို "North Hall" အမည်ပေးထားရာကနေ ရန်ကုန်တက္ကသိုလ်ကြီး ဖြစ်တည် လာချိန်မှာ အဲဒီကျောင်းဆောင်အမည်ကို မြန်မာမှုပြုကာ "ဥတ္တရဆောင်"လို့ အမည်ပြောင်းပေးခဲ့တယ်လေ။ [ဥတ္တရ(ပါ)ရဲ့ အဓိပ္ပာယ်ဝစနက်ကလည်း "မြောက်"အရပ် ဖြစ်တယ်။] ဒါအပြင် အကြောင်းတိုက်ဆိုင်စွာပင် "ရွှေဘို ဆောင်" နဲ့ မလှမ်းမကမ်းတွင် ရန်ကုန်တက္ကသိုလ်ဝင်းကြီးအတွင်းမှာ တည်ရှိ နေတာက ရန်ကုန်မြို့ကြီး ဖြစ်တည်မလာမီကတည်းရှိခဲ့တဲ့ "ဒဂုံမြို့ဟောင်း"ကို အကြောင်းပြုတဲ့ "ဒဂုံဆောင်" တည်ရှိနေတာကြောင့် အလောင်းမင်းတရား ကြီးရဲ့အောင်မြေကို ဂုဏ်တင်ကာ "ရွှေဘိုဆောင်" အမည်ပေးထားတာ ဖြစ် တယ်။

## ရွှေဘိုဆောင်က သမိုင်းတင်ပုဂ္ဂိုလ်များ


"ငါးမည်ရ၊ ပြည်ရွှေဘို"ကို ဖော်ညွှန်းမှည့်ခေါ်ခဲ့တဲ့ "ရွှေဘိုကျောင်း ဆောင်"ကနေ ရန်ကုန်တက္ကသိုလ်ကြီးမှာ ပညာရင်နို့ သောက်စို့ခဲ့ကြပြီး နောက် မြန်မာ့သမိုင်းကြောင်းတွင် ထင်ရှာပေါ်လွင်ကာ သမိုင်းတင်နိုင်ခဲ့သူ တွေ ပေါက်ဖွားလာခဲ့ပါတယ်။ ၁၉၃၄-၃၅ ခုနှစ် ပညာသင်ကာလမှာ ရွှေဘို ဆောင်သားဖြစ်ခဲ့သူ "ဗိုလ်မှူးဘရှင်"ဟာ ကလောင်အမည် "မောင်သုတ"နဲ့ လွတ်လပ်ရေးရပြီး စကာလကစပြီး "မြန်မာစာ မြင့်စေချင်လွန်းလို့" အခန်း ဆက် ဆောင်းပါးရှည်ကြီး နဲ့ ကိုလိုနီခေတ်အတွင်းက "မြန်မာစာ၊ ဈေးမရှိလို့၊

ဆွေးမရှိ နောက်ဖွယ်၊ ရေးကဝိပျောက်ကွယ်" လုနီးပါးဖြစ်ခဲ့ရတဲ့ "သမိုင်းကြွေး" ကို ပြန်လည်ပေးဆပ် နိုင်ခဲ့တဲ့အတွက် သမိုင်းတင်ပုဂ္ဂိုလ်စာရင်း ဝင်ခဲ့တာပါ။ အလားတူ မြန်မာစာပေသမိုင်းတွင် "ကုန်းဘောင်ခေတ်"ဟာ ပုဂံ၊ ပင်းယ၊ အင်းဝခေတ်တွေလိုပဲ စာပေဘက်တွင် ထင်ရှားခဲ့တဲ့ "စာဆိုတွေ" အမြောက်အမြား ပေါ်ထွန်းခဲ့တဲ့ခေတ် ဖြစ်တယ်။ ကုန်းဘောင်ခေတ်ကို ရည်မှန်းတဲ့ "ရွှေဘိုဆောင်သား"တွေဟာလည်း ထူးခြားစွာပင် "စာပေ"ဘက်တွင် ထင်ရှားခဲ့သူတွေ ဖြစ်နေကြတာပါပဲ။ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးစ ကာလမှသည် မျက်မှောက်ကာလတိုင် စာပေနယ်တွင် ထင်ရှားပြီး မြန်မာစာပေတည်တံ့တိုးတက်ရေးကို စွမ်းဆောင်ပေးနိုင်ကြသူတွေကတော့ စာရေးဆရာကြီး (ဦး)ကျော်အောင်ဟာ မြန်မာစာပေတိုးတက်ရေးကို ဆောင်ရွက်ပေးနိုင်ခဲ့သလို မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်း(ဗဟို) ဥက္ကဋ္ဌတာဝန်ကိုပင် ထမ်းဆောင်ပေးနိုင်ခဲ့သူ ဖြစ်တယ်။ ရွှေဘိုကျောင်းဆောင်သားအဖြစ် လွတ်လပ်ရေးအကြိုကာလ (၁၉၄၇ - ၄၈)တွင် ရန်ကုန်တက္ကသိုလ်မှာ ပညာသင်ယူခဲ့သူ ဖြစ်ပါတယ်။ (၁၉၄၈ - ၄၉) ခုနှစ်တွင် ရွှေဘိုဆောင်သားဖြစ်ခဲ့သူ ကထိက(ဦး)စိန်လွင်လေး၊ ဝိဇ္ဇာ(ဂုဏ်ထူး)ဒီဂရီဟာ မြန်မာစာ အသင်အပြကောင်းတဲ့ ကထိကတစ်ဦးသာမက "မြန်မာ့စစ်မှတ်တမ်းများနှင့် သေနင်္ဂဗျူဟာများ" စာအုပ်ကြီးကိုပါ ရေးသားပြုစုနိုင်ခဲ့တယ်။

အလားတူ "ရှုမဝရုပ်စုံမဂ္ဂဇင်း"ရဲ့ ပင်တိုင်စာရေးဆရာဖြစ်ခဲ့သူ မောင်ကြည်လင်ဟာ ၁၉၅၀ ပြည့်နှစ်တွင် "ရွှေဘိုကျောင်းဆောင်သား" ဖြစ်လာပြီး တက္ကသိုလ်ပညာတွေကို ဆည်းပူးခဲ့တယ်။ ဘာသာပြန်စာပေဘက်တွင်သာမက ပင်ကိုရေးဝတ္ထုရှည်ကြီးဖြစ်ခဲ့တဲ့ ဝီရ ရသမြောက် "ဓားတောင်ကိုကျော်၍ မီးပင်လယ်ကိုဖြတ်မည်" ဂန္ထဝင်စာအုပ်ကြီးကြောင့် ထင်ရှားခဲ့သူ စာရေးဆရာကြီး မြသန်းတင့်ဟာလည်း ၁၉၅၀ ပြည့်နှစ် ရန်ကုန်တက္ကသိုလ် ပညာသင်နှစ်မှာ "ရွှေဘိုဆောင်" ကနေ ပညာဆည်းပူးခဲ့သူပဲ ဖြစ်ပါတယ်။ ၁၉၅၀ ပြည့်နှစ် ပညာသင်နှစ်မှာပဲ "ရွှေဘိုကျောင်းဆောင်သား" ဖြစ်ခဲ့သူ ဦးဝင်းမောင် (မင်းယုဝေ)ဟာ "ငွေတာရီမဂ္ဂဇင်း"ကို စတင်ထုတ်ဝေခဲ့သူ ဖြစ်

သလို "ကဗျာစာဆို" တစ်ဦးလည်း ဖြစ်ပါတယ်။ ဒါ့အပြင် မျက်မှောက်ကာလ တိုင် "စိတ်ကောင်းရှိ၊ သီလမြဲ၊ ဝိပဿနာစွဲ" ဆောင်ပုဒ်နဲ့ မင်္ဂလာဗျူဟာ အသင်းက ထုတ်ဝေနေတဲ့ မြတ်မင်္ဂလာစာစောင်ရဲ့ စာတည်းမှူးချုပ် တာဝန် အပြင် "မင်္ဂလာမောင်မယ်" စာစောင်ကို စီစဉ်ထုတ်ဝေကာ "ယဉ်ကျေးမွေနစ်၊ အားသစ်ဆောင်သယ်၊ မင်္ဂလာမောင်မယ်"တွေ ဖြစ်ရလေအောင်သာမက စစ်မှန်တဲ့ "ထေရဝါဒဗုဒ္ဓဘာသာ ပြန့်ပွားရေး"အပြင် မျိုးဆက်သစ်များအား ပညာပြည့်ဝ နလုံးလှပြီး စာရိတ္တမြင့်မားလာစေရေးအတွက်ပါ စွမ်းဆောင်ပေး နေဆဲဖြစ်တဲ့ "သမိုင်းတင်ပုဂ္ဂိုလ်" ပင်ဖြစ်ပါကြောင်း သမိုင်းမှတ်တမ်းပြုကာ တင်ပြရပါတယ်။

○



**Judson College Chapel**

# မြကျွန်းညိုညို ရန်ကုန်တက္ကသိုလ်ဝင်းအတွင်းက Judson Church

မျက်မှောက်ကာလမှာမလိုတမာလေလှိုင်းသံတွေကနေတက္ကသိုလ်/ ကောလိပ်တွေကို မြို့ပြင်တွေမှာ တည်ဆောက်ပေးနေတယ်ဆိုပြီး တက္ကသိုလ်/ ကောလိပ်ကျောင်းသား၊ ကျောင်းသူတွေ သွားလာရေး ခက်ခဲနေကြရတယ်လို့ သွေးထိုးလှုံ့ဆော်ပေးနေသံတွေကို ကြားနေရတယ်။ ဒါကြောင့် နယ်ချဲ့ကာလမှာ စတင်ဖွင့်လှစ်ခဲ့တဲ့ "ရန်ကုန်တက္ကသိုလ်ကြီး" ရဲ့သမိုင်းဖြစ်စဉ်ကို နယ်ချဲ့ပါမောက္ခဖြစ်သူ B.R. Peam က A History of Rangoon မှာ RangoonCollegeခေါင်းစဉ်နဲ့မှတ်တမ်းပြုခဲ့တာကိုပြန်လည်ဖတ်ရှုကြည့်မိတဲ့အခါ Rangoon College The Rangoon College [University College] and the establishment of the New University of Rangoon - Estate near Kamayut between the year 1924 and 1932, these Institutions

were gradually removed to new buildings on the Northern Boundary of the City." ရယ်လို့ရန်ကုန်တက္ကသိုလ်အဆောက်အအုံကြီးကိုရန်ကုန်မြို့ရဲ့ မြောက်ဘက်အစွန် (နယ်နိမိတ်)မှာ ရှိနေတဲ့ ကမာရွတ်ရွာအနီးတွင် (၁၉၂၄ - ၁၉၃၂) အတွင်း ဖြည်းဖြည်းချင်းသာ ဆောက်လုပ်နိုင်ခဲ့ပြီး ကျောင်းသား၊ ကျောင်းသူတွေကို အဆောက်အအုံသစ်တွေသို့ ပြောင်းရွှေ့ပေးခဲ့ရတာ ဖြစ်တယ်။ အဲဒီကာလက ရန်ကုန်တက္ကသိုလ်ဝန်းကျင်ဟာ ခြင်ကိုက်၊ ဗွက်ထူခဲ့ရုံ မျှမက လမ်းပန်းဆက်သွယ်ရေးခက်ခဲလှတာတွေကို ရန်ကုန်တက္ကသိုလ် ကျောင်းတော်ကြီးဖွင့်စကာလမှာ မော်တော်ကားနဲ့ ကျောင်းတက်ခဲ့သူ (ရေခဲ မောင်)က "ကျောင်းဖွင့် ရကန်"နဲ့ သမိုင်းဖြစ်ရပ်မှန်ကို ဖွင့်အန်ထားပုံက - "ကားကိုပတ်၍လှည့်လိုက်ပါ။ရွှံ့ညွန်လမ်းတွင်ဘီးမြုပ်ဝင်သော်တွင်တွင်အား ထုတ်စက်ကုန်ခုတ်လည်း၊မလှုပ်ကြွံခိုင်အားမနိုင်၍၊ကားယိုင်ခဲ့ရာမသာနလုံး ကြိမ်မီးအုံးသို့၊ ချွေနံ့မရှင် ကိုယ်တိုင်ဝင်၍၊ အပင်အပန်း ကားကိုတွန်းလည်း၊ ကွန်းထောက်မွေ့ပျော် ဗွက်မှာပျော်သည်၊ ကိုယ်တော်မြတ်ကား မလှုပ်ရှား၍ "ကုလားနစ်ဆယ်" လာ၍ကယ်မှ ကားဝယ်လွတ်ချမ်းသာ၏" လို့ ရန်ကုန် တက္ကသိုလ်ကြီးဥပစာမှာ "အဓိပတိလမ်းမကြီး" မဖောက်လုပ်ရသေးမီက တက္ကသိုလ်ဝင်လမ်းရဲ့မြင်ကွင်းနဲ့အိန္ဒိယနိုင်ငံကနေမြန်မာနိုင်ငံသို့လာရောက် အလုပ်လုပ်ကြရတဲ့အိန္ဒိယနိုင်ငံသား(ကုလား)တွေဟာရန်ကုန်တက္ကသိုလ်ရဲ့ အောက်ခြေဝန်ထမ်းတွေ ဖြစ်ကြတဲ့ "ဒရဝမ် (လုံခြုံရေး)၊ ချာပရာစီ(စာရေး)၊ ပြာတာ(ရုံးစေ)နဲ့ မာလီ(ခြံအလုပ်သမား)" အဖြစ် အလုပ်လုပ်ခဲ့ကြရတဲ့ "သမိုင်းပုံရိပ်"ကိုလည်း တွေ့မြင်ရပါတယ်။

## *Judson Church* ကြီးအား စတင်တည်ဆောက်ခဲ့ရာဝယ်

ရန်ကုန်တက္ကသိုလ် (Rangoon University) ရယ်လို့ဖြစ်တည်လာဖို့ ရာ "မျိုးစေ့"ချပေးခဲ့တာက ရန်ကုန် (Baptist) ကောလိပ်ပဲ ဖြစ်ကာ (Baptist Cushion) လို့လည်း ခေါ်တွင်ခဲ့တယ်။ ယခုအခါ အ.ထ.က (၄) အလုံပေါ့။ ဒါကြောင့် "သခင်မြပန်းခြံလမ်း"ကို နယ်ချဲ့ခေတ်က College Street လို့

အမည်ပေးခဲ့တာဖြစ်တယ်။ ရန်ကုန် Baptist Cushion ဟာ ခရစ် ၁၈၇၂ ခုနှစ်တွင် အိန္ဒိယနိုင်ငံ၊ ကာလကတ္တား (ယခု ကိုလ်ကတ္တား) တက္ကသိုလ်နဲ့ စတင်ဆက်သွယ်ခဲ့တယ်။ အဲဒီတုန်းက မြန်မာနိုင်ငံကိုလိုနီ ပညာရေးဟာ "ဥပစာအဆင့်" Intermediate Level မျှသာ ရှိသေးတဲ့အတွက် တက္ကသိုလ်အဆင့်ပညာသင်ကြားလိုကြသူတွေအနေနဲ့ "ကာလကတ္တားတက္ကသိုလ်"သို့ သွားရောက် ပညာသင်ကြားခဲ့ကြရတယ်။ (အားကစားဘက်တွင်လည်း အလေးမချန်ပီယံ ဦးဇော်ဝိတ်ဟာ ပန်ချာပီလိုဝတ်ပြီး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရပါတယ်။) အဲဒီတုန်းက ရန်ကုန် (Baptist) ကောလိပ်ဟာ "ကာလကတ္တားတက္ကသိုလ်"ရဲ့ လက်အောက်ခံကောလိပ်အဆင့်နဲ့ ရပ်တည်ခဲ့ရပါတယ်။ ရန်ကုန်တက္ကသိုလ်ကြီးအဖြစ် တည်ဆောက်ရန် ကောလိပ်နှစ်ခုကို ပေါင်းစည်းလိုက်တဲ့အခါမှာ ရန်ကုန်(Baptist)ကောလိပ်ဟာ Judson College ယုဒသန်ကောလိပ် အမည်နဲ့ ထင်ရှားလာခဲ့တာ ဖြစ်တယ်။ ဒါကြောင့် ရန်ကုန်မြို့ရဲ့အနောက်ဘက်နယ်နိမိတ်ဖြစ်တဲ့ "အနောက်လမ်း" နဲ့ ရွာသစ်ချောင်းအနားက Baptist Cushion Collegeကိုရန်ကုန်တက္ကသိုလ်ကြီးဖြစ်တည်လာအောင်ပူးပေါင်းဖို့အတွက် ကမာရွတ်ရွာတည်ရှိရာ ရန်ကုန်မြောက်ဘက်နယ်နိမိတ်သို့ ပြောင်းရွှေ့ဖွင့်လှစ်ပြီး နှစ်ခြင်းဂိုဏ်းရဲ့ သာသနာပြုလုပ်ငန်းကို မြန်မာနိုင်ငံတွင် စတင်ဆောင်ရွက်ပေးခဲ့သူ "အဒေါ်နီယန်ဂျပ်ဆင်" (Adoniran Judson) အားအကြောင်းပြုကာ Judson College ဂျပ်ဆင်ကောလိပ်လို့ အမည်ပေးခဲ့ကြတယ်။ မြန်မာတို့က Judson ကို "ယုဒသန်"လို့ အမည်ပေးခဲ့ကြတယ်။ ဘာကြောင့်လဲဆိုတော့ Judson ဟာ အင်းဝနေပြည်တော်အထိ ရောက်ရှိခဲ့ကာ ဘုရင့်အသိုင်းအဝိုင်းကို "ဘာသာမျိုးခြား၊ တန်ဆိုစကား"တွေအား သင်ကြားပေးရင်း နှစ်ခြင်းသာသနာပြု (Missionary)ကိုပါ ပူးတွဲဆောင်ရွက်သွားခဲ့တယ်။ ဂျပ်ဆင်ပြုစုခဲ့တဲ့ "အင်္ဂလိပ် - မြန်မာအဘိဓာန်" ဟာ မြန်မာနိုင်ငံရဲ့ပထမဦးဆုံး အဘိဓာန် (Dictionary) ဖြစ်သလို စာပေတိုးတက်မှုကိုပါ များစွာ အထောက်အကူပြုခဲ့ပါတယ်။ Adoniran Judson နဲ့ ဇနီးတို့ဟာ ရေလမ်းခရီးကနေ ခရစ် (၁၈၁၃) ခုနှစ်၊ ဇူလိုင်လ (၁၃) ရက်နေ့တွင် "ရန်ကုန်မြို့"သို့စတင်ရောက်ရှိခဲ့ပြီး

ခရစ် (၁၈၁၉) ခုနှစ်မှာရန်ကုန်မြို့နေ "မောင်နော" ဆိုသူကို နှစ်ခြင်းဘာသာဝင် (Baptist) အဖြစ် စတင်သွတ်သွင်းနိုင်ခဲ့တယ်။ ဒါကြောင့် "ဦးနောအောက်မေ့ဖွယ်" U Naw Memorial ရှေးဟောင်းလက်ရာ အဆောက်အုံကြီးကို လမ်းမတော်မြို့နယ်၊ အနော်ရထာလမ်း (Canal) နဲ့ စဉ့်အိုးတန်းလမ်း (Crisp) ထောင့်မှာ မျက်မှောက်ကာလတိုင် ထီးထီးမားမား တွေ့မြင်နေရတာ ဖြစ်ပါတယ်။ အလားတူ ယုဒသန်ကောလိပ် (Judson) ကို ရန်ကုန်တက္ကသိုလ် ပရဝဏ်အတွင်းသို့ ပြောင်းရွှေ့တဲ့အခါမှာလည်း ကျောင်းဆောင်တွေနဲ့အတူ နှစ်ခြင်းဘာသာဝင်တွေ ဝတ်ပြုကိုးကွယ်ဖို့ရာ Judson Church ကြီးကိုပါ ထည့်သွင်းတည်ဆောက်ခဲ့ခြင်းဖြစ်တယ်။ JudsonChurchကြီးဟာထိုစဉ်ကရန်ကုန်မြို့ရှိမျှော်စင် (Tower) တွေထဲမှာ "အမြင့်ဆုံးမျှော်စင်"ပါ အဆောက်အအုံဖြစ်ခဲ့သလို နှစ်ခြင်းသာသနာပြုလုပ်ငန်း (Missioinary Work) တွေကိုပါ ပူးတွဲဆောင်ရွက်ပေးခဲ့တယ်။

## ***Judson Church*** **ကြီးအား တည်ဆောက်ခဲ့ပုံ**

ယခုအခါ ရန်ကုန်မြို့တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ ရှေးဟောင်းလက်ရာ အဆောက်အအုံများ စာရင်းအမှတ်စဉ် (၁၃၀)မှာ ပါဝင်နေတဲ့ "ဂျပ်ဆင်ဘုရားကျောင်း" ရန်ကုန်တက္ကသိုလ်ဝင်း၊ ကမာရွတ်မြို့နယ်ကို ၁၉၃၁ ခုနှစ်၊ ဇူလိုင်လ (၂၇) ရက်နေ့တွင် ရန်ကုန်တက္ကသိုလ်အဓိပတိ (Chancellor) တာဝန်အား (၁၉၃၀ - ၃၁) ခုနှစ်များ၌ ထမ်းဆောင်ခဲ့သူ "ဆာ၊ ချားလ်၊ အလက်ဇန္ဒားအင်းနစ်" Sir Charles Alexander Innes က စတင်အုတ်မြစ်စီပေးကာ တည်ဆောက်ခဲ့တာဖြစ်တယ်။ အဲဒီလို တည်ဆောက်ခဲ့ရာမှာ ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်ကြီး တည်ဆောက်စဉ်ကလို ရန်ပုံငွေမလုံလောက်တဲ့အတွက် တိုင်းရင်းသား မေနရှင်တွေထံက အလှူငွေကောက်ခံခဲ့ရတာမျိုး မရှိခဲ့ဘူး။ Judson Church အဆောက်အအုံကြီး တည်ဆောက်ဖို့အတွက် American Baptist Mission ABM က ဆောက်လုပ် ကုန်ကျငွေထက်ဝက်ကို ကျခံပေးပြီး ကျန်ငွေထက်ဝက်ကိုတော့ ထိုစဉ်က အမေရိကန်

သန်းကြွယ်သူဌေးကြီး ရော့ခ်ဖဲလား Rock Feller မိသားစုက ကျခံပေးခဲ့ပါသည်။ ဒါကြောင့် လှပထည်ဝါတဲ့ မျှော်စင်ပုံစံ အဆောက်အအုံကြီးမှာ မြေပြင်ကနေ မျှော်စင်ထိပ်အထိ "လှေကားထစ်ပေါင်း (၁၈၀)"နဲ့ တည်ဆောက်ခဲ့တဲ့အတွက် အဲဒီကာလက ရန်ကုန်မြို့မှာ တည်ဆောက်ပြီးဖြစ်ကြတဲ့ Port Commissioner, Sorrento Villa နဲ့ ချင်းရှောင်းနန်းတော်မျှော်စင် (Kan bawza Palace) စတဲ့ ခေတ်ပြိုင် မျှော်စင်တွေထဲမှာ အမြင့်မားဆုံး ဖြစ်ခဲ့ဖူးပါတယ်။ Judson Church ရဲ့ထူးခြားချက်ကတော့ အခြား Church တွေလို အဆောက်အအုံကို ထုချွန်ပုံစံနဲ့ ဆောက်လုပ်ထားတာ မဟုတ်ဘဲ မျှော်စင် (Tower)ပုံစံနဲ့ တည်ဆောက်ထားခြင်းပဲ ဖြစ်တယ်။ အဆောက်အအုံကြီးရဲ့ မျက်နှာစာကို မျှော်စင်ပုံစံနဲ့ ထူးခြားစွာ တည်ဆောက်ထားကာ ဝင်ပေါက်ရဲ့ တစ်ဖက်တစ်ချက်မှာ မျှော်စင်ပေါ်သို့တက်ရန် လှေကားတွေ တပ်ဆင်ပေးထားတယ်။ မျှော်စင်ရဲ့ ထိပ်ဘက်မှာ လေဝင်လေထွက်နဲ့ သဘာဝအလင်းရောင် ရရှိနိုင်စေဖို့ ကွန်ကရစ်လေဝင်ပေါက် (၃) ပေါက်ကို ဖောက်ပေးထားတယ်။ မြေညီထပ်ရဲ့ ဝင်ပေါက်ကနေ ဝင်လိုက်တဲ့အခါ ခန်းမကျယ် (Hall type) "ဝတ်ပြုခန်းမ"အား ဆင်ခြေလျှောတည်ဆောက်ထားပြီး ဝတ်ပြုခန်းထိပ်မှာ "စင်မြင့်" (Stage) ကိုပါ တည်ဆောက်ပေးထားတယ်။ ဝတ်ပြုခန်းမအတွင်းမှာလည်း မြန်မာ့သစ်ရတနာတွေနဲ့ ပြုလုပ်ထားတဲ့ သစ်သားထိုင်ခုံတွေကို "ခန်းလုံးပြည့်" တပ်ဆင်ပေးထားတယ်။ ဝတ်ပြုခန်းမထိပ်က "စင်မြင့်" (Stage)ရဲ့ဘေးဘက်နဲ့နောက်ဘက်တို့မှာတော့ရုံးခန်းနှင့်နားနေခန်းတို့ကိုပါ ထည့်သွင်းတည်ဆောက်ပေးထားပါသေးတယ်။

ပြည်လမ်းဘက်ကနေ ရန်ကုန်တက္ကသိုလ်အတွင်းမှာ တည်ရှိနေတဲ့ judson Church ရဲ့ဉပစာကို အလယ်မှာ ပန်းခြံကလေးနဲ့ ပိုင်းခြားထားတဲ့ ဝင်လမ်း/ထွက်လမ်း နှစ်သွယ်ရဲ့ အဆုံးသတ်မှာ ကျယ်ဝန်းတဲ့ ယာဉ်နားခိုဖို့ မြေပြင်ကျယ် ကွက်လပ်ရှိပါတယ်။ ဒါကြောင့် Judson Church ကြီးသို့ ဝတ်ပြုကိုးကွယ်ရန်လာသူတွေအတွက်ရော၊ဘာသာဝင်တို့ရဲ့"မင်္ဂလာအခမ်းအနား" တွေကျင်းပတဲ့အခါမှာပါပရိသတ်များစွာဟာခံ့ညားထည်ဝါလှပစွာတည်ရှိနေ

သေးတဲ့ ရှေးဟောင်းလက်ရာစာရင်းဝင် သက်တမ်းနှစ် (၈၀) ကျော် ရှိနေပြီ ဖြစ်တဲ့ Judson Church Tower အဆောက်အအုံကြီးသို့ ချောမွေ့လွယ်ကူစွာ ဝင်/ထွက် သွားလာနိုင်ကြပါတယ်။ မျက်မှောက်ကာလအထိ ထုထည်တောင့် တင်း လှပခိုင်ခံ့မှုရှိနေသေးတဲ့ ရန်ကုန်မြို့တော်စည်ပင်သာယာရေး နယ်နိမိတ် အတွင်းရှိ ရှေးဟောင်းလက်ရာသမိုင်းဝင် အဆောက်အအုံကြီးဖြစ်တဲ့ ရန်ကုန် တက္ကသိုလ်ဝင်းအတွင်းက Judson Church ကြီးအား သမိုင်းမှတ်တမ်းပြုကာ တင်ပြလိုက်ရပါတယ်။

၀



**Art Hall**

## မြကျွန်းညီညို ရန်ကုန်တက္ကသိုလ်က ဝိဇ္ဇာခန်းမ *(Faculty of Arts)*

တက္ကသိုလ်(ပါ)ရဲ့ အဓိပ္ပာယ်ဝစနက်ဖြစ်တဲ့ "တက္ကသိုလ်" ဆိုတာ စာမေးပွဲအောင်ရုံမျှသာ လုပ်ပေးဖို့ထက် တက္ကသိုလ်ပညာတွေ တတ်မြောက်ပြီး လူလားမြောက်အောင် လုပ်ပေးဖို့က ပိုပြီးအရေးကြီးတယ်။ ဘာကြောင့်လဲဆိုတော့ (၁၉၂၀) ပြည့်နှစ်မှာ ပြဋ္ဌာန်းခဲ့တဲ့ "ရန်ကုန်တက္ကသိုလ်ဥပဒေ (မူကြမ်း)"ဟာ ကိုလိုနီနယ်ချဲ့တို့ရဲ့ "ဗျူရိုကရေစီယန္တရား" လည်ပတ်ရေးမှာ စာရေးစာချီ အဆင့်ကနေ အမြင့်ဆုံးဖြစ်တဲ့ မြို့အုပ်/ဝန်ထောက်အဆင့်အထိ တာဝန်ထမ်း ဆောင်နိုင်ဖို့အတွက်သာ ရေးရှုသင်ကြားပေးခဲ့တဲ့ "ကျွန်ပညာရေးစနစ်" ဖြစ်နေတာကြောင့်ပါပဲ။ အဲဒီအတွက်ကြောင့် ရန်ကုန်တက္ကသိုလ်ကျောင်းသား Boycoutters တွေက "အမျိုးသားကျောင်း"တွေ တည်ထောင်ကာ အမျိုးသားပညာရေး National Education ကို အစားထိုးသင်ကြားပေးစေခဲ့ရတာ ဖြစ်ပါတယ်။

၁၉၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ (၁) ရက်နေ့တွင် ရန်ကုန်ကောလိပ်နဲ့ ဂျပ်ဆင်ကောလိပ်"တို့ကို ပူးပေါင်းကာ "ရန်ကုန်တက္ကသိုလ်" Rangoon University အဖြစ် ဖွင့်လှစ်ခဲ့တယ်။ ရန်ကုန် ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ် Rangoon Arts & Science University အဖြစ်ကိုတော့ ၁၉၆၄ ခုနှစ် အောက်တိုဘာလ (၁) ရက်နေ့ကျမှသာ စနစ်သစ်ပညာရေးရဲ့ အသီးအပွင့် အနေနဲ့ စတင်ပြောင်းလဲ ဖွင့်လှစ်ခဲ့တာ ဖြစ်ပါတယ်။

ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်ရဲ့ပထမဦးဆုံးပါမောက္ခချုပ် (Rector) က ဒေါက်တာမောင်မောင်ခ ဖြစ်တယ်။ ဒါကြောင့် ၁၉၆၈ ခုနှစ်မှာ ကျင်းပခဲ့တဲ့ ရန်ကုန်တက္ကသိုလ်ရဲ့ "ဆဋ္ဌမအကြိမ် ဘွဲ့နှင်းသဘင်"ကို ခံ့ညားထည်ဝါတဲ့ ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမကြီးမှာ ကျင်းပခဲ့စဉ်က ဘွဲ့တက်ယူခဲ့ရတဲ့အခါ ပါမောက္ခချုပ် ဒေါက်တာမောင်မောင်ခက ဘွဲ့အပ်နှင်းတာကို ဂုဏ်ယူဝင့်ကြွားစွာ လက်ခံရယူခဲ့ရတယ်။

ဘွဲ့နှင်းသဘင် စင်မြင့်ထက်သို့ ဘွဲ့တက်ယူဖို့သွားစဉ်မှာ "နရီစည်းနဲ့ တီးပေးတဲ့ မြန်မာ့ဆိုင်းဝိုင်းကြီး"ရဲ့ ဆိုင်းသံကြောင့် "လေတွင် ပျံကြွတော့မယ့် ခြေလှမ်းတွေ"နဲ့ ဘွဲ့တက်ယူခဲ့ရတဲ့ ခံစားချက် (Feeling)ကတော့ ယနေ့ထက်တိုင် မမေ့နိုင်သေးတဲ့ "ပုံရိပ်"တစ်ခုပါပဲ။

## ဂျပ်ဆင်ကောလိပ်မှသည် ဝိဇ္ဇာခန်းမဖြစ်တည်

ဦးစွာပထမဦ "ဂျပ်ဆင်ကောလိပ်"အား တိုးချဲ့ကာ ဝိဇ္ဇာခန်းမအဖြစ် တည်ဆောက်ပေးခဲ့တယ်။ အင်္ဂလိပ်နယ်ချဲ့တို့ရဲ့ ကိုလိုနီပညာရေးစနစ်မှာ "ဗျူရိုကရေစီယန္တရား" လည်ပတ်နိုင်ဖို့ရာ "အဓိကလိုအပ်မယ့် ဝိဇ္ဇာပညာရပ်" ကို ဦးစားပေးတဲ့အနေနဲ့ ဝိဇ္ဇာခန်းမကြီးကို ကနဦးအစ တည်ဆောက်ပေးခဲ့တာ ဖြစ်တယ်။ ဘာကြောင့်လဲဆိုတော့ (၂၀) ရာစုခေတ်ဦးကာလမှာ မြို့အုပ်တွေ၊ ဝန်ထောက်တွေ ဖြစ်ဖို့ရာ အလားအလာရှိတဲ့ "ဝိဇ္ဇာဘွဲ့ရ" တွေဟာ တိုင်းရင်းသား မနေရှင်တွေအတွက် "သမက်ရတနာ" တွေ ဖြစ်ခဲ့ဖူးလို့ပါပဲ။

ဒါကြောင့် ရန်ကုန်တက္ကသိုလ်သို့ တက်ရောက်ပညာသင်ကြားခွင့် ရခဲ့ကြသူ လူငယ်လူရွယ်တွေကို သမီးရှင်တွေက "ကြို့တင် စရန်သတ်"တဲ့ အနေနဲ့ "ဘွဲ့ရတဲ့အထိပညာသင်စရိတ်ထောက်ပံ့တဲ့စနစ်" BrainandMoney Exchange System ဟာ ကာလတစ်ရပ်အထိ ခေတ်စားခဲ့ဖူးသေးတယ်။

အဲဒီဖြစ်စဉ်ရဲ့ သမိုင်းမှတ်တမ်းအဖြစ် အမျိုးသားပညာဝန် ဦးဖိုးကျား ရေးသားခဲ့တဲ့ "အခမဲ့ကူလီထမ်းခြင်း" ဆောင်းပါးမှာ ထိုစဉ်က တက္ကသိုလ် ကျောင်းသားတွေရဲ့ အနေအထားကို ထင်ရှားစွာ တွေ့မြင်ဖတ်ရှုနိုင်ကြပါ တယ်။ ဒါအပြင် ပညာထက်မြက်ပေမဲ့ ငွေကြေးချို့တဲ့ရှာသူတွေခမျာ ငွေကြေး ကြွယ်ဝတဲ့ ငွေရှင်တွေက သမီးပျိုအတွက် "အပိုင်ဝယ်ယူခြင်းခံခဲ့ရတဲ့" ဖြစ်စဉ် တွေပင် ရှိခဲ့ဖူးပါတယ်။

ဒါကြောင့် ရန်ကုန်တက္ကသိုလ် နှစ် (၅၀) စာစောင်မှာ "ဝိဇ္ဇာသုံးပါး"ကို ကာတွန်းရုပ်ပြောင်နဲ့ ရေးဆွဲထားတာက "ရှေးဝိဇ္ဇာရဲ့ပုံ"က ဆေးကြိမ်လုံးကြီးနဲ့ သူယောင်မယ်ကို ဆွတ်ခူးနေပုံရယ်၊ "ယခုဝိဇ္ဇာ" (တက္ကသိုလ်ဖွင့်ခါစ) နှစ် ဆယ်ရာစုခေတ်ဦးကျတော့ "ဝိဇ္ဇာဘွဲ့ရ"အားမိန်းမလှလေးတွေအလုအယက် ဖြစ်နေကြပုံနဲ့ "လာလတ္တံ့ဝိဇ္ဇာ" ကာတွန်းပုံမှာတော့ ဘွဲ့ရပညာတတ် အမျိုး သမီးတွေ ပေါများလာမယ့် နိမိတ်ပုံနဲ့ "ဝိဇ္ဇာဘွဲ့ရအမျိုးသမီး"ကို ယောက်ျား လေးက အပြိုင်အဆိုင် ပိုးပန်းနေကြရပုံနဲ့ သရုပ်ဖော်ရေးဆွဲထားတယ်လေ။

## ဝိဇ္ဇာခန်းမရဲ့ ဖြစ်တည်မှုအစ

၁၉၂၂ခုနှစ်၊ ဒီဇင်ဘာလ (၂)ရက်နေ့မှာ "ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်း သဘင်ခန်းမကြီး" တည်ဆောက်ရန် British Burma ရဲ့ဘုရင်ခံဖြစ်သူ Sir Reginald Henry Craddock က အုတ်မြစ်စီပေးခဲ့သလို ဝိဇ္ဇာခန်းမကြီး Faculty of Arts ကိုလည်း "ဘွဲ့နှင်းသဘင်ခန်းမကြီး"နဲ့ မလှမ်းမကမ်းရှိ မြေ ကွက်ကျယ်ကြီးပေါ်တွင် တည်ဆောက်နိုင်ရန် ရန်ကုန်တက္ကသိုလ်ရဲ့ ဒုတိယ မြောက် အဓိပတိဖြစ်သူ British Burma ရဲ့ဘုရင်ခံ Sir Charles Alexander

Innes က ခရစ် ၁၉၂၈ ခုနှစ်၊ နိုဝင်ဘာလ (၃) ရက်နေ့မှာ စတင်အုတ်မြစ်စီပေးခဲ့တယ်။

ဒါကြောင့် ယခုအခါ ရန်ကုန်မြို့တော် စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ ရှေးဟောင်းလက်ရာ အဆောက်အအုံများ စာရင်းအမှတ်စဉ် (၁၂၇) တွင် "ဝိဇ္ဇာခန်းမ၊ ရန်ကုန်တက္ကသိုလ်ပင်မဝင်း၊ ကမာရွတ်မြို့နယ်" လို့ ပါဝင်နေတာဖြစ်ပါတယ်။

"ဝိဇ္ဇာခန်းမကြီး" ကို ထုထည်တောင့်တင်းကာ ခံ့ညားထည်ဝါလှတဲ့ (၃) ထပ် စာသင်ဆောင်ကြီး (၄) ခုနဲ့ အဆောက်အအုံအစုအဖြစ် တည်ဆောက်ထားတယ်။ လှပကျယ်ဝန်းတဲ့ ဥပစာကို မြက်ခင်းပြင်စိမ်းစိမ်းလေးနဲ့ အစိမ်းရောင် အနားကွပ်ပေးထားတယ်။ ဝိဇ္ဇာခန်းမကြီးမှာ စာသင်ဆောင်ကြီး (၄) ဆောင်၊ ဝိဇ္ဇာခန်းမ အုပ်ချုပ်ရေးရုံးခန်းနဲ့ ဝိဇ္ဇာပညာရပ်နဲ့ ပတ်သက်တဲ့ သီးခြားစာကြည့်တိုက်တွေနဲ့ ပါဝင်ဖွဲ့စည်းတည်ဆောက်ထားတယ်။ ဝိဇ္ဇာခန်းမသို့ အဓိပတိလမ်းမကနေ ဝင်/ထွက်လမ်းကို "ရေတမာပင်တန်း" နဲ့ နေရောင်မခ အေးမြရလေအောင် သွယ်တန်းပေးထားတယ်။

ဝိဇ္ဇာခန်းမရဲ့ အတွင်းပိုင်းမှာ ပရိသတ်ဦးရေ (၅၅၀) စာအတွက် ထိုင်ခုံအပြည့်တပ်ဆင်ပေးထားသလို မျက်နှာကြက်မှာတော့ တွဲရွဲချထားတဲ့ မီးပန်းဆိုင်း အလှတွေနဲ့ တန်ဆာဆင်ပေးထားတယ်လေ။ ခန်းမထိပ်က ဇာတ်စင်ရဲ့ အပေါ်ဘက်မှာ လေဝင်လေထွက်နဲ့ အလင်းရောင်ရရှိရေးအတွက် နှစ်ဆယ်ရာစုခေတ်ဦး ဗိသုကာပညာနဲ့ Ventilator ပုံစံ တပ်ဆင်ပေးထားတယ်။

ဒါကြောင့် ရန်ကုန်တက္ကသိုလ် သက်တမ်းတစ်လျှောက်လုံး ကျယ်ဝန်းလှပတဲ့ ဝိဇ္ဇာခန်းမကြီးအတွင်းမှာ ဟောပြောပွဲတွေ၊ ဧည့်ခံပွဲတွေ၊ စကားရည်လုပွဲတွေ၊ ဉာဏ်ကြီးရှင် ဖြေဆိုပွဲတွေနဲ့ ရုပ်ရှင်ပြပွဲတွေအပြင် တက္ကသိုလ်အနုပညာအသင်းရဲ့ စာတမ်းဖတ်ပွဲတွေ၊ အငြိမ့်ကပွဲတွေ၊ သရုပ်ဖော်ပြဇာတ်တွေနဲ့ ကပြဖျော်ဖြေခဲ့ရာ "ရိပ်ကွန်းသာ" ဖြစ်ခဲ့သလို ဆွေးနွေးပွဲတွေနဲ့ တက္ကသိုလ်ကျောင်းသား/သူများအသင်းအဖွဲ့တွေရဲ့ ကိုယ်စားလှယ်တွေကို ရွေးချယ်တင်မြှောက်ရာ Seminar Hall ကြီးလည်း ဖြစ်ခဲ့ဖူးပါသေးတယ်။

ဒါပေမဲ့ ဝိဇ္ဇာခန်းမကြီးက သန့်ရှင်းလှပတဲ့ "သန့်စင်ခန်း" Latrine အတွင်းက နံရံဖြူဖြူကတော့ "နံရံစာ"တွေ ဖော်ကျူးရာ White board ပမာ ဖြစ်ခဲ့ရတာကို ရန်ကုန်တက္ကသိုလ် နှစ်ငါးဆယ်စာစောင်ကြီးမှာပင် "အမှုကွန်း" တင် ရေးသားထားပါတယ်။

၁၉၇၀ ပြည့်နှစ်တွင် "ရန်ကုန်တက္ကသိုလ် နှစ် (၅၀) ရွှေရတု အထိမ်းအမှတ်ပွဲတော်ကြီး"ကို အလွှိုင်းတကြီး ခမ်းနားထည်ဝါစွာ ကျင်းပခဲ့စဉ်မှာ "ဝိဇ္ဇာခန်းမ"ရဲ့ဥပစာက စိမ်းလန်းတဲ့ မြက်ခင်းပြင်တွင် ဇာတ်စင်အမှတ်(၃)ကို တည်ဆောက်ပေးကာရန်ကုန်တက္ကသိုလ်ရဲ့နှစ်ငါးဆယ်ရွှေရတုသဘင်ပွဲအား ပျော်ရွှင်စွာ ဆင်နွှဲခဲ့ပါကြောင်း သမိုင်းမှတ်တမ်းပြုကာ တင်ပြလိုက်ရပါတယ်။

○



**Science Hall**

## မြကျွန်းညိုညို ရန်ကုန်တက္ကသိုလ်အတွင်းက သိပ္ပံခန်းမ *(Faculty of Science)*

မြကျွန်းညိုညိုအင်းလျားကန်အပါးက ရန်ကုန်တက္ကသိုလ်ပရဝဏ်ကြီးကို ကျယ်ဝန်းပြန့်ပြူးတဲ့ မရမ်းခြံကြီးမှာ အခြေပြုတည်ဆောက်ထားခဲ့တာကြောင့် တောစိုးရက္ခမှုပင်မြင့်ပင်စောက်ကြီးတွေဖြစ်ကြတဲ့ "မရမ်းပင်၊ သစ်တိုပင်၊ ပိန္နဲပင်၊ သစ်ဆိမ့်ပင်၊ သရက်ပင်၊ ကံ့ကော်ပင်၊ စိန်ပန်းပင်" တွေနဲ့အတူ ရန်ကုန်တက္ကသိုလ်ရဲ့ ထင်ရှားတဲ့ အမှတ်အသားဖြစ်တဲ့ သစ်ပုပ်ပင်ကြီးပါ "ဖွားဖက်တော်" အနေနဲ့တည်ရှိခဲ့တယ်။ ဒါကြောင့်လည်းမြန်မာသံစဉ် "ဂန္ထဝင်တေးသံရှင် တွံတေးသိန်းတန်" က "ချစ်ရက်ရှည်ရှည် အင်းလျားမြေ" သီချင်းနဲ့ တက္ကသိုလ်ရဲ့သရုပ်ကို ပီပြင်ပေါ်လွင်အောင် သီဆိုဟာစ်ကြွေးခဲ့တာက "ကျောင်းဖွင့်ချိန် စိန်ပန်းတွေလည်း မြေမှာကျဲပြန့်နေ ကံ့ကော်ပန်းတွေနဲ့အတူ သူနဲ့တွေ့ရာမြေ" လို့ ဖြစ်တယ်လေ။ ရန်ကုန်တက္ကသိုလ်ကြီးဟာ ဒုတိယကမ္ဘာ

စစ်ကြီးမတိုင်မီ (Pre-war) ကာလက "အာရှတိုက်မှာ အလှပဆုံး၊ အကွက်အကွင်းအကျဆုံး တက္ကသိုလ်ကြီး" အဖြစ် ထင်ပေါ်ကျော်ကြားခဲ့ဖူးပါတယ်။

## ရန်ကုန်တက္ကသိုလ်ကြီးရဲ့ဖွားဖက်တော် "သစ်ပုပ်ပင်ကြီး"

"လှူ့ပြည်လှူရွာ၊ လှူ့ခန်းဝါတွင်၊ ရတနာရိပ်မြုံ၊ သာမျိုးစုံသည့်၊ ရန်ကုန်ပြည်သာ၊ မြောက်မျက်နှာဝယ်၊ ကမာရွတ်ခေါ်၊ ထင်ပေါ်ဂါမာ၊ သညာမည်သီး၊ ရွာအနီး၌၊ အံ့ချီးဖွယ်တည်ထား၊ ယူနီဗာစီတီ ကျောင်းသားများ၏ ပျော်ပါးမွေ့လျော်ရာဖြစ်သော…ကျောင်းတော်ကြီး" ရယ်လို့မောင်ဝ (သိပ္ပံမောင်ဝ)က သီကြားမင်းထံ လျှောက်ထားသံနဲ့ စာပန်းချီခြယ်ရေးသားထားတဲ့အတိုင်း ရန်ကုန်မြို့ရဲ့မြောက်ဘက်အစွန်၊ ကမာရွတ်ကျေးရွာအနီး [ကမာရွတ် <ကမာ + ရတ်(မွန်)၊ ကမာ = ကန် (ရေကန်) + ရတ် = ရတနာ] ရတနာကန်ကြီးဖြစ်တဲ့ အင်းလျားကန် (အင်းရှည်ကြီးကို အစွဲပြုမှည့်ခေါ်ခဲ့တာ၊ Inya လို့ အင်္ဂလိပ်ဘာသာနဲ့ ရေးသားထားပေမဲ့ မူရင်းအခေါ်အဝေါ် အရေးအသားဖြစ်တဲ့ "အင်းလျား" လို့သာ ရေးသားသုံးနှုန်းရပါမယ်။ နဂိုစိတ်ပျောက် ဘိုစိတ်ပေါက်ပြီး "အင်းယား"လို့ အရမ်းဘာသာပြန် ရေးသားနေကြလေတော့ အင်းရှည်ကြီးကနေ ယားယံတတ်တဲ့ အင်းကြီးဖြစ်နေရရှာပါပြီ)က တောစိုးရက္ခမူပင်တွေထူထပ်သိပ်သည်းလှတဲ့ "မရမ်းခြံကျယ်ကြီး" အတွင်းမှာ သစ်တိုပင်ကြီးနဲ့ သစ်ပုပ်ပင်ကြီးလည်း ပါဝင်ပေါက်ရောက်နေခဲ့ပါတယ်။ ရန်ကုန်တက္ကသိုလ် အဆောက်အအုံတွေ တိုးချဲ့တည်ဆောက်ဖို့ရာ သစ်ပင်တွေခုတ်ကာ တောတွေ ရှင်းပြီး မြေကွက်လပ် Vacant Land ဖြစ်အောင် လုပ်လိုက်တဲ့အခါ မရမ်းပင်၊ ကနစိုး ပင်၊ ပိန္နဲပင်၊ သရက်ပင်တွေ ပါဝင်သွားပေမဲ့ သစ်တိုပင်ကြီးနဲ့ သစ်ပုပ်ပင်ကြီးတွေကတော့ ရန်ကုန်တက္ကသိုလ်ရဲ့ မြေပြင်အမှတ်အသား (Land Mark) အနေနဲ့ သမိုင်းဝင်ကျန်ရစ် တည်ရှိခဲ့တာ မျက်မှောက်ကာလတိုင်ပါပဲ။

ပန်းချီကဗျာထက်လှတဲ့ သီလာတက္ကရဲ့ရွှေရောင်နေ့ရက်တွေတုန်းက ရန်ကုန်တက္ကသိုလ်ရဲ့ ပညာသင်နှစ်နဲ့ သစ်ပုပ်ပင်ကြီးရဲ့ "ဖြစ်စဉ်" ဟာ

အကြောင်း တိုက်ဆိုင်စွာ ဒွန်တွဲဖြစ်ပေါ်ခဲ့ဖူးတယ်။ အဲဒီအချိန်တုန်းက ရန်ကုန် တက္ကသိုလ်ရဲ့ "ပညာသင်နှစ်" (Academic Year) ကို (နှီ-ဖေ...ဆောင်း၊ မတ်-မေ...နွေ) ဆိုတဲ့ ရာသီသင်္ကေတအရ မိုးဦးကာလဖြစ်တဲ့ "ဇွန်လ"မှာ စတင်ခဲ့တယ်။ ရန်ကုန်တက္ကသိုလ်သို့ တက္ကသိုလ်ပညာ ဆည်းပူးရန် အနယ် နယ်အရပ်ရပ်က "မောင်မယ်သစ်လွင်" Fresher တွေက နပျိုလတ်ဆတ်၊ ရဲရင့်တက်ကြွတဲ့ ခြေလှမ်းတွေနဲ့ "အဓိပတိလမ်းမကြီး"ကနေ ဝင်ရောက်လာ တာကို အဓိပတိလမ်းမကြီးနဲ့ ဘွဲ့နှင်းသဘင် ခန်းမဆောင်ကြီးအနီးက "သိပ္ပံခန်းမ"ရှေ့မှာ တက္ကသိုလ်တည်စကပင် ယှဉ်တွဲတည်ရှိခဲ့တဲ့ သစ်ပုပ်ပင် ကြီးကလည်း မိုးဦးကာလမှာ ပက်ဖျန်းပေးလိုက်တဲ့ မိုးရေစက်ကလေးတွေနဲ့ အတူ ပြူထက်လာတဲ့ "ရွက်နုဝေဆာလှပစွာ"နဲ့ ဆီးကြိုမြဲ ဖြစ်ခဲ့ပါတယ်။

ဒီဇင်ဘာလ၊ဇန်နဝါရီလတွေမှာတက္ကသိုလ်စာမေးပွဲနီးကပ်လာချိန်မှာ "သစ်ပုပ်ပင်ကြီး"က သစ်ရွက်ရော်ယီ၊ ဣန္ဒြေနီတို့၊ သီဂီတစ်ဝက်၊ ဖက်၍ဆေးစုံ ခြယ်သောပုံသို့"နဲ့ စာမေးပွဲတွေ နီးကပ်လာတာကို "သတိပေးစာလွှာ"အဖြစ် သစ်ရွက်တွေကိုမြေပြင်ပေါ်သို့ကြွေချပေးခဲ့တာကလည်းအကြောင်းတိုက်ဆိုင် မှုတစ်ခုပါပဲ။ နွေရာသီရောက်လို့ သစ်ပုပ်ပင်ကြီးမှာ ရွက်ဟောင်းတွေအားလုံး ကြွေကျသွားချိန်ဟာရန်ကုန်တက္ကသိုလ်ရဲ့"နွေရာသီ"ကျောင်းပိတ်ချိန်ဖြစ်တဲ့ အတွက်"သစ်ရွက်ယော်ယီ"တွေကသစ်ပုပ်ပင်ကြီးအားစွန့်ခွာသွားကြသလို၊ အနယ်နယ်အရပ်ရပ်ကနေ တက္ကသိုလ်ပညာ လာရောက်သင်ကြားနေကြတဲ့ ကျောင်းသား၊ကျောင်းသူတွေလည်းတက္ကသိုလ်နယ်မြေကနေ"မိဘရပ်ဌာနီ" သို့ ပြန်သွားကြချိန်နဲ့ တိုက်ဆိုင်နေပြန်တယ်။ ရာသီစက်ဝန်း တစ်ပတ်လည် ကာ မိုးဦးကာလသို့ ရောက်လာပြန်ပြီး သစ်ပုပ်ပင်ကြီးမှာ ရွက်နုတွေဝေဆာ လာချိန်ရန်ကုန်တက္ကသိုလ်ပရဝဏ်သို့"မောင်မယ်သစ်လွင်"တွေဟာစိန်ပန်း ပွင့်တွေနဲ့အတူ ပြန်လည်ရောက်ရှိလာပြန်...စတဲ့ မဆုံးနိုင်တဲ့ "သံသရာ"ကို "သစ်ပုပ်ပင်ကြီးရဲ့ ဖြစ်စဉ်"ကနေ ရန်ကုန်တက္ကသိုလ်ကြီးရဲ့ "လွမ်းမောဖွယ် အတိတ်ပုံရိပ်"အား ညွှန်းဆိုနေပါတော့တယ်။

**သိပ္ပံခန်းမရဲ့ ပကတူးအစ**

ရန်ကုန်တက္ကသိုလ်ကြီးကို "ဥပစာကောလိပ်" Inter-mediate အဆင့်ရှိတဲ့ယူနီဗာစီတီ/တက္ကသိုလ်ကောလိပ်နဲ့ "ဂျပ်ဆင်ကောလိပ်" တို့ကိုပူးပေါင်းပြီး University တက္ကသိုလ်အဆင့်သို့ တိုးမြှင့်ပေးခဲ့ရတာ ဖြစ်တယ်။ တက္ကသိုလ် ပညာရပ်တွေကို အနယ်နယ်အရပ်ရပ်က လာရောက်သင်ယူကြမယ့် ကျောင်းသား/သူတွေ များပြားလာတာနဲ့အမျှ "စာသင်ခန်းမဆောင်" တွေကို တိုးချဲ့တည်ဆောက်ပေးခဲ့ရတယ်။ ပထမဦးစွာ ကိုလိုနီပညာရေးမှာ "ဝိဇ္ဇာ" ပညာကို ဦးစားပေးသင်ကြားပေးခဲ့တာကြောင့် "ဂျပ်ဆင်ကောလိပ်" ကို တိုးချဲ့ပြီး "ဝိဇ္ဇာခန်းမကြီး" အား စာသင်ဆောင် (၄) ဆောင်နဲ့ ပါဝင်တည်ဆောက်ပေးခဲ့တယ်။ မရှေးမနှောင်းမှာပင် University တက္ကသိုလ်ကောလိပ်ကိုပါ တိုးချဲ့ကာ ထုထည်တောင့်တင်းကာ လှပခံ့ညားပြီး ကျယ်ဝန်းလှတဲ့ "သိပ္ပံခန်းမကြီး" ကို ဆက်လက်တည်ဆောက်ပေးခဲ့တယ်။ စတင်တည်ဆောက်စကပင် သိပ္ပံခန်းမကြီးရှေ့မှာ "ရွက်လည်း စိပ်စိပ်၊ ရိပ်လည်းဆိုင်းဆိုင်း" ဖြစ်တဲ့ သစ်တိုပင်ကြီးရယ်၊ ရိုးတံကျဲကျဲနဲ့ သစ်ပုပ်ပင်ကြီးတွေ တည်ရှိခဲ့တာကို (၁၉၃၁) ခုနှစ်တွင် မှတ်တမ်းဓာတ်ပုံ ရိုက်ကူးထားတဲ့ ဓာတ်ပုံမှတ်တမ်းမှာ အထင်အရှား တွေ့မြင်ရတယ်။ သိပ္ပံခန်းမကြီးကို (၃) ထပ် စာသင်ဆောင်ကြီး (၅) ဆောင်နဲ့ စုဖွဲ့တည်ဆောက်ထားကာ ကျယ်ဝန်းတဲ့ ဓာတ်ခွဲခန်း (Laboratory) မှာ ကိရိယာတွေ စုံလင်စွာ တပ်ဆင်ပေးထားတယ်။ ဒါအပြင် သိပ္ပံခန်းမအုပ်ချုပ်ရေးရုံးခန်းနဲ့ ရည်ညွှန်းစာကြည့်တိုက်တွေပါ ဖွဲ့စည်းတည်ဆောက်ပေးထားတယ်။ ဝိဇ္ဇာခန်းမကြီးလိုပဲ ဥပစာအရှေ့မှာ မြက်ခင်းပြင်စိမ်းစိမ်းလေးနဲ့ ဥပစာကို ခြယ်သပေးထားသလို သစ်တိုပင်ကြီးနဲ့ သစ်ပုပ်ပင်ကြီးတို့ကလည်းနောက်ခံကားချပ်(Back-drop)အနေနဲ့ပိုမိုတင့်တယ်အောင် ထောက်ကူပေးထား တယ်လေ။

၁၉၇၀ ပြည့်နှစ်တွင် "အလိုင်းတကြီး ခမ်းနားထည်ဝါစွာ" ကျင်းပခဲ့တဲ့ "နှစ်ငါးဆယ် ရန်ကုန်တက္ကသိုလ် (ရွှေရတုသဘင်)" မှာတော့ သိပ္ပံခန်းမကြီး၌ "တက္ကသိုလ်အဆင့်ပန်းချီပြပွဲကြီး" ကိုခင်းကျင်းပြသခဲ့ပါကြောင်းနဲ့သက်တမ်း

ရှည်ကြာလှပြီဖြစ်တဲ့ "သိပ္ပံခန်းမကြီး" ကို ရန်ကုန်မြို့တော် စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ ရှေးဟောင်းလက်ရာ အဆောက်အအုံများစာရင်းအမှတ်စဉ် (၁၂၈) မှာ ထည့်သွင်းသတ်မှတ်ထားပြီးဖြစ်ပါကြောင်း သမိုင်းမှတ်တမ်းပြုကာ တင်ပြရပါတယ်။

၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလအတွင်းမှာ ထုတ်လွှင့်ပြသခဲ့တဲ့ MRTV ရဲ့ ရန်ကုန်တက္ကသိုလ် နှစ်ရာပြည့်အကြို ရိုက်ကူးတင်ဆက်မှုမှာတော့ အခုအစဉ်ကပင် သုံးနှုန်းရေးသားခဲ့တဲ့ "သစ်ပုပ်ပင်ကြီး" ကို "သစ်ပုတ်ပင်" လို့ ကမ္ပည်းတင်ထားတဲ့ စာသားကိုပါ အမှတ်ထင်ထင် ဖတ်ရှုလိုက်ရပါတယ်။ ၁၉၈၆ ခုနှစ်တွင် မြန်မာစာအဖွဲ့ရဲ့ မူပိုင်ဖြစ်တဲ့ "မြန်မာစာလုံးပေါင်းသတ်ပုံကျမ်း (စာ - ၂၆၄)" မှာလည်း "သစ်ပုပ်ပင်" လို့သာ ရေးသားဖော်ပြထားတာကို မှတ်တမ်းပြုလိုက်ရပါတယ်။

၀



**Nawaday Hall**

## မြကျွန်းညိုညို ရန်ကုန်တက္ကသိုလ်အဝန်းအဝိုင်း 'သထုံလမ်း' က 'နဝဒေးဆောင်'

"သမိုင်းကို သင်ယူလေ့လာရမယ်"ဆိုတာက သမိုင်းဖြစ်စဉ်တွေရဲ့ အတက်/အကျ၊ အနိမ့်/အမြင့်နဲ့ "နယ်ချဲ့တို့ရဲ့ ပရိယာယ်ဝေဝုစ်"တွေကို သမိုင်းဖြစ်ရပ်မှန်များကနေ ဖော်ထုတ်သိရှိနိုင်ကြဖို့ပဲ ဖြစ်တယ်။ သမိုင်းပါမောက္ခကြီးတစ်ယောက်က "မ-အ"ရလေအောင် သမိုင်းကို သင်ယူရတာဖြစ်တယ်လို့ မိန့်ခဲ့ပေမဲ့ မျက်မှောက်ကာလမှာ "ကမ္ဘာ့ရွာကြီးပမာ" ဖြစ်တည်လာနေချိန်မှာ မြန်မာတိုင်းရင်းသား မျိုးဆက်သစ်တို့ဟာ "သမိုင်းဘာသာရပ်"မှာ စိတ်ပါဝင်စားမှုအားနည်းလှတာကို တွေ့မြင်နေရတယ်။

ကိုလိုနီခေတ်ဦးတွင် ရန်ကုန်တက္ကသိုလ်ကြီးမှာ ပညာသင်ယူခဲ့ကြသူတွေခမျာ ကျွန်ပညာရေးနဲ့ ကျွန်သက်ရှည်စေရေးအတွက် ကျောင်းစာသင်ချိန်မစတင်မီမှာ "ဂျော့ဘုရင်ရွှေဘုန်း၊ နေတန္ထန်းသို့" ကို မြန်မာလို သီဆို

ရပြီးတဲ့အခါ အင်္ဂလိပ်ဘာသာနဲ့ 'God Save the King' လို့ ဟစ်ကြွေးခဲ့ကြရပေမဲ့ ရန်ကုန်တက္ကသိုလ်ကြီးအတွက် ကျောင်းဆောင်သစ်တွေကို တည်ဆောက်တဲ့အခါ စစ်မှန်တဲ့ "ဝံသာနုစိတ်ဓာတ်"နဲ့ ကျောင်းဆောင်အမည်တွေကို "မြန်မာတို့ ဘုန်း၊ မိုးသို့ခြုန်းခဲ့တဲ့ တကောင်း၊ ပြည်၊ ပုဂံ၊ အင်းဝ၊ ပင်းယ" စတဲ့ခေတ်ကာလ အမည်တွေအား သမိုင်းမှတ်တမ်းပြုကာ မှည့်ခေါ်စေနိုင်ခဲ့တယ်။ ဒါ့အပြင် "မြန်မာတို့ဘုန်းတောက်၊ လက်ရုံးမြောက်ခဲ့ကြတဲ့ခေတ်"တွေနဲ့သာမက ရန်ကုန်တက္ကသိုလ်ကြီး အဝန်းအဝိုင်းအတွင်းမှာ 'Teachers' Training College' လို့ ခေါ်တဲ့ "ပထမဦးဆုံး ဆရာအတတ်သင် ကောလိပ်" အဆောက်အအုံကြီးတွင် ပညာသင်ယူကြရမယ့် ဆရာ/ဆရာမသင်တန်းသားတွေအတွက် ကျောင်းဆောင်ကြီးကို တည်ဆောက်ပြီးတဲ့အခါ "တီတီစီဆောင်အမည်"ကနေ ပညာရှင်တွေကို ဂုဏ်တင်မှုပြုတဲ့ အပြစ်ဆိုဖွယ်ရာမရှိတဲ့ ပညာရှိလို့ အဓိပ္ပာယ် ရတဲ့ "နဝဒေး" အမည်နဲ့ပါ ထူးခြားစွာ ပါဝင်တည်ရှိနေတဲ့ "သထုံလမ်း"က "နဝဒေးဆောင်" ဖြစ်တည်လာပုံ အဆင့်ဆင့်ကို တင်ပြလိုက်ရပါတယ်။

## ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်းကြီးရဲ့ ပကတူးအစ

မြကျွန်းညိုညိုတွေနဲ့ ဝန်းရံထားတဲ့ အင်းလျားကန်အပါးက "မရမ်းခြံကျယ်ကြီး"အတွင်းမှာ ရန်ကုန်တက္ကသိုလ်ကြီးရဲ့ ပင်မကျောင်းဆောင်တွေကို ၁၉၂၀ ပြည့်နှစ်မှာ စတင်ဆောက်လုပ်ပြီးနောက် ရန်ကုန်တက္ကသိုလ် ကျောင်းဆောင်တွေကိုတော့ ခရစ် ၁၉၂၄ ခုနှစ်တွင် စတင်ဆောက်လုပ်နိုင်ခဲ့ပါတယ်။ ထူးခြားတာက စတင်ဆောက်လုပ်ခဲ့တဲ့ အဆောက်အအုံတွေကို "မြန်မာ့သစ်ရတနာတွေနဲ့သာ" တည်ဆောက်ခဲ့တာဖြစ်သလို အဆောက်အအုံပုံစံကလည်း မြန်မာဘုရင်တွေရဲ့ "တိုင်ပင်ပွဲ" (မင်းတဲ)ပုံစံနဲ့ ဖြစ်တယ်။ ဒါကြောင့်လည်း ကနဦးအစ ဆောက်လုပ်ပြီးစီးခဲ့တဲ့ ကျောင်းဆောင်ကြီး (၂) ဆောင်ရဲ့အမည်နာမကို မြန်မာတို့ရဲ့ ခေတ်ဦးကာလဖြစ်တဲ့ "တကောင်းဆောင်" နဲ့ "ပြည်ကျောင်းဆောင်"ရယ်လို့ ဂုဏ်တင်မှည့်ခေါ်ခဲ့တာ ဖြစ်ပါတယ်။ နောက်

ထပ် ဆောက်လုပ်ခဲ့တဲ့ ကျောင်းဆောင်တွေရဲ့ ပုံစံက "ဝိတိုရိယခေတ်ပုံစံ အုတ်ထမ်းအဆောက်အအုံကြီး"တွေဖြစ်ပေမဲ့ ကျောင်းဆောင်အမည်တွေကို တော့ "အင်းဝ၊ ပင်းယ၊ စစ်ကိုင်း၊ သထုံ"ရယ်လို့ မြန်မာမင်းနေပြည်တော် အမည်တွေနဲ့သာ မှည့်ခေါ်နိုင်ခဲ့ပါတယ်။

အဲဒီနောက်တော့ ခရစ် - ၁၉၂၇ ခုနှစ်မှာ "ဆေးကျောင်း"လို့ ခေါ်ခဲ့ကြ တဲ့ Medical College ကို လမ်းမတော်မြို့နယ်အတွင်းရှိ "အရှေ့အာရှတွင် နယ်ချဲ့တို့က အကြီးမားဆုံးထောင်ကြီး"အဖြစ် တည်ဆောက်ခဲ့တဲ့ "Rangoon Main.Jail"အမည်ပေါက်မြေကွက်ရဲ့အစိတ်အပိုင်းပေါ်တွင်ဆောက်လုပ်ပေး ခဲ့တယ်။ဆေးကျောင်းအနေနဲ့စတင်တည်ရှိခဲ့တဲ့နေရာကတော့"ရန်ကုန်ဆေး ရုံကြီး"ရဲ့အရှေ့ဘက်ရှိယခင်လေဟာပြင်ဈေးနေရာ (ယခု ယာဉ်ရပ်နားစခန်း) မှာ တည်ရှိခဲ့ပါတယ်လို့ "ရန်ကုန်ရာဇဝင်သမိုင်း"မှာ မှတ်တမ်းပြုထားတယ်။ ၁၉၃၀ ပြည့်နှစ်သို့ ရောက်တဲ့အခါ ပြည်လမ်းမကြီးဘေးက ဟံသာဝတီ အဝိုင်း အနီးတွင် 'Teachers' Training College' လို့ခေါ်တဲ့ "ပညာရေးကောလိပ်" အဆောက်အအုံကြီးကို "ဝိတိုရိယခေတ်ပုံစံ ဆင်ဝင်နဲ့တကွ မျှော်စင်ပါ ပါဝင် တဲ့ အုတ်ထမ်းအဆောက်အအုံ"အဖြစ် ဆောက်လုပ်ပေးခဲ့တယ်။ ဘာကြောင့် လဲဆိုတော့ ကျွန်သက်ရှည်စေဖို့အတွက် ကိုလိုနီပညာပြန့်ပွားရေးကို စွမ်း ဆောင်ပေးကြမယ့် ဆရာ/ဆရာမတွေ မွေးထုတ်ပေးနိုင်ရန် ရည်ရွယ်ခဲ့လို့ပဲ ဖြစ်ပါတယ်။ "ပညာရေးဟာ အကောင်းဆုံးရင်းနှီးမြှုပ်နှံမှု"ဆိုတာကို နေမဝင် တဲ့ အင်ပါယာကြီးကို ချဲ့ထွင်နိုင်ခဲ့သူတွေအနေနဲ့ ကောင်းကောင်းကြီး သဘော ပေါက် နားလည်ပြီးဖြစ်တယ်။ ဒါကြောင့် ကိုလိုနီခေတ်က ရန်ကုန်တက္ကသိုလ် ကြီးရဲ့ မြေပြင်အမှတ်အသား 'Land Mark' တွေဟာဖြင့် "မျှော်စင်ပါတဲ့ ယုဒသန်ကောလိပ် အဆောက်အအုံ 'Judson Church' နဲ့ 'Teachers' Training College' လို့ခေါ်တဲ့ ဆရာအတတ်သင်ကောလိပ်ဥပစာက "မျှော် စင်"တွေပဲဖြစ်ခဲ့ကြပါတယ်။ဒါပေမဲ့နယ်ချဲ့တွေဟာ"မစားရတဲ့အမဲ၊ သဲနဲ့ပက်" တဲ့အနေနဲ့ သူတို့ တည်ဆောက်ပေးခဲ့တဲ့ အဆောက်အအုံ၊ ရေကန်တွေကို ဒုတိယကမ္ဘာစစ်အတွင်းမှာ "မြေလှန်ပုံးကြဲပြီး ဖျက်ဆီးခဲ့ကြတယ်။ ရန်ကုန်

တက္ကသိုလ်ဝင်းအတွင်းက အဆောက်အအုံပေါင်းများစွာဟာ "ပုံးဒက်ခပြီး ဖုန်းဖုန်းလဲကျ" ခဲ့ရရှာသလို၊ဆရာအတတ်သင်ကောလိပ်ဥပစာက "မျှော်စင်" ခများလည်း "ပုံးဒက်ခ" လို့ ပြိုကျပျက်စီးသွားခဲ့ရတာကြောင့် ဥပစာတွင် "ငုံးတိတိ" ဖြစ်နေရတာကို ကြည့်ရှုလေ့လာ တွေ့မြင်နိုင်ကြပါသေးတယ်။

## ပညာရေးကောလိပ် (T.T.C) အတွက် တည်ဆောက်ပေးခဲ့တဲ့ ကျောင်းဆောင်

ပညာရေးကောလိပ်'Teachers'Training College'ကိုတည်ဆောက်ပေးပြီးတဲ့အခါ သီးခြားကောလိပ် တစ်ခုဖြစ်တဲ့အတွက် "ပညာရေးကောလိပ်" တွင် ကျောင်းဆောင်နေရမယ့်သူတွေအတွက် ကျောင်းဆောင်တစ်ဆောင် ဆောက်လုပ်ပေးရန် လိုအပ်လာတယ်။ ဘာကြောင့်လဲဆိုတော့ ပညာရေးကောလိပ်သို့ တက်နေကြသူတွေကို ရန်ကုန်တက္ကသိုလ်ရဲ့ အဆောင်တွေမှာ ထားခဲ့ရလို့ပဲ ဖြစ်ပါတယ်။ ပညာရေးကောလိပ်အနေနဲ့ သင်ခန်းစာ 'Lecture' သာမက လက်တွေ့တန်းဆင်း သင်ကြားခြင်း 'Practical တွေကိုပါ နိစ္စဓူဝ အချိန်ဇယားနဲ့ သင်ကြားရလို့ပဲ ဖြစ်တယ်။ ဒါကြောင့် ၁၉၃၀ ပြည့်နှစ်တွင် "ဝိတိုရိယခေတ်ပုံစံအုတ်ထမ်း အဆောက်အအုံကြီး" ကို ဆောက်လုပ်ပေးခဲ့တယ်။ ပညာရေးကောလိပ် (T.T.C) အတွက် ဆောက်လုပ်ပေးတဲ့ အဆောက်အအုံဖြစ်တဲ့အတွက် (T.T.C)နဲ့ ပုံစံတူဆောက်လုပ်ပေးထားတယ်။ အမိုး၊ လေဝင်ပေါက်တွေနဲ့ဆင်ဝင်ကအစ ပညာရေးကောလိပ် (T.T.C)ပုံစံဖြစ်ပေမဲ့ ကျောင်းတော်ကြီးလိုတော့ "မျှော်စင်" မပါဘူးပေါ့။ ကျောင်းဆောင်အမည်ကိုလည်း ပညာရေးကောလိပ် (T.T.C)ကို အကြောင်းပြုကာ "တီတီစီဆောင်" လို့ ခေါ်တွင်ခဲ့တာစစ်ပြီးခေတ် "ပညာရေးမဟာဌာန" ကနေ "၁၉၆၄ခုနှစ်ပညာရေးစနစ်သစ်" နဲ့ "ပညာရေးတက္ကသိုလ်" အဖြစ် ပြောင်းလဲမွမ်းမံလှစ်ခဲ့သေးချိန်အထိ ဖြစ်တယ်။ ပညာရေးကောလိပ်အဆောင်ဖြစ်တဲ့ တီတီစီဆောင်ဟာ ရန်ကုန်တက္ကသိုလ်ပရဝဏ်နဲ့ရှည်လျားစွာသွယ်တန်းဖောက်လုပ်ပေးထားတဲ့ "သထုံလမ်း" ပေါ်မှာ ဖြစ်တယ်။ ဒါကြောင့် "ပြည်လမ်း" ကို မျက်နှာစာပြု တည်ဆောက်ထားတဲ့ မူလပညာရေးကောလိပ် (Teacher's Training College)

ကနေ ပညာရေးမဟာဌာနဖြစ်လာတဲ့ အမိကျောင်းတော်ကြီးသို့ မပင်မပန်း ရွှန်လန်းစွာနဲ့ လျှောက်လှမ်းပြီး သင်ခန်းစာတွေကို အလွယ်တကူ သင်ယူနိုင်ခဲ့ကြပါတယ်။

## ပညာရေးကောလိပ် (ဆရာအတတ်သင်)တီတီစီဆောင်မှသည် နဝဒေး အမည်သို့

ယခုအခါ ရန်ကုန်မြို့တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ ရှေးဟောင်းလက်ရာအဆောက်အအုံများစာရင်းအမှတ်စဉ်(၁၄၂)တွင်ပါဝင်နေတဲ့ "နဝဒေးဆောင်"၊ သထုံလမ်း၊ ကမာရွတ်မြို့နယ်ရဲ့ မူလအမည်က "တီတီစီဆောင်" ဖြစ်ပြီး ၁၉၃၀ ပြည့်နှစ်မှသည် ၁၉၆၄ ခုနှစ်အထိ နှုတ်ကျိုးခေါ်ဝေါ်ခဲ့ကြတဲ့ အမည်ဖြစ်တယ်။ ၁၉၆၄ ခုနှစ် "စနစ်သစ်ပညာရေးစတင်ချိန်" ရောက်တော့မှသာ "ဗျူပွတ်" (အကြောင်းခြင်းရာ)နဲ့ ကိုက်ညီစွာ "ပညာရှင်" တွေကိုဂုဏ်ပြုတဲ့အနေနဲ့"နဝဒေးဆောင်"အမည်ပြောင်းပေးလိုက်တာဖြစ်ပါတယ်။ "နဝဒေး"ရဲ့ အဓိပ္ပာယ်ဝစနက်ကို အပြစ်ဆိုဖွယ်ရာမရှိသော ပညာရှိ (စာဆိုမှူးမတ်)လို့ ဝေါဟာရလိနတ္ထဒီပနီမှာ ဖွင့်ဆိုပေးထားသည်။ ခရစ် ၁၉၃၀ပြည့်နှစ်က"ပညာရေးကောလိပ်" (Teachers' Training College)မှာ ပညာသင်ယူမယ့်သူတွေအတွက် တီတီစီကျောင်းဆောင် ဖြစ်ခဲ့ရာကနေ ၁၉၆၄ ခုနှစ်၊ စနစ်ပညာရေးရေးအရပေါက်ဖွားလာတဲ့"ပညာရေးတက္ကသိုလ်" ကာလရောက်တော့မှသာ ပညာရှင်များအား ဂုဏ်ပြုတဲ့အမည်နာမဖြစ်တဲ့ "နဝဒေးဆောင်"လို့ ဖြစ်တည်လာတာ ဖြစ်ပါတယ်။ ဒါကြောင့် ရှေးဟောင်းလက်ရာ စာရင်းဝင် နဝဒေးဆောင် အဆောက်အအုံကြီးကို စတင်တည်ဆောက်ခဲ့တဲ့ (၁၉၃၀) ပြည့်နှစ်ကနေ ရေတွက်မယ်ဆိုရင် မျက်မှောက်ပြုနေတဲ့ (၂၀၁၇) ခုနှစ်မှာ သက်တမ်းအားဖြင့် နှစ်ပေါင်း (၈၇) နှစ်တိတိ ရှိနေပြီဖြစ်ပါတယ်။ သက်တမ်းကာလအတွင်း ပြောင်းလဲမှုဖြစ်စဉ်တွေကတော့ တီတီစီအဆောင်အဖြစ် စတင်ဖွင့်လှစ်ခဲ့စဉ်ကနေ ခရစ် (၁၉၆၃) ခုနှစ်အထိ ပညာရေးလေ့ကျင့်ရေး ကျောင်းသူတွေကိုသာ အဆောင်နေကျောင်းသူတွေအဖြစ် ထားခဲ့တယ်။ ဒါပေမဲ့ (၁၉၆၄-၆၅ ပညာသင်နှစ်ကနေ ၁၉၆၆-၆၈)

ပညာသင်နှစ်အထိမှာတော့ "ပညာရေးတက္ကသိုလ်ကျောင်းသား" တွေကိုသာ "နဝဒေးဆောင်" တွင် အဆောင်နေ ကျောင်းသားများအဖြစ် နေထိုင်ခွင့်ပြုခဲ့ပါသေးတယ်။ တစ်ဖန် (၁၉၆၇) ခုနှစ်၊ နိုဝင်ဘာလမှစတင်ကာ ပညာရေးတက္ကသိုလ်ကျောင်းသူတွေကိုသာ "နဝဒေးဆောင်သူတွေ" အဖြစ် ထားခဲ့ပါကြောင်း သမိုင်းမှတ်တမ်းပြုကာ တင်ပြလိုက်ရပါတယ်။

၀



Universities Sanotorium

# တက္ကသိုလ်ရိပ်သာလမ်းမှာ တည်ရှိနေတဲ့ တက္ကသိုလ်များဆေးရုံ

အတိတ်သမိုင်းကြောင်းသည် "ပစ္စုပ္ပန်"(မျက်မှောက်ကာလ)အတွက် အကျိုးတရားကို ဖြစ်ထွန်းစေပြီး "လာလတ္တံ့သော အနာဂတ်ကာလအတွက်လည်း နိုင်မာသော အထောက်အထား ဖြစ်စေနိုင်သည်" ဆိုတဲ့ ဆိုရိုးအတိုင်းပင် ခရစ် (၁၈၅၂) ခုနှစ်၊ ဒီဇင်ဘာလကတည်းက နယ်ချဲ့လက်အောက်သို့ ကျရောက်ခဲ့ရတဲ့ ရန်ကုန်မြို့ကြီးရဲ့ "ပညာရေးနဲ့ ကျန်းမာရေး"တို့ဟာ ချို့ချို့တဲ့တဲ့နဲ့ စတင်ခဲ့ရတာ ဖြစ်ပါတယ်။

ပညာရေးကဏ္ဍမှာ သက်ငယ်မိုးထရံကာ မြေစိုက်အဆောက်အအုံ ဘဝကနေ စတင်ခဲ့ရပြီး နှစ် (၇၀) ခန့်အကြာ "၁၉၂၀" ပြည့်နှစ်သို့ ရောက်တော့မှသာ "ရန်ကုန်ကောလိပ်နဲ့ ဂျပ်ဆင်ကောလိပ်" တို့ကို ပေါင်းစည်းပြီး "ရန်ကုန်တက္ကသိုလ်ကြီး"ကို "ကျွန်ပညာ" ဆက်လက်သင်ကြားပေးနိုင်ရေး

အတွက် တည်ဆောက်ပေးခဲ့တာဖြစ်တယ်။ အလားတူ "ကျန်းမာရေး"နဲ့ ပတ်သက်လို့လည်း နိုင်ငံခြားသင်္ဘောသားတွေအတွက်သာ တည်ဆောက်ပေးထားခဲ့တဲ့ "ဆေးရုံ" အဆောက်အအုံကို "အဗီဆွယ်"ကာ သစ်သားနဲ့ ဆောက်လုပ်ပေးထားတဲ့ "ဆေးပေးခန်းကလေး"နဲ့စတင်ခဲ့ရပုံကိုပါမောက္ခ B.R Pearn မှတ်တမ်းပြုပေးထားတာက ... 'Dispensary A Charitable Dispensary was opened in a wooden building by the river as early as 1854 in conjunction with a seamen's Hospital' ရယ်လို့ ဖြစ်ပါတယ်။ အဲဒီနောက်မှာတော့ ရန်ကုန်မြို့နေ လူဦးရေ နှစ်စဉ်ပမာဏ တိုးတက်လာတာကြောင့် "ကျန်းမာရေး"အတွက် "မဖြစ်မနေ" ဆောင်ရွက်ပေးဖို့ လိုအပ်လာတော့တယ်။ဘာကြောင့်လဲဆိုတော့'ReconstructionofModernRangoon 1853'နဲ့တည်ဆောက်ပေးခဲ့တဲ့ရန်ကုန်မြို့ကြီးမှာ "သန့်ရှင်းတဲ့သောက်သုံးရေရရှိရေး"ကို ဆောင်ရွက်မပေးနိုင်သေးရုံမျှမက "မိလ္လာ"တွေကိုလည်း မြေကြီးပေါ်သို့သာ တိုက်ရိုက်စွန့်ပစ်ရတဲ့ စနစ်ကျင့်သုံးနေသေးဆဲ ဖြစ်တဲ့အပြင် အလောင်းဘုရားရဲ့ ရန်ကုန်မြို့ကွက်ကို "မြေကွက်လပ်" Vacant Land ဖြစ်အောင် လုပ်ပစ်လိုက်တဲ့အတွက် "ခွေးလေခွေးလွင့်"တို့ရဲ့ကျက်စားရာဖြစ်နေခဲ့ပြန်တယ်။ ဒါကြောင့် နယ်ချဲ့တို့ရဲ့ ကနဦး ရန်ကုန်မြို့မှာ "ဝမ်းလျှောဝမ်းပျက်ရောဂါ"နဲ့ "ခွေးလေခွေးလွင့်တွေ အကိုက်ခံရလို့ ခွေးရူးပြန်ရောဂါ" ခံစားခဲ့ရသူတွေ များပြားခဲ့တယ်။

အဲဒီအတွက် ခရစ် (၁၈၆၅) ခုနှစ်ကပင် စတင်တည်ထောင်ခဲ့တဲ့ ပန်းစိုက်ပျိုးသူများအသင်းရဲ့ပန်းဥယျာဉ်မြေနေရာဖြစ်ခဲ့ပြီးခရစ် (၁၈၇၁) ခုနှစ်တွင် ဆောက်လုပ်ပြီးစီးခဲ့တဲ့ "ဖယ်ရာပြတိုက်" ဖွင့်လှစ်ခဲ့ဖူးတဲ့ မြေတိုင်းရပ်ကွက်အမှတ် (2OG) 'Whole block' ပေါ်တွင် ရန်ကုန်ဆေးရုံကြီး 'Rangoon General Hospital (RGH)' အား "အထွေထွေရောဂါ"တွေအပြင် "ခွေးရူးပြန်ရောဂါ"ကိုပါ "ကုသ"ပေးနိုင်ရန်အတွက် စတင်တည်ထောင် ဖွင့်လှစ်ပေးခဲ့ရခြင်းဖြစ်ပါတယ်။ အဲဒီဖြစ်စဉ်ကို B.R Pearn မှတ်တမ်းတင်ထားတာက...'On the Site of the Present General Hospital was the garden of the

Agri-Horticutural Society established in 1865 and within it's-garden was the phayre Museum Completed in - 1871' လို့ဖြစ်ပါတယ်။ ဝိတိုရိယခေတ်ပုံစံ လှပဆန်းကြယ်တဲ့ "ဗိသုကာလက်ရာ"နဲ့ အုတ်ထမ်းအဆောက်အအုံကြီးဖြစ်တဲ့ "ရန်ကုန်ဆေးရုံကြီး" ကိုတော့ ခရစ် (၁၈၇၃)ခုနှစ်ကပင် စတင်ဆောက်လုပ်ပေးခဲ့တာ ဖြစ်ပါတယ်။

## ရန်ကုန်မြို့ကြီးရဲ့ မြောက်ဘက်အစွန်မှာ တည်ရှိခဲ့တဲ့ ရန်ကုန်တက္ကသိုလ်ပရဝဏ်

ခရစ် (၁၈၅၃) ခုနှစ်တွင် Reconstruction of Modern Rangoon Plan နဲ့ တည်ဆောက်ခဲ့တဲ့ ရန်ကုန်မြို့ကွက်ကို ခရစ် (၁၈၇၆) ခုနှစ်မှာ မြောက်ဘက်သို့ စတင်တိုးချဲ့ခဲ့တယ်။ အဲဒီတုန်းက ရန်ကုန်မြို့ရဲ့ မြောက်ဘက်နယ်နိမိတ်ဟာ "ဟံသာဝတီအဝိုင်း" တည်နေရာအထိသာ ဖြစ်ခဲ့ပါတယ်။ ခရစ် (၁၉၂၀) ပြည့်နှစ်တွင် "ရန်ကုန်ဆင်ခြေဖုံးဖွံ့ဖြိုးရေးကော်မတီ" 'Rangoon Suburban Development Committe' ကို ဖွဲ့စည်းတာဝန်ပေးခဲ့တာနဲ့အတူ "ရန်ကုန်တက္ကသိုလ်ပရဝဏ်" (Premise)ကိုပါ ရန်ကုန်မြို့ရဲ့မြောက်ဘက် နယ်နိမိတ် အပြင်ဘက်တွင် စတင်တည်ဆောက်ပေးခဲတယ်။ 'R.D.T' လို့ အတိုကောက် ခေါ်ခဲ့ကြတဲ့ Rangoon Development Trust (ရန်ကုန်မြူနီစီပယ်ရဲ့ကနဦး အစ) ကာလသို့ရောက်တဲ့အခါ ရန်ကုန်မြို့ကြီးသို့ ဝင်လာမစဲဖြစ်ခဲ့ကြတဲ့အိန္ဒိယနိုင်ငံသားတွေဆီကရရှိတဲ့"ပြည်ဝင်ခွင့်(ခွန်)"TerminalTaxကနေရရှိခဲ့တဲ့ ငွေတွေနဲ့ "လမ်းနဲ့မြောင်း"တွေ အတွက်သာမက တက္ကသိုလ်တည်ဆောက်ရေးမှာပါ အသုံးပြုခဲ့တယ်။ ဒါကြောင့်လည်း ရန်ကုန်တက္ကသိုလ်ကြီးရဲ့ကနဦးတည်ဆောက်မှုဟာ ဖြည်းဖြည်းမှန်မှန်သာ ဖြစ်ခဲ့ပါတယ်။

ရန်ကုန်တက္ကသိုလ်ကြီးမှာ ကျောင်းအိပ်ကျောင်းစား နေထိုင်ပညာသင်ကြားကြမယ့် အဆောင်နေကျောင်းသား/သူတွေအတွက် ကျောင်းဆောင် (Hostel) တွေကို ခရစ် (၁၉၂၄) ခုနှစ်ကပင် စတင်ဆောက်လုပ်ပေးနိုင်ခဲ့တယ်။ ၁၉၂၈ ခုနှစ်သို့ ရောက်တဲ့အခါ ပင်မကျောင်းဆောင်ကြီးတွေနဲ့အတူ ထမင်းစားရုံကြီးကိုပါ တည်ဆောက်ပေးခဲ့ရတဲ့အထိ ကျောင်းအိပ်

ကျောင်းစား "အဆောင်နေသူပမာဏ" များပြားလာခဲ့တယ်။ ဒါကြောင့် "ကျန်းမာရေးစောင့်ရှောက်မှု" ဆောင်ရွက်ပေးရန်ပါ လိုအပ်လာတော့တယ်။ ဒါပေမဲ့ ခရစ် (၁၉၃၀) ပြည့်နှစ်မှာ ပေါ်ပေါက်ခဲ့ရတဲ့ အရင်းရှင်စနစ်ရဲ့ ကပ်ဆိုးကြီးဖြစ်တဲ့ "ကမ္ဘာ့စီးပွားရေးပျက်ကပ်" 'world Economic Depression' ကြောင့် ဆောက်လုပ်ဆဲ ကျောင်းဆောင်တွေပင် အပြီးမသတ်နိုင် ဖြစ်ခဲ့ရတဲ့အတွက် ကျန်းမာရေးစောင့်ရှောက်မှုဘက်သို့မလှည့်နိုင်သေးပါဘူး။ ကျောင်းသား/သူတွေအား ကျန်းမာရေးစောင့်ရှောက်မှုအတွက် "ရန်ကုန်ဆေးရုံကြီး" သို့သာ ပို့ပေးခဲ့ရပါတယ်။ အဲဒီတုန်းက ရန်ကုန်မြို့ နယ်နိမိတ်ရဲ့ မြောက်ဘက်အစွန်အပြင်ဘက်မှာ ရှိခဲ့တဲ့ ရန်ကုန်တက္ကသိုလ်ကနေ ရန်ကုန်ဆေးရုံကြီးသို့ လမ်းပန်းဆက်သွယ်ရေး မချောမွေ့သေးတဲ့အတွက် "ခက်ခက်ခဲခဲ" နဲ့ "အချိန်" ကြာမြင့်စွာ သွားလာခဲ့ကြရပါတယ်။

## တက္ကသိုလ်ရိပ်သာလမ်းခြားထားတဲ့ တက္ကသိုလ်ဆေးရုံအဆောက်အအုံ

ရန်ကုန်တက္ကသိုလ်ကြီးတွင် ကျောင်းအိပ်ကျောင်းစား အဆောင်နေကျောင်းသား/သူများအတွက် လွယ်ကူလျင်မြန်စွာ ကျန်းမာရေးစောင့်ရှောက်မှု ပြုပေးနိုင်စေဖို့ရာ ရန်ကုန်တက္ကသိုလ် အဝန်းအဝိုင်းအတွင်းမှာ "ဆေးရုံအ ဆောက်အအုံ" တည်ဆောက်ပေးရန် စီမံစိုင်းပြင်းခဲ့ရတယ်။ အဲဒီအခါ တက္ကသိုလ်ဓမ္မာရုံ၊ တက္ကသိုလ်ဆေးရုံနဲ့ တက္ကသိုလ်စာတိုက်တို့ကို "တစ်စုတစ်စုတည်း" ဆောက်လုပ်ပေးနိုင်မယ့် တက္ကသိုလ်ရိပ်သာလမ်းခြားထားတဲ့ "အဓိပတိလမ်းမကြီး" နဲ့ မျက်နှာချင်းဆိုင် မြေကွက်လပ်ကျယ်ကြီးတွင် ၁၉၃၃ ခုနှစ်မှာ "တက္ကသိုလ်ဓမ္မာရုံကြီး" ကို ဗုဒ္ဓဘာသာဝင်တွေက "ကိုယ့်အားကိုယ်ကိုး" နဲ့ တည်ဆောက်ခဲ့ကြတယ်။ နယ်ချဲ့အရင်းရှင်စနစ်ဟာလည်း အဲဒီကာလမှာ ပြန်လည်စီးပွားရေး နာလန်ထလာတာကြောင့် ပေးနိုင်သမျှသော ဘတ်ဂျက်ငွေနဲ့ "ခုတင် (၁၂) လုံးဆံ့ ဆေးရုံအဆောက်အအုံ" ငယ်ကိုသာ စတင်ဆောက်လုပ်ပေးနိုင်ခဲ့ပါတယ်။ မူလတက္ကသိုလ်ဆေးရုံ အဆောက်အအုံပုံစံဟာ "ဆင်ဝင်ပါ" အုတ်ထမ်း၊ ခုတင် (၁၂) လုံးဆံ့ အခန်းတွေနဲ့ ကျန်းမာရေး

ဝန်ထမ်းတွေနားနေခန်း၊ဆေးပစ္စည်းသိုလှောင်ခန်းမျှသာပါဝင်တဲ့အဆောက်အအုံငယ်မျှသာ ဖြစ်ခဲ့ပါတယ်။ ဒါကြောင့် "ဝန်နဲ့အားမမျှ"ဘဲ "အတိုင်းအတာ" တစ်ခုအထိသာ ကျန်းမာရေးစောင့်ရှောက်မှုပြုလုပ်ပေးနိုင်ခဲ့ပါတယ်။

မြန်မာနိုင်ငံဟာ အချုပ်အခြာအာဏာပိုင်တဲ့ လွတ်လပ်တဲ့နိုင်ငံ ဖြစ်လာပြီးနောက်မှာတော့ ပညာသင်ယူနိုင်ခွင့်တွေ ပိုမိုပွင့်လန်းလာတဲ့အတွက် "ရန်ကုန်တက္ကသိုလ်ကြီး"ဟာ "ဝိဇ္ဇာနှင့်သိပ္ပံ" ပညာရပ်တွေကို အထူးပြုသင်ကြားပေးတဲ့ 'Rangoon Arts & Science University, RASU' ဖြစ်လာတာကြောင့် အဆောင်နေကျောင်းသား/သူတွေ ပိုမိုများပြားလာတယ်။ ဒါကြောင့် (၁၉၆၂) ခုနှစ်မှာ ဆေးရုံငယ်ရဲ့ အနောက်ဘက်မျက်နှာစာကနေ ထပ်မံတိုးချဲ့တည်ဆောက် ပေးခဲ့ရတယ်။

ယခုအခါ ရန်ကုန်မြို့တော် စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ ရှေးဟောင်းလက်ရာ အဆောက်အအုံများစာရင်း အမှတ်စဉ် (၁၄၄) မှာ သက်တမ်း နှစ်ပေါင်း (၇၀) ကျော်နေပြီဖြစ်တဲ့ "ရန်ကုန်တက္ကသိုလ်ဆေးရုံ"ကို ... "တက္ကသိုလ်များဆေးရုံ၊ တက္ကသိုလ်ရိပ်သာလမ်း၊ ကမာရွတ်မြို့နယ်"လို့ စာရင်းထည့်သွင်း သတ်မှတ်ထားတယ်။

"ရန်ကုန်တက္ကသိုလ်ဆေးရုံ" အမည်ကနေ "တက္ကသိုလ်များဆေးရုံ" အမည်ရခဲ့ပုံကတော့ "၁၉၆၄ ခုနှစ်၊ စနစ်သစ်ပညာရေး"နဲ့ "ဖူးပွင့်ဝေဆာ၊ တက္ကသိုလ်များစွာ" ဖြစ်ထွန်းပေါ်ပေါက်လာတာနဲ့အတူ အဲဒီတက္ကသိုလ်တွေကကျောင်းသား/သူတွေကိုပါ"ကျန်းမာရေးစောင့်ရှောက်မှု"ပြုပေးနိုင်စေရန် ရည်သန်ပြီး အမည်ပြောင်းလဲပေးခဲ့ခြင်းဖြစ်ပါကြောင်း သမိုင်းမှတ်တမ်းပြုကာ တင်ပြလိုက်ရပါတယ်။

၀



**Inya Hall**

## မြကျွန်းညီညီ ရန်ကုန်တက္ကသိုလ်ပင်မဝင်းအတွင်းက အင်းလျားကျောင်းသူဆောင်

အင်းလျားကန်ကြီးရဲ့ "ပကတူး"အစက ထူးမြတ်လှသလို အင်းလျား ကန်ကြီး အပါးမှာတည်ထားတဲ့ "ရန်ကုန်တက္ကသိုလ်ပရဝဏ်"ကြီးဟာလည်း အင်းလျားကန်အပါးမှာ ဝန်းရံထားတဲ့ မြကျွန်းညီညီတွေရဲ့ ခြံရံတည်ရှိနေမှု ကြောင့် "ပနံရ" တင့်တယ်လှပေတယ်။ အင်းလျားကန်ကြီးဟာ ရန်ကုန်မြို့ကြီး အား အရှေ့ဘက်မှာ "ကံဘဲ့"(ကန်ပဲ့)မှသည် အနောက်ဘက် "လှိုင်မြစ် ကမ်းပါး"အထိအရှေ့နဲ့အနောက်ကိုရှည်လျားစွာတည်ရှိနေတဲ့အတွက်လည်း နေရာပုံသဏ္ဍာန်အရ "အင်းလျား"လို့ အနွတ္တသညာနဲ့ ခေါ်တွင်ခဲ့ကြတာ ဖြစ် တယ်။ မွန်ဘာသာနဲ့တော့ ကမာရွတ် (ကမာ - ရေကန် + ရတ် = ရတနာ) ရယ် လို့ ရတနာကန်ကြီးအဖြစ် တင်စားခေါ်ဝေါ်ခဲ့တယ်လေ။ ကာလရွေ့လျောလာ တဲ့အခါကျမှသာ "ကမာရွတ်"ဖြစ်လာတာပါ။ အင်းလျားအရေးအသားကို

ဘာသာမျိုးခြား အင်္ဂလိပ်လိုဘာသာပြန် ရေးသားကြရာမှာ မြန်မာဝေါဟာရ ရင်းမြစ်ကို တိုက်ရိုက်ပြန်ဆို ရေးသားလို့မရတဲ့အတွက် Inya လို့ ရေးသားခဲ့ရ တယ်။ မြန်မာဝေါဟာရနဲ့ အင်္ဂလိပ်ဝေါဟာရတို့ဟာ ဘာသာဗေဒအရ မတူ ညီတာတွေ ရှိနေပါတယ်။ မြန်မာဝေါဟာရပါ "ဇ" သံနဲ့ "ဝ"သံတွေ အင်္ဂလိပ် ဝေါဟာရမှာ မရှိဘူး။ ဒါကြောင့် "ဝေသန္တရာဇာတ်တော်ကြီး"ကို အင်္ဂလိပ်ဘာ သာနဲ့ရေးသားတဲ့အခါ 'Vethandra zataka လို့ရေးသားရပါတယ်။ အလားတူ ခရစ် (၁၈၈၆)ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့မှာ နယ်ချဲ့တို့ရဲ့ဧကရီဘုရင်မကြီး ဖြစ်တဲ့ Empress Victoria အားမြန်မာနိုင်ငံကိုကျူးကျော်သိမ်းပိုက်ရေးသမား တွေက "လက်ဆောင်"အဖြစ် ပေးအပ်ခဲ့တယ်။ Empress Victoria ကို "ဝိတိုရိယဘုရင်မကြီး"လို့ပဲ အစုအစဉ်မှာ ဘာသာပြန်ရေးသားခဲ့ကြတယ်။ (ဗစ်တိုးရီးယားလို့တိုက်ရိုက်ဘာသာပြန်လို့မရပါဘူး။) နယ်ချဲ့ကာလတုန်းက "မဟာဗန္ဓုလပန်းခြံ"ကို "ဘုရင်မပန်းခြံ" (Victoria Park)လို့ခေါ်ဝေါ်ခဲ့ဖူးသလို မြန်မာနိုင်ငံတောင်ဘက်အစွန်းက "အငူ"ကိုလည်း နယ်ချဲ့ကာလက "ဝိတို ရိယအငူ"လို့ပင် ခေါ်တွင်ခဲ့တယ်။ အခုတော့ "ဘုရင့်နောင်အငူ" ဖြစ်နေပါပြီ။ ဒါကြောင့် ဘိုးဘေးစဉ်ဆက်မှာ ထုံးနည်းစံကျ ရေးသားသုံးနှုန်းခဲ့ကြတာတွေ ကိုအဆန်းထွင်ပြီး "အင်းလျား"ကို "အင်းယား" "ဝိတိုရိယ"ကို "ဗစ်တိုရီးယား" ရယ်လို့ ကိုးရိုးကားရား မရေးသားကြစေလိုပါဘူး။

မြကျွန်းညိုညိုလို့ကဗျာစာသားနဲ့စီခြယ်မှုန်းထားတဲ့အတိုင်းအင်းလျား ကန်ကြီးအတွင်းမှာ ရေပတ်လည်ဝန်းရံနေတဲ့ ကျွန်းပေါင်းများစွာ တည်ရှိနေ တယ်။ ရေပတ်လည် ဝန်းရံလျက်ရှိတဲ့ကုန်းမြေကို "ကျွန်း"လို့ ခေါ်တယ်ဆိုတဲ့ အတိုင်း အင်းလျားကန်ကြီးကိုလည်း ကျွန်းဆွယ်တွေနဲ့ ဝန်းပတ်ပေးထားတာ ဖြစ်တယ်။ ဒါကြောင့် ခရစ် (၁၉၂၈) ခုနှစ်တွင် "ပြည်လမ်း"နဲ့ "ကမ္ဘာအေး ဘုရားလမ်း" (ယခင် ကုက္ကိုင်းလမ်း)ရဲ့ ဆက်ကြောင်းဖြစ်တဲ့ "တက္ကသိုလ် ရိပ်သာလမ်း" (Univerity Avenue) ကို ဖောက်လုပ်တဲ့အခါ အင်းလျားကန် ကြီးကိုဝန်းရံထားတဲ့ကျွန်းဆွယ်တွေကိုဖြို၊ မြေဖို့ကာဖြတ်သန်းဖောက်လုပ် ခဲ့ရတဲ့အတွက် "အင်းလျားမြိုင်လမ်း"ကို ဝက်ပါလို့ ကွေ့ကောက်ဖောက်လုပ်ခဲ့

ရတာ ဖြစ်ပါတယ်။ အင်းလျားမြိုင်နဲ့ ဆက်စပ်နေတဲ့ Windermere မှာ မျက်မှောက်ကာလတိုင် ကျွန်းဆွယ်တွေရဲ့ အမှတ်အသားဖြစ်တဲ့ "တောင်ကုန်းမြေမြင့်"နဲ့ "ချိုင့်ဝှမ်း မြေနိမ့်" တွေ တည်ရှိနေဆဲဖြစ်ပါတယ်။ ဒါကြောင့် ကြေးရတတ်နဲ့ လူ့မလိုင်တွေ နေထိုင်ရာ ဝင်ဒါမီယာမှာ တောင်ကုန်းမြေမြင့်ကို "အထက်ဝင်ဒါမီယာ"၊ မြေနိမ့်နေရာကိုတော့ "အောက်ဝင်ဒါမီယာ" လို့ခေါ်တွင်နေတဲ့အပြင် Windermere Crescent လို့ခေါ်တဲ့ "လခြမ်းပုံဝင်ဒါမီယာ" ဆိုတာပင် တည်ရှိနေတာ ဖြစ်တယ်။

## ရန်ကုန်တက္ကသိုလ်သမိုင်းထဲက အင်းလျားကျောင်းသူဆောင်

ကိုလိုနီခေတ်ဦးက ရန်ကုန်တက္ကသိုလ်ကြီးမှာ ပင်မကျောင်းဆောင်တွေကို ကျောင်းသားဆောင်တွေအနေနဲ့သာ စတင်ဆောက်လုပ်ပေးခဲ့တယ်။ ကျောင်းသူတွေဟာ "နေ့ကျောင်းသူ" (Day Student) အဖြစ်နဲ့သာ နေအိမ်ကနေ လာရောက်တက်ခဲ့ကြရတယ်။ အဲဒီအခြေအနေကို ကျောင်းသူ မကြေးမျှင်က "ဝံသာနုသီပွဲ" ဆောင်းပါးနဲ့ သရုပ်ဖော်ရေးသားထားခဲ့တယ်။ နေ့ကျောင်းသူ မကြေးမျှင်ဟာ နေထိုင်ရာလမ်းမတော်ကနေ ရန်ကုန်မြို့ရဲ့ မြောက်ဘက်အစွန်မှာတည်ရှိနေတဲ့ ရန်ကုန်တက္ကသိုလ်သို့ နွားလှည်းနဲ့ လာရောက်တက်ခဲ့ရတာ ဖြစ်ပါတယ်။

ဒါကြောင့် နေ့ကျောင်းသူတွေ "အဆောင်နေခွင့်" ရစေဖို့အတွက် ခရစ် (၁၉၂၈) ခုနှစ်မှာပဲ အင်းလျားကန်ကြီးကို မျက်နှာစာပြုကာ တက္ကသိုလ်ကျောင်းဝင်းအတွင်းရှိ မြေကွက်ကျယ်ကြီးအပေါ်မှာ အင်းလျားကျောင်းသူဆောင်ကို ဆောက်လုပ်ပြီးစီးခဲ့တယ်။ ကျောင်းသားဆောင်တွေအား မြန်မာရာဇဝင်မှာ ထင်ရှားခဲ့ကြတဲ့ "မင်းနေပြည်တော်" အမည်တွေဖြစ်ကြတဲ့ "စစ်ကိုင်း၊ ပင်းယ၊ အင်းဝ၊ ပဲခူး၊ သထုံဆောင်" ရယ်လို့ အမည်ပေးခဲ့ပေမဲ့ ကျောင်းသူဆောင်ဖြစ်တဲ့ အင်းလျားဆောင်ကိုတော့ အင်းလျားကန်ကြီးအား မျက်နှာစာပြုကာဆောက်လုပ်ထားတာရယ်၊ ရန်ကုန်တက္ကသိုလ်ကြီးတည်ရာ

ဖြစ်တဲ့ "အင်းလျားမြေ"ကို အကြောင်းပြုကာရယ် "အင်းလျားဆောင်"လို့ အမည်ပေးခဲ့ပုံရပါတယ်။

အင်းလျားကျောင်းသူဆောင်ကြီးကို ကျောင်းသားဆောင်တွေလိုပဲ (၂) ထပ်၊ အုတ်ထမ်း၊ ဆင်ဝင်ပါ "ဝိတိုရိယခေတ်ပုံစံ"နဲ့ တည်ဆောက်ထားတယ်။ ယခုအခါ ရန်ကုန်မြို့တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ ရှေးဟောင်းလက်ရာ အဆောက်အအုံများ စာရင်းအမှတ်စဉ် (၁၃၄) မှာ ပါဝင်နေကာ သက်တမ်းအားဖြင့် (၈၇) နှစ်ရှိနေပြီဖြစ်တဲ့ သမိုင်းဝင်အဆောက်အအုံကြီးဖြစ်နေပါပြီ။ အင်းလျားကျောင်းသူဆောင်ရဲ့ "တိုးချဲ့ဆောင်" ကိုတော့ ခရစ် (၁၉၃၆ - ၃၇) ခုနှစ်ကျမှတော့မှသာ ထပ်မံဆောက်လုပ်ပေးခဲ့တာ ဖြစ်ပါတယ်။

စစ်ကြိုခေတ် (Pre-War) က ရန်ကုန်တက္ကသိုလ်ကြီးဟာ အရှေ့တောင်အာရှနိုင်ငံများမှာ ပညာသင်ကြားရေးစနစ်၊ စည်းကမ်းသေဝပ်မှုနဲ့ စိမ်းလန်းသန့်ရှင်းသာယာလှပမှုတွေကြောင့် "ထိပ်တန်းအဆင့်" မှာ တည်ရှိခဲ့ဖူးတယ်။ အဲဒီအတွက် အရှေ့တောင်အာရှနိုင်ငံတွေကနေ ပညာသင်ဆု (Scholarship) နဲ့ နိုင်ငံခြားသား ကျောင်းသား၊ ကျောင်းသူတွေ ရန်ကုန်တက္ကသိုလ်မှာ လာရောက် ပညာဆည်းပူးခဲ့ကြရတယ်။ ကျောင်းသူဆောင်ဖြစ်တဲ့ "အင်းလျားဆောင်"မှာ ပညာသင်ဆုနဲ့ ပညာဆည်းပူးခွင့်ရကြတဲ့ အရှေ့တောင်အာရှနိုင်ငံတွေက အမျိုးသမီးငယ်လေးတွေဟာ အဆောင်နေကျောင်းသူအဖြစ်နဲ့ နေထိုင်ခွင့် ရခဲ့ကြတယ်။ သမိုင်းမှတ်တမ်းပြုထားခြင်း ခံရသူကတော့ ယိုးဒယား (ထိုင်း)နိုင်ငံကနေ လာရောက် ပညာဆည်းပူးခွင့် ရရှိခဲ့သူ ယိုးဒယားကျောင်းသူ "ပရာဖိုင်"ပဲ ဖြစ်ပါတယ်။ နာမည်ကြီးကျောင်းသူဆောင် တစ်ဆောင်ဖြစ်တဲ့ "မာလာဆောင်" ပြည်လမ်းဘေးမှာ ဂီတာသံလာပေးခွင့်ရကြတာက မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီးမှသာ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ပြည်လမ်းဘေးမှာရှိတဲ့ "မာလာဆောင်" ကို (၁၉၅၅ - ၅၆) ပညာသင်နှစ် (ပြည်တော်သာခေတ်)ကျမှသာ ဆောက်လုပ်ပြီးစီးခဲ့လို့ပါပဲ။ မာလာငွေဖော့လို နုနယ်ပျိုမျစ်တဲ့ မာလာဆောင်သူတွေဟာ အင်းလျားကျောင်းသူဆောင်က ကျောင်းသူတွေရဲ့ နောက်မှာပေါ်လာတဲ့ "ငွေကြာပွင့်လေး"တွေပဲ ဖြစ်ကြပါ

ပေတယ်။ အင်းလျားကျောင်းဆောင်သူတွေဟာ မြန်မာနိုင်ငံလွတ်လပ်ရေး ရပြီးစကာလမှာ ကျင်းပခဲ့တဲ့ "မယ်တက္ကသိုလ်"၊ ပြည်ထောင်စုမယ်နဲ့ မယ်ဗမာ စတဲ့ အလှမယ်တွေ ရွေးချယ်ပွဲမှာ "အင်းလျားဆောင်သူ" တွေကပဲ ဆွတ်ခူးနိုင် ခဲ့လို့ပဲ ဖြစ်ပါတယ်။ အင်းလျားကျောင်းသူဆောင်ကနေ မြန်မာနိုင်ငံအတွက် "မယ်ကမ္ဘာ" အဆင့် ရရှိသူကိုပင် မွေးထုတ် ပေးနိုင်ခဲ့ပါတယ်။

ရန်ကုန်မြို့ကြီးကို "ဂျပန်" တို့ (၃)နှစ်တာမျှ အုပ်စိုးထားစဉ်ကာလမှာ "မိုးလေဝသဌာန" ကို အင်းလျားလမ်း (ရန်ကုန်တက္ကသိုလ်)ကို အခြေပြုကာ ဖွင့်လှစ်ခဲ့တယ်။ ဂျပန်စစ်တပ်က မိုးလေဝသပညာရှင် ဒုဗိုလ်မှူးကြီးအဆင့် ရှိသူ Kusakabe ဦးစီးတဲ့ "ဂျပန်မိုးလေဝသတပ်ရင်း" ပဲဖြစ်ပါတယ်။ မြန်မာနိုင်ငံ မိုးလေဝသဌာနကိုတော့ ၁၉၃၈ ခုနှစ်၊ ဧပြီလ (၁)ရက်နေ့က စတင်ကာ သီးခြား ဖွဲ့စည်းတည်ထောင်ခဲ့တာ ဖြစ်တယ်။

## အင်းလျားကျောင်းသူဆောင်က ထူးချွန်ထင်ရှားအမျိုးသမီးများ

ရန်ကုန်တက္ကသိုလ်ကြီးရဲ့ ပထမဦးဆုံး ကျောင်းသူဆောင်ဖြစ်တဲ့ "အင်းလျားကျောင်းဆောင်" ကနေ ထူးချွန်ထင်ရှားခဲ့ကြတဲ့ မြန်မာအမျိုးသမီး များစွာကို မွေးဖွားသန့်စင်ပေးနိုင်ခဲ့တယ်။ အင်းလျားကျောင်းဆောင်သူတွေ ဟာ "လှယဉ်ကျေးမယ်" တွေ ဖြစ်ခဲ့ရုံမျှမက သန်မာထွားကျိုင်းပြီး ကမ္ဘာဘုံ အလယ်အထိပင် ထင်ပေါ်ကျော်ကြားခဲ့ဖူးပါတယ်။ အလှတွင် အယဉ်ဆင့်တဲ့ အဆင့်ကနေ မြန်မာ့လွတ်လပ်ရေးအတွက် အဘက်ဘက်ကနေ ပါဝင်ဆောင် ရွက်ခဲ့ကြသူတွေထဲမှာ အင်းလျားကျောင်းဆောင်သူတွေဟာ မြန်မာအမျိုး သမီးတွေအတွက် "မီးရှူးတန်ဆောင်" တွေလည်း ဖြစ်ခဲ့ကြပါတယ်။

ခရစ် (၁၉၃၀) ပြည့်နှစ် ရန်ကုန်တက္ကသိုလ်ပညာသင်နှစ်မှာ နောင်အခါ ရန်ကုန်တက္ကသိုလ်ကြီးရဲ့ ပထဝီဘာသာရပ် ပါမောက္ခဖြစ်လာမယ့် ဒေါက်တာ ဘွဲ့ရ ဒေါ်သင်းကြည်ဟာ အင်းလျားဆောင်သူ ဖြစ်ခဲ့ပါတယ်။ မြန်မာနိုင်ငံရေး သမိုင်းတွင် "ခြင်းကြားကြီး" ဘွဲ့ရခဲ့သူ ဒေါ်မမကြီးဟာ (၁၉၃၅-၃၆) ပညာ သင်နှစ်မှာ အင်းလျားကျောင်းဆောင်သူဖြစ်ခဲ့ပါတယ်။ အလားတူ မြန်မာအမျိုး

သမီးတွေထဲမှာ "မဟာဝိဇ္ဇာဘွဲ့" (Master of Arts) ဘွဲ့စတင်ရရှိခဲ့သူက M.A ဒေါ်အုန်းပဲ ဖြစ်တယ်။ မြန်မာ့နိုင်ငံရေးသမိုင်းမှာ M.A ဒေါ်အုန်း ... အမည်နဲ့ ထင်ရှားခဲ့တဲ့ ဒေါ်အုန်းဟာလည်း ၁၉၃၅ - ၃၆ ခုနှစ် ရန်ကုန်တက္ကသိုလ် ပညာသင်နှစ်တွင် "အင်းလျားကျောင်းဆောင်သူ" ဖြစ်ခဲ့ပါတယ်။

အဲဒီပညာသင်နှစ်မှာပဲ အင်းလျားကျောင်းဆောင်သူ ဖြစ်ခဲ့တဲ့ လူထု ဒေါ်အမာဟာ "မန္တလေးစာအရေးအသာ(စကားပြော)"ကို ခင်ပွန်းဖြစ်သူ "လူထုဦးလှ"နဲ့အတူ တီထွင်ဆန်းသစ်ရေးသားခဲ့သူ ဖြစ်တယ်။ ဒါကြောင့် မျက်မှောက်ကာလမှာ မြန်မာစကားပြေအရေးအသားတွင် "စကားပြောပုံစံ စာရေးဟန်"ဟာ တွင်ကျယ်နေတာ ဖြစ်ပါတယ်။ ပညာရေးတက္ကသိုလ် (ပညာရေးလေ့ကျင့်ရေးကျောင်း Teachers' Training College TTC) တွင် ထင်ရှားခဲ့တဲ့ဒေါက်တာဒေါ်ခင်မြဟာလည်း(၁၉၃၅ - ၃၆) ရန်ကုန်တက္ကသိုလ် ပညာသင်နှစ်မှာ အင်းလျားကျောင်းဆောင်သူ ဖြစ်ခဲ့တာပါပဲ။ အလားတူ ပညာရေးတက္ကသိုလ်မှာ ပါမောက္ခဖြစ်လာသူ ဒေါက်တာကေမြရီဟာလည်း (၁၉၃၅ - ၃၆) ရန်ကုန်တက္ကသိုလ်ပညာသင်နှစ်မှာအင်းလျားကျောင်းဆောင် ကနေတက္ကသိုလ်ပညာရပ်တွေဆည်းပူးခဲ့တဲ့ကျောင်းဆောင်သူတစ်ယောက် ဖြစ်ခဲ့ဖူးပါတယ်။

မြန်မာနိုင်ငံလွတ်လပ်ရေး ရပြီးစကာလက "ပါလီမန်ဒီမိုကရေစီ" စနစ်ကို ကျင့်သုံးခဲ့ဖူးပါတယ်။ ပါလီမန်ဒီမိုကရေစီစနစ်မှာ ရင့်ကျက်မှုမရှိသေးတဲ့ အတွက် လွတ်လပ်ရေးရဲ့မီးရှူးတန်ဆောင်ဖြစ်ခဲ့တဲ့ "ဖဆပလအဖွဲ့ကြီး" ဟာ "နု+တင်" နဲ့ "ဆွေ+ငြိမ်း" ရယ်လို့ "နှစ်ခြမ်းကွဲ" ခဲ့ရပါတယ်။ ဖဆပလအဖွဲ့ကြီး ပြိုကွဲခဲ့ရသလို တိုင်းပြည်လည်း "ဖရိုဖရဲ" ဖြစ်ကာ ချောက်ထဲကျဖို့ လက်တစ်လုံးအလိုမှာ ပထမဦးဆုံးအကြိမ်အနေနဲ့ တပ်မတော်က ကယ်တင်ခဲ့ရဖူးတယ်။

"နု+တင်" ဆိုတာက ဝန်ကြီးချုပ် ဦးနုနဲ့ သခင်တင်၊ "ဆွေ+ငြိမ်း" က (ကျားကြီး) ဦးဗဆွေနဲ့ ဦးကျော်ငြိမ်းတို့ပဲ ဖြစ်ကြပါတယ်။ ၁၉၃၅ - ၃၆ ရန်ကုန်တက္ကသိုလ်ပညာသင်နှစ်မှာအင်းလျားကျောင်းဆောင်သူဖြစ်ခဲ့တဲ့ "ဒေါ်နွဲ့နွဲ့ရီ"

ဟာ နောင်အခါမှာ "ဖဆပလ - ဆွေ + ငြိမ်း" အဖြစ် ထင်ရှားခဲ့တဲ့ ဦးကျော်ငြိမ်းရဲ့ ဇနီးဖြစ်လာကာ မြန်မာနိုင်ငံရေးသမိုင်းတွင် ထင်ရှားခဲ့တဲ့ အင်းလျားကျောင်းဆောင်သူတစ်ယောက်ပဲဖြစ်ပါကြောင်း မှတ်တမ်းပြုတင်ပြလိုက်ရပါတယ်။

၀



**Universities Dhammayone**

## တက္ကသိုလ်ရိပ်သာလမ်းမှာ တည်ရှိနေတဲ့ တက္ကသိုလ်များဓမ္မာရုံ

"အနာဂတ်ကို ပိုင်းခြားသိမြင်လိုပါက အတိတ်သမိုင်းကြောင်းကို လေ့လာပါ။ အနာဂတ်လမ်းကြောင်းမှန်ကို ရွေးချယ်ပေးနိုင်တာဟာ အတိတ်သမိုင်းကြောင်းပဲ ဖြစ်တယ်" လို့ ပညာရှင် Edward Gibbon က အဆိုအမိန့်ပြုထားပါတယ်။ အတိတ်သမိုင်းကြောင်း ရှုန်းလက်ခဲ့တဲ့ ရန်ကုန်တက္ကသိုလ်ကြီးဟာ ကိုလိုနီအငွေ့အသက်တွေနဲ့ ဖုံးလွှမ်းနေခဲ့ပေမဲ့ "ဘာသာ၊ ဓမ္မ၊ စာရိတ္တ" ကိုအလေးအမြတ်ပြုခဲ့ကြတဲ့ "ဝံသာနုစိတ်ဓာတ်ပြည့်ဝလှသူ" ရန်ကုန်တက္ကသိုလ် ကျောင်းသား/သူတွေကြောင့် ကိုလိုနီခေတ်အတွင်းမှာပင် "မြန်မာမှုအမွမ်းအပြောက်" တွေနဲ့တည်ဆောက်ထားတဲ့ "ရန်ကုန်တက္ကသိုလ်ဓမ္မာရုံအဆောက်အအုံကြီး" အား "ဘုံဝတီက၊ သုဓမ္မာ" အလားထီးထီးမားမား ပေါ်ထွန်းလာအောင် စွမ်းဆောင်ပေးနိုင်ခဲ့ကြတယ်။

## တက္ကသိုလ်ရိပ်သာလမ်းနဲ့အတူ ယှဉ်တွဲပေါ်ထွန်းလာတဲ့ ရန်ကုန်တက္ကသိုလ်ဓမ္မာရုံ

(၄၃၆) ဧက ကျယ်ဝန်းတဲ့ ရန်ကုန်တက္ကသိုလ်ပရဝဏ်ကြီးဟာ တက္ကသိုလ်ရိပ်သာလမ်း"မဖောက်လုပ်ရသေးမီအချိန်အထိတောင်နဲ့မြောက် ဟာ တစ်ဆက်တည်း ကျယ်ဝန်းခဲ့တယ်။ ခရစ် ၁၉၂၈ ခုနှစ်မှာ "တက္ကသိုလ် ရိပ်သာလမ်း (University Avenue Road)"ကို ဖောက်လုပ်လိုက်တဲ့အခါ မှာတော့ ရန်ကုန်တက္ကသိုလ်ပရဝဏ်ဟာ "တက္ကသိုလ်ရိပ်သာလမ်း"ခြားပြီး တောင်နဲ့မြောက် နှစ်ပိုင်းဖြစ်သွားရပါတယ်။ တက္ကသိုလ်ရိပ်သာလမ်းကို အရှေ့ ဘက်က "ကမ္ဘာအေးဘုရားလမ်း" (ကုက္ကိုင်းလမ်း)နဲ့အနောက်ဘက်က "ပြည် လမ်း" တို့ကို ဆက်စပ်ပေးရန် အင်းလျားကန်နဲ့ ကျွန်းဆွယ်တွေကို ဖြတ်သန်း၊ ဖြို့ချ၊မြေဖို့ကာဖောက်လုပ်ပေးခဲ့ရတယ်။ဒါကြောင့်"တက္ကသိုလ်ရိပ်သာလမ်း" တစ်ဝိုက်တွင် "အင်းလျားမြိုင်"နဲ့ ဝင်ဒါမီယာရပ်ကွက်တွေနဲ့အတူ ကွေ့ဝိုက် ဖောက်လုပ်ပေးထားရတဲ့လမ်းတွေ တည်ရှိလာရခြင်းဖြစ်တယ်။ အလားတူ တက္ကသိုလ်ရိပ်သာလမ်းနဲ့ အဓိပတိ လမ်းဆုံတွင် "စက်ဝိုင်းခြမ်းသဏ္ဍာန်" အဝိုင်းလေးလည်း ပေါ်ပေါက်လာတဲ့ အတွက် "တက္ကသိုလ်အဝိုင်းလေး" လို့ ခေါ်တွင်ခဲ့ကြတယ်။နောင်အခါမှာနယ်ချဲ့လက်ချက်နဲ့လွတ်လပ်ရေးကြိုးပမ်းမှု ကာလတွင် အသက်ပေးလှူသွားခဲ့ရသူ "ဗိုလ်အောင်ကျော်"အား ဂုဏ်ပြုကာ "အောင်ကျော်ရင်ပြင်" အမည်တွင်ခဲ့ပါသေးတယ်။အဲဒီရင်ပြင်နဲ့မလှမ်းမကမ်း မှာရှိတဲ့ တက္ကသိုလ်စာတိုက်နဲ့ စာအုပ်ဆိုင် ဝန်းကျင်တွင် "ရန်ကုန်တက္ကသိုလ် အဓိပတိ(Chancellor)"ဖြစ်ခဲ့သူ "ဆာ-ဟာကုတ်ဘတ္တလာ" (Sir Harcourt Butler) ရဲ့ ကြေးရုပ် တည်ရှိခဲ့ဖူးတယ်။ နယ်ချဲ့တို့ရဲ့ "မြေလှန်ဗုံးဒဏ်"ကို တက္ကသိုလ်အဆောက်အအုံတွေနဲ့အတူ "ခံရပြီး" မြေပြင်ကနေ ပျောက်ကွယ် သွားခဲ့ရတာဖြစ်ပါတယ်။အောင်ကျော်ရင်ပြင်အမည်ရခဲ့တဲ့တက္ကသိုလ်အဝိုင်း လေးကတော့၁၉၆၆ခုနှစ်တွင်တက္ကသိုလ်ရိပ်သာလမ်းကိုရန်ကုန်တက္ကသိုလ် ရွှေရတုအထိမ်း အမှတ်အနေနဲ့ တိုးချဲ့ဖောက်လုပ်ခဲ့ပြီး မုခ်ဦးပါ တည်ဆောက် လိုက်တာကြောင့် "လမ်းနယ်အတွင်း" အဝိုင်းလေးပါဝင်သွားပြီး မြင်ကွင်းက နေ ပျောက်ကွယ်သွား ခဲ့ရတာ ဖြစ်ပါတယ်။

တက္ကသိုလ်ရိပ်သာလမ်းဖောက်လုပ်လိုက်လို့ တောင်နဲ့မြောက် စည်းခြားသွားခဲ့ရတဲ့ တက္ကသိုလ်ပရဝဏ်ရဲ့ တောင်ဘက်ခြမ်းက တောစိုးရက္ခမှု၊ ပင်မြင့်ပင်စောက်ကြီးတွေနဲ့ ရိပ်လည်းဆိုင်းဆိုင်းဖြစ်နေတဲ့ တောအုပ်ငယ်အလယ်မှာ မြန်မာမှု အမွမ်းအပြောက်တွေနဲ့ ထုံမွမ်းထားတဲ့ ရန်ကုန်တက္ကသိုလ်ဓမ္မာရုံ အဆောက်အအုံကြီးကို ထည်ဝါခံ့ညားစွာ တည်ဆောက်ပေးနိုင်ခဲ့ကြပါတယ်။ အဲဒီလို ထေရဝါဒဗုဒ္ဓဘာသာဝင်တွေအတွက် ရည်စူးဆောက်လုပ်ခဲ့တဲ့ "ဓမ္မာရုံအဆောက်အအုံ"ဟာကိုယ့်အားကိုယ်ကိုးတဲ့မြန်မာတိုင်းရင်းသားမနရှင်တွေရဲ့ပံ့ပိုးကူညီမှုနဲ့ဗုဒ္ဓဘာသာကျောင်းသား၊ကျောင်းသူတွေရဲ့လုံ့လဥဿဟကြောင့်သာ ဖြစ်ထွန်းပေါ်ပေါက်လာခဲ့တာ ဖြစ်ပါတယ်။

မြန်မာမှုဟန်ပန် ပုံသဏ္ဍာန်နဲ့ ရန်ကုန်တက္ကသိုလ်ဓမ္မာရုံ အဆောက်အအုံကြီး တည်ဆောက်ရန် "မ,တည်လှူဒါန်းပေးခဲ့သူ"ကတော့ (၂၀) ရာစုခေတ်ဦးကာလရဲ့ တိုင်းရင်းသားမနရှင်တစ်ဦးဖြစ်သူ တိုင်းရင်းသားမနရှင်ဒေါက်တာဦးညိုဟာ ရန်ကုန်တက္ကသိုလ် ကျောင်းသားသမဂ္ဂအဆောက်အအုံကိုလည်းမတည်ဆောက်လုပ်လှူဒါန်းခဲ့သူဖြစ်ပါတယ်။သူဌေးဘွဲ့နဲ့ဒေါက်တာဘွဲ့ကိုပါ ရရှိခဲ့တဲ့ သူဌေးဒေါက်တာ "ဦးညို"ပဲ ဖြစ်တယ်။ ရန်ကုန်တက္ကသိုလ်ဓမ္မာရုံဆောက်လုပ်ရန်သူဌေးဒေါက်တာဦးညိုကရူပီး(၃)သောင်းကို"မ,တည်လှူဒါန်းပေး"ခဲ့တာပါ။ အဲဒီတုန်းက "တန်ဖိုးအကြီးဆုံး တစ်သောင်းတန်ကားကြီးစီး၍" ဆိုတဲ့ မှတ်တမ်းတင်အသုံးအနှုန်းအရ တစ်သောင်းတန် ဇိမ်ခံကားဟာအကောင်းဆုံးနဲ့တန်ဖိုးအကြီးမားဆုံးဖြစ်ခဲ့ပါတယ်။ဓမ္မာရုံအတွက်ထပ်မံလိုအပ်တဲ့ငွေတွေကို မြန်မာတိုင်းရင်းသား (ဗုဒ္ဓဘာသာ) ကျောင်းသား၊ကျောင်းသူများဖြစ်ကြတဲ့ ရန်ကုန်ယူနီဗာစတီကောလိပ်၊ ဂျပ်ဆင်ကောလိပ်နဲ့ဆရာအတတ်သင် ကောလိပ် (တီတီစီ)တို့က ၁၉၃၁ခုနှစ်၊ ဒီဇင်ဘာလတွင် "ပဒေသာကပွဲ" ခင်းကျင်းကပြ ဖျော်ဖြေရာကနေ ရရှိလာတဲ့ "ငွေ"တွေနဲ့ မြန်မာမှုတွေထုံမွမ်းထားတဲ့"ရန်ကုန်တက္ကသိုလ်ဓမ္မာရုံကြီး"အတွက်ဆောက်လုပ်ရန် ကုန်ကျငွေကို ဖြည့်ဆည်းပေး ခဲ့ကြတယ်။

ဗုဒ္ဓဘာသာဝင်ကျောင်းသား/သူတွေဟာဗုဒ္ဓဘာသာထုံးတမ်းစဉ်လာနဲ့အညီ "အလှူဒါန၊ပြုကြသူငါ" ပြုလုပ်နိုင်ကြစေရန်သာမက "သဏ္ဍိသုခ" ရှာလိုကြတဲ့သူတွေ ဓမ္မအာရုံနဲ့ ဆိတ်ငြိမ်အေးချမ်းစွာ တရားရှာမှီးနိုင်ရန်အပြင် ဘာသာခြားကျောင်းသား/သူများအခမ်းအနားများကျင်းပနိုင်စေရန်အတွက်ပါ "ဓမ္မသာလာကြီး" ဖြစ်တဲ့ ရန်ကုန်တက္ကသိုလ်ဓမ္မာရုံ အဆောက်အအုံ တည်ဆောက်နိုင်စေရန်၊ သာသနာတော်နှစ် (၂၄၇၇)၊ ကောဇာသက္ကရာဇ် (၁၂၉၉) ခုနှစ်၊ တပေါင်းလဆန်း (၁၃) ရက်၊ တနင်္ဂနွေနေ့ ညနေ (၄) နာရီ (၃၀) မိနစ်၊ ခရစ် (၁၉၃၃) ခုနှစ်တွင် မင်္ဂလာအချိန်ကျရောက်တဲ့အခါမှာ ရန်ကုန်မြို့ အလယ်တောရဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောသလ္လာဘိဓဇ အရှင်သူမြတ်က ဦးစီးပြီး အုတ်မြစ် စီမင်္ဂလာသဘင်ကို ခမ်းနားထည်ဝါစွာ ကျင်းပခဲ့တယ်။ ရန်ကုန်တက္ကသိုလ် ဓမ္မာရုံ အဆောက်အအုံပုံစံတွင် မြန်မာ့ယဉ်ကျေးမှုလက်ရာ "အနအရွ၊ အလှ အပ" တွေ ဖြစ်ကြတဲ့ "ပြာသာဒ်၊ တုရင်၊ တော်ရနောင် ကြာဖူး၊ ကြာဖတ်၊ ကြာပွင့်" တွေနဲ့ တင့်တယ်လှပစေအောင် မြန်မာဗိသုကာပညာရှင်တွေက ဝိုင်းဝန်းကူညီ ပံ့ပိုးပေးခဲ့ကြတယ်။ ဒါပေမဲ့ "မူလရန်ကုန်တက္ကသိုလ်ဓမ္မာရုံ" ကို "ဓမ္မသာလာပုံစံ" နဲ့သာ ဆောက်လုပ်ခဲ့တာ ဖြစ်ပါတယ်။ ဘုံအဆင့်ဆင့်ပါ "ဘုရားကျောင်းဆောင်" မပါဝင်ခဲ့သေးပါဘူး။

တော်လှန်ရေးကောင်စီလက်ထက် (၁၉၆၂) ခုနှစ်သို့ ရောက်တဲ့အခါကျမှသာ ပြာသာဒ်ဘုံအဆင့်ဆင့်မှာ ကနုတ်ပန်းလက်ရာတွေနဲ့ ထုံမွမ်းထားတဲ့ "တိုးချဲ့ဘုရားဆောင်သစ်" အား "အထွတ်တင်" တဲ့အနေနဲ့ တည်ဆောက်ပေးလိုက်တဲ့အတွက် မူလဓမ္မသာလာကြီးဟာ အလှူဒါနပြုဖို့ရာ ပိုမိုကျယ်ဝန်းလာတဲ့အပြင် ဘုရားဆောင်ကျယ်ကြီးမှာ ကြည်ညိုသပ္ပာယ် တင့်တယ်လှတဲ့ ဗုဒ္ဓဆင်းတုတော်ကြီးကိုပါ ဖူးမြော်ကြည်ညိုခွင့် ရခဲ့ကြပါတယ်။ ဆင်းတုတော်ကြီး စံပယ်တော်မူရန်အတွက်လည်း လက်ရာမြောက်လှတဲ့ ပလ္လင်တော်ကို အပြောက်အမွမ်းတွေနဲ့ထုဆစ်ထားတဲ့ "တံကဲ" နဲ့ဘောင်ကွပ်ကာစိန်ကောင်း

ကျောက်ကောင်းတွေကို ရွှေဖြင့်သာ ပန်းရတင့်တယ်စေသကဲ့သို့ ဖြစ်စေခဲ့ပါတယ်။

ရန်ကုန်တက္ကသိုလ်မှော်ရုံကြီး အမည်နဲ့သာ စတင်တည်ဆောက်ခဲ့စဉ်ကပင် တည်ရှိခဲ့ပေမယ့် ၁၉၆၄ ခုနှစ်၊ စနစ်သစ်ပညာရေးကာလသို့ ရောက်တဲ့အခါစနစ်သစ်တက္ကသိုလ်ပညာရေးနဲ့အတူပေါ်ထွန်းလာတဲ့တက္ကသိုလ်တွေနဲ့ပါ "စပ်ဆိုင်လာစေရန်"အတွက် "တက္ကသိုလ်များမှော်ရုံ"လို့ အမည်ပြောင်းပေးခဲ့ပါတယ်။

## ခေတ်မျိုးစုံကြုံ ရန်ကုန်တက္ကသိုလ်မှော်ရုံ

ဒါကြောင့် ယခုအခါ ရန်ကုန်မြို့တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိရှေးဟောင်းလက်ရာအဆောက်အအုံများစာရင်းအမှတ်စဉ် (၁၄၃) မှာ "တက္ကသိုလ်များမှော်ရုံ၊ တက္ကသိုလ်ရိပ်သာလမ်း၊ ကမာရွတ်မြို့နယ်"လို့ ပါဝင်နေတာဖြစ်ပါတယ်။ ရန်ကုန်တက္ကသိုလ်မှော်ရုံကြီးရဲ့သက်တမ်းကိုစတင်အုတ်မြစ်စီခဲ့တဲ့ (၁၉၃၃) ခုနှစ်ကနေ ရေတွက်မယ်ဆိုရင် အခုမျက်မှောက်ပြုနေတဲ့ ၂၀၁၇ ခုနှစ်မှာ သက်တမ်း (၈၄) နှစ်ရှိနေပြီ ဖြစ်ပါတယ်။ သက်တမ်းရင့်ရော်လာတာနဲ့အမျှ ဖြတ်သန်းကျော်ဖြတ်ခဲ့ရတဲ့ သမိုင်းကြောင်းလည်းရှည်လျားလာသလို "ခေတ်မျိုးစုံကိုလည်းကြုံဆုံခဲ့ရတယ်လေ။ ကိုလိုနီခေတ်အတွင်းမှာ တည်ဆောက်ပေးခဲ့ရပေမဲ့ "ရန်ကုန်တက္ကသိုလ်မှော်ရုံကြီး" ရဲ့ပုံရိပ်ကနေ မြန်မာ့စိတ်ရင်းနဲ့ မြန်မာမှုအနုလက်ရာတွေ စုစည်းပေါင်းဆုံရာ "မှော်သာလာကြီး" ဖြစ်ခဲ့တယ်။ "ရွက်လည်းစိပ်စိပ်၊ ရိပ်လည်းဆိုင်းဆိုင်း"ဖြစ်တဲ့ တောစိုးရက္ခမှုပင်မြင့် ပင်စောက်ကြီးတွေ ဝန်းရံမှုကြောင့် "သန္တိသုခ"ကို အမှန်တကယ် ရှာဖွေရရှိနိုင်ခဲ့ကြပါတယ်။ မှော်သာလာကြီးရဲ့အေးရိပ်အောက်ဝယ် "အာစရိယပူဇော်ပွဲ၊ ဂုဏ်ပြုပွဲတွေ" သာမက ပျော်ပွဲရွှင်ပွဲတွေကိုလည်း အလှိုင်းတကြီး ခမ်းနားထည်ဝါစွာ ကျင်းပနိုင်ခဲ့ကြတယ်။

ရန်ကုန်တက္ကသိုလ်မှော်ရုံ အဆောက်အအုံကြီး တည်နေရာကို တောစိုးရက္ခမှုပင်မြင့်ပင်စောက်ကြီးတွေ ဝန်းရံထားလို့ တောအုပ်ကဲ့သို့ ဖြစ်

ကာ ဒုတိယကမ္ဘာစစ်အတွင်းမှာ "ကျည်ကွယ်မျက်ကွယ်"ပမာ ဖြစ်ခဲ့ပြီး ဖက်ဆစ်ဂျပန်လေယာဉ်ပျံက ပစ်ချတဲ့ စက်သေနတ်ဒဏ်ရော၊ နယ်ချဲ့အင်္ဂလိပ်တို့ရဲ့ မြေလှန် ဗုံးဒဏ်တွေကပါ "ကျည်လွတ်မြေ" ဖြစ်ခဲ့ရပါတယ်။

ထပ်မံထူးခြားတဲ့ ဝိသေသတစ်ပါးကတော့ မြန်မာနိုင်ငံသားပန်းတနော်မြို့နယ်ဖွား "ဦးသန့်"ဟာ ကမ္ဘာ့ကုလသမဂ္ဂရဲ့ အခက်ခဲဆုံးကာလမှာ "အာရှတိုက်"ကို ကိုယ်စားပြုပြီး "ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်" တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ပေးနိုင်ခဲ့တယ်။ သူ ကွယ်လွန်တဲ့အခါ သူ့ရဲ့ ရုပ်ကလာပ်ကို မြန်မာနိုင်ငံသို့ ပြန်ပို့ခဲ့တယ်။ ဦးသန့်ရဲ့ အုတ်ဂူကို ရန်ကုန်တက္ကသိုလ် ဓမ္မာရုံအဝန်းအဝိုင်းအတွင်းရှိ သစ်ပင်များအောက်မှာ ပြုလုပ်ထားရှိရန် ကြိုးပမ်းခဲ့ကြသေးတဲ့ ဖြစ်ရပ်ထူးပါပဲ။ ဒါပေမဲ့ မြန်မာနိုင်ငံအတွက်သာမက အာရှတိုက်ရဲ့ဂုဏ်ကိုပါ ဆောင်နိုင်ခဲ့သူ ဦးသန့်ဟာ "သဒ္ဒိကံ၊ ပါကံ့ဇနေတိ" ဆိုတဲ့ တရားတော်နဲ့အညီ "သူပြုခဲ့တဲ့ကံ" အစွမ်းကြောင့် ရွှေတိဂုံဘုရားကြီးရဲ့ ထီးရိပ်ဝန်းအောက်မှာရှိတဲ့ တောင်ဘက်မုခ်ဉပစာမှာ ထည်ဝါတဲ့ ဂူဗိမာန်နဲ့ စံမြန်းလို့နေပါပြီ။ ရန်ကုန်တက္ကသိုလ်ဓမ္မာရုံကြီးကနေ တက္ကသိုလ်များဓမ္မာရုံ ဖြစ်တည်လာတဲ့ ရှေးဟောင်းလက်ရာ အဆောက်အအုံကြီးရဲ့ ခေတ်မျိုးစုံ ကြုံတွေ့ခဲ့ရပုံ အဖုံဖုံကို သမိုင်းမှတ်တမ်းပြုကာ တင်ပြလိုက်ရပါတယ်။

○



**Thiri Hall**

# မြကျွန်းညိုညို ရန်ကုန်တက္ကသိုလ်ပင်မဝင်းအတွင်းက သီရိကျောင်းသူဆောင်

"History is clear itself."

သမိုင်းဖြစ်စဉ်တွေဟာ သူ့သဘော သူဆောင်ကာ ရှင်းလင်းပြီးသား ဖြစ်တယ်ဆိုတဲ့ သိုးဆောင်းစကားပုံ ရှိပါတယ်။ အလားတူ "History repeats itself." သမိုင်းဖြစ်စဉ်တွေဟာ ထပ်တလဲလဲဖြစ်တတ်စမြဲ ဖြစ်သလို၊ သမိုင်းဆိုတာ အမှန်ကန်ဆုံး တရားသူကြီးဖြစ်တယ်ဆိုတဲ့ ဆိုရိုးတွေအရ အတိတ်က သမိုင်းဖြစ်ရပ်တွေဟာ ပစ္စုပ္ပန်ကာလမှာ "ဓမ္မမိဌာန်"ကျစွာ အဆုံးအဖြတ်ပေးနိုင်ဖို့အတွက် "ခိုင်လုံတဲ့ သမိုင်းသက်သေ" အထောက်အထားတွေပဲ မဟုတ်ပါလား။

## *World Almanac* မှာပင် မှတ်တမ်းပြုထားရတဲ့ ရန်ကုန်တက္ကသိုလ်

၁၉၂၀ ပြည့်နှစ်မှာ စတင်တည်ထောင်ခဲ့တဲ့ "ရန်ကုန်တက္ကသိုလ်ကြီး" "Universiyt of Rangoon" ရဲ့သမိုင်းကောက်ကြောင်းကို ကမ္ဘာကျော် မှတ်တမ်းစာအုပ်ကြီးဖြစ်တဲ့'WorldAlmanac'မှာ"University. The University of Rangoon was established in 1920, is slowly developing and promise to become a most valuable centre of higher education in the East. By an Amending Act of 1924, The university Progress is being made." ရယ်လို့ သမိုင်းဆိုတာ သူ့သဘောဆောင်ကာ ရှင်းလင်းပြတ်သားပြီးသားပါဆိုတာကိုပေါ်လွင်ပီပြင်စွာမှတ်တမ်းပြုထားတာက ၁၉၂၀ ပြည့်နှစ်မှာစတင်တည်ထောင်ခဲ့တဲ့ရန်ကုန်တက္ကသိုလ်ကြီးဟာတဖြည်းဖြည်းချင်းသာ တိုးတက်ခဲ့တာ ဖြစ်တယ်။ ရန်ကုန်တက္ကသိုလ်ကို အရှေ့တိုင်းရဲ့ အဆင့်မြင့်ပညာတွေ ဆည်းပူးနိုင်မယ့် တန်ဖိုးအရှိဆုံး ပညာသင်ကြားရာဗဟိုချက်ချာဖြစ်စေမယ့် ဦးတည်ချက်နဲ့ တည်ဆောက်ပေးခဲ့တာ ဖြစ်တယ်။ ဒါကြောင့် "၁၉၂၄ ခုနှစ်၊ ရန်ကုန်တက္ကသိုလ်အက်ဥပဒေ (ပြင်ဆင်ချက်)"နဲ့ တက္ကသိုလ်ပင်မဝင်းကြီးအတွင်းတွင် တက္ကသိုလ်ကျောင်းတော်ကြီးအား အထောက်အကူပြုမယ့် စာသင်ဆောင်တွေနဲ့ ကျောင်းသား/သူဆောင် (Hostel) တွေကို တည်ဆောက်ပေးရန် ပြဋ္ဌာန်းပေးခဲ့ခြင်း ဖြစ်တယ်။ ရန်ကုန်တက္ကသိုလ်ကြီးရဲ့ ၁၉၂၀ ပြည့်နှစ် (ပညာသင်နှစ် - Academic Year) မှာ တက်ရောက်သင်ယူခဲ့ကြတဲ့ ကျောင်းသားဦးရေ စုစုပေါင်း (၇၇၈) ယောက်ရှိခဲ့တယ်။ လူမျိုး (Race) အလိုက် စာရင်းအရ မြန်မာ(တိုင်းရင်းသား) တက္ကသိုလ်ကျောင်းသားဦးရေ (၂၁၀) ယောက်သာရှိခဲ့ရာကနေ ၁၉၂၄ ခုနှစ်၊ ပညာသင်နှစ်ရောက်တဲ့အခါမှာတော့ (၄၁၇) ယောက်အထိစာရင်းပေါက်လာခဲ့တယ်။ အခြားကျောင်းသားအမျိုးအစားတွေကတော့ နယ်ချဲ့အုပ်စိုးသူ အင်္ဂလိပ်တို့ရဲ့ သား/သမီးတွေနဲ့ စစ်ကြို့ခေတ်မှာ "ဘိုကြက်ချေး" လို့ အမည်ပေးခဲ့ကြတဲ့ နယ်ချဲ့လက်ပါးစေ 'Anglo-Indian' တွေရဲ့သား/သမီးတွေပဲ ဖြစ်ကြပါပေတယ်။

## သီရိဆောင်ရဲ့ မူလဘူတ *Benton Hall*

မျက်မှောက်ကာလတွင် ရန်ကုန် မြို့တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ ရှေးဟောင်းလက်ရာ အဆောက်အအုံများစာရင်း အမှတ်စဉ် (၁၃၆) မှာပါဝင်နေတဲ့ "သီရိဆောင်"၊ ရန်ကုန်တက္ကသိုလ်ပင်မဝင်း၊ ကမာရွတ်မြို့နယ်ရဲ့မူလဘူတက Benton Hall ပဲဖြစ်ပါတယ်။ Benton Hall ရဲ့ "ပကတူး" (အစ)ကတော့ "ဂျပ်ဆင်ကောလိပ်"ရဲ့ အဆောင်ဖြစ်ခဲ့တာပါ။ Judson Chapel တည်ရာ ဂျပ်ဆင်ကောလိပ်ရဲ့အဆောင်တစ်ဆောင်ဖြစ်ခဲ့တဲ့အတွက် ခရစ်ယာန်ဘာသာဝင် ရန်ကုန်တက္ကသိုလ်ကျောင်းသူတွေ နေထိုင်ခဲ့ကြတဲ့ "ကျောင်းသူဆောင်" ဖြစ်ခဲ့တာပေါ့။ ဒါကြောင့် ကျောင်းသူဆောင်ဖြစ်တဲ့ "အင်းလျားကျောင်းသူဆောင်"မှာ ကျောင်းသူတွေကို မထားသေးမီကပင် ခရစ်ယာန်ဘာသာဝင် တက္ကသိုလ်ကျောင်းသူတွေအနေနဲ့ Judson College ရဲ့အဆောင်မှာ နေထိုင်ခွင့်ရခဲ့ကြပြီး အဆောင်ကနေ တက္ကသိုလ်ပညာ တက်ရောက်ဆည်းပူးခွင့်ကို စတင်ရရှိခဲ့ကြတယ်လေ။

Benton Hall အမည်ရခဲ့တဲ့ "သီရိကျောင်းသူဆောင်" ကို ရန်ကုန်တက္ကသိုလ် အဓိပတိအဖြစ် (၁၉၂၇-၃၀) နဲ့ (၁၉၃၁-၃၂) ပညာသင်နှစ်တွေမှာ ဆောင်ရွက်သွားခဲ့သူ Bristish Burma ဘုရင်ခံဖြစ်တဲ့ "ဆာ၊ ချားလ်(စ်) အလက်ဇင်းဒါးအင်းနစ်" 'Sir Charles Alexander Innes' နဲ့ ဇနီးဖြစ်သူ Lady Innes တို့က ခရစ် (၁၉၂၈) ခုနှစ်၊ နိုဝင်ဘာလ (၃) ရက်နေ့တွင် အုတ်မြစ်စီမင်္ဂလာဆင်ယင်ပေးခဲ့တယ်။ အဲဒီကျောင်းသူဆောင်ကြီး ဆောက်လုပ်နိုင်ဖို့အတွက် အမေရိကန်နိုင်ငံသူ "ကာရိုလိုင်း-အေ-ဘင်တန်" Caroline A-Benton က မတည်လှူဒါန်းခဲ့တယ်။ ဒါကြောင့် ကျောင်းသူဆောင်ကြီး ဆောက်လုပ်ပြီးစီးတဲ့အခါ မတည်အလှူရှင် Caroline A-Benton ရဲ့အမည်နဲ့ 'Benton Hall' လို့ အမည်ပေးခဲ့တာ ဖြစ်တယ်။ Benton Hall အမည်တွင်ခဲ့တာဟာ စစ်ကြိုခေတ်မှသည် မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးစကာလ (၁၉၄၇-၄၈) ခုနှစ်အထိတိုင်ပါပဲ။

## သီရိဆောင်က သမိုင်းတင်ကျောင်းသူများ

ရန်ကုန်တက္ကသိုလ် ပင်မဝင်းကြီးအတွင်းမှာ တည်ရှိနေကြတဲ့ အင်းဝ၊ စစ်ကိုင်း၊ ပင်းယကျောင်းဆောင်ကြီးတွေပုံစံအတိုင်း "ကျောင်းသူဆောင်" ဖြစ်တဲ့ "သီရိဆောင်"ကိုလည်း ဝိတိုရိယခေတ်ပုံစံ အုတ်ထမ်း ဆင်ဝင်ပါ (၃) ထပ် အဆောက်အအုံကြီးအဖြစ် သပ်ရပ်ခံ့ထည်စွာ ထုထည်တောင့်တင်းစွာနဲ့ တည်ဆောက်ပေးထားတာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးစ ရှန်းသစ်လုပ ကျက်သရေမင်္ဂလာအပေါင်း ခညောင်းတဲ့ (၁၉၄၈-၄၉) ခုနှစ် ရောက်တဲ့အခါမှာ နိုင်ငံခြားအမည်ဖြစ်တဲ့ Benton Hall ကို မြန်မာမလေး တွေရဲ့ကျက်သရေရှိလှတဲ့ (သီရိ)အလှနဲ့ တင်စားကာ သီရိကျက်သရေ တက် ဖြိုးစေနိုင်စေလိုတဲ့ စေတနာဟိတ်နဲ့ "သီရိဆောင်"ရယ်လို့ အမည်ပြောင်းပေး ခဲ့တာ ဖြစ်ပါတယ်။ အဲဒီ"ဟိတ်"ကြောင့်ပဲ သီရိဆောင်သူတွေဟာ စာပေ၊ ဂီတ နဲ့ အနုပညာဘက်တွေမှာ သမိုင်းတင်ရလောက်တဲ့အထိ ထူးချွန်ထင်ရှားခဲ့ကြ တာပဲ ဖြစ်ပါတယ်။

သီရိဆောင်သူတွေထဲက စာပေ၊ ဂီတနဲ့ အနုပညာဘက်မှာ သမိုင်းတင် လောက်တဲ့အထိ ထူးချွန်ထင်ရှားခဲ့တဲ့ မြန်မာအမျိုးသမီးတွေကတော့ "လှေ ကလေးကို လှော်မည်၊ ဘေးမသန်းဘဲ အေးချမ်းတော့မည်"ဆိုတဲ့ လုပတဲ့ သံစဉ်ကြောင့်ခေတ်မရွေးတဲ့"လှေကလေးသီချင်း"နဲ့ထင်ရှားကျော်ကြားခဲ့သူ "ဘီလပ်ပြန်သန်း"(ဒိုရာသန်းအေး) ဟာ Benton Hall မှာကျောင်းဆောင်သူ ဖြစ်ခဲ့ဖူးပါတယ်။ မြန်မာစာနယ်ဇင်းလောကမှာ ထင်ရှားခဲ့သူ "ဒေါ်ရီကြိန်" ဟာလည်း ရန်ကုန်တက္ကသိုလ်ကြီးရဲ့ (၁၉၃၂-၁၉၃၆) ပညာသင်နှစ်တွင် Benton Hall ကျောင်းဆောင်သူ ဖြစ်ခဲ့တာပါပဲ။ တစ်ချိန်က မြန်မာ့အသံမှာ "ဒေါ်ရီကြိန်" ရဲ့ မြန်မာအမျိုးသမီးဂုဏ်ရည်တွေကို ဖော်ကျူးတဲ့ ဟောပြော ချက်တွေဟာ မျက်မှောက်ကာလမှာ အထူးလိုက်နာဖွယ်ရာဖြစ်တဲ့ သမိုင်းဝင် အချက်အလက်တွေပဲ ဖြစ်ပါတယ်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးစ ရှန်းလက်လုပတဲ့ တက္ကသိုလ်ရဲ့ ပညာသင်နှစ်မှာ နိုင်ငံခြားအမည် Benton Hall ကနေ ကျက်သရေလျှမ်းဝေ

ဖြာတဲ့ "သီရိဆောင်"ဖြစ်လာချိန် (၁၉၄၇-၅၉) ကာလများမှာ စာပေနှင့် စာနယ်ဇင်းလောကမှာ "ညာအနိုင်ယဉ်လျော်ရာပန်းတွေ"အနေနဲ့ ထွန်းတောက်ခဲ့ကြတဲ့ စာပေကြယ်ပွင့်တွေကတော့ "မယ်ခရွေး"အမည်နဲ့ ထင်ရှားကျော်ကြားခဲ့သူရယ်၊ သရုပ်ဖော်ဝတ္ထုတွေ ရေးသားရာမှာ ကျော်ကြားခဲ့တဲ့ စာရေးဆရာမကြီး "ကြည်အေး"အပြင် စာရေးဆရာမ "နွယ်(စစ်တွေ)"၊ တက္ကသိုလ်မမြတ်မွန်၊ တက္ကသိုလ်ပွင့်ဦးနဲ့ ဝတ္ထုရှည်/တိုရေးသားရာတွင် ထင်ရှားခဲ့သူ "တက္ကသိုလ်မြစိမ်း" တို့ပင် ဖြစ်ပါကြောင်း သမိုင်းမှတ်တမ်းပြုကာ တင်ပြရပါတယ်။

○



**Dagon Hall**

## မြကျွန်းညိုညို ရန်ကုန်တက္ကသိုလ်ပင်မဝင်းအတွင်းက ဒဂုံကျောင်းသားဆောင်

မျိုးဆက်သစ်တွေ "မ.အ"ကြစေဖို့ရာ နိုင်ငံသမိုင်းဖြစ်စဉ်တွေကို "ယထာဘူတ"ကျနစွာ နားလည်သဘောပေါက်အောင် လေ့လာသင့်ကြတယ်လို့ သမိုင်းပါမောက္ခကြီးတစ်ယောက်က သမိုင်းတင် ရေးသားခဲ့ဖူးတယ်။ ရန်ကုန်တက္ကသိုလ် ပင်မဝင်းကြီးအတွင်းက ရန်ကုန်မြို့တော်စည်ပင် သာယာရေးနယ်နိမိတ်အတွင်းရှိ ရှေးဟောင်းလက်ရာ အဆောက်အအုံများစာရင်း အမှတ်စဉ် (၁၃၇) မှာ ပါဝင်နေတဲ့ "ဒဂုံဆောင်"အမည်နာမဟာ ရန်ကုန်ရွှေပြည်သိကြားတည်သား၊ယဉ်ကြည်ဝန်းပတ်မြို့တော်မြတ်ရဲ့သမိုင်းကြောင်းနဲ့ ဆက်စပ်နေတယ်။ "ရန်ကုန် ပူရံ၊ မနောရမ္မံ ဟောတိ" လို့ အညွှန်းပြုထားတဲ့ စီးပွားရေးမြို့တော်ကြီး ရန်ကုန်ဟာ သမိုင်းကြောင်းအရ "ငါးမည်ရ" ခဲ့ဖူးပါတယ်။ မူလဘူတ အမည်ကတော့ ဥက္ကလာပပေါ့။ ဥက္ကလာပဆိုတဲ့ အမည်နာမ

ဟာ မြတ်ဘုရားရွှေတိဂုံကို ဝန်းရံထားတဲ့ "မြို့လေးမြို့"မှာ ပါဝင်နေသလို ဉက္ကလာပမင်းကြီးကို အစွဲပြုကာ ခေါ်ဝေါ်ထားတဲ့ အမည်ဖြစ်တယ်။ ဒါ့အပြင် "ဉက္ကလာပ အောင်မြေရန်နင်မြို့" ဆိုတဲ့ အမည်လည်း ရခဲ့ဖူးတယ်။ ကုန်းဘောင်မင်းဆက်က ရွှေဘိုမင်း (ခေါ်) သာယာဝတီမင်းဟာ အင်္ဂလိပ် - မြန်မာ ပထမနဲ့ ဒုတိယစစ်ပွဲနှစ်ခုကြားကာလမှာ နယ်ချဲ့တို့အား အင်အားပြတဲ့အနေနဲ့ နေပြည်တော် "အမရပူရ"ကနေ ရန်ကုန်မြို့သို့ စစ်အင်္ဂါ အခင်းအကျင်းနဲ့ စုန်ဆင်းတော်မူခဲ့ပြီး အသင့်ဖောက်လုပ်ထားတဲ့ "လမ်းမတော်"ကနေ တည်ဆောက်ထားပြီးဖြစ်တဲ့ "ဉက္ကလာပအောင်မြေရန်နင်မြို့"နဲ့ ယာယီစံမြန်းရန်ဆောက်လုပ်ထားပြီးဖြစ်တဲ့ "မြတ်နန်းအောင်ချာနန်းတော်"သို့ မင်းခမ်းမင်းနားနဲ့ ဝင်းတွေခင်းကာ တက်ရောက်စံမြန်းတော်မူခဲ့တဲ့ "တံခါး (၁၂) ရပ်ပါ" မြို့ဖြစ်ကာ ဆင်သံ၊ မြင်းသံ၊ လူသံတွေ တစ်ရံမစဲဘဲ စည်ကားလှပါပေတယ်လို့ မှတ်တမ်းပြုထားတယ်။

မွန်ပဒေသရာဇ်တွေရဲ့ "ဒဂုံ"ဆိုတဲ့အမည်နာမဟာ မြတ်ဘုရား ရွှေတိဂုံကို အစွဲပြုကာပေးခဲ့တာပါ။ ဒါ့အပြင် မြတ်ဘုရားရွှေတိဂုံတည်ရာ တောင်ထွတ်သုံးသွယ်ဟာ "ဖိုခုံလောက်ဆိုင်" ဖြစ်နေတဲ့အတွက် "တိဟဂုမ္ဘ"လို့ ခေါ်တွင်ရာကနေဒဂုံ - ဒဂုန်ဖြစ်လာတယ်လို့အယူအကောက်ပြုကြတာလည်းရှိတယ်။ စေတီတော်ကြီး တည်ထားရန် တောစိုးရက္ခမူ ပင်မြင့်ပင်စောက်ကြီးတွေကို ခုတ်ထွင်ရှင်းလင်းတဲ့အခါ သစ်ပင်ကြီးကန့်လန့်ဖြတ်တင်နေတာကို အကြောင်းပြုကာ "လ္ဂုင်"လို့ မွန်ဘာသာနဲ့ ခေါ်ဝေါ်ခဲ့ရာကနေ "ဒဂုံ - ဒဂုန်" ဖြစ်လာတာလို့လည်း ယူဆရေးသားကြတာတွေ ရှိတယ်။ ဆတိုင်မှတ်ဦးကျူးကတော့ "ချမ်း၍လည်း တုန်၊ လှေနှင့် စုန်၊ ဒဂုန် မရောက်သေး" ရယ်လို့ "အုန်"ကာရန်နဲ့ စပ်ဆိုကာ "ဒဂုန်"လို့ "န"သတ်နဲ့ ရေးသားစီကုံးထားတယ်လေ။ ငါးမည်ရမြို့ရန်ကုန်မှာ "ဒဂုံ - ဒဂုန်" အမည် ပါဝင်တာကို အကြောင်းပြုပြီး စစ်ကြိုခေတ်က ရန်ကုန်မြူနီစီပယ်အဖွဲ့ရဲ့ဆောင်ပုဒ်ကို "ဒဂုံ ပူရံ၊ မနောရမ္မံ ပောတိ" ရယ်လို့ သံထက်အက္ခရာ တင်ထားတာကို ယခင်ကော်ပိုရေးရှင်းလမ်း (ယခု စည်ပင်လမ်း) ဘက် ဝင်ပေါက်တံခါးဝကြီးမှာ မျက်မှောက်ကာလအထိ တည်ရှိနေပါသေး

တယ်။ စစ်ကြိုခေတ်က "ဒဂုန်မဂ္ဂဇင်း"ဟာလည်း သမိုင်းတင်မဂ္ဂဇင်းတစ်စောင် ပါပဲ။

ငါးမည်ရမြို့ရှန်ကုန်ရဲ့ အခြားအမည်နာမတစ်ခုက "ရှင်စောပုမြို့" လို့ အမည်ရတဲ့ "ရှမ်းမြို့"ပဲ ဖြစ်တယ်။ ယခုအခါ စမ်းချောင်းမြို့နယ်အတွင်းမှာ တည်ရှိနေပြီး ရှင်စောပုလမ်းနဲ့ ရှမ်းလမ်းဆိုတဲ့ သမိုင်းဝင်အမည်တွေလည်း တည်ရှိဆဲ ဖြစ်တယ်။ (ရှမ်းလမ်းကတော့ တိုးချဲ့ဖောက်လုပ်ပေးထားတဲ့ ဗဟိုလမ်းအဝန်းအဝိုင်းအတွင်းမှာ ပါဝင်သွားပါပြီ။) ကေရီဘုရင်မကြီး ရှင်စောပုဟာ ပဲခူး(ဟံသာဝတီ)မှာ (၇) နှစ်မျှသာ နန်းစံပြီးတဲ့အခါ မြတ်ဘုရားရွှေတိဂုံအား ထာဝရ ပြုပြင်မွမ်းမံ ဖူးမြော်ကြည်ညိုနိုင်ရန် ရည်သန်ကာ မြတ်ဘုရားရွှေတိဂုံထီးရိပ်ဝန်းအောက်မှာ "ရှင်စောပုမြို့"ကို တည်ဆောက်နေထိုင်တော်မူခဲ့တယ်။ ရာသက်ပန် "နဝင်္ဂသီလ"ဆောက်တည်ရန် မြတ်ဘုရားရွှေတိဂုံရဲ့အရှေ့တောင်ဘက်ရှိ ကုန်းမူတွင် တရားစောင့်လေ့ရှိတာကြောင့် အဲဒီကုန်းမူကို "ဓမ္မရက္ခိတကုန်း" လို့ ခေါ်တွင်စေခဲ့တယ်။ နယ်ချဲ့တွေက ရန်ကုန်မြို့ကြီးအား အလစ်အငိုက်မှာ ဝင်ရောက်တိုက်ခိုက်သိမ်းပိုက်တဲ့အခါ "ရွှေတိဂုံ ကုန်းတော်"ကို "ခံတပ်"ပြုလုပ်ကာ ရှေ့တန်းကာစည်းအဖြစ် "ဓမ္မရက္ခိတကုန်းမူ" တွင် သူတို့ရဲ့လက်ပါးစေ ဂေါ်ရာတွေကို စခန်းချစေခဲ့တယ်။ အဲဒီလို "ဂေါ်ရာတပ်" တွေ စခန်းချစဉ်က စတင်ပြီး "ဂေါ်ရာကုန်း" အမည်တွင်သွားခဲ့တယ်။

၁၉၈၀ ပြည့်နှစ်မှာ "သံဃာ့ဂိုဏ်းပေါင်းစုံ ညီညွတ်မှု" ကို အကြောင်းပြုကာ ကြီးမြတ်တဲ့ အောင်မြင်မှုရဲ့ အထိမ်းအမှတ်ဖြစ်တဲ့ "မဟာဝိဇယစေတီတော်မြတ်"အား တည်ထားကိုးကွယ်မှုသာ "မင်းကွန်းတိပိဋက ဆရာတော်ကြီး ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ"က မဟာဝိဇယစေတီတော် တည်ထားကိုးကွယ်မယ့် ကုန်းမူမြတ်ရဲ့သမိုင်းဖြစ်ရပ်မှန်ကို ပောဖော်ညွှန်ပြပြီး "ဓမ္မရက္ခိတကုန်းတော်" လို့ မူလအမည်ဟောင်းကို ပြန်လည်ပြောင်းပေးတော်မူခဲ့တာ ဖြစ်ပါတယ်။ ကြီးမြတ်လှတဲ့ အောင်မြင်မှုရဲ့ အထိမ်းအမှတ်အနေနဲ့ တရားစောင့်ကုန်းမူဖြစ်တဲ့ "ဓမ္မရက္ခိတ ကုန်းတော်မြတ်" တွင် "မဟာဝိဇယစေတီတော်မြတ်" ကို တည်ထားကိုးကွယ်ချိန်မှ စတင်ကာ နယ်ချဲ့မိစ္ဆာအမည်ဖြစ်တဲ့

"ဂေါ်ရာကုန်း" အမည်ဟာ "နေလာနင်းပျောက်သဖွယ်" ကွယ်ပျောက်သွားခဲ့ပြီး ဖြစ်ပါတယ်။ အဲဒီလိုသမိုင်းစဉ်ဆက် မြင့်မြတ်ခဲ့တဲ့ ငါးမည်ရမြို့ရန်ကုန်ရဲ့ အမည်နာမတစ်ခုဖြစ်တဲ့ "ဒဂုံ-ဒဂုန်" ကို ဂုဏ်တင်ကာ ရန်ကုန်တက္ကသိုလ် ပင်မဝင်းအတွင်းက နိုင်ငံခြားအမည်ရခဲ့ဖူးတဲ့ ကျောင်းဆောင်အမည်ကို "ဒဂုံဆောင်" ရယ်လို့ အမည်တင်နိုင်ခြင်းဟာဖြင့် "ဝံသာနုရက္ခိတစိတ်ဓာတ်ပြင်းပြလှတဲ့ ဘိုး-ဘတို့ရဲ့ မျိုးချစ်စိတ်ဓာတ်အမွေအနှစ်" ပဲ ဖြစ်ပါပေတယ်။

## ဒဂုံဆောင်ရဲ့မူလဘူတ

ရန်ကုန်တက္ကသိုလ် (University of Rangoon) ရယ်လို့ ဖြစ်တည်လာဖို့ရာ စွယ်တော်ရွက်ပမာဖြစ်ခဲ့ကြတဲ့ "ရန်ကုန်ကောလိပ်" (Rangoon College) နဲ့ ဂျပ်ဆင်ကောလိပ် (Judson College) တို့ကို ပေါင်းစပ်ဖွဲ့စည်းပေးခဲ့ရတာ ဖြစ်ပါတယ်။ ရန်ကုန်တက္ကသိုလ်ကြီးဖြစ်တည်လာပြီး နောက်ပိုင်းမှာ "မဟာဝန်ရှင်တော်မင်းကြီး" (Commissioner) တို့ရဲ့နိုင်ငံတွင် ဖြစ်ပွားခဲ့တဲ့ ကမ္ဘာ့စီးပွားရေးပျက်ကပ် (World Economic Depression) ရဲ့ရိုက်ခတ်မှုကြောင့် အသစ်ဆောက်လုပ်ရမယ့် ရန်ကုန်တက္ကသိုလ်သစ်ကြီးအတွက် အခြံအရံကျောင်းဆောင်တွေကို "တစ်ချိန်တည်းတစ်ပြိုင်တည်း" မှာ ဆောက်လုပ်ပေးခြင်း မပြုနိုင်ခဲ့ပါဘူး။ ထင်ရှားကျော်ကြားခဲ့တဲ့ ကမ္ဘာ့နိုင်ငံများရဲ့ မှတ်တမ်းကြီးဖြစ်တဲ့ (World Almanac) မှာ ထည့်သွင်းမှတ်တမ်းပြု ရေးသားထားတဲ့အတိုင်း ရန်ကုန်တက္ကသိုလ်ကြီးရဲ့တိုးတက်မှုဟာ ဖြည်းဖြည်းချင်းသာ ဖြစ်ထွန်းလာနိုင်ခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့် ကျောင်းဆောင်သစ်တွေ တိုးချဲ့မဆောက်လုပ်နိုင်သေးမီမှာ ပေါင်းစည်းထားတဲ့ ကောလိပ် (၂) ခုက ကျောင်းဆောင်ဟောင်းတွေကိုပဲ ဆက်လက်အသုံးပြုခဲ့ရပါတယ်။ "ဒဂုံဆောင်" ရဲ့ မူလဟာ "ဂျပ်ဆင်ကောလိပ်" ရဲ့ ကျောင်းဆောင်တစ်ဆောင်ဖြစ်ခဲ့ပြီး "Willington Hall" လို့ အမည်ရခဲ့ပါတယ်။

ရန်ကုန်တက္ကသိုလ်ကြီးရဲ့ ကျောင်းဆောင်သစ်တွေကို တိုးချဲ့တည်ဆောက်ဖို့ရာ ကမ္ဘာ့စီးပွားရေးပျက်ကပ်ရဲ့ ရိုက်ခတ်မှုကြောင့် နယ်ချဲ့အစိုးရက လုံလောက်တဲ့ထောက်ပံ့မှုတွေ ဖြည့်တင်းမပေးနိုင်တဲ့အတွက် နယ်ချဲ့အရင်း

ရှင်တွေအပြင် တိုင်းရင်းသား ခနရှင်တွေထံကပါ "အလှူငွေ"တွေ ကောက်ခံခဲ့ရသေးတယ်။ အဲဒီထက်ထူးခြားတာက ကျောင်းဆောင်သစ်တွေ ဆောက်လုပ်ဖို့ရာ နိုင်ငံတစ်ဝန်းတွင် လောင်းကစားပွဲတွေကို "Our Days" အမည်ခံကာ ကျင်းပပေးပြီး ရရှိလာတဲ့ လောင်းကစားအကောက်ခွန်ငွေတွေနဲ့ပါ အဓိကအားပြုဆောက်လုပ်ခဲ့ရပုံကို "နှစ်ငါးဆယ်တက္ကသိုလ်(ဓာတ်ပုံမှတ်တမ်း) စာအုပ်ကြီး"မှာ မြန်မာ့အသံကျော်ဦးက သမိုင်းတင်မှတ်တမ်းပြုပေးထားတာက "အချို့သောအဆောက်အအုံများအတွက် ပုဂ္ဂလိကအလှူရှင်များက ငွေလှူဒါန်းသော်လည်း များစွာသောအဆောက်အအုံများကို (နယ်ချဲ့) အစိုးရက ကြီးမှူး၍ တစ်ပြည်လုံး ခြိမ့်ခြိမ့်သဲ ကျင်းပသော လောင်းကစားပွဲများမှ ရရှိသည့် အကောက်ခွန်ငွေများဖြင့် ဆောက်လုပ်ခြင်း ဖြစ်သည်"လို့ ဖြစ်ပါတယ်။ (အဲဒတုန်းကစပါးပေါ်ချိန်၊ ငွေပေါ်ချိန်တွေမှာမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် "Our Days" လို့ ခေါ်တဲ့ လောင်းကစားပွဲတွေနဲ့ မိလက္ခုတောင်သူတွေကို ယစ်မူးစေခဲ့တယ်။) အဲဒီဆောက်ရွက်ချက်နဲ့ပတ်သက်ပြီး မှတ်တမ်းပြုသူ (မြန်မာ့အသံကျော်ဦး)က သူ့ရဲ့ "အတ္တနောမတိ"နဲ့ တင်ပြခဲ့တာက "ထို့ကြောင့် ရန်ကုန်တက္ကသိုလ်ရှိ အဆောက်အအုံများကား မြန်မာပြည်တစ်ဝန်းလုံးရှိ ပြည်သူတစ်ရပ်လုံး၏ ငွေကြေးများဖြင့် ဆောက်လုပ်သည် မည်ပေ၏" လို့ "နယ်ချဲ့အစိုးရရဲ့သူကြီးဘုရား ရွာသားကောင်းမှု လုပ်ရပ်" ကို သမိုင်းမှတ်တမ်းပြုကာ တင်ပြသွားခြင်းပဲ ဖြစ်ပါပေတယ်။

## ဒဂုံဆောင်က ထူးချွန်ထင်ရှား ကျောင်းတော်သားများ

ငါးမည်ရမြို့ရန်ကုန်ရဲ့ အမည်နာမတစ်ခုဖြစ်တဲ့ မြတ်ဘုရားရွှေတိဂုံကို ဦးခိုက်ပူဇော်ကာ မှည့်ခေါ်ထားတဲ့ "ဒဂုံကျောင်းဆောင်"ကြီးကနေ နိုင်ငံတော်ရဲ့အနာဂတ်မှာ ရှိန်းလက်လာကြမယ့် "ငွေကြေယ်ပွင့်"ကျောင်းတော်သားတွေကတော့ "ဗိုလ်အောင်ကျော် သေပန်းပွင့်၊ လွတ်လမ်းဖြင့် ချင့်မျှော်" ပေးခဲ့သူကိုအောင်ကျော်ဟာ နယ်ချဲ့ဆန့်ကျင်ရေးနဲ့ အမျိုးသားလွတ်မြောက်ရေးအတွက် အသက်ပေးလှူသွားခဲ့ရသူ ဖြစ်ပါတယ်။ ကိုအောင်ကျော်ဟာ ခရစ်

(၁၉၂၉ - ၃၀) ရန်ကုန်တက္ကသိုလ်ပညာသင်နှစ်မှာ Willington Hall ကနေ ရန်ကုန်တက္ကသိုလ်ကြီးတွင် ပညာဆည်းပူးခဲ့သူဖြစ်တယ်။ အဲဒီလို လွတ်လပ်ရေးရဲ့ လမ်းပြကြယ်တစ်ပွင့်ဖြစ်ခဲ့သူဟာ ဂုဏ်ပြုကာ "ဗိုလ်ဘွဲ့"တပ်ပြီး "ဗိုလ်အောင်ကျော်"လို့ ချီးမြှောက်ခေါ်ဝေါ်စေခဲ့တာ ဖြစ်ရုံမျှမက ရန်ကုန်တက္ကသိုလ်အဝိုင်းလေး (ယခုမရှိတော့) အား "ဗိုလ်အောင်ကျော်ရင်ပြင်"လို့လည်းကောင်း၊ ရန်ကုန်မြို့လယ်က ရန်ကုန်အရေးပိုင် Deputy Commissioner Maj: T-Spark အမည်နဲ့ ခေါ်ဝေါ်နေတဲ့ Spark လမ်းကိုလည်း "ဗိုလ်အောင်ကျော်လမ်း"အမည်နဲ့ လည်းကောင်း အများပြည်သူက ပြောင်းလဲခေါ်ဝေါ်ကာ ဂုဏ်ပြုခဲ့ကြတယ်။ ရန်ကုန်တက္ကသိုလ်ရဲ့(၁၉၃၃ - ၃၄) ပညာသင်နှစ်မှာတော့ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် "သခင်ဗစိန်ဂိုဏ်း" နဲ့ ထင်ရှားခဲ့သူ "သခင်ဗစိန်"ဟာ Willington Hall ရဲ့ကျောင်းဆောင်သားကြီး ဖြစ်ခဲ့သူပါပဲ။

ဒုတိယကမ္ဘာစစ်ကြီးပြီးကာစ (Post War) ကာလမှာ ဗိုလ်အောင်ကျော်နဲ့ သခင်ဗစိန်တို့ အဆောင်နေကျောင်းသားတွေအဖြစ် နေထိုင်ခဲ့ရာ နိုင်ငံခြားအမည်ပေါက်နေတဲ့ Willington Hall ကြီးကို ရန်ကုန်မြို့ကြီးရဲ့ သမိုင်းထဲက ငါးမည်ရမြို့ရန်ကုန် အမည်နာမ (၅) မျိုးထဲက တစ်ခုဖြစ်တဲ့ "ဒဂုံ" အမည်နာမနဲ့ ဂုဏ်ပြုကာ "ဒဂုံကျောင်းဆောင်"လို့ ပြောင်းလဲခေါ်ဝေါ်စေခဲ့ပါတယ်။ ရန်ကုန်တက္ကသိုလ်ကြီးရဲ့ (၁၉၅၆ - ၆၂) ပညာသစ်နှစ်ရောက်တဲ့အခါ "မန္တလေးတက္ကသိုလ်ပါမောက္ခချုပ် ဦးလှရွှေ" ဟာ "ဒဂုံကျောင်းဆောင်"ရဲ့ အဆောင်မှူးဖြစ်လာတယ်။ ဆရာကြီးဦးလှရွှေဟာ လွတ်လပ်ရေးရဲ့ မီးရှူးကြယ်ဖြစ်တဲ့ "ဗိုလ်ချုပ်အောင်ဆန်း"နဲ့ ကျောင်းနေဖက်ဖြစ်ခဲ့သူ ဖြစ်တယ်။ ဒါကြောင့် "မှားလျှင် ညွှန်ပြ၊ မှန်လျှင်အားလောင်း၊ မိတ်ဆွေကောင်း" စိတ်ဓာတ်နဲ့ ဗိုလ်ချုပ်အောင်ဆန်းရဲ့ကျောင်းသားဘဝ သမိုင်းကောက်ကြောင်းကို ပါနောင်းလူတွေ သိရှိစေလိုတဲ့ စေတနာ"စိတ်"နဲ့ အခြားကျောင်းနေဖက်တွေနဲ့ စုစည်းပြီး "ပဲခူးဆောင်ရှိ ဗိုလ်ချုပ်အောင်ဆန်း နေထိုင်ခဲ့တဲ့ အခန်း" ကို မူလအခြေအနေအတိုင်း ထိန်းသိမ်းဆောင်ရွက်ပေးနိုင်ခဲ့တယ် ၁၉၅၇ ခုနှစ်၊ နိုဝင်ဘာလ (၁၅) ရက် (အမျိုးသားနေ့အကြို) ညချမ်းချိန်ခါတွင် "အောင်ဆန်း

ခန်းမဆောင်" ဖွင့်ပွဲကို ကျောင်းဆောင်ရဲ့ နှစ်ပတ်လည်ညစာစားပွဲနှင့်အတူ ခမ်းနားထည်ဝါစွာ ကျင်းပပေးနိုင်ခဲ့ပါတယ်။ အာဇာနည်နေ့ကျရောက်တိုင်း မှာလည်း အများပြည်သူတွေ ကြည့်ရှုလေ့လာနိုင်စေဖို့ရာ ဖွင့်လှစ်ပြသခဲ့ဖူးပါ သေးတယ်။ဒဂုံကျောင်းဆောင်သားကြီးစစ်စစ်ဖြစ်တဲ့ကဗျာစာဆို "အင်းလေး မောင်ရွှေနွယ်" ကတော့ ရန်ကုန်တက္ကသိုလ်ကြီးရဲ့ (၁၉၅၉ - ၆၁) ပညာသင် နှစ် ရောက်တော့မှသာ အဆောင်နေကျောင်းသားဖြစ်ခဲ့သူဖြစ်ပါကြောင်း သမိုင်းမှတ်တမ်းပြုကာ တင်ပြလိုက်ရပါတယ်။

## မြကျွန်းညီညို ရန်ကုန်တက္ကသိုလ်ပင်မဝင်းအတွင်းက ပုဂံကျောင်းဆောင်(အသစ်)

ရန်ကုန်တက္ကသိုလ်ရဲ့ ဗဟိုကျောင်းဆောင်တွေထဲမှာ အမှတ်စဉ် (၁) ဖြစ်တဲ့ "ပုဂံကျောင်းဆောင်" ဟာ မြန်မာမှုလက်ရာနဲ့ တည်ဆောက်ခဲ့တဲ့ "တကောင်းဆောင်"နဲ့ သရေခေတ္တရာခေတ်ကို ကိုယ်စားပြုတဲ့ ပြည်ကျောင်းဆောင်တို့နောက်မှာ ဝါစဉ် တတိယ လိုက်ခဲ့ပါတယ်။ သထုံဆောင်၊ စစ်ကိုင်းဆောင်၊ ပင်းယဆောင်နဲ့ အင်းဝဆောင်တို့ကို ဝါစဉ်အလိုက် တည်ဆောက်ထားတာပဲ ဖြစ်ပါပေတယ်။

ပုဂံကျောင်းဆောင်(ဟောင်း)ဟာ "သထုံဆောင်"အရှေ့ဘက်ရှိ ကွက်လပ်ကြီးတွင် ဒုတိယကမ္ဘာစစ်မဖြစ်မီက ခံ့ညားထည်ဝါတဲ့ အုတ်ထမ်းကျောင်းဆောင်ကြီးအဖြစ် တည်ရှိခဲ့တယ်။ မြန်မာ့သမိုင်းတွင် ပထမ မြန်မာနိုင်ငံတော်ရဲ့ နိမိတ်ပုံ "ပုဂံခေတ်" ကို ရည်ညွှန်းမှည့်ခေါ်ခဲ့တဲ့ "ပုဂံကျောင်း

ဆောင်" ဟာ ဒုတိယကမ္ဘာစစ်အတွင်းမှာ နယ်ချဲ့တို့ရဲ့ မြေလှန်ဗုံးဒဏ်ကြောင့် "ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်ကြီး"နဲ့ အလားတူ လုံးဝပြိုကျပျက်စီးသွားခဲ့ရတယ်။

ဒါကြောင့် မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီးနောက် ၁၉၅၉ ခုနှစ်မှာ "ပုဂံဆောင်"သစ်ကို ဆောက်လုပ်ပေးခဲ့တာ ဖြစ်ပါတယ်။ အုတ်ထမ်း (၃) ထပ် အဆောက်အအုံကြီးပဲ ဖြစ်ပါပေတယ်။ ၁၉၆၂-၆၃ ပညာသင်နှစ်တွေမှာ အမျိုးသားကျောင်းဆောင်အဖြစ် အသုံးပြုခဲ့ပြီး ၁၉၆၃-၆၄ ပညာသင်နှစ်မှ စတင်ကာ "အမျိုးသမီးကျောင်းဆောင်"အဖြစ် ပြောင်းလဲကာ "ပညာရေးတက္ကသိုလ်"ကျောင်းသူများအား ထားခဲ့တယ်။

## ရတနာဆောင်

၁၉၅၄-၅၅ ပညာသင်နှစ်တွင် ဆောက်လုပ်ပြီးစီးခဲ့တဲ့ "အမျိုးသမီးကျောင်းဆောင်" ဖြစ်တယ်။ ၁၉၅၅-၅၉ ပညာသင်နှစ်တွေမှာ အဆိုတော်စီးလေးနဲ့ ၁၉၅၉-၆၀ ပညာသင်နှစ်မှာ စာရေးဆရာမ ရွှေကူမေနှင်းတို့ အဆောင်သူတွေ ဖြစ်ခဲ့ကြတယ်။

## မာလာဆောင်

၁၉၅၅ ခုနှစ်၊ အောက်တိုဘာလ (၁) ရက်နေ့တွင် အခမ်းအနားနဲ့ ဖွင့်လှစ်ခဲ့တဲ့ ပြည်လမ်းကို ဥပစာပြုကာ တည်ဆောက်ထားတဲ့ "သီရိဆောင်"နဲ့ ပုံစံတူ တည်ဆောက်ပေးထားတဲ့ "မာလာဆောင် ပြည်လမ်းရှေ့က" နာမည်ကျော် ကျောင်းသူဆောင် ဖြစ်တယ်။ ၁၉၅၅-၅၆ ပညာသင်နှစ်တွင် စတင်အသုံးပြုခဲ့တယ်။ ထင်ရှားခဲ့တဲ့ကျောင်းဆောင်သူတွေကတော့ ပုသိမ်လှလှသီ (၁၉၅၅-၅၉) နဲ့ ရွှေကူမေနှင်း (၁၉၆၀-၆၁) တို့ ဖြစ်ကြပါတယ်။

## တောင်ငူဆောင်

၁၉၅၄ ခုနှစ်တွင် ဆောက်လုပ်ပြီးစီးခဲ့တဲ့ ကျောင်းသားဆောင် ဖြစ်ကာ ဆယ်ပေ × တစ်ဆယ့်နှစ်ပေ နှစ်ယောက်ခန်းများနဲ့ ဖွဲ့ကစည်းတည်ဆောက်ထားတယ်။ မြန်မာ့သမိုင်းတွင် ထင်ရှားခဲ့တဲ့ ကေတုမတီ တောင်ငူကို ရည်ညွှန်းမှည့်ခေါ်ထားတာပဲ ဖြစ်ပါပေတယ်။

တောင်ငူဆောင်အပါအဝင် မန္တလေးဆောင်၊ အမရဆောင်နဲ့ ရာမညဆောင်တွေကို လွတ်လပ်ရေးရပြီးနောက်မှ ဆောက်ခဲ့တာဖြစ်လို့ "အဆောင်သစ်"များလို့ ခေါ်ဝေါ်ခဲ့ကြတယ်။

၁၉၆၄ ခုနှစ်တွင် စနစ်သစ်တက္ကသိုလ်အဖြစ် ပြောင်းလဲဖွဲ့စည်းတဲ့အခါမှာတော့ တောင်ငူဆောင်ကို ကျောင်းဆောင် "Hostel" ကနေ စာသင်ခန်း "Lecture Hall" အဖြစ် ပြောင်းလဲလိုက်တယ်။ အောက်ဆုံးထပ်တွင် ဝိဇ္ဇာသိပ္ပံတက္ကသိုလ် အင်္ဂလိပ်စာဌာနနဲ့ အလယ်ထပ်နဲ့ အပေါ်ဆုံးထပ်တွေမှာ မြန်မာစာဌာနတွေကို ဖွင့်လှစ်သင်ကြားပေးခဲ့တာဟာ ရန်ကုန်တက္ကသိုလ်ရဲ့ ရွှေရတုကာလအထိ ဖြစ်ခဲ့ဖူးပါတယ်။

## အမရဆောင်

မြန်မာ့သမိုင်းမှာ ထင်ရှားခဲ့တဲ့ "အမရပူရခေတ်" ကို ထင်ဟပ်ပြီး မှည့်ခေါ်ထားတဲ့ အမည်နာမဖြစ်တယ်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် ၁၉၅၄ ခုနှစ်တွင် တည်ဆောက်ပြီးစီးကာ ကျောင်းသားဆောင်အဖြစ် ဆယ်ပေပတ်လည် တစ်ယောက်ခန်းတွေနဲ့ ဖွဲ့စည်းတည်ဆောက်ထားတယ်။ ၁၉၅၄ - ၅၅ ပညာသင်နှစ်မှစတင်ကာ "အင်ဂျင်နီယာအတတ်သင်" ကျောင်းသားများကိုသာ ထားရှိခဲ့တယ်။ ၁၉၆၄ ခုနှစ်တွင် စနစ်သစ်တက္ကသိုလ်အဖြစ် ဖွဲ့စည်းချိန်မှာ "စာသင်ခန်း"များအဖြစ် ပြောင်းလဲခဲ့တယ်။ အောက်ဆုံးထပ်မှာ "စိတ်ပညာဌာန" စာသင်ခန်း၊ အလယ်ထပ်နဲ့ အပေါ်ဆုံးထပ်မှာ ရန်ကုန်ဝိဇ္ဇာသိပ္ပံတက္ကသိုလ်ရဲ့ "သမိုင်းဌာန" စာသင်ခန်းတွေ ဖွင့်လှစ်ခဲ့ဖူးပါတယ်။

## မန္တလေးဆောင်

ကုန်းဘောင်မင်းဆက်မှာ ထင်ရှားခဲ့တဲ့ ရတနာပုံမန္တလေးကို ရည်ညွှန်း မှည့်ခေါ်ထားတာ ဖြစ်တယ်။ ၁၉၅၄ ခုနှစ်တွင် အဆောင်သစ်ကို ဆောက်လုပ်ပြီးစီးခဲ့တယ်။ ကျောင်းသားဆောင်အဖြစ် ရည်စူးကာ ၁၂ ပေ × ၁၀ ပေ နှစ်ယောက်ခန်းတွေနဲ့ ဖွဲ့စည်းတည်ဆောက်ထားတယ်။ ၁၉၅၄ - ၅၅ ပညာသင်နှစ်မှ စတင်ကာ ကျောင်းသားများကို စတင်နေထိုင်ခွင့်ပြုခဲ့တယ်။ ထင်ရှားတဲ့ ကျောင်းသားကတော့ တက္ကသိုလ်လက်ရွေးစင် ဘောလုံးသမား ကိုနေဝင်း (နောင်တွင် ရုပ်ရှင်မင်းသား ကောလိပ်ဂျင်နေဝင်း - ကွယ်လွန်) ဟာ မန္တလေးဆောင်မှာ ၁၉၅၄ - ၅၅ - ၅၆ ပညာသင်နှစ်တွေမှာ နေထိုင်သွားတာပဲ ဖြစ်ပါတယ်။

၁၉၆၄ ခုနှစ်တွင် စနစ်သစ် တက္ကသိုလ်ဖွဲ့စည်းချိန်မှာ မန္တလေးဆောင်၌ "တက္ကသိုလ်ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာနနဲ့ သမိုင်းကော်မရှင်ရုံး" တို့ကို ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ဖူးပါတယ်။

၁၉၆၉ - ၇၀ ပညာသင်နှစ်တွင် တက္ကသိုလ်ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာနနဲ့ ပညာ့ပဒေသာစာစောင်ရုံးတို့ကို "ဘီအိုစီကောလိပ်အဆောက်အအုံ" သို့ လည်းကောင်း၊ သမိုင်းကော်မရှင်ရုံးကို "ယဉ်ကျေးမှုရိပ်မြုံ" သို့ လည်းကောင်း ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ပြန်တယ်။

အဲဒီနောက်မှာတော့ မန္တလေးဆောင်ရဲ့အောက်ထပ် "Ground Floor" မှာ "ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် အုပ်ချုပ်ရေးရုံးခွဲ" ကိုလည်းကောင်း၊ အလယ်ထပ်နဲ့ အပေါ်ထပ်တွေမှာ "စာသင်ခန်းများ" ကို တက္ကသိုလ်ရွှေရတုကာလတိုင် ဖွင့်လှစ်ခဲ့ဖူးပါတယ်။

# ရန်ကုန်တက္ကသိုလ်လှေလှော်အသင်း

ရန်ကုန်တက္ကသိုလ်လှေလှော်အသင်းကို တက္ကသိုလ်ဆရာတစ်ဦး ဖြစ်သူ ဆရာအဂ္ဂ (Saya Agga) က စတင်တည်ထောင်ပေးခဲ့တယ်။ ကြည် လင်ပြာလဲ့တဲ့ အင်းလျားရေကန်အပါအဝင် "လှေလှော်အသင်းရုံး" ကို အားကစားရုံပုံစံတွင် မြန်မာမှုလက်ရာ ထပ်ခိုးအား လည်ပေါ်အမိုးနဲ့ ဆောက် လုပ်ထားတယ်။ လှေလှော်အသင်းရုံးရဲ့ Logo ဖြစ်တဲ့ "လောင်းလှေကို တက် (၂) စင်း ကြက်ခြေခတ်ပုံစံ"အား အဆောက်အအုံရဲ့ ပျဉ်ကာပေါ်မှာ ထုဆစ် ပုံဖော်တပ်ဆင်ပေးထားတယ်။ အသင်းရဲ့ဆောင်ပုဒ် "Motto" က "သေသည့် တိုင်အောင် တက်ကိုဆောင် Row till you are dead" ဖြစ်တယ်။ တော်လှန် ရေးကောင်စီဝင် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်မှူးချုပ်သန်းဖေဟာ တက္ကသိုလ်ကျောင်းသားဘဝက ပထမဦးဆုံးဖြစ်တဲ့ မြန်မာတိုင်းရင်းသား လှေလှော်အသင်းခေါင်းဆောင် ဖြစ်ခဲ့တယ်။ ကျွန်းဆွယ်လှေလှော်ပြိုင်ပွဲကို ကျင်းပခဲ့ဖူးပြီး လှေလှော်အသင်းတွေ လေ့ကျင့်ရာ ရေပြင်ကျယ်ပါ တည်ရှိနေ ပါတယ်။

## တက္ကသိုလ်အဝိုင်းလေး / အောင်ကျော်ရင်ပြင်

ခရစ် ၁၉၂၈ ခုနှစ်တွင် တက္ကသိုလ်ရိပ်သာလမ်းကို (၂၅) ပေအကျယ် စတင်ဖောက်လုပ်ခဲ့စဉ်က "အဓိပတိလမ်း"နဲ့ တက္ကသိုလ်ရိပ်သာလမ်းဆုံတွင် "စက်ဝိုင်းခြမ်းသဏ္ဍာန်"အဝိုင်းလေး တည်ရှိလာခဲ့ရာ "တက္ကသိုလ်အဝိုင်းလေး" ဟု ဦးစွာခေါ်ဝေါ်ခဲ့ကြတယ်။ တက္ကသိုလ်စာတိုက်နဲ့ တက္ကသိုလ်စာအုပ်ဆိုင်တို့နဲ့ မျက်နှာချင်းဆိုင်မှာ တည်ရှိခဲ့တယ်။ တက္ကသိုလ်စာတိုက်နဲ့ တက္ကသိုလ်စာအုပ်ဆိုင်တို့အကြား ကွက်လပ်တွင် ရန်ကုန်တက္ကသိုလ် အဓိပတိ "ဆာဟာကုတ်ဘတ္တလာ"ရဲ့ကြေးရုပ်တုရှိခဲ့တယ်။ ရန်ကုန်မြို့ကို ဂျပန်တို့ (၃) နှစ်တာ အုပ်စိုးခဲ့စဉ်က ကန်တော်ကြီးစောင်း (ယခု ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်တည်ရာ) မှာ "ဂျော့ဘုရင်(၆) George The Sixth"ရဲ့ကြေးရုပ် ရှိခဲ့ဖူးတာကို အင်္ဂလိပ်စစ်သုံ့ပန်းများအား ဖြိုဖျက်ခိုင်းပြီး ကြေးရုပ်ကို လူအင်အားနဲ့ သယ်မစေကာ "ဆာဟာကုတ်ဘတ္တလာ"ရဲ့ကြေးရုပ်တုနားမှာ သွားရောက်

ပစ်ထားစေခဲ့တယ်။ အဲဒီကြေးရုပ်တုတွေဟာ ဒုတိယကမ္ဘာစစ်အတွင်းမှာ ပျက်စီးသွားပြီး မြင်ကွင်းကနေ ပျောက်ကွယ်သွားခဲ့တယ်။

လွတ်လပ်ရေးရပြီးစကာလ ၁၉၄၉ ခုနှစ်တွင် "သပိတ်စုံ သူပုန်ထ ရန်ကုန်အစိုးရ" လို့ပင် ပြည်ပသတင်းစာတွေက သမုတ်ရေးသားခဲ့ကြတယ်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာနဲ့ လွတ်လပ်ရေးကြီး ပင် ဆုံးရှုံးလုနီးပါးဖြစ်တဲ့ ပြည်တွင်းသောင်းကျန်းမှုကြီး ပေါ်ပေါက်ခဲ့တယ်။ အချုပ်အခြာအာဏာနဲ့ လွတ်လပ်ရေးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက် နိုင်ရန်အတွက် ရန်ကုန်မြို့အနီးက "အင်းစိန်တိုက်ပွဲ" နဲ့ "ခဝဲခြံတိုက်ပွဲ" တွေမှာ ရန်ကုန်တက္ကသိုလ် လေ့ကျင့်ရေးအရန်တပ်ဖွဲ့ဝင် ရန်ကုန်တက္ကသိုလ် ကျောင်းသားတွေဟာ တပ်မတော်နဲ့လက်တွဲကာ ရှေ့တန်းစစ်မြေပြင်တွေမှာ ရဲဝံ့စွန့်စားစွာ တုနှိုင်းမရတဲ့ ဂုဏ်ဒြပ်နဲ့ "အမိမြေ" ကို အသက်ပေးပြီး ကာကွယ် ခဲ့ကြတယ်။

စစ်မြေပြင်တွင် "ကိုမွန်ထော်သက်ညွှန့်၊ ကိုမောင်မောင်" စတဲ့ ရန်ကုန် တက္ကသိုလ် လေ့ကျင့်ရေးအရန်တပ်ဖွဲ့ဝင်တွေ ကျဆုံးခဲ့ရရှာတယ်။ အဲဒီ တက္ကသိုလ်ကျောင်းသား သူရဲကောင်းများအား ဂုဏ်ပြုချီးကျူးပွဲကို ပါမောက္ခ ချုပ် ဒေါက်တာထင်အောင် အမှူးပြုတဲ့ တက္ကသိုလ် ဆရာ/ဆရာမတွေနဲ့ တက္ကသိုလ်ကျောင်းသား/သူတွေက "အဝိုင်းလေး" မြေပြင်မှာ ခမ်းခမ်းနား နား ကျင်းပခဲ့ကြတယ်။

"ဗိုလ်အောင်ကျော် သေပန်းပွင့် လွတ်လမ်းဖြင့်ချင့်မျှော်" လို့ ၁၃၀၀ ပြည့် အရေးတော်ပုံကာလမှာ နယ်ချဲ့လက်ချက်နဲ့ ကျဆုံးခဲ့ရရှာသော ကျောင်း သားခေါင်းဆောင်ဗိုလ်အောင်ကျော်ကို ဂုဏ်ပြုတဲ့အနေနဲ့ "တက္ကသိုလ်အဝိုင်း လေး" ကို ၁၉၅၃-၆၂ ကာလများတွင် "အောင်ကျော်ရင်ပြင်" လို့ ပြောင်းလဲ ခေါ်ဝေါ်ခဲ့ဖူးတယ်။ အဲဒီကာလက အမျိုးသားနေ့အောင်ပွဲအခမ်းအနားများ၊ ကျောင်းသားပွဲတော်များနဲ့ ကျောင်းသား(အထိမ်းအမှတ်)နေ့တွေကို "အောင်ကျော်ရင်ပြင်" မှာ ကျင်းပခဲ့ကြတယ်။

ခရစ် ၁၉၆၆ ခုနှစ်တွင် မူလက (၂၅) ပေမျှသာ ကျယ်ဝန်းခဲ့တဲ့ "တက္ကသိုလ်ရိပ်သာလမ်း "University Avenue Road" ဘေးနှစ်ဖက်မှာ လူသွားစင်္ကြံခင်းလိုက်လို့ တက္ကသိုလ်အဝိုင်းလေး (မလှမ်းမကမ်းတွင် လှည်းတန်းအဝိုင်းကြီး တည်ရှိနေ၍ "အဝိုင်းလေး" ဟု ခေါ်ဝေါ်)ကနေ "အောင်ကျော်ရင်ပြင်"ဖြစ်လာတဲ့ မြေကွက်လပ်ဟာ လမ်းနယ်အတွင်း ပါဝင်သွားပြီး မြေပြင်မှ ပျောက်ကွယ်သွားခဲ့ရတာပဲ ဖြစ်ပါပေတယ်။

# တက္ကသိုလ်လေ့ကျင့်ရေး အရန်တပ်ရင်း
# (UNIVERSITY TRAINING CORPS)

ခရစ် ၁၉၂၂ ခုနှစ်၊ ဇွန်လတွင် တက္ကသိုလ်ကျောင်းသား/သူများ "စစ်ပညာ" တတ်မြောက်စေရန်နဲ့ ကိုယ်ကာယကြံ့ခိုင်စေရန် ရည်ရွယ်ကာ စတင်ဖွင့်လှစ်ခဲ့တယ်။ တက္ကသိုလ်လေ့ကျင့်ရေးအရန်တပ်ရင်းဝင်များဟာ စစ်ကြိုခေတ်မှာ "တက္ကသိုလ်အဓိပတိ"ရဲ့ ကိုယ်ရံတော်တပ်ဖွဲ့ဝင်များအဖြစ် စစ်ချီခြင်းနဲ့ စစ်ရေးပြခြင်းတွေကို ဆောင်ရွက်ခဲ့ရတယ်။

ခရစ် ၁၉၂၃ ခုနှစ်တွင် တက္ကသိုလ်လေ့ကျင့်ရေး အရန်တပ်ရင်းရဲ့ "စစ်စခန်းချခြင်း" Campကို ကံဘဲ့တောင်ကုန်း၌ ပထမဆုံးအကြိမ်ပြုလုပ်ခဲ့တယ်။ (ကံဘွဲ့(မှန်) ကသစ်ပင်ကုန်းလို့ အဓိပ္ပာယ်ရတယ်) အဲဒီနောက်မှာ "စစ်စခန်းချ"ခြင်းကို မင်္ဂလာဒုံ၊ သန်လျင်၊ သီလဝါနဲ့ ပြင်ဦးလွင်(မေမြို့) တို့မှာ ဆက်လက်

ပြုလုပ်ခဲ့တယ်။ တက္ကသိုလ်လေ့ကျင့်ရေးအရန်တပ်ရင်း စတင်တည်ထောင်စက တပ်ရင်းတည်နေရာမှာ "ရန်ကုန်ကောလိပ်" တည်ရှိခဲ့ဖူးတဲ့ ရန်ကုန်ဆေးရုံကြီး ဦးနောက်နှင့် အာရုံကြောရောဂါကု ဆေးရုံကြီးရဲ့နောက်ဘက်တွင်ဖြစ်တယ်။ ဒုတိယကမ္ဘာစစ်အတွင်းမှာတက္ကသိုလ်တွေပိတ်ထားရတဲ့အတွက်တက္ကသိုလ်လေ့ကျင့်ရေးအရန်တပ်ရင်းပါ ရပ်နားထားခဲ့ရတယ်။

ခရစ် ၁၉၅၂ ခုနှစ်၊ နိုဝင်ဘာလ (၅) ရက်တွင် ရန်ကုန်တက္ကသိုလ်နယ်မြေအတွင်းရှိ ပုဂံလမ်း(အောက်)၌ "အမှတ် (၁) တက္ကသိုလ် အရန်တပ်ရင်း" အမည်နဲ့ ပြန်လည်ဖွဲ့စည်းခဲ့တယ်။ "ရန်ကုန်အစိုးရ" လို့ အမည်ရခဲ့တဲ့ကာလတွင် "အင်းစိန်တိုက်ပွဲ"၌ တက္ကသိုလ်အရန်တပ်ရင်းဝင် တက္ကသိုလ်ကျောင်းသားတွေဟာ တပ်မတော်နဲ့ လက်တွဲပြီး သောင်းကျန်းသူ (KNDO) များအား တိုက်ခိုက်ချေမှုန်းခဲ့တယ်။ အဲဒီတိုက်ပွဲမှာ ကျဆုံးခဲ့ရတဲ့ တက္ကသိုလ်ကျောင်းသားများအား ပါမောက္ခချုပ် ဒေါက်တာထင်အောင်က အဓိပတိလမ်းထိပ်ရှိ "တက္ကသိုလ်အဝိုင်းလေး" မှာ ဂုဏ်ပြုပွဲ ကျင်းပပေးခဲ့တယ်။

ခရစ် ၁၉၆၂ ခုနှစ်တွင် "တက္ကသိုလ်လေ့ကျင့်ရေး အရန်တပ်ရင်း" ကို "အမှတ် (၁) တက္ကသိုလ်လေ့ကျင့်ရေးတပ်"အမည်သို့ ပြောင်းလဲခဲ့တယ်။ တပ်ရင်းမှူးတာဝန် ထမ်းဆောင်ခဲ့ရသူဗိုလ်မှူးကြီးဖေသိန်းဟာတော်လှန်ရေးကောင်စီကာလမှာ "ပညာရေးဝန်ကြီး" တာဝန်ကိုပါ ထမ်းဆောင်ခဲ့ရတယ်။ သမိုင်းရေစီးလှိုင်းကြီးလေထန်တဲ့ "၈၈" အရေးအခင်းကြီးကြောင့်တက္ကသိုလ်လေ့ကျင့်ရေးတပ် ရပ်နားသွားတော့တယ်။

၂၀၁၃-၁၄ ပညာသင်နှစ်တွင် "အမှတ် (၂) တက္ကသိုလ်လေ့ကျင့်ရေးတပ်(မန္တလေး)နဲ့အမှတ်(၃)တက္ကသိုလ်လေ့ကျင့်ရေးတပ်(မော်လမြိုင်)" တို့ကို ပြန်လည်စတင်ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ ၂၀၁၄-၁၅ ပညာသင်နှစ်သို့ရောက်တော့မှသာ "အမှတ်(၁) တက္ကသိုလ်လေ့ကျင့်ရေးတပ်(ရန်ကုန်)" ကို ပြန်လည်ဖွင့်လှစ်နိုင်ခဲ့တာ ဖြစ်ပါပေတယ်။

**တပ်ဖွဲ့ဝင်များရဲ့ စခန်းချ သင်တန်းများ**

တက္ကသိုလ်အရန်တပ်ကနေ တက္ကသိုလ်လေ့ကျင့်ရေးတပ်ကာလ အတွင်း ၁၉၅၄ ခုနှစ်မှ ၁၉၈၆ ခုနှစ်အထိ စခန်းချသင်တန်း (၃၃) ကြိမ်တွင် တပ်ဖွဲ့ဝင်အင်အား ၁၇၆၀ ဦးဖြင့် ပါဝင်ဆောင်ရွက်ပေးခဲ့တယ်။ (၃၄) ကြိမ် မြောက် စခန်းချသင်တန်းကို ၂၀၁၄-၁၅ ပညာသင်နှစ်အထိ တပ်ဖွဲ့ဝင် ကျောင်းသား/သူဦးရေ ၁၇၈၃၀ တို့ကို လေ့ကျင့်သင်ကြားပေးနိုင်ခဲ့ပြီး ဖြစ်ပါ ပေတယ်။

# ရန်ကုန်တက္ကသိုလ် ရေကူးကန်

မြန်မာနိုင်ငံရှိ အဆင့်အတန်းမီ တက္ကသိုလ်ရေကူးကန်ကို ၁၉၃၆ ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့တယ်။ ဒုတိယကမ္ဘာစစ်အတွင်းတွင် အသုံးမပြုဘဲ ပိတ်ထားရတဲ့အတွက် ပျက်စီးသွားခဲ့ရတယ်။ ဒုတိယကမ္ဘာစစ်အပြီး ရန်ကုန်တက္ကသိုလ်အား ပြန်လည်ပြင်ဆင်ခဲ့ရာ ၁၉၅၅ ခုနှစ်မှာ နဂိုမူလအတိုင်း အဆင့်အတန်းမီ ရေကူးကန် ဖြစ်လာတယ်။

တက္ကသိုလ်ရေကူးကန်ဟာ အလျား ပေ ၁၀၀ × အနံ ပေ ၅၀ ရှိကာ ရေအနက်မှာ အတိမ်ဆုံးနေရာတွင် (၃) ပေ၊ အနက်ဆုံးနေရာ၌ (၁၀) ပေ ဖြစ်တယ်။ ဒိုင်ဗင်စင်ကို ရေအနက်ဆုံးဘက်မှာ ထားရှိပြီး အမြင့်ဆုံးဒိုင်ဗင်စင်မှာ (၆) မီတာရှိကာဒိုင်ဗင်ထိုးရန်ပျဉ်ပြား (၁) ခုရှိတယ်။ (၃) မီတာအမြင့်စင်နဲ့ (၁) မီတာ အမြင့်စင်တို့မှာ ဒိုင်ဗင်ဘုတ် ပျဉ်ပြား (၂) ခုစီ တပ်ဆင်ပေးထားပါတယ်။ ရေကူးကန်ရဲ့ ရေပြည့်ပမာဏက ရေဂါလန် ၃၇၅၀၀၀ ဖြစ်ကာ၊ ရေကူးကန်

အတွင်းရှိ ရေကို သန့်ရှင်းစင်ကြယ်စေရန် ရေစုပ်စက်နဲ့ ထုတ်ယူလည်ပတ်စေပြီး ရေစစ်ခြင်း၊ ဆေးခပ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးတယ်။ ရေအနက်ဆုံးဘက်မှ ရေထုကို မြေအောက်ကနေ ရေစုပ်စက်နဲ့ စုပ်ထုတ်ပြီး ရေစစ်ကန် (၂) ကန်ထဲသို့ ပို့ပေးကာ ရေစစ်ကန်များက စစ်ပြီးသော ရေကို ဓာတ်ဆေးများထည့်ပြီးနောက် ရေပန်း (Fountain) သို့ ပို့ပေးကာ ရေပန်းတွေနဲ့ ကန်ရေကိုဖြည့်ပေးတယ်။ အဲဒီနောက်မှာ ရေတိမ်တဲ့ဘက်ကနေ ရေကန်ထဲသို့ ရေသွင်းပေးပြီး ကန်ရေပြည့် ပမာဏပြည့်မီအောင် ဆောင်ရွက်ပေးတယ်။ အလားတူတစ်နေ့လျှင် (၁၀) နာရီမှ (၁၂) နာရီအထိ ကြာမြင့်စွာ ရေကို ရေစုပ်စက်နဲ့စုပ်ပြီး ကန်အတွင်းရှိရေများ လည်ပတ်စေကာ ရေစစ်ကန်နဲ့ စစ်ခြင်း၊ ဓာတ်ဆေးများထည့်ပေးခြင်းဖြင့် ရေကူးကန်အတွင်းရှိရေများအစဉ်သန့်ရှင်းကြည်လင်နေစေရန် ဆောင်ရွက်မှုကို နေ့စဉ်ဆောင်ရွက်ပေးရမြဲ ဖြစ်ပါပေတယ်။ ရန်ကုန်တက္ကသိုလ်ရေကူးကန်က "တင်မောင်နီ" ကဲ့သို့ ရေကူးချန်ပီယံများကိုမွေးထုတ်ပေးနိုင်ခဲ့ပါတယ်။

## ရန်ကုန်တက္ကသိုလ် အားကစားရုံနဲ့ လဟာပြင်ကပွဲဇာတ်ခုံ

ရန်ကုန်တက္ကသိုလ်အားကစားရုံ (Gymnasium) နဲ့ လဟာပြင်ကပွဲဇာတ်ရုံ (Stage) တို့ကို တွဲတွဲတည်ဆောက်ထားတဲ့ အဆောက်အအုံဖြစ်ကာ ခရစ် ၁၉၃၀-၃၁ ပညာသင်နှစ်တွင် ဆောက်လုပ်ပြီးစီးခဲ့တယ်။ တက္ကသိုလ်ရိပ်သာလမ်းနဲ့ သထုံလမ်းတို့ရဲ့ ဆုံရပ်နေရာမှာ တည်ဆောက်ပေးထားပါတယ်။

ရန်ကုန်တက္ကသိုလ်အားကစားရုံနဲ့ လဟာပြင်ကပွဲဇာတ်ခုံ အဆောက်အအုံကို "ချန်" မျိုးနွယ် တရုတ်သူဌေးတစ်ဦးဖြစ်သူ "ချန်ချောခိုင်" က မတည်လှူဒါန်းတဲ့ Rupee တစ်သိန်းနဲ့ တည်ဆောက်ခဲ့ရတာ ဖြစ်ပါပေတယ်။ အုတ်ထမ်းတစ်ထပ်အဆောက်အအုံဖြစ်ကာ ထုထည်တောင့်တင်းစွာနဲ့ တည်ဆောက်ပေးထားတယ်။ အဆောက်အအုံမျက်နှာစာမှာ လေးထောင့်ပုံမှန်ဦးရဲ့အဝင်ဝအထွက်တွင်အားကစားနဲ့ကပွဲကိုရည်ညွှန်းထားတဲ့ရုပ်ပုံကားချပ်တွေ

ကို Logo အနေနဲ့ ထုဆစ်ပုံဖော်ပေးထားပါတယ်။ အဆောက်အအုံရဲ့အတွင်း ဘက်ပိုင်းမှာ အိမ်တွင်းအားကစားအမျိုးအစားတွေဖြစ်ကြတဲ့ ခြင်းလုံး၊ ဘတ်စကက်ဘော၊ ဘော်လီဘော၊ Tennis နဲ့ ကြက်တောင်ရိုက်အားကစားနည်း (Badmington) တွေ ယှဉ်ပြိုင်ကစားနိုင်တဲ့ Indoor Stadium တွေရဲ့အဦး အစပဲ ဖြစ်ပါပေတယ်။

အလားတူ အဆောက်အအုံရဲ့ နောက်ဘက်ပိုင်းမှာ "ဒုတ်ခံဇာတ်ခုံ" ဆောက်လုပ်ပေးထားတဲ့အတွက် တက္ကသိုလ်အနုပညာအသင်းဝင် ကျောင်းသား/သူတွေရဲ့လဟာပြင်ကပွဲ၊ သီဆိုပွဲ၊ အငြိမ့်ပွဲတွေ ကျင်းပနိုင်ခဲ့လို့ "တက္ကသိုလ် မြကျွန်းသာ" က အနုပညာရှင်ပေါင်းများစွာ မွေးဖွားသန့်စင်ပေးနိုင်ခဲ့ပါတယ်။ ဒါ့အပြင် အဆောင်တွေမှာ မောင်မယ်သစ်လွင်ကြိုဆိုပွဲ၊ ဉယျာဉ်ပွဲတွေ လုပ်နိုင်သလို လဟာပြင်ဇာတ်ခုံမှာ ဧည့်ခံပွဲ၊ ဂုဏ်ပြုပွဲတွေကိုပါ ကျင်းပနိုင်ခဲ့ခြင်း ဖြစ်ပါကြောင်း သမိုင်းမှတ်တမ်းပြုလိုက်ရပါတယ်။

# ဂျပန်ခေတ်က ရန်ကုန်တက္ကသိုလ်

ခရစ် ၁၉၄၂ ကနေ ၄၅ ခုနှစ်အထိကို "ဂျပန်ခေတ်" လို့ သတ်မှတ်ခဲ့တယ်။ ၁၉၄၄ - ၄၅ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်ကို ရန်ကုန်ဆေးရုံကြီးရဲ့ မျက်နှာချင်းဆိုင် အမှတ် (၁၁၂) ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ လသာမြို့နယ်မှာ တည်ရှိနေတဲ့ St.John Convent High School (ယခု အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း - လသာ) မှာ ယာယီဖွင့်လှစ်ခဲ့ရတဲ့အတွက် ဂျပန်ခေတ်တက္ကသိုလ်လို့ ကင်ပွန်းတပ်ခဲ့တာ ဖြစ်တယ်။ အဲဒီတုန်းက အဆောက်အအုံရဲ့ လက်ယာဘက်အဆောင်ကို "ဆရာအတတ်သင်သိပ္ပံ" အဖြစ် လည်းကောင်း၊ လက်ဝဲဘက် အလယ်ထပ် (First Floor) ကို ကျောင်းအိပ်ကျောင်းစား ကျောင်းသားတွေရဲ့ အဆောင်အဖြစ်လည်းကောင်း၊ အဆောက်အအုံနောက်ဘက်ရှိ ခရစ်ယာန်သီလရှင်ဘုရားရှိခိုးကျောင်း (Church) အခန်းတွင် ကျောင်းသူများအဆောင်နဲ့ အောက်ဆုံးထပ် (Ground Floor) ကို "စာသင်ခန်း" တွေအဖြစ် အသုံးပြုခဲ့တယ်။

ကျောင်းအုပ်ဆရာကြီးဦးဖေမောင်တင်၊ မော်ကွန်းထိန်း ပါဠိ ဦးလှအောင်ဖြစ်ကာ မြန်မာစာပါမောက္ခ ဦးဖေမောင်၊ မြန်မာစာကထိက ဦးစံထား၊ ဒဿနိကဗေဒ ပါမောက္ခ ဒေါက်တာလှဘူး၊ ပါဠိပါမောက္ခ ဦးလှအောင်၊ ဓာတုဗေဒပါမောက္ခ ဦးဘိုးသာ၊ သင်္ချာပါမောက္ခ ဦးအောင်လှ၊ သင်္ချာကထိက ဦးအောင်မြတ်၊ ဘောဂဗေဒကထိက ဦးထွန်းသင်၊ သမိုင်းကထိက ဗိုလ်မှူးအောင်ကြီးနဲ့ နိုင်ငံသိပ္ပံကထိက ဦးအောင်ကြီး (ပီကင်းပြန် ဗကပရဲဘော်အောင်ကြီး) တို့ သင်ကြားပေးခဲ့ကြတယ်။ ရုံးလုပ်ငန်းတွေကို ရုံးအုပ်စာရေးကြီး ဦးစိန်လွင်က ဒိုင်ခံဆောင်ရွက်ခဲ့ရပါတယ်။

## ပလာတာကောလိပ်အမည်ရခဲ့တဲ့ 'မဂိုလမ်း အရေးပေါ်တက္ကသိုလ်'

ဒုတိယကမ္ဘာစစ်ကြီးပြီးစ Post War ကာလ CASB အုပ်ချုပ်ရေးစနစ်ကျင့်သုံးချိန်မှာ မဟာမိတ်စစ်တပ်က ရန်ကုန်တက္ကသိုလ် အဆောက်အအုံများကို "စစ်ဆေးရုံ"အဖြစ် အသုံးပြုထားခဲ့တယ်။ ဒါကြောင့် "ဥပစာတန်း" Intermediate Class တွေကို ဆက်လက်သင်ကြားပေးနိုင်ဖို့ရာ "အရေးပေါ်တက္ကသိုလ်" အမည်ပေးပြီး ရန်ကုန်မြို့လယ်မှာရှိတဲ့ "ရန်ဒေးရီးယား အထက်တန်းကျောင်း"ရဲ့အလယ်ထပ်နဲ့ အပေါ်ထပ် (၂) ထပ်တွင် ၁၉၄၅ ခုနှစ်၊ ဩဂုတ်လ (၁၈) ရက်နေ့မှာ စတင်ဖွင့်လှစ်သင်ကြားပေးခဲ့တယ်။ ရန်ဒေးရီးယား အထက်နတ်းကျောင်း တည်နေရာဟာ အလောင်းဘုရားမြို့ကွက်မှာ "ကုလားတန်း"အမည်ရခဲ့ပြီးကိုလိုနီခေတ်မှာ"မဂိုလမ်း"အမည်ရလာတယ်။ဒါကြောင့် မဂိုလမ်းအရေးပေါ်တက္ကသိုလ်လို့ အမည်ပေးခဲ့တာဖြစ်တယ်။ ဒါပေမဲ့ အဲဒီအရေးပေါ်တက္ကသိုလ် တက်ရောက်ခဲ့ကြသူတွေက မဂိုလမ်းမှာ "ပလာတာဆိုင်"တွေနဲ့ ပလာတာနံ့သင်းနေတာကို အကြောင်းပြုကာ "ပလာတာကောလိပ်" လို့ အမည်ပေးခဲ့တာ ဖြစ်ပါတယ်။

အဲဒီမဂိုလမ်း အရေးပေါ်တက္ကသိုလ်မှာ တက်ရောက်သင်ကြားခဲ့သူကျောင်းသား ၃၅၈ ယောက်နဲ့ ကျောင်းသူ (၅၄) ယောက်၊ စုစုပေါင်း (၄၁၂) ယောက်ဖြစ်ကာ ဥပစာတန်းအတွက် အင်္ဂလိပ်စာ၊ မြန်မာစာ၊ ရာဇဝင်၊ ပထဝီ

ဝင်၊ တက္ကဗေဒ၊ ဘောဂဗေဒ၊ ပါဠိ၊ သင်္ချာ၊ ဓာတုဗေဒနဲ့ ဇီဝဗေဒ ဘာသာရပ်တွေကို သင်ကြားပေးခဲ့တယ်။ ဝိဇ္ဇာတန်းနဲ့ သိပ္ပံတန်းအတွက် မြန်မာစာ၊ အင်္ဂလိပ်စာ၊ ရာဇဝင်၊ ပထဝီဝင်၊ သဘာဝတ္တ၊ နိုင်ငံရေးသိပ္ပံ၊ ပါဠိ၊ သင်္ချာ၊ ဘောဂဗေဒနဲ့ ဓာတုဗေဒ ဘာသာရပ်တွေ ဖြစ်ကြပါတယ်။ ဂုဏ်ထူးတန်းတွင် ပါဠိဘာသာ၌ တစ်ဦးသာ ရှိခဲ့တယ်။ ကုလားတန်းကနေ မဂိုလမ်းဖြစ်လာခဲ့ကာ လွတ်လပ်ရေးရပြီးနောက်မှာ "ရွှေဘုံသာလမ်း" ဖြစ်လာသလို အရေးပေါ်တက္ကသိုလ် ဖွင့်လှစ်ခဲ့တဲ့ "ရန်ဒေးရီးယား အထက်တန်းကျောင်း" ဟာလည်း ယခုအခါ ရှေးဟောင်းလက်ရာစာရင်းဝင် "အမှတ် (၂) အခြေခံပညာ အထက်တန်းကျောင်း - ပန်းဘဲတန်း" ဖြစ်နေပါပြီ။

# ရည်ညွှန်း–ကိုးကား စာအုပ် / ဂျာနယ် / မှတ်တမ်းများ


၁။ ရန်ကုန်တက္ကသိုလ် နှစ်ငါးဆယ်စာစောင် (၁၉၂၀ - ၇၀)
၁၉၇၀ ပြည့်နှစ်၊ ဒီဇင်ဘာလ (၁) ရက်


၂။ နှစ်ငါးဆယ်တက္ကသိုလ်(ဓာတ်ပုံမှတ်တမ်း) ပထမအကြိမ်၊ ၁၉၇၀
မြန်မာ့အသံကျော်ဦးပြုစုသည်

၃။ ရန်ကုန်မြို့တော် စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ ရှေးဟောင်း
လက်ရာ အဆောက်အအုံများစာရင်း (၁၉၉၆ မြန်မာခရီးသွားနှစ်)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

၄။ ကမ္ဘာကုန်းကျယ်သရွေ့ဝယ်ဝတ္ထု
တက္ကသိုလ်ဘုန်းနိုင်

# *English Reference*

1. World Almanac; Port, City and University of Rangoon.
2. The University Student's Union Magazine, Vol.1, No.1, 1932.
3. A History of Rangoon, 1938. B.R Pearn.
4. Rangoon Sights and Institutions. Tourist Guide Book, 1957.
5. The Live News Journals Serial No. 160 to 179



|ဆူးလေ|

တက္ကသိုလ် မြကျွန်းသာရဲ့ နှစ်တစ်ရာ

City Mart
K 3000

3836640170027